www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


- မြန်မာ့ စုန်း ကဝေ မှတ်တမ်း
- အနောက်တိုင်း စုန်း ကဝေ မှတ်တမ်း
- ထင်ရှားတဲ့ စုန်း ကဝေများရဲ့ အစွမ်းများ
- မန္တန်ရဲ့ အာနိသင် အစွမ်းထူးများ
- အင်း အိုင် ခါးလှည့် လက်ဖွဲ့ မန္တရား(၇)မျိုး
- ဥုံ ဩော်င်း ဟုံဟုံ ဖွ ဥုံဖွ သွာဟ အစီပွာယ်(၆)မျိုး

စသည်ဖြင့် စုံလင်စွာ တင်ဆက်ထားသည့် ကဝေပျိုမှတ်တမ်း




**Sixth Sense**
Publishing House

No.15



No.16



No.18



No.17



ဆဋ္ဌမအာရုံ မဂ္ဂဇင်းသည် ပရိသတ်များအတွက် ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်းအဖြစ် ဖန်တီးထားသောကြောင့် အမှတ်စဉ်အလိုက် ဖတ်ရှုသွားသင့်ပါသည်။ အမှတ်စဉ် ၁၅၊ ၁၆၊ ၁၇၊ ၁၈ စာအုပ်များကို မရလိုက်သူများအနေဖြင့် ဆဋ္ဌမအာရုံစာပေနှင့် ကိုယ်စားလှယ်များ၊ အရောင်းဆိုင်များတွင် မှာကြားနိုင်ပါသည်။

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့။**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ကျသင့်ငွေကို ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

**(၆)လ ၁၉၅၀၀၀ ကျပ်**

**(၁၂)လ ၃၉၀၀၀ ကျပ်**

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်း ကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။





Sixth Sense

Publishing House

ဖြန့်ချိရေး - ဆဋ္ဌမအာရုံစာပေ

အမှတ်(၁၇၀-၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။

စာအုပ်ဆိုင်များနှင့် ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် - ၀၉ ၃၀၀ ၅၀ ၁၆၀

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် - ၀၉ ၇၃၁ ၇၆၆၅၀



www.burmeseclassic.com

www.burmeseclassic.com

Sixth Sense ဆဋ္ဌမအာရုံ
No.20, MAY , 2015

Contents

နယ်လွန်ထူးခြား ဖြစ်ရပ်ဆန်းများ (၁) ၃၉
သက်လုံ

တမလွန်မှ ကမ္ဘည်းစာ ၆၀
တိုးထက်

နိုင်ငံတကာမှ ဂမ္ဘီရပဟာသများ ၇၃
စိန်ဝင်းမော်

နတ်ကတော်များ၏ ထူးခြားသော ဖြစ်ရပ်ဆန်းများ ၇၈
ရီရီဌေး

သရဲမ ဖမ်းပွဲ ၉၆
ခနမထူး

ဗုန်းရွှေပညာဖြင့် အိမ်အမျိုးအစားခွဲခြားခြင်း ၁၁၂
ဝသုန်ဟိန်းထက်

သန္တိသုခတံခါးဝသို့ ၁၃၀
မင်းဘုန်းသိမ်သူ

## ထူး ဆန်း ထွေ လာ အံ့ ဖွယ် စီ ရင် နည်း များ

မိတ်ဆွေကောင်းဖြစ်လာအောင် စီရင်နည်း ၂၂
အကျင့်ဆိုးတွေကို ပယ်ဖျောက်ပေးမယ့် အဆောင် ၂၅
အမုန်တကယ် ချစ်၊ မချစ် ဆန်းစစ်နည်း ၂၈
အချစ်နဲ့ ပေါင်မုန့်တစ်လုံး အစီအရင် ၃၀
စွမ်းအင်ဓာတ်ဖိတ်ခေါ် အားသွင်းနည်း ၃၂
တိတ်တခိုးချစ်သူကို ကိုယ့်ဆီခေါ်ဆောင်နည်း ၃၄
အတွင်းသန္ဓေဓာတ် ရှိ မရှိ ဆန်းစစ်နည်း ၃၆



Contents

No.20, MAY , 2015

လိနတ်စာကျေးပွဲ ၁၄၂
ကျွေးညှိုစိန့်

းသမီးဇော ၁၅၈
ရွှေအောင်

ယောဇဉ် အမျှင်မပြတ်သေးသရွေ့ ၁၇၈
မောင်သန်းဝင်း

ဝက်အကြောင်း၊ အိပ်မက်ဖတ်နည်း(၃) ၁၉၃
တင်ဝင်းလှိုင်

ဆောင် ၂၀၆
မောင်မြင့်မား (ဗိုလ်ကလေး)

ရောင် လောကီပညာရပ် ၁၀

## … တ / ရ သ ဖြစ် ရပ် ဆန်း ကြယ်

သသမုဒ္ဒရာထဲက ငြိုးဟ်သားကျွန်း ၅၀
တျောက်တုံးကြီးများ၏ အံ့ဖွယ်အစွမ်းများ ၅၂
အောက်ကမ္ဘာရဲ့ အရှင်သခင် ပလူတိုနတ်မင်း ၇၆
ယ်သေ (သို့မဟုတ်) ဆားပင်လယ် ၉၂
ခြာတ်ချိန်မှာ အရိုးခေါင်း ဖြစ်သွားသောပန်း ၁၁၀
ကြုံကြိုတတ်သော ဆင်ဦးနှောက် ၁၂၄
သော ငါးမိုး၊ ဖားမိုး ရွာသွန်းဖြိုး ၁၂၈
ခရီးသွားတတ်သော ငါးရှဉ့်များ ၁၅၆



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ
# ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်။ ကလောင်ရှင်သစ်များပါဝင် လက်စွမ်းပြရေးသားနိုင်ရန်နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက်ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင်တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း၊
အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း
# ၏
# ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ၊ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက်ညီအောင် ပုံဖော်ထားသည်၊ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့် ခေတ်မီဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့် လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)
ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)



www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး(တောင်ကြီး)

အကြံပေး အယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ

အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ဌေးဌေးလှိုင်

ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၄၈၇၆)}

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး

ပန်းချီသရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ လုသစ်အောင်


ကွန်ပျူတာ
ဆဋ္ဌမအာရုံဝိုင်းတော်သားများ

ပုံနှိပ်တိုက်
ဒေါ်ဝင်းမာ (စိတ်ကူးချိုချိုပုံနှိပ်တိုက်)

ဖြန့်ချိရေး
ဆဋ္ဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇။
တန်ဖိုး - ၂၀၀၀ ကျပ်






www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးရောင် လောကီပညာရပ် (၂၀)



မီးခိုးရောင်လောကီပညာရပ်ကနေ ပြန်လည်ကြိုဆိုပါတယ်။ ဒီတစ်ခေါက်မှာတော့ ကိုယ့်ဆီမှာရှိတဲ့စွမ်းအားရောင်ဝါကို အသုံးပြုပြီး အဝေးမှာ ဒုက္ခရောက်နေတဲ့ ကိုယ်ချစ်တဲ့သူကို ကာကွယ်နိုင်တဲ့ပညာရပ်တစ်ခု အကြောင်းကို ဖော်ပြပါမယ်။


တစ်ခါတရံမှာ ကိုယ်ကိုယ်တိုင်ထက် အခြားသူကို ပိုပြီးစိတ်ပူနေရတဲ့ အချိန်အခါမျိုး ရှိတတ်ပါတယ်။ ကိုယ်တိုင်က ဘေးကင်းလုံခြုံရာမှာ ရှိနေပေမယ့် ကိုယ်ချစ်ရတဲ့ မိဘ၊ မောင်နှမ၊ မိတ်ဆွေသူငယ်ချင်းနဲ့ ချစ်သူတို့က အန္တရာယ်များတဲ့ နေရာတစ်ခုကို ရောက်နေမယ်ဆိုရင် စိတ်ပူလို့ကို မဆုံးတော့ပါဘူး။

ကိုယ်တိုင်ကလည်း သူတို့ရှိရာလိုက်သွားဖို့ကလည်း မဖြစ်နိုင်၊ တကယ်လို့ လိုက်သွားနိုင်မယ်ဆိုရင်တောင် ဘာမှ ထိထိရောက်ရောက် ကူညီလုပ်ကိုင်မပေးနိုင်တဲ့ အခြေအနေဆိုရင် ပိုဆိုးပါတယ်။

ဒီလိုအခြေအနေနဲ့ ကြုံတွေ့လာပြီဆိုရင် အဝေးရောက်နေသူကို အကူအညီပေးနိုင်ဖို့ လိုအပ်လာပါပြီ။ ဒီအခါအခါမျိုးရောက်လာရင် ကိုယ့်ဆီမှာရှိတဲ့စွမ်းအားရောင်ဝါတွေကို အသုံးပြုပြီး အခြားသူကိုကာကွယ်ပေးနိုင်ပါတယ်။







ဒါပေမယ့် လွယ်လွယ်နဲ့တော့ ရနိုင်မှာ မဟုတ်ပါဘူး။ တရားထိုင်တတ်တဲ့ အကျင့်ရှိရမယ်၊ စရဏကျင့်စဉ်အား တော်တော်ကောင်းမှသာ အစွမ်းပြမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လောကီပညာရပ်များကို လိုက်စားသူများအနေဖြင့် မသိခြစ် သိမှတ်ထားသင့်တာကြောင့် ဖော်ပြလိုက်ပါတယ်။

အဓိက လိုအပ်တဲ့ ပစ္စည်းကတော့ ဖယောင်းတိုင်(၃)တိုင်ပါပဲ၊ ဒီနေရာမှာ ဖယောင်းတိုင်ကို ရွေးချယ်ရတာ နည်းနည်းတော့ ခက်ကောင်း ခက်နိုင်ပါလိမ့်မယ်။

ပထမတစ်တိုင်က ကိုယ်တိုင်အတွက်ဖြစ်ပြီး ဒုတိယတစ်တိုင်ကတော့ မိမိကာကွယ်ပေးလိုသူအတွက်ပါ။ တတိယတစ်တိုင်ကတော့ အခြားအရာအတွက် သုံးရမှာဖြစ်ပါတယ်။

ဖယောင်းတိုင်ရဲ့အရောင်တွေကိုတော့ ဆယ့်နှစ်ရာသီခွင်စက်ဝိုင်းအလိုက် ရွေးချယ်ရမှာ ဖြစ်ပါတယ်။ သင့်ကိုကိုယ်စားပြုမယ့် ဖယောင်းတိုင်အရောင်ကို သင့်ရဲ့ရာသီခွင်အလိုက် ဒီလိုရွေးချယ်ရပါမယ်။


1) Aries - ပန်းရောင်
2) Taurus - အဝါဖျော့ရောင်၊ အဝါ
3) Gemini - အဝါရောင်
4) Cancer - ငွေရောင်
5) Leo - အဝါ
6) Virgo - အပြာ/နက်ပြာ
7) Libra - အပြာ
8) Scorpio - အနီ
9) Sagittarius - နက်ပြာ/ အပြာ



www.burmeseclassic.com

www.burmeseclassic.com





10) Capricorn - အစိမ်း

11) Aquarius - အဝါဖျော့/အဝါ

12) Pisces - အစိမ်းဖျော့/အစိမ်း

အခြားသူ (သို့မဟုတ်) သင်ကာကွယ်ပေးလိုသူကို ကိုယ်စားပြုစေမယ့် ဖယောင်းတိုင်အရောင်တွေကတော့ -

1) Aries - အနီ

2) Taurus - ခရမ်းဖျော့ရောင်

3) Gemini - အစိမ်း

4) Cancer - အစိမ်း

5) Leo - လိမ္မော်

6) Virgo - အပြာ/နက်ပြာ

7) Libra - ခရမ်းဖျော့ရောင်

8) Scorpio - အနီရင့်ရင့်

9) Sagittarius - ခရမ်းဖျော့ရောင်

10) Capricorn - အညို/နက်ပြာ

11) Aquarius - ခရမ်းဖျော့ရောင်

12) Pisces - စိမ်းပြာရောင်

တတိယဖယောင်းတိုင်ကိုတော့ အဖြူရောင်ကိုသာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ ပြီးတော့ တတိယဖယောင်းတိုင်ကို အခြားဖယောင်းတိုင်တွေထက် ပိုပြီးကြီးတာကို ရွေးချယ်ရပါမယ်။

အထူးသတိပြုရမှာက ဖယောင်းတိုင်တွေဟာ အသစ်ဖြစ်ရပါမယ်။ ဒီအစီအရင်ပြီးသွားရင် ဒီဖယောင်းတိုင်တွေကို အခြားနေရာမှာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ပြန်ပြီး အသုံးမပြုရပါဘူး။







လုပ်ဆောင်ရမှာကတော့ -

ပထမ ဖယောင်းတိုင်မှာ သင့်နာမည်ကိုရေးပြီး အခြားတစ်တိုင်မှာ သင်ကာကွယ်ပေးလိုသူရဲ့နာမည်ကိုရေးပါ။ ခဲတံချွန်တဲ့ဓားနဲ့ ရေးထွင်းလို့ ရသလို၊ ကျွမ်းကျင်မယ်ဆိုရင် သွားကြားထိုးတံ အသုံးပြုနိုင်ပါတယ်။

ယခု ပြုလုပ်မယ့်အစီရင်ဟာ လူတစ်ဦးတစ်ယောက်ကို အင်အားကြီးမားတဲ့ စွမ်းအင်အကာအကွယ်သုံး စောင့်ရှောက်ပေးတာမျိုးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ပြုလုပ်တဲ့သူဟာ အင်အားနည်းသွားတာ၊ အင်အားချို့တဲ့သွားတာ၊ တချို့ကိစ္စတွေမှာ ထိခိုက်မှုရှိတာမျိုးတွေ ဖြစ်စေပါလိမ့်မယ်။

ဒါပေမယ့် အကာအကွယ်ပေးခံရသူကိုတော့ လုံးဝ ထိခိုက်စေမှာ မဟုတ်ပါဘူး။ ဒီအစီရင်ကိုပြုလုပ်ခြင်းဖြင့် ပြုလုပ်သူရဲ့စွမ်းအားနဲ့ အရောင်အဝါတွေဟာ ကာကွယ်ပေးခံရသူထံ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ကိုယ့်ဆီကနေ အခြားသူဆီကို အရောင်အဝါ၊ စွမ်းအားတွေပို့လွှတ်တယ်ဆိုတာ သိပ်ပြီးတော့ ရိုးရှင်းတဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ ပြီးတော့ တရားထိုင်တတ်ဖို့လည်း အများကြီးလိုအပ်ပါတယ်။

ပြုလုပ်ရမယ့် အဆင့်တွေကတော့ -

၁) တရားထိုင်ပါ။ ဒီလိုထိုင်တဲ့အခါ သင့်ရဲ့ အကာအကွယ်ပေးချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com





၂) ရောင်ဝါတွေ သန့်စင်ရပါမယ်။

ဒီအဆင့်ကို အောက်မှာ ပြောပြပေးပါမယ်။

၃) ဂါထာရွတ်ရပါမယ်။ ရွတ်ရမယ့်ဂါထာကို

အောက်မှာ ဖော်ပြထားပါတယ်။

၄) အရာအားလုံးကို ထိန်းချုပ်ပြီး

အကာအကွယ်ပေးလိုသူကို ကာကွယ်နိုင်ဖို့

တရားထိုင်ရမှာ ဖြစ်ပါတယ်။

ဆယ့်နှစ်ရာသီခွင် တစ်ခုချင်းစီဟာ ဂြိုဟ်တစ်ခုချင်းစီကို ကိုယ်စားပြုပါတယ်။ ဆိုလိုတာက နတ်ဘုရားတစ်ပါးချင်းစီကို ကိုယ်စားပြုနေတာ ဖြစ်ပါတယ်။ တစ်ခုချင်းစီကို ဖော်ပြရမယ်ဆိုရင် -

1) Aries - အင်္ဂါဂြိုဟ်

2) Taurus - သောကြာဂြိုဟ်

3) Gemini - ဗုဒ္ဓဟူးဂြိုဟ်

4) Cancer - လ

5) Leo - နေ

6) Virgo - ဗုဒ္ဓဟူးဂြိုဟ်

7) Libra - သောကြာဂြိုဟ်







8) Scorpio - အင်္ဂါဂြိုဟ်

9) Sagittarius - ကြာသပတေးဂြိုဟ်

10) Capricon - စနေဂြိုဟ်

11) Aquarius - ယူရေနပ်ဂြိုဟ်

12) Pisces - နက်ပကျွန်းဂြိုဟ်

အကယ်၍ သင် ကာကွယ်ပေးလိုသူနဲ့ သင်ဟာ ဆယ့်နှစ်ရာသီခွင်ချင်းတူညီနေရင်တော့ ဒီအစီအရင်က အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ ဒါက နတ်ဘုရားတစ်ပါးဆီကစွမ်းအင်ကို တူညီတဲ့နတ်ဘုရားဆီ ပို့လို့မရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

(ဥပမာ - သင်က Gemini ဖြစ်ပြီး သင်ကာကွယ်ပေးလိုသူက Virgo ဖြစ်နေခဲ့ရင် အစီအရင်အောင်မြင်မှာ မဟုတ်ပါဘူး)

အစီအရင်ကို ဒီလိုလုပ်ဆောင်ပါမယ်။ ဒါက ဒုတိယအဆင့်နဲ့ တတိယအဆင့်လို့ ဆိုနိုင်ပါတယ်။ သင့်ကို ကိုယ်စားပြုတဲ့ ဖယောင်းတိုင်ကို မီးခြစ်ဆံနဲ့ အရင်မီးညှိလိုက်ပါ။ သင် ကာကွယ်ပေးလိုသူကို ကိုယ်စားပြုတဲ့ ဖယောင်းတိုင်ကို အခြားမီးခြစ်ဆံတစ်ခုနဲ့ မီးညှိပေးပါ။ ပြီးရင် -

"ကျွန်ုပ်တို့သည်

နှစ်ယောက်ဖြစ်နေသောကြောင့်

ဘယ်တော့မှ တစ်ယောက်တည်း

ဖြစ်လာမည် မဟုတ်ပါ။

ကျွန်ုပ်တို့၏

စွမ်းအားနှင့်ရောင်ဝါများသည်လည်း

ဒီအတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com





သို့သော် ယခု အစီအရင်အရ

ကျွန်ုပ်စွမ်းအားများဖြင့် သင့်ကို ကာကွယ်ပေးပါသည်" ဆိုပြီး ရွတ်ဆိုရပါမယ်။ ပြီးရင် သင့်ကို ကိုယ်စားပြုတဲ့ ဖယောင်းတိုင်ကို ယူကာ အဲဒီက မီးတောက်နဲ့ တတိယ ဖယောင်းတိုင်(အဖြူရောင်)ကို မီးညှိပါ။ ပြီးရင် ထပ်မံရွတ်ဆိုရမှာက -

"နတ်ဘုရား(သင်က Aries ဆိုလျှင် အင်္ဂါဂြိုဟ်နတ်မင်းကြီးလို့ ရွတ်ဆိုပါ)က ခွင့်ပြုလျှင် ကျွန်ုပ်သည် သင့်အား အမုန်းတရားမဟုတ်တဲ့ ချစ်ခြင်းမေတ္တာကို အနစ်နာခံကာ ပေးအပ်ပါသည်။ သင်၏ဘဝ ပြောင်းလဲစေရန် (သင်ကာကွယ်ပေးလိုသူ၏ ရာသီခွင် နတ်မင်းကြီးကိုထည့်ပြီး ရွတ်ပါ)





မိုးခိုးရောင် လောကီပညာရပ်(၂၀)



နတ်ဘုရား၏နောက်ပါများ ကောင်းကင်ဘုံသို့ ရောက်ပါစေ"

ဒီလိုရွတ်ဆိုပြီးရင်တော့ အဖြူရောင်ဖယောင်းတိုင်ကိုယူပြီး သင် အကာအကွယ် ပေးလိုသူကို ကိုယ်စားပြုတဲ့ ဖယောင်းတိုင်မီးနဲ့ ပေါင်းစည်း လောင်ကျွမ်းပေးလိုက်ပါ။

အနည်းဆုံး (၁၀)စက္ကန့်လောက် ကြာမြင့်သည်အထိ ဖယောင်းတိုင်နှစ်ခုရဲ့ မီးတောက်နှစ်ခုကို ပေါင်းစည်းလောင်ကျွမ်းစေပြီးပြီဆိုရင် အဖြူရောင်ဖယောင်းတိုင်ကို လေနဲ့မှုတ်ကာ ငြိမ်းသတ်လိုက်ပါ။

သင့်ကို ကိုယ်စားပြုထားတဲ့ ဖယောင်းတိုင်ကိုလည်း ငြိမ်းသတ်နိုင်ပါတယ်၊ ဒါပေမဲ့ သင်ကာကွယ်ပေးလိုသူရဲ့ ဖယောင်းတိုင်ကိုတော့ ကုန်ဆုံးသည်အထိ ဆက်လက်လောင်ကျွမ်းစေရမှာ ဖြစ်ပါတယ်။

ဒါတွေအားလုံးပြီးရင်တော့ တတိယအဆင့်ထိ ပြီးမြောက်သွားပြီဖြစ်တဲ့အတွက် စတုတ္ထအဆင့်ဖြစ်တဲ့ တရားထိုင်တာကို လုပ်ဆောင်ရမှာဖြစ်ပါတယ်၊

တရားထိုင်နေစဉ်အတွင်းမှာ သူ့ဆီကို ကိုယ့်ရဲ့စွမ်းအားရောင်ဝါတွေပို့လွှတ်နေတယ်လို့ အာရုံပြုပေးရပါမယ်၊ ကိုယ့်ရဲ့အာရုံစူးစိုက်နိုင်မှုကောင်းလေလေ၊ ကိုယ့်ဆီက စွမ်းအားရောင်ဝါတွေ သူ့ဆီကို မြန်မြန်ရောက်နိုင်လေ ဖြစ်ပါတယ်၊

လက်တွေ့လုပ်ဆောင်ဖူးပြီး ထိရောက်တဲ့စွမ်းအား ပို့လွှတ်တာနည်းတစ်ခုဖြစ်တာကြောင့် အားလုံးပဲ အန္တရာယ်ကင်းကင်းနဲ့ လုပ်ဆောင်နိုင်ကြပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



# Signs of the Zodiac ဆယ့်နှစ်ရာသီရုပ်



**Aries**
21 March- 20 April
သိုးထီး(မိဿ)



**Taurus**
21 April- 20 May
နွားလား (ပြိဿ)



**Gemini**
21 May- 20 June
အမြွာ(မေထုန်)



**Cancer**
21 June- 20 July
ပုစွန်လုံး (ကရကဋ်)



**Leo**
21 July- 19/22 August
ခြင်္သေ့ (သိဟ်)



**Virgo**
20/23 August-
22 September
အပျိုစင် (ကန်)



**Libra**
23 September-
22 October
ချိန်ခွင် (တူ)



**Scorpio**
23 October-
21 November
ကင်းမြီးကောက်(ဗြိစ္ဆာ)



**Sagittarius**
22 Novermber-
20 December
လေးစွဲယောက်ျား(ဓနု)



**Capricorn**
21 December-
20 January
ဆိတ် (မကာရ)




**Aquarius**
21 January-
19 February
ရေထမ်းယောက်ျား(ကုံ)



**Pisces**
20 February-
20 March
ငါးနှစ်ကောင် (မိန်)






www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆွေကောင်းဖြစ်လာအောင် စီရင်နည်း



လက်ရှိခေတ်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ အစီအရင်ကောင်း တစ်ခု ဖြစ်ပါတယ်။ အခုခေတ်မှာ မိတ်ဆွေစစ်၊ သူငယ်ချင်းကောင်း ဆိုတာ အလွန်ပဲ ရှားပါးနေပါပြီ။ ကိုယ်လိုအပ်တဲ့အချိန်မှာ ကိုယ့်အပေါ် အကူအညီပေးနိုင်သူကသာ မိတ်ဆွေကောင်းဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာတော့ သစ္စာမရှိကြတဲ့လူတွေ၊ နောက်ကျောကို ဓားနဲ့ထိုးမယ့်လူစားတွေသာ များပါတယ်။ ဒီအထဲကမှ မိတ်ဆွေအနေဖြင့် သင့်စိတ်ထဲမှာ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းလို့ ယူဆရသူ တစ်ဦးကို ကိုယ့်အတွက် ဒီ့ထက်ခိုင်မာစွာ ယုံကြည်စိတ်ချနိုင်တဲ့၊ သစ္စာရှိနိုင်တဲ့ မိတ်ဆွေကောင်းဖြစ်လာအောင် ဖန်တီးစီရင်နိုင်ပါတယ်။

ဒါ့အပြင် ခေတ်စကားနဲ့ပြောမယ်ဆိုရင် High Boss တစ်ယောက်ကိုလည်း ကိုယ့်အပေါ် ပိုမိုယုံကြည်လာအောင်၊ ကိုယ်နဲ့ အလုပ်အတူတွဲလုပ်လာအောင် ဒီအစီအရင်နဲ့ ပြုလုပ်နိုင်ပါတယ်။

အခုအစီအရင်အတွက် လုပ်ဆောင်ရမယ့်အဆင့်တွေကတော့ များပြားပါတယ်။ ဒါပေမယ့် သင်ကသာ ယုံကြည်စွာ လုပ်ဆောင်နိုင်မယ်ဆိုရင် ထိုက်ထိုက်တန်တန် ပြန်လည်အကျိုးပြုပါလိမ့်မယ်။







အစီအရင်အတွက် လိုအပ်တာတွေကတော့ -

၁) ကြိုးစနစ်မျှင် (သိုးမွေးကြိုးကို သုံးပါ၊ အပ်ချည်ကြိုး မရပါ)

၂) ဖယောင်းတိုင် တစ်တိုင် (အဖြူရောင် ပိုကောင်း)

၃) မီးခြစ်

၄) သင်ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

အခုအစီရင်က သင်နဲ့ သင့်မိတ်ဆွေ နှစ်ယောက်ကြားမှာ ဆက်သွယ်မှုတွေ အားပျော့လာတဲ့အခါ ကိုယ့်ဘက်က သူနဲ့ကိုယ်နဲ့ နှစ်ယောက်ကြားမှာ ခိုင်မာတဲ့ယုံကြည်မှုတွေ ပိုမို တည်ဆောက်လိုတဲ့အခါမျိုးတွေမှာ အသုံးပြုနိုင်ပါတယ်။

အစီအရင်စတင်လုပ်ဆောင်တော့မယ်ဆိုရင် ပထမဆုံး ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက်မပေးနိုင်တဲ့ ညအချိန်၊ နေရာတစ်နေရာမှာ ပလ္လင်ခွေထိုင်ပါ။ ကျွန်ုပ်သည် ဒီအစီအရင်ကို အောင်မြင်စွာလုပ်မယ်လို့ ယုံကြည်စိတ်ထားပါ။ ပြီးရင် တည်ငြိမ်မှုရှိလာအောင် တရားထိုင်ပေးပါ။

ဒုတိယအဆင့်အနေဖြင့် ကိုယ့်စိတ်ထဲမှာ လုံးဝတည်ငြိမ်အေးချမ်းသွားပြီ အကြည်ဓာတ်လေးရလာပြီဆိုရင် ကိုယ်အနားကို သိုးမွေးကြိုးစလေး တစ်မျှင်ကို ယူလိုက်ပါ။

တတိယအဆင့်ကတော့ သိုးမွေးကြိုးလေးနှစ်မျှင်ကို ချည်နှောင်ရမှာ ဖြစ်ပါတယ်။ ချည်နှောင်နေစဉ်မှာ -

"အခုချိန်ကစပြီး သူနဲ့ငါရဲ့ခင်မင်မှုဟာ
ခိုင်မာသွားစေရမယ် . .။
ခိုင်မာသွားစေရမယ် . .။
ခိုင်မာသွားစေရမယ် . ." လို့ ရွတ်ဆိုပေးရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထအဆင့်ကတော့ ကြိုးနှစ်ချောင်းကို ချည်နှောင်တဲ့အခါမှာ တင်းသွားအောင် ဆွဲလိုက်တဲ့အချိန်မှာ အဲဒီကြိုးဟာ မချည်နှောင်မိဘဲ ပြုတ်ထွက်သွားတယ်ဆိုရင်တော့ အဆင့်(၈)နေရာကို သွားရမှာဖြစ်ပြီး တကယ်လို့ ချည်နှောင်မိတယ်ဆိုရင်တော့ ဖော်ပြပါ အဆင့်တွေအတိုင်း ဆက်လက်လုပ်ဆောင်သွားနိုင်ပါတယ်၊

အဆင့်(၅)မှာတော့ ချည်နှောင်ထားတဲ့ကြိုးလေးနှစ်ချောင်းကို ဘေးမှာရှထားပြီး အဖြူရောင်ဖယောင်းတိုင်ကို မီးထွန်းပါ။ ပြီးရင် အဆင့်(၆) အဖြစ် ချည်နှောင်ထားတဲ့ကြိုးထုံးလေးနေရာကို ဖယောင်းတိုင်က မီးတောက်နဲ့ လောင်ကျွမ်းစေလိုက်ရမှာ ဖြစ်ပါတယ်။

အဆင့်(၇)ကတော့ ရေအနည်းငယ်ယူပြီး ငြိမ်းသတ်ပေးလိုက်ပါ။ အဆင့်(၈)ကတော့ မချည်နှောင်ဖြစ်တော့တဲ့ ကြိုးနှစ်ချောင်းထဲက တစ်ချောင်းကို သင့်အခန်းထဲမှာ ထားပါ၊

အဆင့်(၉)မှာ ကျန်ရှိနေတဲ့သိုးမွေးကြိုးလေးကို သင့်မိတ်ဆွေရဲ့ အခန်းထဲမှာ ထားပေးရပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း သူ့အတွက် အစီအရင်အဆောင်အဖြစ် ကိုယ်ပြုလုပ်ထားတယ်ဆိုပြီး ပလတ်စတစ်အိတ်သေးသေးလေးထဲထည့်ပြီး Stapler ဖြင့် ညှပ်ပိတ်ကာ ဂမ္ဘီရလက်ဆောင်အဖြစ် ပေးနိုင်ပါတယ်။

ဒီအစီအရင်အားလုံး ပြီးမြောက်ပြီးရင် (၂)ရက်ပဲစောင့်ပါ။ သင့်ဆန္ဒတွေပြည့်ဝလာပါလိမ့်မယ်၊ အဓိကအချက်က ဒီကြိုးလေးနှစ်ချောင်းဟာ သင်နဲ့ သင့်မိတ်ဆွေနှစ်ဦးစလုံးရဲ့ အနီးကပ်ဆုံး နေရာတွေမှာ ရှိနေဖို့လိုပါတယ်၊ ကိုယ်နဲ့ စိတ်သဘောထားချင်းတူညီပြီး ယုံကြည်စိတ်ချရမယ့် ကိုယ့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်မယ့် မိတ်ဆွေကောင်း၊ ပါတနာကောင်းတွေ ရရှိနိုင်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်၊





## *အကျင့်ဆိုးတွေကို ပယ်ဖျောက်ပေးမယ့် အဆောင်*



မကောင်းဘူးဆိုတာ သိနေပေမယ့် ဖျောက်ဖျက်ဖို့ခက်နေတဲ့ အမူအကျင့်ဆိုးလေးတွေ လူတိုင်းမှာ ရှိတတ်ကြပါတယ်၊

ကိုယ်တိုင်ကပြုလုပ်နေကျမို့ မသိသာပေမယ့် တချို့သော အမူအကျင့်တွေဟာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေကို အနှောင့်အယှက်ဖြစ်စေတတ်သလို၊ ကိုယ့်အတွက် မထိခိုက်ပေမဲ့ အခြားသူတွေကို အနှောင့်အယှက်ဖြစ်စေတဲ့ အကျင့်ဆိုးတွေကို လူတိုင်းက ပယ်ဖျောက်ချင်ကြမှာ အမှန်ဖြစ်ပါတယ်၊

မလုပ်တော့ဘူးဆိုပြီး တွေးကြည့်လိုက်ရင် လွယ်ကူနေပေမယ့် နှစ်ပေါင်းနဲ့အမျှ ပြုလုပ်နေကျ အကျင့်လေးတွေမို့ တကယ်တမ်းမလုပ်ဖို့ ကြိုးစားတဲ့အခါ ခက်ခဲနေတတ်ပါတယ်၊ အဲဒီလို အခက်အခဲတွေကို လွယ်လွယ်ကူကူကျော်လွှားနိုင်စေမယ့် အဆောင်စီရင်ပြုလုပ်နည်းဖြစ်ပါတယ်၊

လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) စာရွက်

၂) ဘောပင် ဒါမှမဟုတ် ခဲတံ

၃) ဖယောင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



၄) ဖန်ခွက်

၅) ရေတစ်ဖန်ခွက်နဲ့ မီးခြစ်တို့ပဲ ဖြစ်ပါတယ်။

ဒီအဆောင်ကို ပြုလုပ်ရာမှာ အရမ်းကို ရိုးရှင်းလွယ်ကူပေမယ့် အကျင့်ဆိုးတွေကို ဖျောက်ဖျက်တဲ့နေရာမှာ တကယ်ပဲ အကူအညီဖြစ်စေတာကို လက်တွေ့စမ်းသပ်ဖူးပြီး ဖြစ်ပါတယ်။



အစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ အားလုံးစုံလင်အောင် စုစည်းပြီးသွားပြီဆိုရင် ပထမဆုံးလုပ်ရမှာက မိမိဖျောက်ပစ်ချင်တဲ့ အမူအကျင့်ဆိုးတွေကို စာရွက်ပေါ်မှာ ချရေးရပါမယ်။


ဥပမာအားဖြင့် သင်ဟာ ကျန်းမာရေးနဲ့ မသင့်လျော်တဲ့ အစားအစာတွေ အများကြီး စားတတ်တဲ့သူဆိုရင် အဲဒီအကြောင်းကို ချရေးပါ။

ပြီးရင် ဖယောင်းတိုင်ကို မီးညှိပါမယ်၊ မီးမညှိခင် ဖယောင်းတိုင်ဟာ ဖန်ခွက်ထဲမှာ ရှိနေရပါမယ်။ ဖန်ခွက်ထဲမှာ ထည့်ထားပြီးသား ဖယောင်းတိုင်မျိုးရှိရင် ပိုကောင်းပါတယ်။

ခုနက ကိုယ့်အကျင့်ဆိုးတွေ ရေးချထားတဲ့ စာရွက်ကို ထွန်းထားတဲ့ ဖယောင်းတိုင်နဲ့အတူ လောင်ကျွမ်းပါစေ။







စာရွက်မီးလောင်နေချိန်မှာ မိမိအနေနဲ့ လူတစ်ယောက်ကို အမှန်တကယ် စိတ်ဆိုးဒေါသထွက်တဲ့အခါ ပြောဆိုသလိုမျိုး၊ မိမိရဲ့ အကျင့်ဆိုးတွေကို မလုပ်တော့ဘူး ဆိုတဲ့အကြောင်း ကျယ်ကျယ်လောင်လောင် ရွတ်ဆိုပါ။

ဥပမာ - "ငါကျန်းမာရေးနဲ့မတည့်တဲ့ အစားအသောက်တွေကို လုံးဝ မစားတော့ဘူး" ဆိုပြီး အကျယ်ကြီး အော်ဟစ် ရွတ်ဆိုလိုက်ပါ။

ပြီးရင် အသင့်ယူထားတဲ့ ရေတစ်ဖန်ခွက်ကို ဖယောင်းတိုင်ပေါ်ကနေ လောင်းချလိုက်ရပါမယ်။

အဲဒီအခါမှာ မီးလောင်ကျွမ်းထားတဲ့ စာရွက်နဲ့ ဖယောင်းတွေဟာရောထွေးပြီး အရည်ပျော်သွားပါလိမ့်မယ်။ ကြမ်းပြင်ပေါ်မှာ မလုပ်ချင်သူတွေဟာ ပန်းကန်လုံးအသစ်တစ်ချပ်အပေါ်မှာ လုပ်ဆောင်နိုင်ပါတယ်။ ပြီးရင် ပြာတွေကိုယူပြီး အခြားစာရွက်တစ်ခုထဲကို ထည့်ခေါက်လိုက်ပါ။

အဲဒီပြာတွေ ထည့်ခေါက်ထားတဲ့ စာရွက်ကိုတော့ မိမိနှစ်သက်သလို အလှဆင်ပြီး မိမိမပြုလုပ်လိုတဲ့ အမူအကျင့်ဆိုးတွေကို ပယ်ဖျောက်မယ့် အဆောင်အဖြစ် သိမ်းဆည်းထားလို့ရပါပြီ။

ကဲ . . အားလုံးအတွက် ဒီအစီအရင်က အကူအညီဖြစ်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# အမှန်တကယ် ချစ်၊ မချစ်စမ်းသပ်နည်း



ထူးဆန်းအံ့ဖွယ်အစီအရင်တစ်ခုဖြင့် ကိုယ့်ရဲ့လက်ရှိချစ်သူက ကိုယ့်အပေါ် အမှန်တကယ် ချစ်၊ မချစ်စမ်းသပ်နိုင်တဲ့ အစီအရင်ကောင်း တစ်ခု ဖြစ်ပါတယ်။ ချစ်သူရဲ့အချစ်ကို စမ်းသပ်နိုင်တဲ့ အစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) သင်တို့ ချစ်သူနှစ်ဦးရဲ့ဆံပင်


၂) ငှက်မွေးတစ်ခု

၃) စာအိတ်တစ်အိတ် (ပန်းရောင်ရနိုင်လျှင် ကောင်းသည်)

တို့ ဖြစ်ပါတယ်။

အခု အစီအရင်ကို ကောင်လေးဖြစ်သူက လုပ်ဆောင်မယ်ဆိုရင် တစ်လက်မခန့် စက္ကူရွက်အပေါ်မှာ ဆော့ပင်အနီဖြင့် အသည်းပုံကို ရေးဆွဲပါ။ မိန်းကလေးက လုပ်ဆောင်မယ်ဆိုရင် အနီရောင်နှုတ်ခမ်းနီတောင့် တစ်ခု လိုအပ်ပါတယ်။

အစီအရင်ပြုလုပ်ဖို့အတွက် ပစ္စည်းအားလုံး ကိုယ့်ဆီမှာ စုံလင်သွားပြီဆိုရင် ပထမဆုံး သင်ရယူထားတဲ့ သင်တို့ ချစ်သူနှစ်ဦးရဲ့ဆံပင်တွေကို စာအိတ်လေးကို ထည့်လိုက်ပါ။




ပြီးရင် ငှက်မွေးလေးကို လည်း ဒီစာအိတ်လေးထဲကို ဆံပင်များနဲ့အတူ ရောထည့်လိုက်ပါ၊ ပြီးရင်တော့ သင့်ရဲ့ရင်ထဲကနေ ခံစားလာရတဲ့ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဖြင့် -

"ငါ့ရဲ့ အချစ်ဟာ စစ်မှန်တယ်၊

နင်ကရော ငါ့အပေါ် ချစ်တာ စစ်မှန်ရဲ့လား" ဆိုပြီး (၁၀) ကြိမ် တိုင်တိုင် ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုပေးရပါမယ်၊

တကယ်လို့ သင်ဟာ ကောင်လေးတစ်ယောက်ဆိုရင် စက္ကူနဲ့ ခြယ်တင်လုပ်ထားတဲ့ အသည်းပုံလေးကို ငှက်မွေးနဲ့ဆံပင်တို့ထည့်ထားတဲ့ ပန်းရောင်စာအိတ်လေးအပေါ်မှာ ထမင်းလုံးနဲ့ဖြစ်ဖြစ် သာသာလေး ကပ်ထားပေးရပါမယ်၊

တကယ်လို့ သင်ဟာ ကောင်မလေးတစ်ယောက်ဆိုရင် နှုတ်ခမ်းနီတောင့်လေးနဲ့ နှုတ်ခမ်းဆိုးလိုက်ပြီး စာအိတ်ပေါ်မှာ နှုတ်ခမ်းပုံလေးပေးလိုက်ပါ။ ပိပြင်စရာ၊ လှစရာ မလိုပါ။ ကိုယ်လုပ်တတ်သလို လုပ်နိုင်ပါတယ်၊







www.burmeseclassic.com

www.burmeseclassic.com





ပြီးရင် ကိုယ်အိပ်စက်တဲ့ မွေ့ရာအောက်မှာ ဒီစာအိတ်လေးကို (၈) ညတိုင်တိုင် ပစ်ထားလိုက်ရပါမယ်။ လုံးဝ ဖွင့်လှပ် မကြည့်ရပါဘူး။ ဒီ စာအိတ်အပေါ်မှာလည်း လုံးဝ စိတ်ရောက်မနေရပါဘူး။

(၉) ညမြောက်ရောက်တဲ့အချိန်ကျမှ သင့်ရဲ့ စာအိတ်လေးကို ပြန်လည် စစ်ဆေးကြည့်ပါ။

အဲဒီအခါမှာ ကောင်လေးဖြစ်သူက စီရင်ထားတဲ့ စာအိတ်ပေါ်က အသည်းပုံလေးဟာ တွန့်ကြေသွားတယ်၊ ပျက်စီးဆုတ်ပြဲသွားတယ်ဆိုရင် သင့်ကောင်မလေးက တကယ်မချစ်သေးဘူးလို့ ယူဆရပါမယ်။

မိန်းကလေးဖြစ်သူက ပြုလုပ်ထားတဲ့အစီအရင်မှာလည်း လုပ်ဆောင်ထားတဲ့ နှုတ်ခမ်းနီပုံလေးဟာ ပျောက်သွားတယ်၊ ပျောက်ကွယ်လုနီးပါးပျက်သွားတယ်ဆိုရင် သင့်ရဲ့ကောင်လေးဟာ သင့်အပေါ် တကယ် အချစ်စစ်နဲ့ မချစ်သေးဘူးလို့ ယူဆနိုင်ပါတယ်။

အစီအရင်လေးက ရိုးရှင်းလွယ်ကူလှပါတယ်၊ ဒါပေမယ့် ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ဖို့တော့ အထူးပဲလိုအပ်ပါတယ်။ အားလုံးပဲ ကံကောင်းကြပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။





## အချစ်နဲ့ပေါင်မုန့်တစ်လုံး အစီအရင်



ပေါင်မုန့်ကြိုက်တဲ့ချစ်သူအတွက် ထူးထူးခြားခြား ဖြစ်စေမယ့် ဒီ အစီအရင်ဖြစ်ပါတယ်။ အရင်ဆုံး လတ်လတ်ဆတ်ဆတ် ပေါင်မုန့်အသေးတစ်လုံးကို ဝယ်ယူပါ။ ညသိပ်မထားပါနဲ့၊ ဒီနေ့ဝယ်၊ ဒီနေ့ညမှာ လုပ်ဆောင်ရပါလိမ့်မယ်။

လပြည့်ညမှာ စီရင်နိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်၊ လုပ်ရမှာက ပေါင်မုန့်ကို ပြည့်ဝပြီး သာနေတဲ့ လမင်းကြီးရှိရာကို လက်နှစ်ဖက်နဲ့ မြှောက်တင်ပြီး -

“လနတ်သမီးရေ .. ဒီပေါင်မုန့်လေးကို
ကောင်းချီးပေးတော်မူပါ။
ကျွန်မချစ်သူနဲ့ ကျွန်မတို့ရဲ့ဆက်ဆံရေးဟာ
ပိုပြီး သာယာနိုင်မြဲပါစေ” လို့ ဆုတောင်းပေးရပါမယ်။ ပြီးရင် ဒီ ပေါင်မုန့်လေးကို လက်နှစ်ဖက်နဲ့ အလယ်တည့်တည့်ကနေ ထက်ပိုင်း ပိုင်းလိုက်ရမှာ ဖြစ်ပါတယ်။ ဒီလို ပိုင်းလိုက်ရာမှာ ဓား လုံးဝအသုံးမပြုရပါဘူး။ နောက်တစ်နေ့မှာ ပေါင်မုန့်ခြမ်းလေးကို Jam သုပ်ပြီး ကိုယ့်ချစ်သူကို ကျွေးရင် သူက သင့်အပေါ် အချစ်စိတ်ပိုဝင်လာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



# စွမ်းအင်ဓာတ်ဖိတ်ခေါ် အားသွင်းနည်း



ကိုယ့်ရဲ့လောကီအစီအရင် ပစ္စည်းတစ်ခုခုကိုပဲဖြစ်ဖြစ်၊ မော်ပစ္စည်းပဲဖြစ်ဖြစ်၊ ဂမ္ဘီရအဆောင်တစ်ခုခုကိုပဲ ဖြစ်ဖြစ်၊ စွမ်းအင်သွင်းနည်းအစီအရင် ဖြစ်ပါတယ်။ အရေးအကြီးဆုံးက စကြာဝဠာထဲမှာ မြောက်မြားလှစွာသော စွမ်းအင်တွေ ပျံ့နှံ့စီးမျောနေတယ်ဆိုတာကို ယုံကြည်ထားရပါမယ်။

ယခု စွမ်းအင်သွင်းနည်း အစီအရင်ကို လူတိုင်းတော့ လွယ်ကူစွာလိုက်လုပ်နိုင်မှာ မဟုတ်ပါဘူး။ အတွေ့အကြုံရှိသူ၊ စကြာဝဠာဓာတ်ကိုရယူလုပ်ဆောင်တဲ့ အစီအရင်တော်တော်များများကို လုပ်ကိုင်ဖူးသူ၊ ပါရမီရင့်သန်သူတချို့သာ လုပ်ဆောင်နိုင်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဂမ္ဘီရသုတအနေဖြင့် သိမှတ်ထားနိုင်ဖို့ ဖော်ပြရခြင်း ဖြစ်ပါတယ်။

မိမိစွမ်းအင်သွင်းလိုတဲ့ပစ္စည်းတစ်ခုကို အရင်ဆုံး လက်နဲ့ကိုင်ဆောင်ပြီး ဦးခေါင်းထက်မှာ မြှောက်တင်ထားပါ။ အချိန် အနည်းငယ်ကြာသည်အထိ လည်ပတ်နေတဲ့စွမ်းအင်လမ်းကြောင်းတစ်ခုကို စိတ်ထဲတရှာဖွေပါ။ ဒီလိုအစီအရင်မျိုးကို လုပ်ဖူးသူတချို့ဆိုရင်တော့ အလွယ်တကူ






ရှာတွေ့နိုင်ပါတယ်။

ခေါင်းအထက်နားမှာ လည်ပတ်နေတဲ့ စွမ်းအင်လမ်းကြောင်းတစ်ခုရှိလာပြီ၊ ကိုယ်တိုင်လည်း ခံစားမိလာပြီဆိုရင် အဲဒီကနေ လှိုင်းလုံးဓာစွမ်းအင်တွေ ကြွထလာနေတယ်လို့ အာရုံပြုခံယူပြီး ကိုယ် စွမ်းအားသွင်းချင်တဲ့ပစ္စည်းထဲကို စကြာဝဠာထဲမှာ လည်ပတ်နေတဲ့ စွမ်းအင်များအပြည့်အဝစီးဝင်ပြီး အားပြည့်ပါစေ။

လမင်း၊ နေမင်း၊ မြေကြီးနဲ့ ကြယ်တာရာတို့က ဒီပစ္စည်းထဲကိုစွမ်းအင်သွင်းချင်တဲ့ ကျွန်ုပ်၏ဆန္ဒကို ဖြည့်ဆည်းပေးကြပါလို့ ရွတ်ဆိုပါ။ ပြီးရင် မျက်စိမှိတ်ထားလျက်က ကိုယ်သွင်းချင်တဲ့ပစ္စည်းထဲကို စွမ်းအင်များ ဝင်ရောက်နေပြီလို့ အာရုံပြုပါ။

ကိုယ့်ပစ္စည်းထဲကို စွမ်းအင်ဓာတ်တွေ အပြည့်အဝ ဝင်ရောက်သွားပြီဆိုရင် တုန့်ပြန်သဂေါ်တတစ်ခုအနေဖြင့် ကိုယ်စွမ်းအားသွင်းတဲ့အဆောင်ပစ္စည်းဟာ သိသိသာသာ တစ်ချက် တုန်ခါသွားတာကို သိရှိခံစားရပါလိမ့်မယ်။

ဒီလိုသိရှိမှသာလျှင် သင့်ရဲ့စွမ်းအင်ဖိတ်ခေါ်သွင်းယူနည်း အစီအရင်ဟာ အောင်မြင်ပြီလို့ သတ်မှတ်နိုင်ပါတယ်။ ဒီလိုအဆင့်ရောက်နိုင်ဖို့ဆိုရင် တရားများများထိုင်ပေးဖို့ လိုအပ်ပြီး ကိုယ့်စိတ်က အမြဲတမ်း တည်ငြိမ် အေးချမ်းနေကာ အာရုံစူးစိုက်နိုင်စွမ်းအားလည်း ကြီးမားရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



# တိတ်တခိုးချစ်သူကို ကိုယ့်ဆီခေါ်ဆောင်နည်း



အစုနည်းလမ်းကလည်း ရိုးရှင်းလွယ်ကူသလောက် ထိရောက်မှုအားကောင်းလှပါတယ်။ ဘယ်လောက်တောင်အစွမ်းကြီးမားပါသလဲဆိုရင် ဒီအစီအရင်လုပ်ပြီးတာနဲ့ မကြာခင်မှာ သင့်ရဲ့တိတ်တခိုးချစ်သူနဲ့ သင် ချစ်သူတွေဖြစ်သွားမှာဖြစ်သလို၊ သူနဲ့ မကြာမတင်မှာ အိမ်ထောင်ကျကိန်းတောင် ကြုံနိုင်လောက်တဲ့အထိ အစွမ်းထက်မြက်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) အနီရောင်ဖယောင်းတိုင်လေးတိုင်
၂) နံ့သာဆီတစ်မျိုးမျိုး
၃) အိပ်စက်ရာခုတင်
၄) မိမိရဲ့အသံတို့ပဲ ဖြစ်ပါတယ်။

အခုအစီအရင်ကို ကိုယ်အိပ်စက်တဲ့ အိပ်ရာ(သို့မဟုတ်) ခုတင်နားမှာ ညအချိန်ကာလ၊ လူခြေတိတ်ချိန်မှာ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အစီအရင်စတင်ဖို့အတွက် အရင်ဆုံး အနီရောင်ဖယောင်းတိုင်







လေးတိုင်ကို နံ့သာဆီနဲ့ ပွတ်သပ်သန့်စင်ပါ။ ကိုယ့် စိတ်ထဲမှာလည်း ဒီဖယောင်းတိုင်တွေမှာ မကောင်းတဲ့ အညစ်အကြေးတွေ ဘာဆိုဘာမှ မရှိတော့ဘူးလို့ ကိုယ့်စိတ်က ယုံကြည်လိုက်ရမှာ ဖြစ်ပါတယ်။

ဒီ့ထက် ပိုသေချာချင်တယ်ဆိုရင်တော့ အစီရင် အတွက် အကာအကွယ် အဖြစ် ဖယောင်းတိုင်တွေမှာ ပဥ္စင်္ဂကြယ်တံဆိပ် ငါးထောင့်ကြယ်ကို ရေးဆွဲနိုင်ပါတယ်။ ပြီးရင် ဖယောင်းတိုင်လေးတိုင်ကို မိမိအိပ်စက်ရာ ခုတင်ရဲ့ပတ်လည်မှာ စိုက်လိုက်ပါ။

ပြီးရင် ညင်ညင်သာသာ၊ တမ်းတမ်းတတ ရွတ်ဆိုရမှာက -

"ကျွန်မ/ကျွန်တော်ရဲ့တိတ်တခိုးချစ်သူ
သင့်ကို ဒီနေရာကိုလာဖို့ အလိုရှိပါတယ်။
ကျေးဇူးပြု၍ လာခဲ့ပါ။
မင်းရဲ့အချစ်ကိုလည်း ငါ့ကို ပြသပါ။
ငါ မင်းကို အရမ်းအလိုရှိပါတယ်။
မင်းနဲ့ ပေါင်းသင်းချင်ပါတယ်။
မင်းနဲ့ ပေါင်းသင်းချင်ပါတယ်" လို့ ခုတင်ထက်နေ ရွတ်ဆိုပြီး ကိုယ်အိပ်မက်တဲ့ခုတင်ကို လက်နဲ့ပုတ်ပေးပါ။


ဖယောင်းတိုင်များကို ကုန်ဆုံးသည်အထိ ထွန်းထားရမှာဖြစ်ပါတယ်၊ အိပ်မပျော်သွားစေဖို့ လိုအပ်ပြီး မီးသတိ အထူးပြုပါ။ အခုအစီအရင်ကိုသာ ပြည့်ညီ၊ လဆန်းစဖြစ်သော လခြမ်းသဏ္ဍာန်ရှိတဲ့ ညအချိန်တွေမှာ စီရင်လုပ်ဆောင်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အတွင်းသန္ဓေဓာတ် ရှိမရှိ ဆန်းစစ်နည်း



လူတစ်ယောက်မှာ လောကီပညာရပ်များကို လေ့လာလိုက်စားတဲ့အခါမှာ ကိုယ့်ရဲ့ကိုယ်တွင်းမှာ အတွင်းသန္ဓေဓာတ်ရှိ မရှိ ဆန်းစစ်ကြည့်ချင်တာ လူတိုင်းလိုလို ဖြစ်ပါတယ်၊

အခု အစီအရင်က မှော်ပညာနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပါရမီဓာတ်ခံပါလာသလား၊ ကိုယ့်ရဲ့ ကိုယ်တွင်းမှာ အတွင်းသန္ဓေဓာတ် ရှိ မရှိကို ဆန်းစစ်လေ့လာနိုင်သလို၊ ကိုယ်ဟာ စုန်းကဝေအရာမှာရော ဝမ်းတွင်းပါ တစ်ယောက်လား၊ အတွင်းသန္ဓေဓာတ် နိုင်မာမှုရှိရဲ့လား ဆိုတာကို ဆန်းစစ်နိုင်ပါတယ်။

အခုနည်းလမ်းက မှော်ပညာ၊ စုန်းကဝေပညာတို့နဲ့ ပတ်သက်ပြီး အတွင်းသန္ဓေဓာတ်ခံ ရှိ မရှိဆိုတာကိုသာ ဆန်းစစ်ကြည့်နိုင်ပါလိမ့်မယ်၊ တခြားဂန္ဓာရီပညာရပ်များနဲ့ ပတ်သက်လို့တော့ မရနိုင်ပါ။

လုပ်ဆောင်ရာမှာ လိုအပ်တဲ့ပစ္စည်းက ဖယောင်းတိုင်တစ်ချောင်းသာ ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီဖယောင်းတိုင်ဟာ အသစ်ဖြစ်ရမှာဖြစ်ပါတယ်၊ ဒီဖယောင်းတိုင်ကိုပဲ ဆက်တိုက်သုံးစွဲပြီး (၃)ညတိုင်တိုင် ကိုယ့်ရဲ့ အတွင်း ဓာတ်ခံနဲ့ ပတ်သက်ပြီး ဆန်းစစ်လေ့လာကြည့်နိုင်ပါတယ်၊







ဟုတ်တယ်ဆိုရင်တော့ ဆက်လုပ်စရာ မလိုတော့ပါဘူး။ အခု ဖယောင်းတိုင်ကို သုံးစွဲပြီးရင် မြင့်မြတ်တဲ့သစ်ပင်တစ်ပင်အောက်မှာ မြေကျင်းတူးပြီး မြှုပ်နှံပေးရပါမယ်၊

ကဲ . . စတင် ဆန်းစစ်ကြည့်ပါမယ်၊ ကိုယ့်မှာ မှော်ပညာနဲ့ပတ်သက်လို့ အတွင်းသန္ဓေဓာတ် ရှိ မရှိဆိုတာကို စတင် ဆန်းစစ်မယ်ဆိုရင် -

အရင်ဆုံး ကိုယ်လက် သန့်ရှင်းအောင် ပြုလုပ်ထားပါ။ စိတ်ကိုလည်း ဘယ်ကိုမှ အာရုံမပြန့်လွင့်စေအောင် စုစည်းထားပါ၊ စိတ်တည်ငြိမ်ပြီဆိုမှ အဖြူရောင်ဖယောင်းတိုင် အရှည်တစ်ချောင်းကို ညအချိန်မှာ ကိုယ့်ကို ဘယ်သူမှ မနှောင့်ယှက်နိုင်တဲ့ ကိုယ်တစ်ဦးတည်း အစီအရင်လုပ်ဆောင်နိုင်တဲ့နေရာမှာ မီးထွန်းညှိထိုက်ပါ။

ပြီးရင် အဲဒီဖယောင်းတိုင်ရဲ့ မီးတောက်နေရာကို (၁၀)စက္ကန့်ကြာအောင် စူးစိုက်ကြည့်ပေးပါ၊ စူးစိုက်ကြည့်ပြီးတဲ့အခါမှာ ကိုယ့်ရဲ့အသံကို ခပ်မြှင့်မြှင့်တင်လိုက်ပြီး -

"ငါ့မှာ မှော်ပညာ သန္ဓေပါလာသလား . .၊
ငါ့မှာ စုန်းကဝေ သန္ဓေပါလာသလား . .
ငါ့မှာ မှော်ပညာ သန္ဓေပါလာသလား . .၊
ငါ့မှာ စုန်းကဝေ သန္ဓေပါလာသလား . .၊
ငါ့မှာ မှော်ပညာ သန္ဓေပါလာသလား . .၊
ငါ့မှာ စုန်းကဝေ သန္ဓေပါလာသလား . . "ဆိုတာကို ကိုယ့်ရဲ့ စိတ်ထဲမှာ ရောက်ရှိနေတဲ့အသက်ရဲ့နှစ်ပြန် နှစ်ဆ ရွတ်ဆိုပေးရပါမယ်၊

www.burmeseclassic.com

www.burmeseclassic.com



(၁၆)နှစ်ဆို (၃၂)ကြိမ်၊ အသက်(၂၀)ဆိုလျှင် အကြိမ်(၄၀) ရွတ်ဆိုပေးရမှာ ဖြစ်ပါတယ်။ အသက်အရွယ်မရွေး လုပ်ဆောင်ကြည့် နိုင်ပါတယ်။

အထက်ဖော်ပြပါအတိုင်း ရွတ်ဆိုပေးချိန်မှာ ဖယောင်းတိုင်ရဲ့မီး တောက်ကိုလည်း ဂရုစိုက်ကြည့်နေပေးပါ။ ကိုယ်ရွတ်နေတဲ့အချိန်မှာ ဖယောင်းတိုင်ရဲ့မီးတောက်မီးလျှံဟာ ပိုမိုပြီး တဖျတ်ဖျတ်တောက်ပလူး လွန့်လောင်ကျွမ်းတယ်ဆိုရင်တော့ သင့်မှာ မှော်အတတ်၊ စုန်းကဝေ အတတ်တို့မှာ အတွင်း သဓေ္ဓာတ်ပါတယ်လို့ ယူဆနိုင်ပါတယ်၊

ဒီလိုမှမဟုတ်ရင်တော့ သင့်မှာ မှော်၊ စုန်းကဝေအတတ်တို့နဲ့ ပတ်သက်လို့ အတွင်းသဓေ္ဓာတ်ခံ ပါမလာဘူးလို့ ယူဆရပါလိမ့်မယ်၊ အလွယ်ဆုံး ဆန်းစစ်ကြည့်နိုင်တဲ့နည်းဖြစ်ပြီး တစ်ညမှာ တစ်ကြိမ်သာ လုပ်ဆောင်ရပါမယ်။ ဒီလိုမျိုး (၃)ရက်တိုင်တိုင် ဆန်းစစ်ကြည့်နိုင်ပါတယ်။

ဒီလို (၃)ရက်ဆန်းစစ်ပြီးရင် နောက်(၆)လနေမှ တစ်ခါပြန်လည် ဆန်းစစ်ကြည့်ရပါလိမ့်မယ်၊ တကယ်လို့ ပထမအကြိမ်မှာ မအောင်မြင်ဘူး ဆိုရင်လည်း စိတ်ဓာတ်ကျစရာတော့ မလိုပါဘူး။

ဘာလို့လဲဆိုတော့ ကိုယ့်မှာ မှော်ပညာနဲ့ပတ်သက်လို့ အတွင်း သဓေ္ဓရှိပေမယ့် တစ်ခါတရံမှာ တိမ်မြုပ်နေတာမျိုး၊ ပထမအကြိမ် ဆန်းစစ် စဉ်မှာ မပေါ်တာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါကြောင်း။






www.burmeseclassic.com

www.burmeseclassic.com





စိတ်တန်ခိုးသည် ထူးဆန်းလှသည်။ လူစုလူဝေးကို ညှို့ခြင်းဟု ခေါ်သော Mass Hypnotism သည်လည်း စိတ်တန်ခိုးပင် ဖြစ်သော်လည်း လှည့်စားမှုတစ်မျိုးပင် ဖြစ်လေသည်။

"လူစုလူဝေးကို ညှို့ခြင်း"ဟူသည်မှာ လေထဲတွင် တန်းထားသော ကြိုးတန်းကို လူအများရှေ့၌ ဖောက်ထိုးလျှောက်ပြ၏ ။ လူအများတပင် ဤသို့လျှောက်သည်ဟု မြင်ကြ၏ ။ စင်စစ်သော်ကား ပညာရှင်သည် လူတစ်စုလုံးကို ညှို့၍ ဤသို့ထင်မြင်စေခြင်းဖြစ်၏ ။

သူကိုယ်တိုင်ကမူကား မြေကြီးပေါ်တွင်ပင် ရပ်လျက်ရှိရေသည်။ ဤသို့ပြုမူနိုင်ခြင်းကို "လူစုလူဝေးကို ညှို့ခြင်း"ဟုခေါ်ဝေါ်၏ ။ ထင်နိုင်၊ မြင်နိုင်စေခြင်းသာဖြစ်၍ အကျိုးကား မထူးလှချေ။

အခြားသော စိတ်တန်ခိုးတစ်မျိုး ရှိသေး၏ ။ တစ်နေရာရာ၌ အမှန်တကယ်တည်ရှိနေသော ပစ္စည်းတစ်ခုကို တန်ခိုးရှင်သည် မိမိနေရာသို့ စိတ်တန်ခိုး(ဝါ) မနောမယတန်ခိုးဖြင့် ဆောင်ယူပြ၏ ။ လှည့်စားမှုမဟုတ်၍ ထိုပစ္စည်းမှာ ပြန်မပို့မချင်း မိမိနေရာတွင်သာ ရှိနေသည်။

ဤသည်ကား အကျိုးထူး၏ ။ ထိုစိတ်တန်ခိုး၊ နှစ်မျိုးအနက် ဒုတိယစိတ်တန်ခိုးမှာ ခက်ခဲလှသည်။ ယောဂလမ်းစဉ် (သမထ လမ်းစဉ်ဖြစ်သော ဟိန္ဒူပညာလမ်းစဉ်)ကို အတော်ကြီးပေါက်ရောက်ထားမှ ရတတ်၏ ။





ရှုဘာသာတွင်ကား ရာနှင့်ချီ၍ပါဒ်ရှိသော ပုဂ္ဂိုလ်များ စွမ်းဆောင်နိုင်၏ ။

ဤဒုတိယအမျိုးအစားဖြစ်သော မနောမယတန်ခိုးကို ကျွန်ုပ်သည် "ထူးဆန်းသော ပန်းချီကား" အမည်ဖြင့် "တီ-အိုင်းလင်း" ဆိုသူ တင်ပြချက်ကို မှတ်တမ်းတင်အပ်ပါသည်။

၀

## ထူးဆန်းသော ပန်းချီကား

ဤအဖြစ်ကို ပြင်သစ်ရဲတပ်ဖွဲ့က လှယက်ခိုးယူမှုဟု ယူဆ၍ အချို့သူများကမူ "ကြောင်" ခြင်းသာ ဖြစ်သည်ဟု ယူဆခဲ့ကြ၏ ။ သို့သော် ဖြစ်ရပ်ပုံ၏အကြောင်းရင်းကား အံ့သြဖွယ်ကောင်းလှသည်ကို တွေ့ရှိရ၏ ။ (၁၉၂၉)ခုနှစ်၊ ဧပြီလတွင် ပါရီရဲရေး (ပြင်သစ်စုံထောက်အဖွဲ့)သည် ထူးဆန်းသော အမှုတစ်ခုနှင့်ရင်ဆိုင်တွေ့ရပြီး နောက်ဆုံးတွင် လက်သည်မပေါ်၍ အမှုပိတ်လိုက်ရလေသည်။

ဖြစ်ပုံကား ပဲရစ်မြို့သား၊ သူဌေးကြီး အမ် ဗီယား ဒူးဘွား နေထိုင်သော အဗဲန္ယူးယားရှိ အိမ်ကြီးမှ အဖိုးထိုက်လှသော ဆီဆေးပန်းချီကားတစ်ချပ် အခိုးခံလိုက်ရခြင်းဖြစ်၏ ။ ရဲမင်းကြီးဖြစ်သူ "အင်ရီယပ်"မှာ ဒူးဘွား မိသားစုနှင့် အလွန်ရင်းနှီးသည်ဖြစ်၍ ဤအမှုကို အလွန် အလုပ်တော်သူများသို့ အပ်နှံစေခိုင်းလိုက်လေသည်။ နိုင်ငံခြားသို့ ဤပန်းချီကားကို တိတ်တဆိတ် ခိုးထုတ်သွားနိုင်စေခြင်းငှာ နိုင်ငံရပ်ခြားသို့ ထွက်ပေါက်မှန်သမျှကို ပိတ်ဆို့ထားလေ၏ ။



နှစ်ရက်တိုင်တိုင် ထမ်းတကြီး ရှာဖွေစစ်ဆေးခဲ့သော်လည်း ရဲတပ်ဖွဲ့သည် သဲလွန်စ တစ်စုံတစ်ရာမျှ မရရှိခဲ့ကြရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကား ပျောက်သွားသော အခန်းကို စစ်ဆေးသောအခါတွင်လည်း မည်သည့်လက်ရာခြေရာကိုမျှ မတွေ့ကြရပေ။ ဖောက်ထွင်းဝင်ရောက်သည်ဟု ယူဆနိုင်စရာလည်း အကြောင်းမရှိချေ။

နောက်ဆုံးတွင် ဤသို့သော လက်မ(၄၀) x လက်မ(၆၀)ရှိ၍ ရွှေဘောင်ခတ်ထားသော ပန်းချီကားကြီးကို နေ့လယ်ကြောင်တောင် လူမမြင်အောင် မည်သို့မည်ပုံထုတ်ယူသွားနိုင်သည်ကို စဉ်းစား၍ မရနိုင်ကြချေ။ စတာလင်ပေါင် (၁၈၀၀၀)ခန့်တန်သော ဤပန်းချီကားကို ဒူးဘွား နောက်ဆုံးမြင်ခဲ့ရသောအချိန်မှာ နံနက်ကိုးနာရီခန့်ရှိ၍ အိမ်စေမိန်းမက မရှိတော့ကြောင်း သတိပြုမိသောအချိန်မှာ နေ့လယ်ဆယ့်နှစ်နာရီခန့်ဖြစ်ရာ ဤအတောအတွင်းတွင် ပန်းချီကားမှာ ပျောက်ဆုံးခဲ့ရတော့သည်။

ရဲတပ်ဖွဲ့သည် တစ်အိမ်လုံးမွှေနှောက်ရှာဖွေပြီး အိမ်စေ (၅) ယောက်ကို မေးခွန်းများ အပြန်ပြန်ထုတ်၍ စစ်ဆေးခဲ့ပါသော်လည်း အကျိုးမထူးခဲ့ပါချေ။ ပြတင်းပေါက်များမှာလည်း လူကုံတံအိမ်များ ထုံးစံအတိုင်း သံတိုင်များရှိ၍ ဝင်းခြံတံခါးဝကလည်း မည်သူတစ်စုံတစ်ယောက်မျှ အထုပ်ကြီး တစ်ခုယူဆောင်သွားသည်ကို မတွေ့ကြရဟု ဆိုသည်။

နောက်နေ့ညနေတွင် စာပို့လုလင်လေးသည် သံကြိုးစာတစ်စောင်ကို လာပေးလေတော့၏ ။ သံကြိုးစာမှာ သူဌေးကြီး၏သားဖြစ်သူ ဗိုလ်ကြီးမာဆယ်ဒူးဘွားထံမှ ဖြစ်လေသည်။ ဗိုလ်ကြီးမာဆယ်ဒူးဘွားမှာ အယ်ဂျီးရီးယားပြည်ရှိ ပြင်သစ်စစ်တပ်တွင် "အဆိပ်ရည်များ စာတ်ခွဲသူ" အဖြစ် အမှုထမ်းနေပြီး ထိုအရပ်တွင် ဖြစ်ပွားနေသော ကူးစက်တတ်သည့် ဆုံမို့နာရောဂါကို တားဆီးတိုက်ဖျက်နေသူတစ်ယောက် ဖြစ်လေသည်။

သူဌေးကြီး ဒူးဘွားသည် သံကြိုးစာကို ဖတ်ကြည့်လိုက်ရာ၌ မျက်လုံးများပြူးသွားပြီး တုန်ယင်သောလက်ဖြင့် စုံထောက်အရာရှိကို ခေါ်ငင်ကာ သံကြိုးစာကို ပြလိုက်လေသည်။ သံကြိုးစာထဲတွင်ကား "ထမင်းစားခန်းမှာ ဝပ်တို(ပန်းချီကား၏အမည်) ရှိသေးသလား" ဟု ပါရှိလေသည်။

"သူ .. ဘယ်လိုလုပ်ပြီး သိသွားသလဲ"

သူဌေးကြီးသည် ညည်းတွားမိလိုက်တော့၏ ။

"ဒီပန်းချီကားဟာ သူအကြိုက်ဆုံး ပန်းချီကားမို့ သူ့ကို ကျွန်ုပ်








အသိမပေးဝံ့ခဲ့ဘူး။ ဒါကြောင့်မို့ သတင်းစာတွေကို သတင်းမပေးဘဲ အုပ်ထားရတာပေါ့"

စုံထောက်အရာရှိသည် သူ့ပုခုံးကိုမြှင့်ပြီး ပြန်ချလိုက်၏ ။

"သတင်းယိုပေါက် ဆိုတာ ရှိစမြဲပေါ့ ခင်ဗျာ၊ ဒါပေမယ့် ဒီဟာ အမှုမှန်ပေါ်ဖို့ အကူအညီပေးနိုင်ပါဘူး"

နာရီအနည်းငယ်မျှကြာသောအခါ အယ်ဂျီးရီးယားပြည် မာရဟုန်ရွာလေးရှိ ဗိုလ်ကြီးဒူးဘွားမှာ သူ့ဖခင်ထံမှ ပြန်လည်ရိုက်ကြားသော သံကြိုးစာရှက် အဝါကလေးကိုကိုင်၍ မယုံကြည်နိုင်အောင် ဖြစ်နေသည်ကို တွေ့ရပေ၏ ။ "ဝါရှုးများ သွားပြီလား" ဟုလည်း တစ်ကိုယ်တည်း ငြီးတွားမိတော့သည်။ ဖခင်ထံမှ သံကြိုးစာမှာ အောက်ပါအတိုင်းတည်း။

"ပန်းချီကားကြီး အခိုးခံရပြီး ရဲအဖွဲ့က ရှာဖွေနေတယ်၊ ဆုရေးတမ်းရလိမ့်မယ်လို့ မျှော်လင့်နေတယ်"

ဗိုလ်ကြီးသည် တယ်လီဖုန်းကိုကောက်ကိုင်လိုက်၍ ခရိုင်ဝန်း၊ ဆိုက်တပ်ဗိုလ်နှင့် အဖော်ဆရာဝန်တစ်ဦးတို့ကို ခေါ်လိုက်သည်။ အားလုံးရောက်လာသောအခါ သူ့ရှေ့ရှိ ပန်းရောင်ဆေးသုတ်ထားသောနံရံကို ညွှန်ပြလိုက်လေ၏ ။

"အဲဒီနံရံမှာ တစ်ခုခုကို မြင်ကြရပါသလား၊ ခင်ဗျာ"

"ဟာ .. တွေ့တာပေါ့။ တယ်လှတဲ့ ပန်းချီကားကြီးပါလား၊ ဘယ်တုန်းကလဲ"

"တဆိတ်ကျေးဇူးပြုပြီး ဒါဟာ တကယ့်ပန်းချီကားရုပ် ဟုတ်မဟုတ် စုံစမ်းစစ်ဆေးပေးကြပါဗျာ .. ၊ ကိုင်ကြည့်ပါ .. ၊ ဖြုတ်ကြည့်ပါ .. ၊ ထိရောက်အောင် ကြည့်ပါ .. ၊ ကျွန်တော် မရူးပါဘူး .. ၊ မူးလည်း မမူးပါဘူး .. ၊ ခင်ဗျားတို့ရဲ့မှတ်ချက်ကို လိုချင်လို့ပါ .."

www.burmeseclassic.com



အားလုံးက ကိုင်တွယ်စုံစမ်းကြည့်ကြသည်။

"ကားချပ်ကတော့ ဟုတ်ပါတယ်ဗျ။ အဲ .. ကျုပ်တို့က အနုပညာသည်မဟုတ်တော့ ဒီပန်းချီဆရာဆွဲတာ ဟုတ်မဟုတ်တော့ မသိဘူးပေါ့ဗျာ။ ခင်ဗျားဆန္ဒရှိရင် ဒီနေရာမှာ ဒီပန်းချီကားရှိတယ်ဆိုတဲ့ သက်သေခံလက်မှတ်ကို ကျုပ်ကိုယ်တိုင် လက်မှတ်ထိုးပေးပါ့မယ်ဗျာ"

အထက်ပါအတိုင်း စရိုင်ဝန်က ဖြေကြားပြောဆိုလိုက်လေသည်။ ဤတွင် ဗိုလ်ကြီးဒူးဘွားက ဖြစ်ပုံကို ပြန်လည်ပြောပြလေတော့သည်။ သူတို့အုပ်စု ဆုံစို့နာကုသပေးခဲ့သော အာရပ်ရွာကလေးတစ်ရွာ၏ အကြီးအကဲသူကြီးဖြစ်သူ အဗ္ဗဒူက သူ့ထံလာ၍ ကျေးဇူးတင်စကားပြောသည်ဆို၏။

စကားလက်ဆုံကျနေစဉ်အတွင်း အဗ္ဗဒူက ဆေးကုသရာတွင် ယုံကြည်မှု၏အရေးကြီးပုံနှင့် ယခုကဲ့သို့ရောဂါကို နိုင်နင်းကြောင်း၊ ရွာသူရွာသားများ သိရှိယုံကြည်လာခဲ့သဖြင့် ထိုရောဂါသည် ဗို၍ မြန်မြန်ဆန်ဆန်ပျောက်ကင်းတော့မည်ဖြစ်ကြောင်း ပြောဆိုသည်ဆို၏။

ဗိုလ်ကြီးဒူးဘွားက ယုံကြည်မှုတရားအပေါ်၌ လက်မခံနိုင်ကြောင်းနှင့်ပြောပြသောအခါ အဗ္ဗဒူက "ယုံကြည်မှု"ဖြင့် ဘာမဆို ပြုလုပ်နိုင်ကြောင်း ပြောဆိုပြန်၏။

"ဘာကိုမဆို လုပ်နိုင်တယ်ဆိုတာတော့ မလွန်လွန်းဘူးလားဗျာ"

ဗိုလ်ကြီး၏စောဒကကို ပြန်ဖြေသောအားဖြင့် အဗ္ဗဒူသည် ဘီလပ်ရည် တစ်ဖန်ခွက်ကို အငှဲ့နိုင်းလိုက်ကာ -

"ကိုင်း .. ဗိုလ်ကြီး။ ပြင်သစ်ပြည်က အကောင်းဆုံးရှန်ပိန်ကို မြည်းကြည့်စမ်းပါ"

ဟုပေးလိုက်သဖြင့် ဗိုလ်ကြီးဒူးဘွားသည် ယူငင်သောက်ချလိုက်ရာ အလွန်တရာ အံ့ဩသွားမိသည်ဆို၏။ အကောင်းဆုံးအရက် ဖြစ်နေသည်ကို တွေ့လိုက်ရတော့၏။

"တော်တော်လေးကောင်းတဲ့ မျက်လှည့်ပဲ"

မုတ်ဆိတ်မွေးနှင့်အာရပ်ကြီးသည် ပြုံးလိုက်၏။

"ဗိုလ်ကြီးက မျက်လှည့်လို့ထင်တယ်နော်၊ ဒါဟာ အမှန်တော့ ဘုရားသခင်ရဲ့တန်ခိုးပဲ၊ ဗိုလ်ကြီးမယုံနိုင်သေးရင် သက်သေခံပြရဦးမှာပေါ့လေ၊ ပဲရစ်မှာ ကျန်ရစ်ခဲ့တဲ့ ဗိုလ်ကြီး အနှစ်သက်ဆုံး ပစ္စည်းတစ်ခုကို ပြောပါ၊ ဒီကိုရောက်လာအောင် လုပ်ပေးပါ့မယ်"



ဗိုလ်ကြီးသည် ပြောင်သလို ပြက်သလိုနှင့်ပင် အနှစ်သက်ဆုံး သော "ဝပ်တို" ပန်းချီကားကို ပြောလိုက်၏။

"ကဲ .. ဗိုလ်ကြီး နောက်ကိုလှည့်ကြည့်လိုက်စမ်းပါ"

လှည့်ကြည့်မိသောအခါတွင် ဗိုလ်ကြီးဒူးဘွား၏ပါးစပ်များမှာ ဟ သွားလေတော့၏။ နံရံပေါ်တွင် မိုတ်လျက်သားရှိသော "ဝပ်တို" ပန်းချီ ကားချပ်ကြီးကို တွေ့ရတော့၏။ မယုံကြည်နိုင်လွန်းသဖြင့် ဗိုလ်ကြီးသည်ထ၍ ကိုင်တွယ်စမ်းသပ်ကြည့်ရာ သူထင်ခဲ့သလို မျက်စိလှည့်စားမှုမဟုတ်ဘဲ တကယ့်ပန်းချီကားကြီး ဖြစ်နေသည်ကို တွေ့ရသည်ဟုဆို၏။

ဗိုလ်ကြီးသည် ဤသို့ပြန်လည်ရှင်းလင်းပြောပြပြီး လှုံ့စုံတုန်းတွင် အာရပ်ကြီးကိုခေါ်နိုင်းလိုက်ပြီး "အဗ္ဗဒူ .. ဒါကြီး ပြန်ပို့မှဖြစ်မယ်၊ ကျုပ်တို့တွေ စိတ်သောကရောက်နေကြပြီ" ဟု ပြောလိုက်၏။ အဗ္ဗဒူက ပြုံးလိုက်လေသည်။

"ဒါကိုပြန်ပို့လိုက်မယ်ဆိုတာ ဗိုလ်ကြီးယုံကြည်သလား"

ဗိုလ်ကြီးသည် ခေါင်းညိတ်လိုက်၏၊ အဗ္ဗဒူသည် လက်ကိုမြှောက်လိုက်ရာ ပန်းချီကားကြီးမှာ နံရံမှ ပျောက်ကွယ်သွားလေတော့သည်။

နောက်နေ့နံနက်တွင် ဗိုလ်ကြီးသည် သူ့ဇနီးထံမှ သံကြိုးစာ တစ်စောင်ကို ရရှိပြန်လေ၏။ ထမင်းစားခန်းတွင်ပင် ပန်းချီကားကြီးကို ရှိုတ်ချွတ် ပြန်တွေ့ပြီဖြစ်ကြောင်းနှင့် ရဲအဖွဲ့သို့လည်း အကြောင်းကြားပြီးကြောင်း ပါရှိလေသည်။

ပဲရစ်မြို့ရှိ သတင်းစာများသည် ဤအဖြစ်ကိုဖော်ပြ၍ ကားချပ်





www.burmeseclassic.com

www.burmeseclassic.com





ပျောက်ဆုံးပုံနှင့် ပြန်လည်ရရှိပုံတို့ကို အကြောင်းရင်းများ အမျိုးမျိုး စဉ်းစား၍ တင်ပြကြလေသည်။ အချို့က "ဘုရားသခင်၏ လက်ချက်" ဟု ယူဆ၍ အချို့က "လူရှင်ကြီးများ၏ လက်ချက်" ဟု ယူဆကြ၏။ အချို့ကလည်း ပန်းချီကားချပ်ကြီး တန်ဖိုးပိုရှိလာအောင် "စတန့်" ထွင်ခြင်းဖြစ်သည်ဟု ယူဆကြပေသေးသည်။

မနောမယဖြစ်ရပ် (စိတ်တန်ခိုးနှင့်ပတ်သက်သောဖြစ်စဉ်) များကို လေ့လာ၍ ယုံကြည်ထိုက်သူတစ်ဦးဖြစ်သော ဒေါက်တာ အယ်လိတ် ဇင်းဒါး ကင်န့်နန် M.D ကမူ ယောဂီတန်ခိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆ၏။

သူ့အဆိုအရ ဤသို့သော တန်ခိုးမျိုးရှိသည့်လူများသည် စိတ်အာရုံထဲတွင် ရုပ်လုံးပေါ်သမျှ တကယ်ဖြစ်လာအောင် ပြုလုပ်နိုင်စွမ်းရှိသည်ဟုဆို၏။ အရှေ့တိုင်းသားတို့သည်လည်း ဤသို့သော စိတ်တန်ခိုးမျိုးတို့ နှစ်ပေါင်း ရာပေါင်းများစွာကပင် တွေ့ရှိခဲ့ကြသည်ဟု ဆိုလေသတည်း။

☯

အထက်ပါဖြစ်ရပ်၌ စိတ်တန်ခိုး၏ အံ့ဩဖွယ်ကောင်းသော ဖြစ်ရပ်ကို အပထား၍ အခြားမှတ်သားစရာတစ်ရလည်း ပါရှိပေ၏။ အဗ္ဗုဒ္ဓ၏ စိတ်တန်ခိုးသည် အံ့ဩဖွယ်ကောင်းလောက်အောင် ထူးခြားဆန်းကြယ်သည်ဆိုငြားသော်လည်း သူ၏စိတ်တန်ခိုးဖြင့် သူရှာ၍ ဖြစ်သောဆုံစိုနာတို့





"ဆုတောင်းခြင်း" ဟူသည်မှာ

ပြင်ပလောကတန်ခိုးနှင့် မိမိ၏

မနောဆန္ဒတန်ခိုးတို့ ပူးပေါင်းထားခြင်းဖြစ်သည်။

---

တော့သနိုင်ဟု ယူဆရသည်။

အဘယ်ကြောင့်ဆိုသော် သူ မကုသနိုင်၍သော စစ်ဘက်ဆိုင်ရာ ဆေးရုံဝန်များ သွားရောက်ကြရခြင်း ဖြစ်လေသည်။ ဤအဖြစ်ကို ထောက်ဆ၍ မနောမယလုပ်ငန်းစဉ်နှင့် ဖြစ်ပေါ်သောအကျိုးများသည် လူတစ်ဦးတစ်မျိုးစီဟု ယူဆရပေသည်။ ဤသည်ကား ပါရမီဟုလည်းဆိုလျှင် ရလောက်ပေသည်။

အကြားအမြင်ရသူတိုင်း မနောမယ တိကိစ္ဆ (မနောဖြင့် ဆေးကုခြင်း)ကို မပြုနိုင်ကြ၊ ထိုနည်းတူစွာ မနောမယ တိကိစ္ဆကို ပြုနိုင်သူတိုင်း အကြားအမြင်စသည့် အခြားသော တန်ခိုးများရရှိရမည်ဟု တထစ်ချ မယူဆနိုင်ကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ပေသည်။

နောက်တစ်ချက်မှာ လူ၏မနောတန်ခိုးသည် အတိုင်းအဆ မသိသေးဟု အနောက်တိုင်းပညာရှင်တို့က ဆို၏။ လူ၏စိတ်ပမာဏကို သူတို့ ကြည့်ရှုစွာ မသိရသေးဟုဆို၏။ သာမန်လူ၏ စိတ်ပမာဏကိုပင်လျှင် သူတို့များ မသိကြသေး။

စိတ်တန်ခိုး၏ အတိုင်းအဆကို မသိကြသေးဟုဆိုလျှင် ဘုန်းတော်အနန္တဖြစ်သော ဗုဒ္ဓမြတ်စွာဘုရား၏ မနောတော်၊ ဉာဏ်တော်တို့မှာ အစွမ်းသည်ဖြစ်သည်မှာ မယုံနိုင်စရာမရှိဟု နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်ကို ရိုလုံ့ရင်း စိတ်တန်ခိုးကို ကြိုးစားကြပေလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ပရိနိဗ္ဗာန်စံဝင်ပြီးသော ဘုရားထံဆုတောင်း၍ မထူး သလိုလို ပြောသံကြားရ၏။ ထူးပေသည်။ အကြောင်းအမျိုးမျိုးများ အနက် မှ အချို့ကို ဤတွင်တင်ပြပါအံ့။

နိဗ္ဗာနဓာတ်သည် ဆိတ်သုဉ်းခြင်း၊ ဘာမျှမရှိခြင်း (Void)နှင့် မတူကြောင်းကို ကျွန်ုပ်သိသည်။ သို့သော် ပရိနိဗ္ဗာန်စံဝင်တော်မူကြပြီး ကုန်သော ဘုရားရှင်တို့၏ တန်ခိုးတော်ကို ဤတွင် ချန်လှပ်ထားပါအံ့။ မွေ တော်၊ ဓာတ်တော်များကား လောကကြီးထဲတွင်ရှိသေးသည်။


ထိုမွေတော်၊ ဓာတ်တော်များသည် အဓိဋ္ဌာန်နှင့် ထားရစ်ခဲ့သည် ဖြစ်၍ ကိုယ်ပွားတော်များဖြစ်သည်။ ရဟန္တာ၏ကိုယ်ပွားသည် ဝိဉာဏ ဓာတ်မရှိ၍ မူရင်းကိုယ်တော်လုပ်သမျှကို ကိုယ်ပွားများက လိုက်လုပ်၏။ သို့သော် ဘုရားရှင်၏ကိုယ်ပွားကား ထိုသို့မဟုတ်၊ သီးခြားပြုမူ စွမ်းဆောင် နိုင်သည်ဆိုခြင်းကို ဝိသုဒ္ဓိမဂ်တွင် တွေ့မြင်နိုင်ပေသည်။

ထို့ပြင် သာသနာတော်ကုန်ဆုံးချိန်ဝယ် ထိုဓာတ်တော်များ စုပေါင်း၍ နိမ္မိတရုပ်ပွားတော် ပေါ်ပေါက်လာပြီး များစွာသောသူတို့ ကျွတ်တမ်းဝင် ကြရဦးမည်ဟု အနာဂတဝင်ကျမ်းများတွင် ဆိုထား၏။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာတွင် ထာဝရဘုရားလည်း မရှိ၊ ဗုဒ္ဓရှင်တော် လည်း ပရိနိဗ္ဗာန်စံတော်မူ၍ ဆုတောင်းခြင်းသည် မထူးဆန်းဟု ဆိုသူများ အား ကျွန်ုပ်ရှင်းပြပါရစေ။ ထိုဆိုခဲ့ပြီးသော ဓာတ်တော်တို့၏တန်ခိုးသည် လည်း ရှင်တော်ဘုရား၏ တန်ခိုးတော်နှင့် ထပ်တူထပ်မျှ ရှိပါပေသည်။ တရားမဟောနိုင်ခြင်းသာ ရှိ၏။

ထို့ပြင် "ဆုတောင်းခြင်း" ဟူသည်မှာ ပြင်ပလောကတန်ခိုးနှင့် မိမိ၏ မနောဆန္ဒတန်ခိုးတို့ ပူးပေါင်းထားခြင်းဖြစ်သည်ကိုလည်း သတိချပ် စေလိုပါကြောင်း။







www.burmeseclassic.com


www.burmeseclassic.com



# အိန္ဒိယသမုဒ္ဒရာထဲက ဂြိုဟ်သားကျွန်း




ကမ္ဘာပေါ်မှာ အလွန်တရာ ထူးဆန်းလှတဲ့ ကျွန်းတစ်ကျွန်း ရှိပါတယ်။ အဲဒီကျွန်းကိုတော့ဂြိုဟ်သားကျွန်း (Alien Island) လို့ခေါ်ပါတယ်။ ဘာကြောင့် ဒီလို ဂြိုဟ်သားကျွန်းလို့ ခေါ်ဆိုရသလဲဆိုတော့ တခြားဂြိုဟ်က ပုံစံ ထူးထူးဆန်းဆန်း အပင်တွေပေါက်ရောက်တာကြောင့် ဖြစ်ပါတယ်။









ဒီဂြိုဟ်သားကျွန်းဟာ အိန္ဒိယသမုဒ္ဒရာထဲမှာ တည်ရှိပြီး ရီမင်သမ္မတနိုင်ငံပိုင် ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ ဒီကျွန်းမှာ အထူးဆန်းဆုံးက လက်ရှိ ကမ္ဘာရဲ့ ဘယ်နေရာမှာမှ မပေါက်တဲ့ အပင်များ ပေါက်ရောက်ရှင်သန်နေတာကြောင့် ဖြစ်ပါတယ်။ ဂြိုဟ်သားကျွန်းဟာ Socotra ကျွန်းစုများထဲက ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။

ဒီကျွန်းမှာ အပင်တွေဟာဆိုချင် ထူးထူးဆန်းဆန်း ပုံစံမျိုးတွေချည်း ဖြစ်ပါတယ်။ ဂြိုဟ်သားကျွန်းရဲ့ အကျယ်အဝန်းဟာ ဧရိယာအားဖြင့် စတုရန်းမိုင်(၁၄၅၆)ကျော် ကျယ်ဝန်းပါတယ်။ ဒီနေရာမှာ ခြောက်သွေ့တဲ့ ရာသီဥတု ရှိပါတယ်။

ဒါကြောင့် အပူဓာတ်ကို ခံနိုင်ပြီး ရေစုပ်ယူမှုအားနည်းတဲ့ Endemic လို့ခေါ်တဲ့ အပင်များသာ ပေါက်ရောက်ပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့အပင်များ လေ့လာရေးပညာရှင်တို့အတွက် လေ့လာစရာ အကောင်းဆုံး နေရာအဖြစ် သတ်မှတ်ထားကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# မှော်ကျောက်တုံးကြီးများ၏ အံ့ဖွယ်အစွမ်းများ



အင်္ဂလန်နိုင်ငံ၊ ဝေးလ်ရှိုင်းယားပြည်နယ်၊ အေမစ်ဗျူရီအရပ်မှာ ကြေးနီနဲ့ နီပွန်ရောင်သမ်းနေတဲ့ အံ့ဖွယ်မှော်ဝင်ကျောက်တုံးကြီးများ ရှိပါတယ်။ ဒီနေရာကို ထူးခြားတဲ့ နယ်မြေတစ်ခုလို့ သတ်မှတ်ထားပြီး တစ်ခုတစ်ခုနဲ့ ဆက်သွယ်နိုင်တဲ့နေရာ၊ မမြင်နိုင်တဲ့စွမ်းအားစုတွေပေါ် ထွက်ရာနေရာ၊ သဘာဝလွန် အဖြစ်အပျက်တွေ၊ အစီအရင်တွေ လုပ်ဆောင်နိုင်တဲ့နေရာအဖြစ် သတ်မှတ်ထားပါတယ်။

ဒီနေရာဟာ အလွန်ဒဏ္ဍာရီဆန်တဲ့ နေရာတစ်ခုဖြစ်သလို၊ မှော်ပညာအသုံးချသူတွေအတွက်၊ ရိုးရာအစီအစဉ်များကိုယုံကြည်သူတွေအတွက် မှော်နယ်မြေတစ်ခုလည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အကျော်ကြားဆုံး ရှေးဟောင်း သမိုင်းဝင်နေရာတစ်ခုဖြစ်ပြီး ဒီကျောက်တုံးကြီးတွေကို BC 2000 နဲ့ BC 2500 ကြားမှာ တည်ဆောက်ထုဆစ်ခဲ့တယ်လို့ သိရပါတယ်။

## စိတ်ဝင်စားဖွယ် အချက်အလက်များ

မျက်နှာချင်းဆိုင် ပတ်လည် စည်းဝိုင်းသဏ္ဍာန်တည်ရှိနေကြတဲ့ ဒီကျောက်တုံးကြီးတွေဟာ အစီအရင်တွေ ပြုလုပ်ဖို့အတွက်၊ အကောင်းဆုံး







တွက်အချိန်အခါကောင်းတွေကို တွက်ချက်နိုင်ဖို့အတွက် ပြုလုပ်ထားခြင်းဖြစ်တယ်လို့ ယူဆကြပါတယ်။

မှော်ကျောက်တုံးကြီးများကို စီမံထားပုံက နွေလယ်ကာလရဲ့နေထွက်ချိန်၊ ဆောင်းလယ်ကာလရဲ့ နေဝင်ချိန်၊ တောင်ဘက်အကျဆုံး လမင်းထွက်ပေါ်ချိန်၊ မြောက်ဘက်အကျဆုံး ကွယ်ချိန်တွေနဲ့ ချိန်ညှိထားခြင်းက အလွန်တိကျပြီး စနစ်ကျတယ်လို့ လောကီပညာရှင်များက သုံးသပ်ထားကြပါတယ်။


တည်ဆောက်ခဲ့တဲ့ ဗိသုကာတွေရဲ့ မြေကြီးအခြေချပုံ Ground Plan နဲ့ ဗိသုကာပညာ (အင်ဂျင်နီယာပညာရပ်)ဟာ သူ့ခေတ်၊ သူ့အချိန်အခါတုန်းက ခေတ်အမီဆုံး သင်္ချာပညာ၊ မြေတိုင်းပညာရပ်တွေအပေါ် နားလည်မှုတွေကို အခြေတည်ပြီး ဆောက်လုပ်ရေးပညာရှင် (Builders)တွေက တည်ဆောက်ခဲ့တယ်လို့ မှန်းဆခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒီကျောက်တုံးကြီးများကို တည်ဆောက်စဉ်က ကျောက်အမျိုးအစား (၂)မျိုးကို အသုံးပြုခဲ့ကြပါတယ်။ Blue Stones အမည်ရတဲ့ အပြာရောင် ကျောက်ဆစ်တွေဟာ (၄)တန်ခန့်လေးပြီး မိုင် (၂၄၀)ကျော်ကနေ သယ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်မျိုးက Sarsen ဆိုတဲ့ ကျောက်တုံးတွေဖြစ်ပြီး မှန်းခြေ (၁၈)ပေအမြင့်နဲ့ (၂၅)တန် အလေးချိန် ရှိပါတယ်။

ကျောက်တုံးကြီးများကို ရွှေ့ပြောင်းခြင်း၊ နေရာချထားခြင်းတို့အတွက် လုပ်အားအချိန်နာရီပေါင်း (၃)သန်းခန့် အချိန်ယူခဲ့ရမယ်လို့ ခန့်မှန်းထားကြပါတယ်။ ဗြိတိန်ကျွန်းစုတွေပေါ်မှာ ကျောက်တုံးကျောက်ဆောင်တွေဟာ (၉၀၀)ခန့် ရှိပါတယ်။ အဲဒီအထဲက အရေဖော်ပြတဲ့ Stonehenge (ခေါ်) မှော်ဝင်ကျောက်တုံးကြီးများဟာ အကျော်ကြားဆုံး လူသိအများဆုံး ဖြစ်ပါတယ်။

ဗြိတန်နဲ့ ဥရောပရဲ့ အလွန် ထူးအံ့ဖွယ်ကျောက်တုံးကြီးများဟာ အရှေ့မြေထဲပင်လယ်၊ အီဂျစ်နဲ့ မိုင်ဆီးနီးယမ်း၊ ဂရိယဉ်ကျေးမှုတွေထက် ရှေးကျပါတယ်။

ဒီလက်စွပ်ပုံ (စက်ဝိုင်းပုံ) မှော်ဝင်ကျောက်တုံးကြီးများကို တည်ဆောက်ထားခြင်းဟာ Druids (ရှေးခေတ် ဆဲလ်တစ်လူမျိုးတို့၏ ဘုန်းကြီး) တွေနဲ့ လုံးဝ မသက်ဆိုင်ဘူးလို့တော့ ဆိုကြပါတယ်။

Druidsတွေဟာ သူတို့ရဲ့ (ဆုတောင်းပွဲ၊ သိဒ္ဓိတင်ပွဲ) Rituals Activities တွေကို ဒီကျောက်ထုကြီးတွေလို ပေါ်ပေါ်ထင်ထင် လုပ်လေ့ ရှိဘဲ အလွန် လူအရောက်အပေါက်နည်းတဲ့ တောနက်ကြီးတွေထဲက လှိုဏ်ဂူတွေထဲမှာသာ လုပ်လေ့လုပ်ထရှိတဲ့အချက်ကြောင့် ဖြစ်ပါတယ်။

ထားရှိရခြင်း၏ ရည်ရွယ်ချက်များ



(၁၉၅၀) ပြည့်နှစ်လွန်က ရှေးဟောင်း သုတေသနပညာရှင်များ ယုံကြည်ခဲ့တာက မှော်ကျောက်တုံးကြီးများ ထားရှိရခြင်းဟာ အမျိုးမျိုးသော နီယိုလစ်(သ်) အကြီးအကဲများရဲ့ ရိုးရာအစီအရင်နဲ့ သိဒ္ဓိတင် အခမ်းအနားများ (Ritual Activities) တွေအတွက်သာ ရည်ရွယ်တာယ်လို့ ထင်ခဲ့ကြပါတယ်။

ဒါပေမယ့် ယခုအခါမှာတော့ ဒီကိစ္စအပြင် သာတူညီမျှတဲ့ အခြားအကြောင်းရပ်တစ်ခုအဖြစ် ကျောက်တုံးကြီးတွေကို နက္ခတ္တဗေဒကို စောင့်ကြပ်ကြည့်ရှုဖို့ တည်ဆောက်ခဲ့တာဖြစ်တယ်လို့ ယူဆလာပါပြီ။

(၁၉၅၀) နဲ့ (၁၉၆၀)ခုနှစ်များမှာ အောက်စဖို့ဒ်တက္ကသိုလ်မှ အင်ဂျင်နီယာ ပါမောက္ခ အလက်ဇန္ဒားသွန်းနဲ့ နက္ခတ်ပညာရှင် ဂျယ်ရီဟောကင်း(စ်)တို့ဟာ ရှေးဟောင်း နက္ခပညာရပ် (ရှေးခေတ်လူသားများရဲ့နက္ခတ်ပညာ) သင်ကြားရေးမှာ ကဏ္ဍသစ်အဖြစ် သုံးခဲ့တယ်လို့ သိရပါတယ်။

ပါမောက္ခသွန်း (Thorn)နဲ့ ဟောကင်း(စ်) Hawking တို့ရဲ့ တွေ့ရှိချက်တွေထဲမှာ ဒီကျောက်တုံးကြီးတွေ တည်ထားပုံ (Alignments)ဟာ အရေးကြီးတဲ့ နက္ခတ္တပညာရပ်တွေနဲ့ ကျောက်တုံးတစ်တုံးချင်းကြားမှာ ဆက်စပ်မှုရှိတာ တွေ့ရတယ်လို့ ဆိုပါတယ်။

ဒီတွေ့ရှိချက်ဟာ မှော်ကျောက်တုံးတွေနဲ့ နက္ခတ်တွေ ဆက်စပ်ချက်ကို ဖော်ညွှန်းတဲ့အတွက် နက္ခတ်ကြည့်သူတွေအတွက် အကျိုးရှိစေတယ်လို့ ဆိုပါတယ်။ ဒီမှော်ကျောက်တုံးကြီးများကို နက္ခတ်ပညာရပ်အတွက်





www.burmeseclassic.com

www.burmeseclassic.com





သာမက ရိုးရာအစီအရင်များ၊ ဆုတောင်းပွဲများမှာလည်း ကျောက်တုံးကြီးများတည်ရှိရာနေရာမှာ ကျင်းပကြပါတယ်။

Celestial Bodies လို့ခေါ်တဲ့ အာကာသ၊ ကောင်းကင်ဘုံနှင့် သက်ဆိုင်သော အချက်အလက်ဒေတာတွေကို စုရုံးကြည့်ပြီး နက္ခတ်များ၊ ရွေ့လျားပုံနဲ့ နှစ်စဉ် Ritual Cycle မှာ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်လိုနက္ခတ်စုံရင် ဘာပွဲကျင်းပရမယ်ဆိုတာကို သိနိုင်တယ်လို့ ဆိုပါတယ်၊

မှော်ကျောက်တုံးကြီးများ၏ အံ့ဖွယ်အစွမ်းများ

ရိုးရာ အစီအရင်ပွဲတော်များမှာ ပြုလုပ်တဲ့ လှုပ်ရှားမှုတွေ၊ ဖန်တီးမှုတွေ၊ သရုပ်ပြမှုတွေအပေါ် မူတည်ပြီး အခိုင်အမာတည်ရှိနေတဲ့ မှော်ကျောက်တုံးကြီးတွေရဲ့ဒဏ္ဍာရီသမိုင်းကြောင်းတွေကို သိနိုင်တယ်လို့ ဆိုထားပါတယ်။ ဒီနေရာဟာ ကမ္ဘာကျော်နေရာတစ်ခုဖြစ်တာကြောင့် အမေရိကန်သမ္မတ အိုဘားမားတောင် ဒီနေရာကို ရောက်ခဲ့ပြီးဖြစ်ပါတယ်၊

ဒဏ္ဍာရီထဲမှာ အမှောင်ထဲကနေ ဘုရင်အာသာကို ပံ့ပိုးရသူ မှော်ဆရာမာလင်က Aurelius (အာသာဘုရင်)ကို ဒီမှော်ကျောက်တုံးကြီးများနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့စကားတွေကတော့ -

"ဘုရင်ကြီးခင်ဗျာ . .

အပြောင်အပျက် မရယ်မောပါနှင့်၊







ယခုစကားတွေဟာ
ပေါ့ပေါ့တန်တန် ပြောနေခြင်းမဟုတ်ပါ၊
ဒီကျောက်တုံးကြီးတွေဟာ
လျှို့ဝှက်ဆန်းကြယ်မှု အပြည့်ရှိပါတယ်၊
ရောဂါဘယ အမြောက်အမြားကို
ပျောက်ကင်းစေနိုင်တဲ့ သတ္တိရှိပါတယ်၊
ရှေးလူကြီးများဟာ ဒီကျောက်တုံးကြီးတွေကို
အာဖရိကရဲ့အဝေးလံဆုံးအရပ်တွေကနေ
သယ်ဆောင်ခဲ့ပြီး အိုင်ယာလန်မှာ သချွေတည်နေဖို့
ဘယ်အချိန်က ထားရှိခဲ့ကြတယ် မသိပါ၊
ဒါပေမယ့် ဒီကိစ္စဟာ သူတို့ ဖန်တီးခဲ့တာပါ၊
ဘယ်အကြောင်းကြောင့် နာမကျန်းသည်ဖြစ်စေ၊
ဒီကျောက်တုံးကြီးတွေကို ရေဖြန်းဆေးကြောခြင်းပြုပါက
နာမကျန်းဖြစ်နေသူဟာ ပိန်းကြာရွက်မှာ ရေမတင်သလို
ရောဂါတွေ တမဟုတ်ချင်း ပျောက်သွားနိုင်ပါတယ်၊
လုံးဝပြန်ပြီး ကောင်းလာမှာပါ၊

www.burmeseclassic.com

www.burmeseclassic.com





သဘာဝ ဆေးမြစ်၊ ဆေးရွက်တွေနဲ့
ပျက်ဖျန်းခဲ့တဲ့ ရေတို့ကို အတူရောရမှာဖြစ်ပါတယ်၊
ဒါမှသာ အဲဒီအရာဟာ ဆေးဖက်ဝင်ပြီး
အနာရောဂါပျောက်မှာဖြစ်ပါတယ်၊
ပိုးလောက်လန်းတွေကို သတ်ဖို့
ဒီကျောက်တုံးကြီးတွေမှာ အစွမ်းတွေရှိနေပါတယ်" လို့
မော်ဆရာမာလင်က ဘုရင်အာသာကိုပြောခဲ့ပါတယ်၊


ဒါဟာ သမိုင်းဝင်မော်ဒဏ္ဍာရီထဲက အကောင်းဆုံး သက်သေ ချက်တစ်ခုဖြစ်ပြီး အဲဒါကြောင့် ဒီကျောက်တုံးကြီးများကို မော်ဝင်ကျောက်တုံး ကြီးများလို့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်၊

(၁၃) ရာစုနှစ် ဗြိတိန်ကဗျာဆရာကြီး စပ်ဆိုခဲ့တဲ့ ကဗျာတစ်ပုဒ် မှာလည်း မော်ကျောက်တုံးကြီးတွေရဲ့ ကုစားနိုင်စွမ်းအားကို ယခုလို ရေး ဖော်ကျူးထားပါတယ်၊

ကျောက်တုံးကြီးများဟာ အံ့မခန်းပါ၊
(The Stones are great)
သူတို့ရဲ့ မော်အစွမ်းဟာ အံ့မခန်းပါ၊
(And Magic Power They have)







နာမကျန်းတဲ့ လူသားများဟာ
(Man That Sick)
ကျောက်တုံးကြီးများနဲ့ အပေးအယူလုပ်ပါ၊
(Fare to that stone)
အဲဒီကျောက်တုံးကြီးတွေကို ရေနဲ့ ဆေးကြောပါ၊
(And they wash that stone)
အဲဒီရေနဲ့ ဆေးကြောရင်
(And with that water)
သင်တို့ ရောဂါဘယတွေ ကင်းစင်မယ်၊
(bathe away their sickness) လို့ စပ်ဆိုထားပါတယ်၊

(၁၃)ရာစုရဲ့ကဗျာတစ်ပုဒ်ကြောင့် ဒီကျောက်တုံးကြီးတွေဟာ ဝင် မော်ကျောက်တုံးကြီးတွေဖြစ်ကြောင်း ထပ်လောင်း သက်သေ ပါကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



# တမလွန် ကမ္ဗည်းစာ

တိုးထက်

www.burmeseclassic.com

www.burmeseclassic.com



လင်ကို ဘုရား
ကိုးကွယ်ထား၍
ပြစ်မျိုးမှုကင်း လုံးဝရှင်းသည့်
ကြင်နာသူမျိုး
တစ္ဆေရီးဘယ်ရှိ . .။

ကျွန်တော့်မျက်လုံး ဖွင့်ကြည့်လိုက်သည်။ အကြည့်က ဝေဝေနေသည်။ ဝါးနေသည်။ မျက်တောင် နှစ်ချက်သုံးချက်ခတ်၍ ထပ်ကြည့်လိုက်ပြန်သည်။ ထိုအခါကျမှ အထက်ကမိုးကို မြင်သည်။

ဟင်းလင်းပြင် မိုးကောင်းကင်၊ အမှောင်ကောင်းကင်တစတွင် တစ်ခြမ်းပဲ့လက မလင်းတလင်းဖြာနေသည်။ ကျန်နေရာများတွင် မိုတ်တုတ်မိုတ်တုတ်နှင့် မျက်စပစ်ပြနေသည့် ကြယ်ပွင့်လေးများ၊ အမြဲထောင်နေသည့် ခုနစ်စင်ကြယ်ကို သတိပြုမိလိုက်သည်။

သို့ဆိုလျှင် သန်းခေါင်တိုင်ရျပြီ၊ အကာလ ညလယ်ကြီးတွင် ကျွန်တော် ဘယ်ကိုရောက်နေပါသနည်း။ အထက်မှမိုးဆိုသောကြောင့် အောက်မှာ မြေကြီးဖြစ်ရပေမည်။ မြေကမ္ဘည်းပေါ်မှာ ကျွန်တော်ကျောခင်းနေခြင်းသာ ဖြစ်ရပေမည်။ ဟုတ်ပြီ၊ ကျွန်တော်သည် ကျွန်တော့်လက်ကို လှုပ်ရှားလိုက်သည်။

မိမိကျောခင်းနေရာကို စမ်းသပ်ပွတ်သပ်လိုက်ခြင်းပင် ဖြစ်သည်။ မြေစိုင်မြေခဲ၊ ကျောက်ခဲစများကို ကိုင်မိသည်။ ဗေဒင်ဆရာ အကူအညီမပါဘဲ ကျွန်တော် ယုံကြည်လိုက်နိုင်ခဲ့သည်၊ မြေကြီးမြေသားကို ကျွန်တော် ညဦးက မွေ့ရာလုပ်နေခဲ့သည်က အမှန်ပင်။





ကိုယ် မည်သည့်နေရာ ရောက်နေကြောင်း အသိဝင်လာသော ...ခါ သတိပြန်ရလာသည်။ မနေ့က ကျွန်တော်တစ်ယောက်တည်း အရက် ...သောက်ခဲ့သည်။ အမြည်းမပါ၊ ရေမပါ၊ neat rum အရက်ကို ရေမပါဘဲ ...သောက်ခဲ့သော အရက်အပြင်းစားကြောင့် ကျွန်တော် ကျွမ်းထိုးမှောက်ခုံ ...သွားခဲ့သည်။

ယခင်က ကျွန်တော်တစ်ယောက်တည်း အရက် မသောက်ဘတ် ...၊ ရေမပါ၊ အမြည်းမပါ၊ ရမ်လို အပြင်းစားအရက်မျိုးလည်း မသောက် ...ဘတ်ခဲ့ပါ၊ သေမှာကိုကြောက်၍ သေစေနိုင်သည်ဆိုသော အရက်ကို ...သအောင် အထောက်အကူ ပံ့ပိုးပေးနိုင်သော အရာတို့နှင့် သိုင်းဝိုင်း ...တ် သောက်စားခဲ့ပါသည်။ အပေါင်းအသင်းတို့နှင့် ပျော်ပါးသောက်စား ...ခဲ့သည်။

သောက်ရင်းစားရင်း ပျော်ရင်းပါးရင်းဖြင့်ပင် မနက်ဖြန် နေ မထွက် ...ချင် မည်သို့လုပ်ကြရမည်နည်းဟု ဆွေးနွေး ငြင်းခုန် ...ကြသည်။ မိမိဝတ္ထုကို ဟောလီးဝုဒ်က လာဝယ် ...ချင် ရှေးမည့်မျှခေါ်မည်ကို ကြိုတင်တိုင်ပင်ခဲ့ ...ကြသည်။ အိမ်ဖြူတော်ကို ဆေးသုတ်ရန် ကန် ...ထိုက်ရအောင် လျှောက်မည်ဟု ကြံခဲ့ကြ ...ည်။ ထိုသို့ လေထဲတွင် နန်းတော်များ ...ပျော်ပျော်ကြီး တည်၍ သန်းခေါင်လွဲမှ ...ပြန်ရောက်လေ့ရှိခဲ့သည်။

ဤသို့ အချိန်မတော် အိမ် ...ခဲ့သည့် တစ်ည . .။

ရာစီတစ်ယောက် အိပ်ရာထဲ ...ဖျားတက်နေသည်ကို တွေ့ခဲ့ရသည်။ ...တွေ့ လေတွေ ရှာလာလို့ ကျွန်တော့် ...တွက် သူမ စိုးရိမ်ကြောင့်ကျဖြစ်ပြီး ...တော် သောက်နေကျဆိုင်ကို ...ကြို့မည်ဟု အိမ်မှထွက်ခဲ့ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com





လမ်းတစ်ဝက်မှာပင် ရွှဲရွှဲနစ်အောင်စိုပြီး အိမ်ပြန်လှည့်ခဲ့ကြောင်း၊ အိမ်ရောက်သည်နှင့် အဖျားတက်ခဲ့ကြောင်း။

ကျွန်တော် အသည်းနှင့်အောင် ခံစားမိလိုက်သည်။ ကျွန်တော်က သူ့အတွက် တစ်ရက်မှထည့်မတွက်ဘဲ ကိုယ်ကြိုက်တတ်ရာနှင့် ပျော်နေချိန်တွင် သူမက ကျွန်တော့်အတွက် တစ်ကမ္ဘာကြီးစာ ဝန်ပိနေခဲ့သည်။ အစိုးရိမ်ကြီးနေခဲ့သည်။

ကျွန်တော့် ခံစားချက်တို့ ယူကြုံးမရအဆင့် လွန်ခဲ့ရသည်။ ဖြေဆည်နိုင်မှု တစ်ဘက်ကမ်းတိုင်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆုစီသည် မိုးမိမှုကြောင့် အဆုတ်အအေးပတ်၍ နမိုးနီးယားရောဂါဖြင့် ကွယ်လွန်သွားခဲ့ရရှာသည်။

သူမအသုဘတွင် ကျွန်တော် ရှိက်ကြီးတငင် ငိုကြွေးခဲ့သည်။ အသည်းပေါက်မတတ် ငိုကြွေးခဲ့သည်။ မျက်လုံးများ ရောင်ကိုင်းအောင် ငိုကြွေးခဲ့သည်။ ရင်ထဲတွင် နလုံးကြွေကျဖျက်သုန်းမည်ဟု ထင်ရလောက်အောင် ငိုကြွေးခဲ့သည်။ နှစ်ပေါင်းရာချီ၍ပင် ငိုကြွေးတော့မည်ဟု လူတို့ထင်မိကြအောင် ငိုကြွေးခဲ့သည်။

ထို့နောက်သူမ မေတ္တာကို အထင်ကရ ကျောက်ပြားကမ္ဗည်းမှတ်တမ်းထိုး၍ သူမ၏သင်္ချိုင်းအုတ်ဂူပေါ်တွင် တင်ခဲ့သည်။

"လင်ကို ဘုရား ကိုးကွယ်ထား၍
ပြစ်မျိုးမဲ့ကင်း လုံးဝရှင်းသည်
ကြင်နာသူမျိုး တူရိုးဘယ်ရှိ"





"သူတွေက အသက်ရှင်နေတုန်းမှာ
သူ့ချင်တာ လုပ်ကြတယ်။
ပြီးတော့ မကောင်းလုပ်ခဲ့တာတွေကို
အလောင်းနဲ့ မြှုပ်ပစ်ပြီး ကောင်းဂုဏ်ကို
အရောင်တင် တံဆိပ်လုပ်ထားတတ်ကြတယ်"

ထို့နောက် . . ထို့နောက် . . ကျွန်တော်တစ်ယောက်တည်း သောက်၏၊ အမှောက် သောက်၏။ သေအောင် သောက်၏၊ ဆုစီ မရှိတော့သည့် ကမ္ဘာတွင် ကျွန်တော်နေလိုစိတ် မရှိခဲ့တော့။ နေလိုခြင်း မရှိခဲ့တော့၊

သေအောင် မြန်မြန်သောက်ပါမှ တမလွန်သို့ မြန်မြန်ရောက်၍ ကျွန်တော့်ကို စောင့်နေသော ဆုစီနှင့် ပြန်လည်ပေါင်းစုံရမည်။ ဤသို့သော ခံယူချက်ဖြင့် ကျွန်တော်ပို၍ ပို၍ သောက်လာခဲ့သည်။

ညဦးက ကျွန်တော့်ထုံးစံအတိုင်း သောက်ခဲ့သည်၊ သောက်နေရင်းက စိတ်မရှည်ခဲ့တော့ ရမ်ပုလင်းကို မော့သောက်၍ ထွက်ခဲ့သည်၊ လှောက်ထွက်ရင်းနှင့် မော့သောက်ခဲ့သည်၊ မော့သောက်ရင်းနှင့် ဆက်လျှောက်ခဲ့သည်။ ကျွန်တော်ဦးတည်ခဲ့ရာနေရာမှာ ဆုစီ၏ အုတ်ဂူသို့ . .။

ဆုစီအား မြှုပ်နှံထားရာ သင်္ချိုင်းသို့ ကျွန်တော် သူမဆီ အမြန်ဆုံးသွားရန် ကြိုးစားနေကြောင်း ပြောမည်ဟု၊ ကျွန်တော် မည်သည့်အချိန်တွင်တော့သတိ လက်လွတ်ဖြစ်သွားခဲ့သည်ကိုမူကား ကျွန်တော်အမှတ်မရခဲ့တော့၊

အခု အမှတ်ရချိန်တွင် အထက်တွင် သန်းခေါင်လွန် ကောင်းကင်၊ အောက်တွင် ပံသုပထဝီမြေကြီး၊ အဝေးမှ ခွေးအူသံပျပျကို ကြားလိုက်ရသည်။ ကျွန်တော့်လက်ကိုထောက်၍ အားယူပြီး ထလိုက်သည်၊ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဟိုးအဝေးအိမ်အချို့မှ မီးရောင်ကို လှမ်းတွေ့ရသည်၊ ထိုထက်

www.burmeseclassic.com





လှမ်းသော
အကွာအဝေးတွင်မှ
အတော်ကြာသော တာတိုင်
များဖြင့် ထွန်းညှိထားသော
အဝေးပြေးလမ်းမကြီးတစ်ခု၊
ခွေးများအူသံက ကျွန်တော့်အာရုံထဲ
တိုးဝင်လာပြန်သည်။ ခွေးအူသံလာရာ
ဘက်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။

ကျွန်တော့်ချစ်ဇနီး အိပ်စက်အနားယူနေရာ .. နေရာ၊ ကျွ
တော့်ကိုချစ်မိခဲ့သော ဘဝအမောကြောင့် သူမ အိပ်စက်အပန်းဖြေနေရာ
ကျွန်တော် အရင်လို မမိုက်တော့ကြောင်း ကျွန်တော် သူ့ကိုသွားပြော
မည်။ ယခု သေအောင်သောက်နေခြင်းက သူနှင့်နီးချင်၍ဆိုသည်ကို ပြော
ရမည်။

နောက်ဆို သူ့အရင်လို စိတ်မညစ်စေရတော့ဘူး။ အရင်လို မိ
အတွက်နှင့် မိုးရေထဲထွက် ဖျားနာစံပြီး ကျွန်တော့်ကို မနာစေရတော့ဘူ
သူ့အနားက တစ်ဖဝါးမခွာ ချစ်ရန် သူမထံ ကျွန်တော်အမြန်ဆုံးလာနေ
ဖြစ်ကြောင်း သူမသဘောပေါက်ရန် ပြောရမည်။

ကျွန်တော် လူးလဲထလိုက်သည်။ ထို့နောက် သုသာန်ဆီသို့
စိုက်စိုက်စိုက်စိုက်နှင့် လျှောက်ခဲ့သည်။ ခွေးအူသံက ကျွန်တော့်ကို လမ်း
မမှားအောင် ခေါ်နေသလို၊ ကျွန်တော် မည်မျှကြာအောင် လျှောက်မိသည်
မသိ။ ကျောက်သားကို ထရိုက်သံသဲ့သဲ့ကြား၍ ကျွန်တော်ခေါင်းထောင်
ကြည့်လိုက်မိသည်။

ကျွန်တော် သုသာန်ဝင်းထဲရောက်နေသည်ကို တွေ့မိသည်။





...ဂူများကို အစီအရီတွေ့ရသည်။ ကျွန်တော်ကြားသည့် ကျောက်ထုသံ
... အုတ်ဂူတစ်ခုအနားမှလာနေသည်ကို သိလိုက်သည်။ ကျွန်တော် ထို
...သံလာရာသို့ လျှောက်သွားသည်။

အုတ်ဂူ၏ ထိပ်နားတွင် မဲမဲသဏ္ဍာန်တစ်ခုက အုတ်ဂူကို တစ်စုံ
...ခုနှင့် ထုနေပုံရခဲ့သည်။ တစ်စုံတစ်ယောက်က ဂူဖောက်နေရန် ကြိုး
...နေသည်။

"ဟေ့လူ ဘာလုပ်နေတာလဲ"

ကျွန်တော် လှမ်းအော်လိုက်သည်။

ထိုသဏ္ဍာန်မဲမဲက အသာလှည့်ကြည့်လိုက်သည်ကို ဝေဝေဝါးဝါး
...လိုက်ရသည်။ ထို့နောက် သူ့အသံက ခပ်ဩဩထွက်လာသည်။

"ဒီမှာဗျာ .. ကမ္ဘည်းစာတွေကမှားနေလို့ ပြန်ပြင်ထုနေရတယ်"

"ဟ .. ကမ္ဘည်းစာမှားတာကို အမှောင်ထဲမှာ ထုနေရတယ်လို့
...သ်လိုလုပ်မြင်မှာလဲ .. မှန်း"

ကျွန်တော်က ထိုသူ့ထံသို့ လျှောက်သွားရင်း ကျွန်တော့် သော့
...ဓာတ်မီးလေးကို ထုတ်ယူ၍ ထိုးကြည့်လိုက်သည်။ အုတ်ဂူရှင်၏
...ညီအထက်တွင် အရက်သမား၊ ဖဲသမား၊ ကြာကူလီဟူသော စာတမ်း
... တွေ့ရသည်။

"အောင်မယ်ဗျ .. ဒီစာမျိုးက ကမ္ဘည်းထိုးလို့ ဘယ်ဖြစ်မလဲ၊ ဒါဖျက်
...ပြန်ရေးရမှာပေါ့"

ကျွန်တော်က ထိုသူ့ကို ထောက်ခံစကား ဆိုလိုက်သည်။

"မဟုတ်ဘူး၊ ဒါကဖျက်ပြီး ပြန်ရေးထားတဲ့ အမှန်၊ အရင်က ရေး
...ဘာ ဘုရားတကာ၊ ကျောင်းတကာ၊ ရဟန်းတကာလို့ ရေးထားတာ
... လူ့ဝလာကကြီးကို ဟန်ပြ အရောင်ခြယ်လုပ်ပြခဲ့တာတွေကို အမှန်
...တွေအနေနဲ့ လုပ်ကြံကမ္ဘည်းထိုးခဲ့တာ"

ကျွန်တော်နှင့် ခပ်လှမ်းလှမ်း ဆုတ်ရပ်နေခဲ့သော ထိုသူက ပြော
...ိုက်သည်။

"ဘယ်သူက ထိုးထားတာလဲ"

ကျွန်တော်က သူ့အပြောကို နားမလည်စွာ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော့်ကြောင့် ဂုဏ်မငေ
ချင်တဲ့ ကျွန်ရစ်သူ ကျွန်တော့်ဆွေမျိုးသားချ
မိသားစုတွေပေါ့"

"ကျွန်တော့်မိသားစု ဟုတ်လာ
ခင်ဗျားရဲ့မိသားစု ဒါဆို . . ဒါဆို"

ကျွန်တော် ရုတ်တရက် အတွေ
ပေါက်ပြီး ရှာကနဲလှည့်၍ သူ့
ကျွန်တော် ဓာတ်မီးလေးနှင့် ထိ
ကြည့်လိုက်သည်။ မီးအားက နည်းနေသည်
မီးပြောက်ကလည်း သေးနေခဲ့သည်။ သ
တိုင်အောင် ကျွန်တော့်ရှေ့တွင် ရပ်နေသ
က လူစင်စစ်မဟုတ်ကြောင်း ကျွန်တော်
သိလိုက်ပြီ။

"ခင်ဗျား . . ခင်ဗျား"

"ဟုတ်တယ် . .၊ ကျွန်တော်က သေဆုံးသွားသူပဲ။ လူတွေ
အသက်ရှင်နေတုံးမှာ လုပ်ချင်တာလုပ်ကြတယ်။ ပြီး သေတော့ မကောင်
လုပ်ခဲ့တာတွေကို အလောင်းနဲ့မြှုပ်ပစ်ပြီး ဖြစ်ညှစ်ပြီး ကောင်းဂုဏ်
အရောင်တင် တံဆိပ်လုပ်ထားတတ်ကြတယ်။

ဟောကြည့်ပါလား . .၊ အဲဒီ မဟုတ်ကဟုတ်က ပြောတာတွေ
မခံချင်လို့ သေသူတွေက သူတို့အခေါင်းထဲကထပြီး မမှန်ကန်ထိုးထားတဲ့
ကမ္ဘည်းတွေကို ပြုပ်ရေးနေကြတယ်လေ"

သူ့ပြောစကားကြောင့် ကျွန်တော့်သုသာန်ဝန်းကျင်ကို မျက်
ကစားလိုက်မိသည်။ နားစွင့်လိုက်မိသည်။ ဟုတ်သည်။ အုတ်ဂူများကြား
တွင် လှုပ်လှုပ်ရှားရှားသဏ္ဌာန်များကို ရေးရေးတွေ့ရသလို၊ ကျောက်ပြားထု
များ ပျပျကြားနေခဲ့ရသည်။ သုသာန်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြင့် ပြုပြင်
များ ပြုနေခဲ့ကြသည်။

ကျွန်တော် မျက်တောင်တဖျတ်ဖျတ် ခတ်မိသည်။ အိပ်မက်
တစ်ခုထဲ လမ်းလျှောက်နေသူကဲ့သို့ ခပ်ကြောင်ကြောင် လျှောက်သွား





ည်။ တစ်ခုသောဂူသို့ ဓာတ်မီးလေးထိုးကြည့်လိုက်သည်။ "ချစ်လင်" ဟု
ေးသားထားသောစာကို ဖျက်၍ "သစ္စာမဲ့သောလင်" ဟု ပြင်ဆင်ရေးထိုး
ားသည်ကို တွေ့ရသည်။

နောက်ဂူတစ်ခုတွင် "ချစ်ဇနီး" ဟူသောစာကို "အဘွားမ" ဟု ပြင်
ဆင်၍ ကာယကံရှင်ကိုယ်တိုင်က ရေးထိုးနေသည်ကို တွေ့ရသည်။

"ဆရာဝန်ကောင်း" ဟူသော ကမ္ဘည်းကိုလည်း "ဆရာဝန်ဆိုး"
၍ လည်းကောင်း၊ "တပည့်ချစ်သော ဆရာ" ဟူသောစာကို "တပည့်မုန်း
သာဆရာ" ဟူ၍လည်းကောင်း ပြင်ဆင်ရေးနေမှုများကို အမျိုးမျိုးအဖုံဖုံ
တွေ့ရသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ရှင်ကျန်သူတို့က သူတို့အတွက်
က်တင်ထားသမျှ ကွယ်လွန်သူတို့က အမှန်အတိုင်းသော မချွင်းမချန် ဖြစ်
ေနင်တြဟန် ရှိသည်။

ဟိုကြည့်၊ သည်ကြည့် ကျွန်တော်လျှောက်သွားကြည့်နေစဉ်မှာ
င် အချို့ဝိညာဉ်ရှင်တို့သည် သူတို့ကမ္ဘည်းကို အမှန်အတိုင်း ပြင်ဆင်ပြီး၍ သူတို့
ဲသို့ပင် ပြန်ဝင်သွားခဲ့ပြီဖြစ်ကြောင်း တွေ့ရသည်။ များမကြာခင်မှာပင်
ုသာန်တစ်ပြင်လုံးတွင် လှုပ်လှုပ်ရှားရှားဆို၍ ကျွန်တော်တစ်ယောက်
ည်းသာလျှင် ကျန်နေခဲ့သည်။

ကျွန်တော် ဖြည်းဖြည်းလေးလေးပင် ဆက်လျှောက်မိသည်။ ပိုး
ကြိုးထက်သာသာလေးမျှသာ အားပိုကြွယ်သော ဓာတ်မီးငယ်ဖြင့်
ထိုးဒီထိုးဖြင့် တစ်ခါတရံတွင် စိတ်ဝင်စားဖွယ်ကောင်းသော အုတ်ဂူ
ည်းတစ်ခုခုကိုတွေ့လျှင် တစ်ခဏရပ်ကြည့် အတွေးလွှင့်မိ သွားတတ်
ည်။

"ကျွန်ုပ်သည် အသက်ရှင်နေစိုက် ကောင်းမှုတစ်ခုမှ မလုပ်မိ
အောင် ကြိုးစားခဲ့သည်"

ကောင်းမှုမလုပ်မိအောင် ကြိုးစားတဲ့သူ - လူ့အဘွားကို လောက
ြီက ဒီအရွယ်အထိ သည်းခံပြီး အလေးခံခဲ့သည်ကို အံ့ဩဖွယ်ကောင်း
ယ်ဟု ကျွန်တော်က ကိုယ့်အတွေးနှင့်ကိုယ် မှတ်ချက်ချမိလိုက်သည်။

"ကျွန်ုပ်မ ဤလင်သားကို ရှိုးမြေကျပေါင်းသင်းရမည်မှန်း သိခဲ့ပါက
ာတေကပင် သေပစ်ခဲ့သည်"



www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းမ၏အချစ်ကို အမျိုးအစားပင် ခွဲခြားရခက်သည်ဟုသာ ကျွန်တော်မှတ်ချက်ချမိပြန်သည်။

လျှောက်ရင်း လှမ်းရင်းဖြင့် နောက်ဂူတစ်ခုသို့ ကျွန်တော်ခေတ်မီး ထိုးကြည့်လိုက်မိသည်။ မည်မျှကြာအောင် ကြည့်နေမိခဲ့သည်ကို မသိ တော့ချေ။ ကျွန်တော် သတိဝင်လာသောအခါ မိုးသောက်အာရုံအလင်း က သုသာန်တစပြင်ပေါ် ထိန်ထိန်လင်းနေခဲ့ချေပြီ။

ကျွန်တော်သည် ရောင်နီအသွေးတို့ဖြင့် ခြယ်မှုန်းထားသော ကောင်းကင်ပြင်ကို တစ်ချက်မော့ကြည့်လိုက်သည်။ ပတ်ဝန်းကျင်တစ်ဝန်း မှ အုတ်ဂူ၊ မြေပုံများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက် ဆူစီ အုတ်ဂူမှ ကမ္ဘည်းစာကို နှမ်းလျစွာ ကြည့်လိုက်သည်။

"လင်ငယ်နှင့်မြူး အပျော်ကျူး၍
အိမ်သို့အပြန် မိုးသင့်ဒဏ်ကြောင့်
ရှပ်ပျက်သက်ကြွေ ငါသေထိုက်၏"

◉

"ငါထင်တယ် .. မင်း ဒီမှာရှိမှာပဲလို့"

ရုတ်တရက် အနားမှကပ်၍ ထွက်ပေါ်လာသောအသံကြောင့် ကျွန်တော်လန့်သွားသည်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့် မိတ်ဆွေရင်းကြီး ဂျက်ကီကို တွေ့လိုက်ရသည်။

"မင်း တစ်ညလုံး အိမ်ပြန်မလာဘူးလို့ မင်းအဒေါ်က အကြောင်း ကြားလို့ ဟိုစုံစမ်း၊ ဒီစုံစမ်းနဲ့ နောက်ဆုံး မင်း ဒီမှာရှိနေမှာပဲဆိုတဲ့ အတွေး ပေါက်ခဲ့ပြီး ငါလိုက်လာတာ။ လာကွာ .. သွားကြစို့"

သူက ဆိုလိုက်သော်လည်း ကျွန်တော် ဘာမှမတုံ့ပြန်ဘဲ အုတ်ဂူ က ကမ္ဘည်းကိုသာ ပြန်ဖတ်မိပြန်သည်။

"လင်ငယ်နှင့်မြူး အပျော်ကျူး၍
အိမ်သို့အပြန် မိုးသင့်ဒဏ်ကြောင့်
ရှပ်ပျက်သက်ကြွေ ငါသေထိုက်၏။"





ဂျက်ကီက ကျွန်တော့်အကြည့်သွားရာသို့ မျက်လုံးရောက်သွား ပြီး ကမ္ဘည်းစာကို အသံထွက်ဖတ်လိုက်သည်။

"လင်ငယ်နှင့်မြူး၊ အပျော်ကျူး၍
အိမ်သို့အပြန်၊ မိုးသင့်ဒဏ်ကြောင့်
ရှပ်ပျက်သက်ကြွေ၊ ငါသေထိုက်၏။"

ကမ္ဘည်းစာတမ်းတစ်လုံးချင်းကို မီးထိုးကြည့်ပြီးနောက် ကျွန်တော့် ခေတ်မီးတန့်သွားသည်။ ကျွန်တော် သတိရလိုက်မိသည်။ ဒီဂူက ဘယ်သူ့ ဂူလဲ၊ အမှတ်တမဲ့လျှောက်ရင်းဖြင့် ဆူစီ၏အုတ်ဂူရှေ့သို့ ကျွန်တော်ရောက် နေပါလား။ ကျွန်တော် ဆူစီ၏ဂူပေါ်တွင် တမြတ်တနိုးရေးထိုးခဲ့သော ကမ္ဘည်းကား -

"လင်ကိုဘုရား ကိုးကွယ်ထား၍
ပြစ်မျိုးမဲ့ကင်း လုံးဝရှင်းသည်
ကြင်နာသူမျိုး တူရှိဘယ်ရှိ" ဟူ၍ဖြစ်သည်။

သို့သော် ယခုတွေ့မြင်ရသော ကမ္ဘည်းကား -

"လင်ငယ်နှင့်မြူး၊ အပျော်ကျူး၍
အိမ်သို့အပြန် မိုးသင့်ဒဏ်ကြောင့်
ရှပ်ပျက်သက်ကြွေ ငါသေထိုက်၏။"

ကျွန်တော်သည် သစ်တုံးလေးတစ်ခုပေါ်သို့ ဖြည်းလေးစွာ ထိုင်ချ လိုက်သည်။ ကျွန်တော်ထိုင်ချလိုက်သည့်တိုင်အောင် ကျွန်တော့် အသက် ဝိညာဉ်တို့ ကြေမွလွင့်စင်ကာ အာကာသထဲသို့ ပွင့်ထွက်ရောက်ရှိသွား လေပြီလားဟု စံစားမိလိုက်သည်။

ကျွန်တော်သည် ခေတ်မီးဖြင့် ထိုးကြည့်မထားသော်လည်း မှုန်ဝါး သဲတွင် ရှင်းရှင်းလင်းလင်းကြီး တွေ့မြင်နေသော ကမ္ဘည်းစာသားကို မည်မျှ ကြာအောင် ငေးမောကြည့်နေမိသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



"လင်ကိုဘုရား . . . ကိုးကွယ်ထား၍
ပြစ်မျိုးမဲ့ကင်း လုံးဝရှင်းသည်
ကြင်နာသူမျိုး တူရှိုးဘယ်ရှိ"

ကျွန်တော်မျက်မှောင်ကုတ်လိုက်သည်၊ စာတမ်းကို ပြန်ဖတ်ကြည့်လိုက်သည်။ ထို့နောက် ဂျက်ကီကို ဖတ်ခိုင်းလိုက်ပြန်သည်၊ သူနှင့် ကျွန်တော်အမြင်ချင်း ခြားနားနေခဲ့သည်။ ဆဋ္ဌမအာရုံ၏ ဆန်းကြယ်မှု ကြောင့်လော။

"ဘာဖြစ်လို့လဲ"

သူက ကျွန်တော်၏ ထူးခြားသောမျက်နှာထားကြောင့် မေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးကွာ၊ လာသွားကြစို့"

ကျွန်တော်က ဦးဆောင်ပြီး ထွက်ခဲ့သည်။

သချိုင်းမြေဝနား ရောက်ခါနီးမှသတိရ၍ လှည့်ကြည့်လိုက်သည်။ ပထမဆုံး ဂူပေါ်မှ ကမ္ဘည်းစာကိုဖတ်ရှုလိုက်သည်။ တမလွန်လူသားနှင့် ကျွန်တော်ကိုယ်တိုင်တွေ့လိုက်ရသော အုတ်ဂူပေါ်မှ ကမ္ဘည်းစာသား။

"အရက်သမား ဖဲသမား ကြာကူလီ"

"အဲဒီဂူပေါ်က ကမ္ဘည်းစာကို မင်းဖတ်ကြည့်စမ်းပါ . . ဂျက်ကီ"

ကျွန်တော်က ဂျက်ကီကို ခိုင်းလိုက်သည်။

"ဘုရားတကာ . . ကျောင်းတကာ . . ရဟန်း . . "

"ရပြီ . ."

ဂျက်ကီစကားမဆုံးခင်တွင် ကျွန်တော်က ပြောလိုက်ပြီး သုသာန်မြေမှ သူနှင့်အတူ ခပ်သုတ်သုတ်ကလေး ထွက်ခွာလာခဲ့ပါတော့သည်။

မှတ်ချက် ။ ။ အမည်မသိစာရေးဆရာ၏ ဝန်ခံချက် Inscription ကို မှီးပါသည်။







စိန်ဝင်းဖော်

# International Joke

## နိုင်ငံတကာမှ ဂမ္ဘီရဟာသများ

### လန့်သွားတာပဲ . .



"ဒီမှာ မိတ်ဆွေ" ဟု ခေါ်သည့် အငှားယာဉ်မောင်းသူအား ပုခုံးကို ပုတ်၍ ခေါ်လိုက်ရာ ယာဉ်မောင်းသည် လန့်တကြားအော်ကာ ယာဉ်ကို မထိန်းနိုင်တော့ဘဲ ရှေ့မှ ဘတ်စ်ကားကြီးနှင့် ဆိုင်ကယ်လေးလွဲကာ ပလက်ဖောင်းပေါ်သို့ တက်၍ ရပ်သွားတော့၏။ အတန်ကြာသည်အထိ နှစ်ဦးစလုံး စကားမပြောနိုင်ကြ။

ယာဉ်မောင်းက - "အကြီးအကျယ်ကို လန့်သွားတာပဲဗျာ"

"ဝမ်းနည်းပါတယ်ဗျာ၊ ပုခုံးလေးတို့လိုက်တာနဲ့ ခင်ဗျား ဒီလောက်လန့်ဖျန့်သွားလိမ့်မယ်လို့ မထင်မိဘူး"

"ခင်ဗျား အပြစ်မဟုတ်ပါဘူး၊ ကျွန်တော်က အသုဘယာဉ်ကို (၂၅)နှစ်လုံးလုံး မောင်းလာခဲ့တာ၊ အငှားယာဉ်ကိုမောင်းတာ ဒီနေ့ ပထမဦးဆုံးနေ့ဗျ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# တွေ့ခဲ့ကြရင် ကောင်းမှာ . .



ရေဲသို့ အသစ်ရောက်ရှိလာသော အမျိုးသမီး(၂)ယောက်သည် သူတို့ ဘယ်လိုမျိုး သေဆုံးခဲ့ကြပုံကို စကားဖလှယ်လျက်ရှိသည်။

ပထမ - "ကျွန်မက အအေးလွန်ပြီး သေးခဲ့သေတာ"

ဒုတိယ - "ကျွန်မက နှလုံးရောဂါရုတ်တရက်ထပြီး သေတာ။ ကျွန်မယောကျ်ားဟာ ဖောက်ပြန်နေတယ်ဆိုတာ သံသယရှိတယ်။ တစ်နေ့တော့ အိမ်ကို အစောကြီးပြန်လာပြီး အလစ်ဖမ်းဖို့ ကြိုးစားတယ်။ သူ့ကို တစ်ယောက်ထဲပဲ တွေ့ရတယ်။ ဒါပေမယ့် တခြားမိန်းမတစ်ယောက်ရှိတယ်ဆိုတာ ကျွန်မ အတတ်သိတယ်။ ကျွန်မ ရှက်ချင်းပြေးပြီး အိမ်အပေါ်ထပ်နိုး၊ မြေအောက်ခန်းနဲ့ ဘီရိုတွေ၊ ခုတင်အောက်တွေမှာ အနံ့ရှာတယ်။ နောက်ဆုံး ရုတ်တရက် နှလုံးဖောက်ပြီး သေတော့တာပဲ။

ပထမ - "အင်း . . ရှင်သာ ရေခဲသေတ္တာကြီးထဲကို ကြည့်မိရင် ကောင်းမှာ။ ကျွန်မတို့ နှစ်ယောက်လုံး အသက်ရှင်နေကြဦးမှာ"

## အရင်လိုပါပဲလား . .

စကားအလွန်နည်းသော အဘိုးဖြစ်သူ ကွယ်လွန်သောအခါ သားသမီးနှင့်မြေးတစ်သိုက်တို့က နောက်ဆုံးဂါရဝပြုရန် စုပြုံရောက်ရှိလာခဲ့ကြသည်။ ဒေသစုံမှဆွေမျိုးများ နှစ်ပေါင်းများစွာအတွင်း ပြန်လည် ဆုံစည်းမိကြရာ မကြာမီအချိန်အတွင်း ပျော်ရွှင်ဖွယ်အနေအထား ဖြစ်လာသည်။ လူစုလူဝေးနှင့် ပျော်ပျော်ပါးပါးနေတတ်လေ့ရှိသော အဘွားက မှတ်ချက်ပြုသည်။

"အင်း . . အရင်တုန်းကလိုပါပဲလား။ တို့အားလုံးက ပျော်ပျော်ပါးပါးနဲ့၊ မင်းတို့အဘိုးကတော့ ချောင်ထဲမှာ စကားတစ်လုံးမှ မပြောဘူး"





# ကောင်းသတင်း ဆိုးသတင်း . .

အသက်(၉၀)အရွယ်ရှိ "မိုက်ခ်"နှင့်"နီကိုလပ်(စ်)"တို့က ခင်မင်သော သူငယ်ချင်းများ ဖြစ်ကြသည်။ "နီကိုလပ်(စ်) သေဆုံးတော့မည့်အချိန်တွင် "မိုက်ခ်"က ပြောသည်။

"တို့နှစ်ယောက်လုံး ရပ်ဘီ (RUGBY) ဘောလုံးကစားရတာကို ကြိုက်ကြတယ်။ နှစ်ပေါင်းများစွာ အတူတစားခဲ့ကြတယ်။ မင်းနိဗ္ဗာန်ဘုံကို ရောက်သွားခဲ့ရင် အဲဒီမှာ ရပ်ဘီရှိသလား ဆိုတာကို တစ်နည်းနည်းနဲ့ ငါ့ကို အသိပေးပါ" ဟု ပြောပြီး မကြာမီမှာပင် နီကိုလပ်(စ်) သေဆုံးသွားခဲ့၏။

ည အနည်းငယ်ကြာပြီး တစ်ညမှာ မိုက်ခ်သည် နီကိုလပ်စ်၏ အသံကိုကြားရ၏ ။

"မိုက်ခ် . . ငါနီကိုလပ်(စ်)ပါ"

မိုက်ခ်က အံ့အားသင့်စွာဖြင့် "မင်း ဘယ်မှာလဲ" ဟုမေးသည်။

"ငါ နိဗ္ဗာန်ဘုံမှာကွ . .၊ မင်းကိုပြောဖို့ တကယ့် သတင်းကောင်းနဲ့ နည်းနည်း မကောင်းသတင်းတစ်ခု ရှိတယ်"

"သတင်းကောင်းကို အရင်ပြောကွာ" ဟု မိုက်ခ်က ပြောသည်။

"သတင်းကောင်းကတော့ နိဗ္ဗာန်ဘုံမှာ ရပ်ဘီရှိတယ်ဟေ့ . .၊ ဝိုင်းတာက တို့သူငယ်ချင်းတွေ အားလုံး ဒီမှာရှိကြတယ်။ အားလုံး ငယ်ငယ်ရွယ်ရွယ် ပြန်ဖြစ်နေကြတယ်။ ရာသီကလည်း အမြဲ နွေဦးရာသီ ...ယ်တော့မှ မိုးမရွာဘူး။ ပြီးတော့ ...စားရတာ ဘယ်တော့မှ မမောဘူး"

"ကောင်းလိုက်တာကွာ" ဟု ...ခ်က ပြောသည်။

ကဲ . . သတင်းဆိုးကို ပြော ...ကွ"

"လာမယ့် စနေနေ့ပွဲမှာ ...ရမည်ပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



# မြေအောက်ကမ္ဘာရဲ့အရှင်သခင် ပလူတိုနတ်မင်း



ပလူတိုနတ်မင်းဟာ မြေအောက်ကမ္ဘာရဲ့အရှင်သခင်၊ ယမမင်း ဖြစ်ပါတယ်။ သူဟာ ဇုနတ်မင်းကြီးရဲ့နောင်တော်တစ်ပါးဖြစ်ပြီး အမြဲတမ်း သုန်မှုန်တဲ့ မျက်နှာထားရှိသူပါ။ ပလူတိုနတ်မင်းကြီးရဲ့ရုပ်သွင်ဟာ ဇု နတ်မင်းကြီးနဲ့ ဆင်ပေမယ့် ပလူတိုနတ်မင်းက ပိုပြီး အိုမြေ့ကြီးမားကာ ပိုပြီး တော့လည်း ခက်ထန်တဲ့အမူအရာရှိသူ ဖြစ်ပါတယ်။

ဒီနတ်မင်းကို ဂရိလူမျိုးတို့က ပလူတိုနတ်မင်းလို့ခေါ်ပြီး ရောမ လူမျိုးတို့ကတော့ ဒစ် နတ်ဘုရားလို့ ခေါ်ပါတယ်။ ဇုနတ်မင်းက ခမည်းတော် ခရိုးနပ်ကို နန်းချတဲ့တိုက်ပွဲမှာ ပလူတိုနတ်မင်းဟာ ပါဝင်ကူညီပြီးနောက် ဇုနတ်မင်းကြီးက ပလူတိုကို မြေအောက်ကမ္ဘာကိုအုပ်စိုးခွင့်ရသူ ယမမင်း ငရဲမင်းအဖြစ် အုပ်ချုပ်စေခဲ့ပါတယ်။

ပလူတိုနတ်မင်းဟာ အပြင်ထွက်တိုင်းမှာ သူ့ရဲ့အစေအပါးအဖြစ် ခေါင်းသုံးလုံးနဲ့ ငရဲခွေးနက်ကြီးကို ခေါ်ဆောင်လေ့ရှိပါတယ်။ ငရဲခွေးများ







လာပြီဆိုရင် ယမမင်း ပလူတို မကြာမတင်လာတော့ မယ့် အတိတ်နမိတ်လို့ ယူဆကြပါတယ်။ ပလူတို နတ်မင်းဟာ မြေသြဇာများကောင်းအောင် ကူညီမစနိုင်လို့ သူ့ကို လယ်သမားများက ကိုးကွယ်ပသကြပါတယ်။

ပလူတိုနတ်မင်းဟာ သူ့ရဲ့ ကြင်ယာ တော်အဖြစ် နတ်ဘုရားတွေထဲမှာ တန်ခိုးအကြီး ဆုံး ဇုနတ်မင်းရဲ့နှမဖြစ်သူ ဒီမီတာ(ဆီးရီး)ရဲ့သမီး တော်လေးကို သူ့ရဲ့မြင်းလေးကောင်ကတဲ့ ရထား လုံးပေါ် အတင်းမွေ့တင် ခေါ်ငင်ပြီး ငရဲပြည်သို့ခေါ် ဆောင်ကာ မိဖုရားမြှောက်ထားသူဖြစ်ပါတယ်။ ပလူတို နတ်မင်းရဲ့ကြင်ယာဖက် နတ်သမီးနာမည် ကာ ပါဆက်ဖိုနီ ဖြစ်ပါတယ်။

ပါဆက်ဖိုနီကို ပန်းခူးနေတုန်းမှာ အတင်း ရထားလုံးပေါ်တင်ပြီး ခိုးယူပေါင်း သင်းခဲ့တာကြောင့် အလုပ်အလွန်များပြား တဲ့ ဒီမီတာနတ်သမီးဟာ သမီးပျောက်ကို စကြာဝဠာအနှံ့ အချိန်အတော် ကြာအောင် ရှာဖွေခဲ့ရပါတယ်။ နောက်ဆုံးကျတော့မှ ငရဲပြည်မှာ ယမမင်းရဲ့ မိဖုရားဖြစ်နေမှန်း ဒီမီတာ သိရှိခဲ့ရပါတယ်။နတ်ပြည်ကို ပြန်ခေါ်ဖို့ ကြိုးစား ပေမယ့် ပလူတိုနတ်မင်းက ခွင့်မပြုခဲ့ပါဘူး။

နောက်ဆုံးကျတော့မှ ပလူတို နတ်မင်းကြီးက ဇနီးသည်ရဲ့ဆန္ဒကို လိုက်လျောပြီး နတ်ပြည်ကို တစ်နှစ်မှာ (၆)လပြန်ခွင့်ပေးခဲ့ပါတယ်။ ဒါကြောင့် သမီးတော်လေး နတ်ပြည်ပြန်လာတဲ့(၆)လအချိန်မှာ ဒီမီတာနတ်သမီး ကြီးက လောကတစ်ခွင်ကို သာယာလှပအောင်ဖန်တီးပြီး သမီးတော် ငရဲ ပြည်ပြန်သွားတဲ့ (၆)လကိုတော့ လွမ်းဆွေးနေရလို့ လောကကြီးရဲ့သာယာ ညီပင်မှုကို မပြုစုနိုင်ဘဲရှိတယ်လို့ အယူရှိပါတယ်။ ဒါကြောင့် တစ်နှစ်မှာ (၆)လဟာ ထိုင်းမှိုင်းမှုန်ပြာဝေနေခြင်းဖြစ်တယ်လို့ ဂရိလူမျိုးတို့က ယုံကြည် ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော်များ၏
# ထူးခြားသောဖြစ်ရပ်ဆန်းများ

ရီရီငွေ





www.burmeseclassic.com

www.burmeseclassic.com





သည်နှစ်ကတော့ ကျွန်မ၏ဓရီးသွားနှစ်လို့ ဆိုရမလားမသိ။

"အစ်မရေ.. တောင်ပြုန်းပွဲသွားမလို့ ကားလက်မှတ်တစ်စောင် ဝိုနေတယ်၊ အဲဒါ အစ်မ လိုက်ဦးမလား"

"ကားက ဘယ်လောက်လဲ"

"သုံးထောင်းပါ.. အစ်မ"

"အင်း.. သုံးထောင်ဆက စားတည်းပြီးလား"

"ဟုတ်ပါတယ်.. အစ်မ"

"သုံးထောင်ဆိုတော့ မဆိုးပါဘူး၊ လိုက်ခဲ့မယ်"

ဘာရယ်မဟုတ်၊ တောင်ပြုန်းပွဲတော်ကို ကြားသာ ကြားနေရသည်။ တစ်ခါမျှ မရောက်ဘူးချေ။ စာရေးသူဖြစ်သည့်အတွက် နတ်နှင့် သက်ဆိုင်သည့် ဗဟုသုတများကို တွေ့ကြုံရယူချင်သည်။ ထိုသို့သော အကြောင်းများကြောင့် သည်နှစ်တောင်ပြုန်းပွဲသို့သွားရန် လက်မှတ်ဖြတ်လိုက်သည်။

ထိုနေ့ည(၉)နာရီခန့်အချိန်တွင် အဲယားကွန်းအဝိစပက်ကားကြီးဖြင့် ရန်ကုန်မှမန္တလေးသို့ ထွက်ခွာခဲ့သည်။ နံနက်(၄)နာရီကျော်လောက်တွင် မန္တလေးသို့ ရောက်ရှိလာခဲ့သည်။ ထိုမှတဆင့် မန္တလေးမှ (၉)မိုင်ခန့်ဝေးသည့် တောင်ပြုန်းရွာကလေးသို့ ကျွန်မတို့ရောက်ခဲ့ကြသည်။





တောင်ပြုန်းပွဲစရန် (၂)ရက်အလိုတွင် ကျွန်မတို့ရောက်လာခဲ့သည်။ နတ်နန်းမှအမေရျစ်က ကျွန်မတို့ကို လှိုက်လှဲဝမ်းသာစွာကြိုဆိုခဲ့သည်။

"အမေ့ရဲ့သားသမီးတွေ ရောက်လာပြီ ..လာကြ .. လာကြ"

အမေ့နန်းက ကျယ်ဝန်းသည့်အတွက် ကျွန်မတို့အားလုံး နေရာယူလိုက်ကြသည်။ တောင်ပြုန်းပွဲစတင်ကာနီးပြီဖြစ်၍ မင်းညီနောင်နှင့် ပတ်သက်သူများမှာ တဖွဲဖွဲရောက်ရှိလာခဲ့သည်။

"ဩော် .. နတ်သား၊ နတ်သမီးတွေတောင် ရောက်လာကြပြီ"

အမေရျစ်က ထိုလူအုပ်ကိုကြည့်ပြီး ပြောလိုက်သည်။

ကျွန်မကလည်း နတ်သား၊ နတ်သမီးလို့ ပြောသည့်အတွက် အဝတ်အစား ပြိုးပြိုးပြက်ပြက် နတ်ဝတ်တန်ဆာများဝတ်ဆင်ထားသည့် နတ်သား၊ နတ်သမီးများကို လိုက်ရှာမိသည်။ သို့သော် နတ်သား၊ နတ်သမီးနှင့်တူသည့်သူကို တစ်ယောက်မျှပင် မတွေ့ပေ။ ထို့ကြောင့် မနေနိုင်၊ မထိုင်နိုင်ဖြစ်ကာ -

"အမေရျစ် .. နတ်သား၊ နတ်သမီးတွေဆို .. သမီးလည်း တစ်ယောက်မှ မတွေ့ရပါလား အမေရယ်"

"ဩော် .. အမေ့သမီးက ဒီကို အရင်က မရောက်ဖူးသေးဘူးနဲ့ တူတယ်"

"ဟုတ်ပါတယ် .. အမေ"

"နတ်သား၊ နတ်သမီးဆိုတာ နတ်ကတော်တွေကို ပြောတာကွဲ့၊ သူတို့ဟာ ဒီတောင်ပြုန်းပွဲတော်မှာ နတ်ဝင်ပြီး ကကြမယ့် လူတွေလေ"

"ဩော် .. နတ်သား၊ နတ်သမီးဆိုတာ နတ်ကတော်တွေကို ပြောတာကိုး"

"ဟုတ်တယ်သမီးရယ်၊ နတ်ကတော်တချို့က အမေရျစ်ရဲ့နတ်နန်းမှာ တည်းမှာလေ"

"ဩော် .. ဩော်"

များမကြာမီတွင် မိန်းမသုံးဦး ရောက်လာခဲ့သည်။

ထိုအခါ အမေရျစ်က -

"မအေးစိန်တို့ ရောက်လာကြပြီကိုး၊ လာ .. လာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအုပ်စုလည်း အမေရျစ်နန်း၌ တည်းခိုခဲ့သည်။

ညပိုင်းအချိန်တွင် ဒေါ်အေးစိန်၊ အမေရျစ်နှင့် ကျွန်မတို့(၃)ဦးသား စကားစမြည် ပြောဖြစ်ခဲ့သည်။

နတ်နှင့်လူ ဘယ်လိုပတ်သက်ပါသလဲ၊ နတ်ဝင်သည်ဆိုသည်မှာ အဘယ်သို့နည်း။ နတ်ပူးသည်ဆိုသည်မှာ တကယ်ပင် လူစိတ်ပျောက်ပါသလားဟူသော အတွေးများဖြင့် ရှာရှာလည်နေသည်။

ကျွန်မသည် ဤအကြောင်းကို ရင်ထဲတွင် သိမ်းဆည်းမထားနိုင်အောင် သိချင်လှသည်။ မနေနိုင်သည့်အဆုံး -

"အမေရျစ် .. နတ်ဝင်တာနဲ့ပတ်သက်ပြီး သမီး သိချင်တာရှိတယ်၊ မေးလို့ရမလား"

"မေးပါ .. မေးပါ၊ အမေရျစ်သိတာ အကုန်ဖြေပေးမယ်၊ မအေးစိန်ကလည်း နတ်သမီးဆိုတော့ သူသိတာလည်း ပြောပါ့မယ်"

"ဒါနဲ့ ဒေါ်အေးစိန်က နတ်ကတော်လား"

"ဟုတ်ပါတယ်၊ အဒေါ်က ကိုယ်တော်လေးနဲ့ လက်ထပ်ထားတာပါ"

"ကိုယ်တော်လေးဆိုတာ မင်းလေးကို ပြောတာလား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ လက်ထပ်တာလဲ"

"အသက်နှစ်ဆယ်ကျော်အရွယ်က နတ်ပွဲသွားကြည့်ရင်း အဒေါ်ကိုဝင်ပူးတာ ..၊ အဒေါ်လည်း လူစိတ်ပျောက်ပြီး ကခုန်နေတာပေါ့၊ အဲဒီပွဲမှာ နတ်ကတော်တစ်ယောက်ကို မင်းလေးကဝင်ပူးပြီး အဒေါ်ရဲ့ လိပ်ပြာကလှလို့ အဒေါ်ကို လက်ထပ်မယ်လို့ ပြောတယ်၊ ဒါနဲ့ မင်းလေးနဲ့ လက်ထပ်လိုက်တယ်၊ နောက်တော့ အဒေါ်လည်း တောင်ပြုန်းပွဲကို နှစ်စဉ်လာရင်း နတ်ကတော်ဖြစ်သွားခဲ့တယ်"

"အဒေါ် နတ်ဝင်တယ်ဆိုတာ ဘယ်လိုဖြစ်သွားသလဲ ပြောပြပါ"

"အဒေါ်ကိုယ်တွေ့ကိုပြောရရင် အရင်ဆုံး ကိုယ်ဝင်စေချင်တဲ့နတ်ကို ပင့်ရတယ်၊ နတ်ဝင်လာပြီဆိုရင် မျက်လုံးထဲမှာ ဝင်းဝင်းတောက်လာပြီး ရှိန်းနေတဲ့ လက်တစ်စုံဟာ တုန်ရီလာတယ်၊ နောက်တော့ ကိုယ်ပင့်တဲ့





ဒီအချိန်မှာ
သားညီနောင်ဟာ
ကျိုသေကောင်ကို ဖုတ်ကင်ပြီး
လိုက်ရာ မကြာခင် ခွန်အားဗလ
မားလာပြီး ကျောက်ဖျာကြီးကို ..။

ဝင်လာပြီဆိုရင် လူစိတ်ပျောက်ပြီး သူပြောချင်တဲ့စကားကို ပြောတော့တာပဲ၊

အဲဒါကို တစ်ကိုယ်လုံးခြုံပြီး စီးတယ်လို့ ပြောတယ်၊ တချို့နတ်ကဝါရင့်တွေကျတော့ လက်ဖျားနဲ့နှုတ်ဖျားမှာသာ စီးတယ်၊ သူတို့ကလစ်ဘူး၊ ပူးလိုက်၊ ခွာလိုက်ပေါ့၊ နှုတ်ဖျားမှာသာစီးလို့ နှုတ်စီးတယ်လို့ ခေါ်ကြတယ်"

"ဪ .. နတ်ပူးတာကလည်း အမျိုးမျိုးပဲနော်"

"ဟုတ်ပါတယ်၊ တချို့ကျတော့ သာမန်လူစိမ်းတွေကို လူစိတ်ပျောက်တဲ့အထိ ဝင်ပူးတာလည်းရှိပါတယ်၊ ပြောရမယ်ဆိုရင် အဒေါ်ကဦးလွင်မှာ နေတာ၊ မိုင်တိုင်(..)ရွာရှင်ရိုက်တုန်းက ယောကျ်ားက အဲဒီရှင်အဖွဲ့ထဲမှာပါလို့ လိုက်သွားတာ၊ မင်းသမီးအမေကို ဝင်ပူးလိုက်၊ ဒေါ်ကိုဝင်ပူးလိုက်နဲ့ တကယ်ကို လူစိတ်ပျောက်သွားတယ်၊

အစက အဲဒီအဖွဲ့က လူကြီးက အယုံအကြည် မရှိဘူး၊ နောက်တော့ နဲ့တော့ပွဲရယ်၊ ဘုန်းကြီးတစ်ပါးရယ် ခေါ်ထားရတယ်၊ မယုံလို့တော့ ဘူး၊ ဒါတွေက ကိုယ်တွေ့ပဲ"

"ဪ .. ဟုတ်တာပေါ့၊ အဒေါ်ရယ်"

"တကယ်တော့ မင်းကြီး၊ မင်းလေးနဲ့ မယ်တော်မယ်ဝဏ္ဏတို့ ားစုရဲ့ဘဝဇာတ်ကြောင်းက သနားစရာကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ရယ် အဲဒီအကြောင်းကို စေ့စေ့စုံစုံ မသိလို့ ပြောပြပါလား အဒေါ်"

"ပြောရရင်တော့ ရွှေဖျဉ်းညီနောင်ရဲ့ အဖေအကြောင်းက စပြောမှ ပြည့်စုံမယ် ထင်တယ်"

"ဟုတ်ကဲ့ ပြောပါ.. အဒေါ်"

"သုဝဏ္ဏဘုမ္မိ သထုံပြည်မှာ မနုဟာမင်းကြီးမင်းပြုစဉ် လူမျိုးခြား ကုလားညီနောင်ဖြစ်တဲ့ ဗျတ်ဝိနဲ့ဗျတ္တဟာ သမုဒ္ဒရာအတွင်းမှာ သင်္ဘော ပျက်ပြီး သထုံပြည်ကို ရောက်လာခဲ့တယ်။ သူတို့နှစ်ဦးဟာ သထုံဘုရင်ရဲ့ မင်းဆရာထံမှာ စားခဲ့ကြတယ်။ သထုံမင်းဆရာတော်ဟာ ပိဋကတ် ဗေဒင်၊ မန္တရားများ တတ်ကျွမ်းတယ်။

တစ်နေ့မှာ ဆရာတော်ဟာ ကုလားညီနောင်ကို အဖော်ပြုပြီး တောထဲကို ဆေးမြစ်ရှာသွားခဲ့တယ်။ တောထဲရောက်တော့ သိဒ္ဓိတန်ခိုးနဲ့ ပြည့်စုံတဲ့ ဇော်ဂျီသေကောင်ကို တွေ့ရှိခဲ့တယ်။ အဲဒီမှာ ဆရာတော်က..

ဒီဇော်ဂျီသားကိုစားရသော် သက်ရှည်ကျန်းမာပြီး အားခွန်ဗလနဲ့ ပြည့်စုံလိမ့်မယ်။ မင်းတို့နှစ်ယောက် ကောင်းစွာထမ်းပိုးပြီး ကျောင်းအရောက် ယူဆောင်ခဲ့၊ ကျောင်းရောက်မှ ဆေးဝါးစီရင်မယ်လို့ ပြောလိုက်တယ်။

ကျောင်းရောက်တော့ ဇော်ဂျီသေကောင်ကို ကောင်းစွာသိမ်း ထားပြီး ဆရာတော်ဟာ မင်းကြီးထံသွားခဲ့တယ်။ အဲဒီအချိန်မှာ ကုလားညီနောင် ဟာ ဇော်ဂျီသေကောင်ကိုဖုတ်ကင်ပြီးစားလိုက်ရာ မကြာခင် ခွန်အားဗလ ကြီးထွားလာပြီး ကျောက်ဖျာကြီးကိုမချီပြီး ကျောင်းလှေကားရင်းမှာ ထား လိုက်တယ်"

"ဟုတ်ကဲ့ ဆက်ပြောပါ.. အဒေါ်"

"ဆရာတော်ဟာ ကျောင်းကိုပြန်ရောက်လာတဲ့အခါ ကုလားညီ နောင်နှစ်ယောက်ကို မေးလိုက်တော့ သူတို့စားမိကြောင်း ဝန်ခံခဲ့တယ်။ ကုလားညီနောင်ဟာ ခွန်အားကြီးကြောင်းကို မင်းကြီးကြားသိပြီး ထီးနန်း လုယူမှာစိုးလို့ ဥပါယ်တမျဉ်သုံးပြီး ဗျတ်ဝိကို သတ်ပစ်ခဲ့တယ်။ သူရဲ့ အရိုး အသားတွေကို မြို့ရိုးပတ်လည်ထားပြီး မြှုပ်နှံလိုက်တယ်။

ညီဖြစ်သူ ဗျတ္တလည်း သထုံကထွက်ပြေးလာပြီး အနော်ရထာ





မင်းထံ အစေခံဝင်ကာ ပုပ္ပါးမှပန်းများကိုခူးပြီး ဆက်သနိုင်းခဲ့တယ်။ အဲဒီလို ပုပ္ပါးတောင်မှာ ပန်းခူးရင်း လူယောင်ဖန်ဆင်းထားတဲ့ ပန်းစားဘီလူးမ မယ် ဝဏ္ဏနဲ့ ချစ်ကြိုက်ခဲ့တယ်။

နောက်တော့ မယ်ဝဏ္ဏနဲ့ ချစ်စင်ပေါင်းသင်းခဲ့လို့ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးဆိုတဲ့ သားအမြွှာနှစ်ယောက် ဖွားမြင်ခဲ့တယ်။ ဗျတ္တမှာ တော့ ပန်းဆက်နောက်ကျလို့ အမျက်သင့်စံခဲ့ရတယ်။ ရွှေဖျဉ်းညီနောင် အရွယ်ရောက်လာတဲ့အခါမှာ မင်းကြီးထံ အမှုထမ်းအဖြစ် စားခဲ့ကြတယ်။ သူတို့နှစ်ဦးဟာလည်း သတ္တိဗလနဲ့ ပြည့်စုံတဲ့အတွက် မင်းကြီးဟာ မြေးတော် မောင်တွေဆိုပြီး အရေးပေးခဲ့တယ်။

တစ်နေ့တော့ ပိဋကတ်သုံးပုံတောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သထုံ ဘုရင်နဲ့ အနော်ရထာမင်းတို့ စစ်ခင်းခဲ့တယ်။ အဲဒီစစ်ပွဲမှာ ရွှေဖျဉ်းညီနောင် ပါဝင်ပြီး ရဲရဲရင့်ရင့် ချီတက်တိုက်ခိုက်တဲ့အတွက် စစ်ပွဲအောင်မြင်တော် မူခဲ့တယ်။

တစ်နေ့မှာ တရုတ်ပြည်မှအပြန် ရှမ်းပြည်သို့ ရောက်ရှိလာခဲ့ တယ်။ ရှမ်းပြည်မှအပြန် ကျော်စည်အရပ်ကိုရောက်တော့ ဆုတောင်းပြည့် ဘုရားတည်ခဲ့ကြတယ်။ ရွှေဖျဉ်းညီနောင်ဟာ ဒီဘုရားအတွက် အုတ်ချပ် နှစ်ချပ် မလှူသွားတဲ့အတွက် အသတ်စံခဲ့ရတယ်။

အနော်ရထာမင်းဟာ ဒီရွာကို ဖောင်တော်နဲ့ကြွချီတော်မူလာစဉ် ရွှေဖျဉ်းညီနောင်ဟာ အယုတ်မင်းလို့ နတ်စိမ်းဖြစ်သွားတယ်ဆိုတဲ့အကြောင်း နဲ့ သူတို့ကိုရိုးမြှောက်ပေးဖို့ ဖောင်တော်ကိုတားပြီး လျှောက်ထားခဲ့လို့ (၂၄) ရွာကို သူတို့ညီနောင်ကို အပိုင်စားပေးခဲ့တယ်။

နောက်နတ်ရုပ်များထုလုပ်ပြီး နတ်နန်းတစ်ဆောင် ဆောက်ပေးခဲ့ တယ်။ နတ်ယုံကြည်တဲ့သူတွေကတော့ ရွှေဖျဉ်းညီနောင်ကို ပသခဲ့ကြ တာပေါ့။

"အဒေါ်တော့ ဒီအကြောင်းပြောရတာ အတော်မောနေမှာပဲ"

"မမောပါဘူးကွယ်၊ မယ်တော်ဟာ သားတွေရဲ့သတင်းဆိုကိုကြား ရလို့ လိုက်လာတဲ့အခါမှာ နတ်စိမ်းဘဝနဲ့ပဲတွေ့လိုက်ရတဲ့အတွက် အလွန် ဝမ်းနည်း ကြေကွဲစွာ ငိုကြွေးခဲ့တယ်။ ဒါပေမယ့် ဘဝကတော့ ခြားသွားပြီ

www.burmeseclassic.com

www.burmeseclassic.com





ပေါ့ကွယ်"

"သနားပါတယ်၊ မိ ရဲ့ သောကဟာ ဘယ်လော တောင် ပူဆွေးမလဲ မသိဘူး"

"အေးပေါ့ကွယ်..ရွှေ ဖျဉ်းလေးရဲ့ဇာတ်ကြောင်း မဆုံးသေးဘူးကွဲ့၊ သူဟာ လူ ဘဝနဲ့သေဆုံးပြီး နတ်ဖြစ်တော ချစ်သူရှာခဲ့တယ်ပေါ့ကွယ်၊ အဲ အမျိုးသမီးနာမည်က မရွှေဥတဲ့ အစုတော့ တောင်တော် သခင် နတ်လို့လည်း ခေါ်တယ်ကွဲ့၊

"ဟုတ်ကဲ့ ဆက်ပြော ပါ..အဒေါ်"

"မရွှေဥဟာ မန္တလေးတောင်ရဲ့အရှေ့မြောက်ဘက် (၆)မိုင်နေ အကွာမှာရှိတဲ့ မြသိန်းတန်တောင်ခြေအနီး အင်ကျင်ရွာက သူကြီး ဦးရွှေ သီး၊ ဒေါ်အိုဇာတို့ရဲ့သမီးဖြစ်တယ်၊ မရွှေဥဟာ အလွန်လှသတဲ့၊ အရွ တန်အရွယ်ရောက်လာတော့ တောင်ပြုန်းရွာသား ကိုရင်မောင်နဲ့ အိမ်ထောင် ကျပြီး တောင်ပြုန်းရွာကို လိုက်လာခဲ့တယ်၊

ကိုရင်မောင်ဟာ မဲဇာအရပ်သို့သွားပြီး သစ်ခုတ်ရနေတုန်းမှာ မင်းလေးလို့ခေါ်တဲ့ ရွှေဖျဉ်းလေးဟာ မရွှေဥရဲ့အချစ်ကို တောင်းခံခဲ့တယ်၊ မရွှေဥက ကာမပိုင်ယောကျ်ားရှိကြောင်းပြောပြီး စိမ်းကားရက်စက်တဲ့ စကားပြောလိုက်လို့ အချစ်ကြီး၊ အမျက်ကြီးဖြစ်ပြီး ရွှေဖျဉ်းလေးဟာ မရွှေဥ ကို စီးတော်ကျားနဲ့တိုက်ပြီး သတ်လိုက်တယ်၊ မရွှေဥလည်း သေဆုံးပြီး အရ တိမ်းလို့ နတ်ဖြစ်သွားခဲ့တယ်"

"သြော်..သြော်"

"တောင်ပြုန်းမင်းနှစ်ပါးကို ဝါခေါင်လဆန်း(၈)ရက်နေ့မှာ နတ်နန်း ဖွင့်ပွဲအကြို လုပ်တယ်၊ ဝါခေါင်လဆန်း(၁၀)ရက်မှာတော့ နန်းကြီးမှာ





နတ်ကတော်ဆိုတော့ နတ်ဝင်လာတာကို သဉ့်ယဉ်လေး လက်ခံနိုင်တဲ့အဆင့် ရှိတယ်၊ တချို့ကတော့ လူစိမ်းမှာ နတ်ဝင်ရင် သတိစိတ်ပျောက်တယ်.. သမီးရဲ့"

---

ဆိုးသံတွေစပြီး တီးမှုတ်ကြတယ်၊ ဝါခေါင်လဆန်း(၁၁)ရက်နေ့မှာတော့ မင်းနှစ်ပါးရေတော်သုံးပွဲ ကျင်းပပေးတယ်၊ ဝါခေါင်လဆန်း (၁၃)ရက်နေ့ မှာ ထိမ်ရတ်ပွဲကျင်းပကြတယ်၊ ဝါခေါင်လဆန်း (၁၄)ရက်နေ့မှာတော့ နေ့လယ်ပိုင်းမှာ မင်းနှစ်ပါးသောက်တော်ကြူးကြတယ်၊

အဲဒီအခါမှာ မင်းနှစ်ပါးရဲ့နန်းကို ဆိုင်ရာပိုင်ရာတွေက ယုန်ကင်နှစ် ကောင် ဆက်ကြတယ်၊ လမ်းတစ်လျှောက်မှာတော့ ပြောကြဆိုကြနဲ့ ပျော်စရာ ကြီးပေါ့ကွယ်၊ မကြာခင် တောင်ပြုန်းပွဲကို သမီးတို့မြင်တွေ့ရမှာပါ၊ ဝါခေါင် လဆန်း(၈)ရက်ကနေ လပြည့်နေ့အထိ မင်းနှစ်ပါးပူဇော်ပွဲကို ပျော်ပျော် ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြတယ်"

"ဟုတ်ကဲ့ပါ"

၈

တောင်ပြုန်းမင်းညီနောင်ပွဲကြီးကား မြိမ့်မြိမ့်သဲသဲ စည်ကားလှ ပေသည်၊ မင်းနှစ်ပါး ရိုးရေတော်သုံးပွဲတွင် မင်းနှစ်ပါးရုပ်ထုများကို ဝေယာဉ် ပေါ်တင်ပြီး ရေရှိုးဆိပ်သို့ ပို့ဆောင်သည့် အခမ်းအနားမှာ လူအများ ကြိတ် ကြိတ်တိုးနေသည်၊ ဤမျှ လူစည်ကားလှသည်ကို တစ်ခါမှမျှ မမြင်ဖူးပေ၊

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် မင်းနှစ်ပါးသောက်တော်ကြူး ပွဲ ကို ကျင်းပခဲ့ပါသည်၊ မင်းနှစ်ပါးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက ယုန်ကင် ဆက်ရင်း မူးသည့်လူက မူး၊ မူးသည့်လူက မူးနှင့် ကခုန်ရင်း တစ်ဦးတို့ တစ်ဦး စနောက်ကာ ပြောကြဆိုကြသည်မှာ ပျော်စရာကောင်းလှပါသည်၊

www.burmeseclassic.com



ထိုသို့ ပူးသည့်နတ်ကတော်သည် မကြာမီ အမေချစ်နန်းသို့

ရောက်ရှိလာခဲ့သည်။

"အမေချစ်ကို သမီး ကန်တော့ပါတယ်" ဟုဆိုကာ မုန့်များ၊ ငွေမှာ

နှင့် ထိုအမျိုးသမီးက ကန်တော့ခဲ့ပါသည်။ ထိုအခါ အမေချစ်က သူမ

ဆုတောင်းပေးပြီး ကျွန်မဘက်သို့လှည့်ကာ -

"သူက ပူးတာကပ်တာ အတွေ့အကြုံရှိတယ်။ သမီးမေးချင်ရင်

သူ့ကိုမေးကြည့်ပါလား"

"ဟုတ်ကဲ့ .. ပူးတဲ့အခါမှာ ဘယ်လိုခံစားရသလဲဆိုတာ သိချင်

လို့ပါ"

"အဒေါ်တို့က နတ်ကတော် ဆိုတော့ နတ်ဝင်လာတာကို

ယဉ်ယဉ် လေးလက်ခံနိုင်တဲ့ အဆင့်ရှိတယ်။ တချို့ကတော့ လူစိမ်းမှာ

နတ်ဝင်ရင် လူစိတ်ပျောက်တယ် .. သမီးရဲ့၊ ဒါနဲ့ အဒေါ်ရဲ့အတွေ့အကြုံ

တစ်ခု ပြောပြမယ်။

ဟိုးအရင်တုန်းက အဒေါ်ရဲ့ယောကျ်ားက အောဝမ်း ရုပ်ရှင်ကုမ္ပဏီ

မှာ အလုပ်လုပ်တယ်။ အဲဒီတုန်းက တောင်ပြုန်းညီနောင် ဇာတ်ကားရိုက်

ခဲ့တယ်။ ရုပ်ရှင်ရိုက်တာကို အဒေါ်ကသိပ်ကြည့်ချင်လို့ ယောကျ်ားနောက်

လိုက်သွားပြီး ကြည့်ခဲ့တယ်။

ပန်းစားဘီလူး မယ်ဝဏ္ဏအဖြစ် မြင့်မြင့်ခင်က သရုပ်ဆောင်တယ်

အဲဒီနေ့က သားနှစ်ယောက်ကို ကြိမ်စကြာနဲ့ရိုက်ပြီး ခေါ်သွားတဲ့အခန်း

ရိုက်တာ။ မယ်ဝဏ္ဏနေရာမှာ သရုပ်ဆောင်တဲ့ ဒေါ်မြင့်မြင့်ခင်ဟာ သား

နှစ်ပါးအတွက် ရင်ထုမနာဖြစ်တဲ့ အမူအရာလုပ်တာ အတော်ကောင်းပြီး

အလွမ်းသရုပ် တကယ်ပီပြင်တယ်။ နောက်တော့မှ မယ်ဝဏ္ဏကိုယ်တိုင် ဒေါ်

မြင့်မြင့်ခင်ကို ဝင်ပူးပြီး သရုပ်ဆောင်နေတာ လူစိတ်တောင် ပျောက်တယ်"

"ဩော် .. အဲဒီလိုလား"

ကျွန်မက အံ့ဩစွာ မေးလိုက်မိသည်။

ထိုအခါ ထိုအဒေါ်ကြီးက -

"ဒါတင်ဘယ်ကမလဲ .. ဇာတ်ကားရိုက်မယ်လုပ်တိုင်း မင်းသမီး

ကို မယ်ဝဏ္ဏ ခဏခဏ ဝင်ပူးနေလို့ ဇာတ်ကားတောင် ကောင်းကောင်း





ရိုက်ရဘူး။ နောက်တော့ ကျွန်စစ်သားနေရာက ပါဝင်သရုပ်ဆောင်တဲ့

မောင်ချစ်မောင်ကိုလည်း ဝင်ပူးပြန်ရော။

မောင်ချစ်မောင်ကို ဝင်ပူးတာက "မင်းလေး" တဲ့။ မင်းလေးဝင်ပူး

ပြီး ကုမ္ပဏီပိုင်ရှင်ကို ကြိမ်းမောင်းတော့တာပဲ။ သူ့ကို ပွဲဆက်မယ်လို့ပြော

ပြီး ဘာကြောင့်ပွဲမဆက်တာလဲဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ငှက်ကြီးတောင်

ဓားကြီးကို လှမ်းဆွဲရမ်းလိုက်တာ ကံကောင်းလို့ ဘယ်သူ့မှမထိတာ။

အဲဒီမှာသိတဲ့လူတွေက အမှားအယွင်းရှိရင် တောင်းပန်ပါတယ်။

ဘာလိုနေတာရှိရင် ပြောပါ။ ကတိမပျက်စေရပါဘူးလို့ ပြောလိုက်တယ်။

တော့မှ နင်တို့ဟာ ပွဲရိုက်ရင် ငါတို့ကို နတ်ကန္နားပေးမယ်လို့ပြောပြီး အခု

ကတိပျက်တာ။ နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုပြီးပြောလို့ ချက်ချင်း နတ်ကန္နား

ပွဲပေးလိုက်ရတယ်။

အရင်တုန်းက ကန္နားပွဲပေးမယ်ဆိုရင် တစ်ရက်ထဲပဲ ပေးရမှာ၊

အခုတော့ ကန္နားပွဲမှာ နတ်တွေပျော်လို့ နောက်တစ်ရက် ထပ်ကပါဆိုလို့

ရက်တောင် ကန္နားပွဲပေးလိုက်ရတယ်။

ကုမ္ပဏီပိုင်ရှင်လည်း နတ်ကားရိုက်မယ်ဆိုရင် အရင်ကလို ပေါ့ပေါ့

တန်တန် မပြောရဲတော့ဘူး။ အခုလည်း နတ်ကတော်က နတ်ဝင်ပြီး ပြော

သူယုံချင်မှ ယုံမှာတဲ့။ အခု မင်းသမီးရော မောင်ချစ်မောင်ပါ ဝင်ပူးပြီး

ပြောလို့ သူယုံတာတဲ့"

"ဒါနဲ့ နတ်ကန္နားပေးပြီး ရုပ်ရှင်ရိုက်တော့ရော ထပ်ပြီးပူးသေး

လား"

"အေး .. အဲဒါလည်း တော်တော်အံ့ဩဖို့ ကောင်းတယ်။ ကန္နားပွဲ

ပြီးတော့ ရုပ်ရှင်ဆက်ရိုက်ကြတယ်။ အားလုံးက ဝင်ပူးတာများဖြစ်ဦးမလား

ပြီး စိုးရိမ်စိတ်နဲ့ တထိတ်ထိတ် ဖြစ်နေခဲ့ကြတယ်။ ဇာတ်ကားသာ ပြီး

သွားရော နတ်ဝင်ပူးတာ မဖြစ်တော့ဘူး။ သူတို့ကျေနပ်သွားလို့နဲ့ တူတယ်"

"ဩော် .. ဟုတ်လား"

"နတ်နဲ့ပတ်သက်ပြီး အဒေါ်ဟာ အမျိုးမျိုးကြုံခဲ့ဖူးတယ်"

"အဒေါ်ရဲ့အတွေ့အကြုံကို ဆက်ပြောပြပါဦး"

"တိုက်ကြီးရိုးဖြူတောင်ဆိုတာ အစ်မရွှေရိုးဖြူ၊ အစ်ကိုတော်



www.burmeseclassic.com

www.burmeseclassic.com



မူလခဲတို့ရဲ့ရွာနေပေါ့။ တစ်နေ့မှာ ဂျိုးဖြူတောင်မှာ ဘုရားပွဲလုပ်ခဲ့တယ်။ အဲဒီဘုရားပွဲမှာ ဇာတ်အဖွဲ့တစ်ဖွဲ့ကိုငှားပြီး ဖျော်ဖြေခဲ့တယ်။ ဖြစ်ချင်တော့ အဲဒီဇာတ်ကလည်း "ရွှေရိုးဖြူ မူလခဲဇာတ်" ကို ကပြခဲ့တယ်။

အဲဒီဇာတ်မှာ အစ်မတော်ရွှေရိုးဖြူနဲ့ သိုက်ဆရာသာလာယျတို့ မေတ္တာမျှတဲ့ အခန်းပါတယ်။ မင်းသားနဲ့ မင်းသမီးဟာ ချစ်ခန်းကြိုက်ခန်းမှာ သရုပ်ဖော်တာကြမ်းလို့ အစ်မတော်က မကြိုက်ဘဲ ဖြစ်သွားတယ်။ နေ့ခေါင်ခေါင်မှာ ရက်ချင်း လျှပ်စီးတွေလက်ပြီး မိုးကြီးလေကြီးကျလို့ ပွဲပျက်သွားခဲ့တယ်။

နောက်တော့ အဲဒီက အမျိုးသမီးတစ်ယောက်ကို ဝင်ပူးပြီး အစ်မတော် မကြိုက်တဲ့အကြောင်း ပြောတယ်။ ဒါပေမယ့် အဲဒီဇာတ်အဖွဲ့ကို ထပ်ကနို့ ပြောပြီး မေတ္တာမျှတဲ့အခန်းကို မကြမ်းတမ်းဖို့ ပြောခဲ့တယ်။ ဇာတ်သမားတွေလည်း သူတို့ရဲ့အမှားကြောင့် ကြောက်လန့်ပြီး ဆက်မကရဲကြဘူး။

ဒါပေမယ့် ဖြောင့်ဖြောင့်ဖျဖျပြောပြီး မကြမ်းတမ်းဘဲ ပြန်ကဖို့ ပြောလိုက်တယ်။ ဇာတ်အဖွဲ့လည်း ကြောက်ကြောက်နဲ့ ယဉ်ကျေးလိမ္မာစွာ ပြန်လည်ကပြကြတယ်"

"အဲဒီနောက်နေ့မှာ ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ဘူး။ ဇာတ်ပွဲက အေးအေးဆေးဆေးနဲ့ ပြီးသွားတယ်"

"ဪ . . ဟုတ်လား . . အဒေါ်"

"တချို့လူတွေက နတ်ဝင်တာ မယုံကြည်ကြဘူး။ မယုံကြည်တာလည်း အပြစ်မဆိုသာဘူး။ သူတို့က နတ်စိမ်းဆိုတော့ ကမ္ဘာဇီဝတွဲ့ရှိတယ်။ ကြိုတင်ပြီး သိမြင်နိုင်တယ်၊ ပူးနိုင်တယ်၊ ကပ်နိုင်တယ်၊ ကိုယ်ပြောတဲ့ စကားကို သိနိုင်တယ်ကွဲ့"

"ကျွန်မလည်း အဒေါ်နဲ့တွေ့မှ ဗဟုသုတ အများကြီးရလာတယ်"

"နတ်အကြောင်းပြောရရင် မင်းကြီးမင်းလေးဆိုရင် အနော်ရထာမင်းလက်ထက်ကတည်းက နတ်စိမ်းဖြစ်သွားတာ။ အခုဆိုရင် နှစ်ပေါင်း (၉၀၀)ကျော် ရှိသွားပြီ။ သူတို့ရဲ့ဝိညာဉ်တွေဟာ အခုထက်ထိ မကျွတ်မလွတ်တဲ့ဘဝနဲ့ ရှိနေဆဲပဲ"

"အဲဒါကို အဒေါ်က ဘယ်လိုလုပ်သိသလဲ"





"အခုထက်တိုင် တောင်ပြုန်းပွဲတို့၊ မယ်တော့်ကို ပူဇော်ထသတဲ့ ရတနာဂူပွဲတွေဟာ အခုအထိ ကျင်းပနေဆဲပဲ။ မင်းကြီးမင်းလေးအတွက် ဘတ်ပေးထားပြီး မလုပ်ရင်လည်း ဝင်ပူးပြီး ပြောတော့တာပဲ၊ တကယ်တော့ နတ်နဲ့ နဂါးဆိုတာ မလှည့်စားကောင်းဘူးကွဲ့"

"ဟုတ်ကဲ့ပါ . . အဒေါ်"

"တောင်ပြုန်းပွဲတော်ကို ဝါခေါင်လမှာ ကျင်းပတာ မှန်ပေမယ့် မင်းကြီး မင်းလေးဟာ တရုတ်ပြည်ကိုသွားပြီး စစ်တိုက်ခဲ့ဖူးတယ်။ အဲဒီမှာ သိကြားမင်းဆက်သတဲ့ မြဆင်းတုတော်ကိုပင့်ဆောင်ပြီး အောင်ပွဲနဲ့အတူ ပြန်လာခဲ့တယ်၊ အဲဒီအချိန်က တပေါင်းလဆန်း(၁၁)ရက်ပဲကွဲ့။

ဒါကို နတ်ယုံကြည်သူတွေက တပေါင်းစစ်ပြန်ပွဲဆိုပြီး ကျင်းပပေးခဲ့တယ်။ တပေါင်းစစ်ပြန်ပွဲကတော့ တောင်ပြုန်းပွဲကြီးလောက် မစည်ကားဘူး။ ဒါပေမယ့် နတ်ကတော် အတော်များများလာပြီး ပွဲဆက်ကြတယ်"

"အဒေါ်ပြောပြလို့ နတ်ဝင်သူတွေအကြောင်းကို ပြည့်ပြည့်စုံစုံ သိရတဲ့အတွက် ကျေးဇူး အထူးတင်ပါတယ် . . အဒေါ်"


ကျွန်မတို့အုပ်စုလည်း တောင်ပြုန်းပွဲတော်၌ ပျော်ရွှင်စွာလှည့်လည်ကြည့်ရှုပြီး ရန်ကုန်သို့ ပြန်ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ပင်လယ်သေ (သို့မဟုတ်) ဆားပင်လယ်



Dead Sea (ပင်လယ်သေ)၊ ဒါမှမဟုတ် ဆားပင်လယ်လို့ ခေါ်ကြတဲ့နေရာက တကယ်တမ်းပြောရမယ်ဆိုရင် ဆားကန်ကြီးပါပဲ။ အဲဒီဆားကန်ကြီးကို အရှေ့ဘက်မှာ ဂျော်ဒန်၊ အနောက်ဘက်မှာတော့ ပါလက်စတိုင်းနဲ့ အစ္စရေးတို့က ဝောင်ခတ်ပေးထားပါတယ်။

Dead Sea ရဲ့ မျက်နှာပြင်နဲ့ကမ်းခြေက ပင်လယ်ရေမျက်နှာပြင်အောက် (၄၂၉) မီတာ နိမ့်ပါတယ်။ ကမ္ဘာ့ပင်လယ် ရေမျက်နှာပြင်အောက် အနိမ့်ဆုံးနေရာပါ။ Dead Sea ဟာ (၃၀၄) မီတာရှိပြီး ကမ္ဘာပေါ်မှာရှိတဲ့ ဆားဓာတ်တရားလွန်ပါဝင်တဲ့ ကန်တွေထဲမှာတော့ အနက်ဆုံးပါပဲ။


Dead Sea ဟာ (၂၀၁၁) မှာတုန်းက ဆားဓာတ်ပါဝင်မှု (၃၄.၈) ရာခိုင်နှုန်းနဲ့အတူ ကမ္ဘာ့ဆားဓာတ်ပါဝင်မှုအများဆုံး ရေကန်ထဲက တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

အဲဒီတုန်းက အန္တာတိကမှ Lake Vanda က (၃၅) ရာခိုင်နှုန်း၊ Djibouti မှ Lake Assal က (၃၄.၈) ရာခိုင်နှုန်း၊ ကက်စပီယန်ပင်လယ်မှာရှိတဲ့ Garabogazkol ပင်လယ်ထုံးအိုင်က (၃၅) ရာခိုင်နှုန်း ဆားဓာတ်ပါဝင်မှု ရှိခဲ့ပြီး အန္တာတိကရှိ McMurdo Valleys မှ တချို့သော ဆားပါဝင်မှု မြင့်မားတဲ့ကန်တွေမှာဆိုရင် ဆားဓာတ်ပါဝင်မှုဟာ (၄၄) ရာခိုင်






နှုန်းထိတောင် ရှိခဲ့ကြပါသတဲ့။



Dead Sea မှာ ဆားပါဝင်မှု ဘယ်လောက်များသလဲဆိုရင် ပင်လယ်သမုဒ္ဒရာမှာ ပါဝင်တဲ့ ဆားဓာတ်ထက် (၈.၆) ဆလောက် ပိုပါတယ်။ ရေအောက် ကြမ်းပြင်မှာဆိုရင် ဆားတွေဟာ တောင်ပုံရာပုံပါပဲ။ ဒီလို ဆားဓာတ်ပါဝင်မှုနှုန်းမြင့်မားခြင်းကြောင့် တိရစ္ဆာန်တွေ ရှင်သန်နေထိုင်ဖို့ မဖြစ်နိုင်လောက်အောင် ပြင်းထန်တဲ့ သဘာဝ ပတ်ဝန်းကျင်ကို ဖြစ်စေပါတယ်။

ဒါကြောင့် ပင်လယ်သေကန်မှာ မိုက်ခရိုစကုပ်နဲ့ ကြည့်ရလောက်အောင် သေးငယ်တဲ့ပိုးတွေနဲ့ ရေနေပင်တွေ ရှင်သန်နိုင်ခြင်း မရှိပါဘူး။ သိပ်ကို သေးမွှားလွန်းတဲ့ ဘက်တီးရီးယားတွေနဲ့ မှိုပင်လေးတွေလောက်သာ ပင်လယ်သေထဲမှာ ရှိပါတယ်။

Dead Sea ဟာ ကီလိုမီတာ (၅၀) ရှည်လျားပြီး အကျယ်ဆုံးနေရာမှာ (၁၅) ကီလိုမီတာ ကျယ်ဝန်းပါတယ်။ Dead Sea ရှိနေတဲ့နေရာကို






www.burmeseclassic.com

www.burmeseclassic.com






ပြောမယ်ဆိုရင်တော့ ဂျော်ဒန်မြေလွှာကျွံ ရှိုင့်ဝှမ်းမှာ ရှိပါတယ်၊ Dead Sea ရဲ့ အဓိက မြစ်လက်တက်ဟာ ဂျော်ဒန်မြစ်ဖြစ်ပါတယ်၊

လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက မြေထဲပင်လယ် မြစ်ဝှမ်းဝန်းကျင်မှ လာရောက်လည်ပတ်သူတွေဟာ Dead Sea ကို လာရောက်ပါတယ်၊ သမ္မာကျမ်းစာထဲမှာတော့ ဒေးဗစ်ဘုရင်ရဲ့ ကွန်းခိုရာ နေရာတစ်ခုအဖြစ် Dead Sea ကို ဖော်ပြထားပါတယ်။

ကမ္ဘာ့ပထမဆုံး ကျန်းမာရေးအတွက် အပန်းဖြေရာ နေရာတစ်ခုဖြစ်ခဲ့ပြီး များပြားလှစွာသော ထုတ်ကုန်ပစ္စည်းတွေကို ထောက်ပံ့ပေးနေ







ဘယ်လို့သိရပါတယ်၊ Dead Sea မှ ဆားနဲ့ တွင်းထွက်ပစ္စည်းတွေကို အလှကုန်ပစ္စည်းတွေ ဖန်တီးဖို့နဲ့ ဆေးဖက်ဝင်အထုတ်ကလေးတွေကို ပြုလုပ်တဲ့နေရာမှာ သုံးကြပါတယ်၊

ဒါ့အပြင် အောက်ပိုင်းမသန်၊ အောက်ပိုင်းသေနေသူတွေကို ပင်လယ်ရဲ့ ဆားရည်ထဲမှာစိမ်ပေးရင် အာရုံကြောတွေ ပြန်လည်နိုးကြားစေတယ်လို့လည်း ရှေးခေတ် ဆေးပညာအယူအဆလည်း ရှိပါတယ်၊

ဆားပါဝင်မှုနှုန်းမြင့်တဲ့ ပင်လယ်ရေကြောင့် Dead Sea မှာ ရေကူးတဲ့လူတွေကို ရေထဲမှာ အလွယ်တကူ ပေါလောပေါစေနိုင်ပါတယ်၊ ဘွတ္တူဆားတွေ ပျော်ဝင်နေတဲ့ရေ၊ လေထုထဲမှာဝတ်မှုံနဲ့ အခြားယားယံစေတတ်တဲ့ အမှုန်တွေ ပါဝင်မှုနည်းပါးခြင်း၊ နေမှဖြာထွက်လာတဲ့ ရောင်ခြည်များမှ ခရမ်းလွန်ရောင်ခြည်ပါဝင်နှုန်းကို လျှော့ချနိုင်ခြင်းအပြင် နက်နဲတဲ့ရေထုကြောင့် မြင့်မားတဲ့လေထုဖိအား အစရှိတဲ့အချက်တွေက ကျန်းမာရေးအတွက် အကျိုးပြုစေပါတယ်။

Dead Sea ရဲ့ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ ကတ္တရာတွေ စွန့်ထုတ်ပေးတာပါပဲ၊ ပုပေါင်းသေးသေးလေးတွေနဲ့ အနက်ရောင်အတုံးအခဲလေးတွေကို တစိမ့်စိမ့် စွန့်ထုတ်ပေးနေတာဖြစ်ပါတယ်၊ အီဂျစ်တို့ရဲ့ မမီပြုလုပ်တဲ့ လုပ်ငန်းစဉ်တွေမှာ Dead Sea ကနေ တင်ပို့တဲ့ ကတ္တရာတွေကို အသုံးပြုတယ်ဆိုတဲ့အကြောင်း ဗဟုသုတဖြစ်စေဖို့ ဖော်ပြလိုက်ရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com





# သရဲမ ဖမ်းပွဲ

နေမဝတူး

- ထားမေနှင့်စိန်အောင်တို့၏ချစ်ဇာတ်လမ်း
- မထင်မှတ်စရာအဖြစ်အပျက်ကြောင့်
  ချစ်သူနှစ်ဦးကွဲခဲ့ရသောအခါ..။
- အရူးတစ်ပိုင်းဖြစ်ရသူက စိန်အောင်၊
- မောင်မောင်မှသရဲခြောက်ခြင်းအတွေ့အကြုံကို
  စမ်းသပ်ကြည့်ချင်သောအခါ..။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်တွေက
ဒီတစ်ဝိုက်က မဟုတ်ဘူး
လေ့ထိုးသားတွေကွ . . ။
ထားမေကိုတွေ့တော့
ခွင်ကြံ့လုပ်သွားတာပဲ။

သည်တစ်ခေါက် ရွာသို့ပြန်အရောက်တွင် စိန်အောင်၏အခြေအနေက ထူးခြားသည်။ သူတို့အိမ်ခြံဝင်းရှိ ကုံကော်ပင်ကြီး၏ပင်စည်တွင် စိန်အောင်ကို နောင်ကြိုးတဲထားခြင်းဖြစ်သည်။ မူလက နွားခြံတွင် ကြိုးဖြင့် ချည်တုပ်ထားသည်ဟု ဆိုသည်။ စိန်အောင်က ရုန်းကန်သဖြင့် နွားတဲ ပြိုကျသည်။ သစ်ပင်တွင်ချည်ထားသော် စိန်အောင်၏ရုန်းအားကြောင့် အသားတွေ စုတ်ပြတ်ကုန်သည်။

ထို့ကြောင့် နစ်လုန်၊ သုံးလုန်ခန့် ကြိုးရှည်ရှည်ကို အသုံးပြုပြီး ကုံကော်ပင်တွင် ချည်ရသည်ဟု သိရသည်။ သို့မှသာ ရုန်းကန်ပြေးလွှားသော်လည်း အတိုင်းအတာတစ်ခုအထိ စိတ်ကျေနပ်စွာ ရုန်းကန်နိုင်သဖြင့် အန္တရာယ်မရှိ၊ ဝေဘ်သေး၏ဟု ဆိုကြသည်။

စိန်အောင်သည် အရိုန်ရှိသရွေ့ ငေးနေငိုင်နေသည်။ တစ်စုံတစ်ခုကို တွေးတောပြီး နှုတ်မှ တတွတ်တွတ် ခေါ်သည်။ အရှိန်ရလျှင် ထပြေးသည်။ နှုတ်ခမ်းမှလည်း တမ်းတလွမ်းမော မှန်းဆပြီး ရွတ်ဆိုလေ့ရှိသည်။

"အချစ် . . နေလို့မှကောင်းရဲ့လား၊
မင်းအပါးမှာ ငါရှိတယ်၊
ဝေးဝေးမသွားနဲ့ အချစ်ရယ်ကွယ်"





လက်တန်းစပ်ဆိုထားသော သူ၏သီချင်းသံအဆုံးတွင် ထပြေးသည်။ ကြိုးဆုံးအထိ ပတ်ပြေးသည်။ ကုံကော်ပင်တွင် ချည်တစ်မိလျှင် ပြန်လှည့်ပြေးသည်။ ဤသို့ပြေးရင်းမောလျှင် မတ်တစ်ရပ်နေသည်။ ဇုတ်တုတ်ထိုင်နေသည်။ ဟီးလေးရှိုက်ပြီး "အချစ်" ကိုသာ တမ်းတနေသည်။ ဤသည်က စိန်အောင်၏ နေ့တရှုဝအလုပ်ဖြစ်သည်။

၅

မောင်မောင်သည် ရွာသို့မရောက်သည်မှာ နှစ်ရှိကြာပြီမို့ အလည်ပြန်လာသည်။ ချစ်သူငယ်ချင်း စိန်အောင်၏အဖြစ်က စိတ်မသက်သာစရာ၊ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ မောင်အောင်တို့က ဖြစ်ကြောင်းကုန်စင်ကို အသေးစိတ်ရှင်းပြသည်။

"ထားမေကြောင့် ဖြစ်ရတာကွ . ."

"ထားမေက သေပြီဆို"

"အေးလေ . . သေလို့ပေါ့၊ ထားမေနဲ့ စိန်အောင်က ငယ်ရည်စားတွေ၊ မင်းသိသားပဲ . . ဒီနှစ်မှာ အသင့်အတင့်စုဆောင်းမိပြီး အိမ်ထောင်ပြုကြဖို့ စီစဉ်တယ်၊ လပိုင်းပဲ လိုတော့တဲ့အချိန်မှာ ခုလိုဖြစ်ရတာပဲ"

"ဘယ်လိုဖြစ်တာလဲ . . ရှင်းစမ်းပါဦး"

မောင်မောင်က အလောတကြီး ထပ်မေးသည်။

"အဲဒီနေ့က ထားမေနဲ့ ရွာကလုံမပျို သုံးဦး၊ အားလုံး လေးယောက်ပေါ့ မြို့ဈေးကို သွားတယ်၊ မြို့နဲ့က ဆယ်မိုင်သာသာလောက် ဝေးတယ်၊ ကြားက ယမုံနာရွာ၊ အင်းမရွာနဲ့ ဒို နွံသာရွာအထိ လှေလမ်း၊ လှည်းလမ်းပေါက်တယ်၊ အခုဆို ကတ္တရာလမ်းခင်းပြီးပြီ၊ ယမုံနာရွာနဲ့ အင်းမက (၄) မိုင်လောက်ရှိပြီး အင်းမနဲ့ နွံသာရွာက (၃)မိုင်ကျော်တယ်"

"အင်း . . ထားပါတော့၊ ငါက ဒီရွာသားပါ၊ ငါသိပါတယ်၊ ဖြစ်စဉ်ကိုဆက်ပြောပါဦး"

မောင်မောင်က စိတ်မရှည်ဟန်ဖြင့် ဖြတ်ပြောသည်။

"အေးလေ . . အခု မင်းလာတော့ လှည်းလမ်းက ကတ္တရာလမ်းဖြစ်နေပြီ၊ လမ်းစရိုးသာကြောင်း ပြောချင်တာကွ၊ အဲဒီနေ့က ထားမေတို့က



www.burmeseclassic.com

www.burmeseclassic.com



သရဲမ ဖမ်းပွဲ



အဖြန့်မှာ အင်းမရွာကို ဧကဝင်တယ်၊ အင်းမနဲ့ နွံသာရွာက လှမ်းကြည့်ရင် မြင်ရတော့ စိတ်ပူစရာမရှိဘူး။

ထားမေ . . သူ့ဖွဲ့မလေးအိမ်မှာ သူချုပ်နိုင်းထားတဲ့ ဝတ်စုံတွေ ဝင်ကြည့်တယ်၊ ပြီးတော့ ညနေစောင်းမှာ ရွာကိုပြန်လာတယ်၊ ထော်လာ တွေ၊ ဆိုင်တယ်တွေ သွားလေ့သွားထရှိလို့ ကြုံရင် တားစီးမယ်၊ မကြုံရင် လမ်းလျှောက်ပြန်မယ်ပေါ့"

မောင်အောင်က ထရပ်ပြီး မောင်မောင်ကို ခေါ်သည်၊ ရွာထိပ်သို့ လျှောက်သွားပြီး ကတ္တရာလမ်းဘေးရှိ သစ်ပင်အုပ်စုစု တစ်ခုကို လက်ညှိုး ထိုးပြသည်၊ နွံသာရွာမှ တစ်မိုင်သာသာခန့်အကွာတွင် တောစပ်တစ်ခု တွေ့ရသည်၊ လယ်ကန်သင်းဘေးတွင် ဖြစ်သဖြင့် ယခင်က လယ်တဲ ဟန်တူသည်၊ ညောင်ပင်ကြီးတစ်ပင်ကိုလည်း အုံ့အုံ့ဆိုင်းဆိုင်း မြင်ရသည်။

"အဲဒီမြင်ရတဲ့ တောစပ်ကလွဲရင် ကျန်နေရာတွေအားလုံး လယ် တွင်းချည်းပဲ၊ အဲဒီတောစပ်နားအရောက်မှာ ထားမေကို လူနှစ်ယောက် ထွက်လာပြီး အတင်းဆွဲတယ်၊ ပြီးတော့ အဓမ္မကျင့်တယ်၊ ထားမေ ရုန်းကန်အော်ဟစ်ပေမယ့် မရဘူး။

လူကလည်း ပြတ်၊ မှောင်ရီပျိုးရိုန်လည်းဖြစ်တော့ ထားမေ ရေတိမ်နစ်ခဲ့ရတယ်၊ ကယ်မယ့်သူဝေးပေါ့၊ ဒီလိုနဲ့ လူယုတ်မာတွေ အ စည် အောင်မြင်သွားတယ်"

မောင်မောင်သည် နားထောင်ရင်း ထားမေမျက်နှာကို တွေးကြည့်



သည်၊ ထားမေအသက်က နှစ်ဆယ်ပင် မပြည့်သေးချေ၊ ရူပြိုးတောင့် ...င်းပြီး အချောအလှစာရင်းဝင်ဖြစ်သည်၊

စိန်အောင်၏ ပုံစံက ပုအိုက်အိုက်၊ မိုက်ကိုက်နှင့်မို့ မလိုက်ချေ၊ ...သော် စိန်အောင်၏ ထားမေအပေါ် ချစ်ခြင်းမေတ္တာ၊ အနစ်နာခံမှုမှာမူ ...များတကာထက် သာလေသည်၊ ချစ်သူအတွက် စွန့်လွှတ်အနစ်နာခံ ...တွင် မိဘဆွေမျိုးတို့ကို ထည့်သွင်းစဉ်းစားသူ မဟုတ်ချေ၊ စိန်အောင် ...အသက်ထက်မက နှစ်နှစ်ကာကာ ချစ်ရသူမို့ ယခုလို ဖြစ်ရပ်ဆိုးကြုံရာ ...ွင် ရင်ကျိုးလောက်ပေသည်၊

"ထားမေဇာတ်လမ်းက ဒီမှာ မပြီးသေးဘူးကွ၊ မှောင်ရိုပိုးတဝါး ...ရွာကို ပြန်လာတယ်ထင်တယ်၊ ပြီးတော့ ရွာထဲကို မဝင်ဘူး၊ ဘာကြောင့် ...ဆိုတော့ မြို့ဈေးက ထားမေဝယ်လာတဲ့ ပစ္စည်းတွေ ရွာထိပ်မှာ ပုံ့တြ ...နေလို့ပဲ၊

သူ့အလောင်းကို အစင်းဖြစ်တဲ့ ညောင်ပင်ကြီးခြေရင်းမှာ တွေ့ ...တယ်၊ ဦးခေါင်းတစ်ခုလုံးလည်း ကြေနေတယ်၊ ကြည့်ရတာ . . ရွာထဲမဝင် ...ဘဲ ညောင်ပင်ကြီးဆီမှာ ခေါင်းနဲ့သစ်ပင်ဆောင့်ပြီး သတ်သေတယ် ...ထင်ရတယ်၊ ရွာက ထားမေပြန်မလာလို့ နောက်တစ်နေ့လိုက်သွားမှ ...ရတယ်"

"အဲဒီ လူယုတ်မာတွေ မမိဘူးလား"

မောင်မောင်က မခံချိမခံသာဖြင့်မေးသည်၊ မောင်အောင်က ...တ်ပြောသည်၊

"မိတာပေါ့၊ စုံစမ်းဖော်ထုတ်နေတုန်းမှာ ထားမေက ဝင်ပူးပြီး ...ပြောတယ်၊ အဲဒီကောင်တွေက ဒီတစ်ပိုက်က မဟုတ်ဘူး၊ လေ့ထိုးသား ...တွေ၊ သစ်ဖေါင်ဆွဲရင်း စေတ္တနားတုန်း အရက်တက်ရှာကြတယ်၊ ထားမေ ...တွေ့တော့ ရွှင်ကြုံလုပ်သွားတာပဲ၊

သူတို့က မသတ်ဘူးလို့ပြောတယ်၊ ကျူးလွန်တာတော့ မှန်တယ်၊ ...နိုးမှု၊ လူသတ်မှုနဲ့ အပြစ်ကျသွားတယ်၊ အဖြစ်မှန်က သူတို့သိမှာပဲ . . ...ထားမေအဖြစ်က ကြေကွဲစရာပါကွာ"

"စိန်အောင်က ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသေအချာကြည့်သောအခါ
ပွင့်ရိုက်ထမိန်နှင့် လုံးကြီးပေါက်လှ
ဆံပင်ဖားလျားချထားသော
မိန်းမပျိုတစ်ယောက်၏ လမ်းလျှောက်နေဟန်ကို
မြင်ရသည်။ ထိုအခိုက် . .

မောင်မောင်က ဆက်စပ်မရသဖြင့် ထပ်မေးပြန်သည်။ မောင်အောင်က ရှင်းပြရသည်။

"စိန်အောင်က သေလုမြောပါးခံစားရဟန် တူပါတယ်။ တငိုင်တရီရီနဲ့ သူ့စိတ်ကြိုက်ကို လိုက်လျောရတာပေါ့ကွာ။ ညနေတိုင်း အဲဒီ ညောင်ပင်ကြီးရှိရာကို သွားတယ်။ ထားမေ အလောင်းတွေ့တဲ့နေရာမှာ ထိုင်ပြီး ငိုလိုက်၊ ရီလိုက် တတွတ်တွတ် ပြောဆိုတမ်းတလိုက် လုပ်တာပေါ့။ ဒို့က အဖော်လိုက်ရတယ်။ ညတိုင်း ဆယ့်နှစ်နာရီကျော်မှ ပြန်ရတယ်"

"အဲဒါနဲ့ သွပ်သွားရောလား"

မောင်မောင်က ဖြတ်ပြောသည်။

"မဟုတ်ဘူး။ တစ်နေ့မှာ ညဥ့်ဆယ်နှစ်နာရီကျော်လို့ ပြန်မယ်လုပ်တုန်း . . အမွှေးနံ့တွေ လှိုင်လာတယ်။ ဒို့လည်း ကြယ်သီးမွေးညှင်းထပြီး ခေါင်းတွေ ကြီးလာတယ်။ အမွှေးနံ့က ထားမေလိမ်းနေကျ သနပ်ခါးနံ့နဲ့ စံပယ်ပန်းနံ့ပဲ။ ဒါပေမယ့် တအားမွှေးတယ်။

"ဟော . . တွေ့ပြီ . . အချစ် . . နေပါဦး အချစ်ရယ် . . မောင်လိုက်မယ်' ဆိုပြီး စိန်အောင်က ပြေးလိုက်တယ်။ ဒို့လည်း ဘုမသိ ဘမသိ ပြေးရတာပေါ့။ ရွာထိပ်ရောက်တော့ ရွာထဲကို မဝင်ဘူး။ ပြန်လှည့်ပြီး အော်ဟစ်ငိုယိုပြီး တမ်းပြီး ပြန်ပြေးတယ်။ ဒို့ကလည်း လိုက်ပေါ့။ ကြာတော့ ဒို့လည်းမောပြီး လျှာထွက်၊ သူလည်း သွပ်သွားတာ မင်းမြင်တဲ့အတိုင်းပေါ့။ အဖြစ်က ဒါ"



"မင်းတို့အဖြစ်က ဟုတ်လို့လား"

မောင်မောင်က မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် မေးသည်။ မောင်အောင်က အသေအချာရှင်းပြသည်။

"အမှန်ပဲ . . အဲဒီနေ့က ထားမေသေတဲ့ လကွယ်ညမှာ ဖြစ်တာပဲ။ တစ်ခါတလေ ဖြူဖြူလေးတွေ့ရတယ်။ ဒို့စိတ်ထင်လားတော့ မသိဘူး။ စိန်အောင်ကတော့ "ထားမေ . . ထားမေ" ဆိုပြီး ပြေးလိုက်တာပဲလေ။ အဲဒါ အဖြစ်မှန်ပဲ . . မင်းက လေ့လာချင်လို့လား"

မောင်အောင်က မေးသည်။ မောင်မောင်က စဉ်းစားပြီး ဖြည်းလေးစွာ ပြန်ပြောသည်။

"အေး . . ငါက သရဲခြောက်မခံရဘူးပေမယ့် သရဲတော့ ကြောက်တယ်။ အတွေ့အကြုံရအောင်တော့ စမ်းကြည့်ချင်တယ်။ ဘယ်လိုလုပ်ရမလဲ"

"ဒီလိုလေ . . ဒီနေ့ မြန်မာလို ဆယ့်သုံးရက်ဆိုတော့ သန်ဘက်ခါ ပေါ့။ နောက်နှစ်ရက်မြောက်တဲ့နေ့မှာ စိန်အောင်အိမ်မှာစုပြီး ရွာပြင်က ညောင်ပင်ကြီးဆီသွားကြမယ်။ ဒို့နှစ်ယောက်ထဲတော့ မဟုတ်ဘူး။ အောင်ညိုနဲ့ တင်လှလည်း ခေါ်မယ်"

မောင်မောင်က သဘောတူကြောင်း ခေါင်းငြိမ့်ပြလိုက်လေသည်။

၈

လကွယ်ည။

အမှောင်ထု စိုးမိုးစပြုရှိန်ဖြစ်သည်။

မောင်မောင်သည် တက်ကြွစွာဖြင့် ညရနှစ်နာရီကတည်းက စိန်အောင်၏အိမ်သို့ ရောက်လာသည်။ စိန်အောင်၏အိမ်တွင် သတ်မှတ်ထားသော လူများကို စုစည်းသည်။ ည(၈)နာရီခန့်တွင် လူစုံသဖြင့် အားလုံး အသင့်ဖြစ်နေလေပြီ။

သည်နေ့ညတွင် ထူးခြားသည်က စိန်အောင်ဖြစ်သည်။ ယနေ့ ညများကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်ခြင်းမရှိချေ။ တတွတ်တွတ်ဖြင့် သူလည်းလိုက်လိုကြောင်း တောင်းဆိုလျက်ရှိသည်။

www.burmeseclassic.com



"မောင်အောင် .. ငါ့ကို ထားမေဆီ ပို့ပေးပါကွာ ..၊ ဒီည သူလာမှာကွ"

"ထားမေလာမှာ မင်းသိလို့လား"

"သိတယ်၊ ငါ့ကို ပြောသွားတယ်၊ ပို့ပေးပါ .. သူငယ်ချင်းရယ်"

မောင်အောင်က စိန်အောင်ကို စိတ်မကောင်းစွာ ကြည့်နေမိသည်။ အတန်ကြာမှ မောင်မောင်ကို အဖြေတောင်းဟန်ဖြင့် ကြည့်သည်။ မောင်မောင်က စိတ်မကောင်းစွာဖြင့် ခေါင်းငြိမ့်ပြသည်။

"သနားပါတယ်ကွာ၊ ငါ့သူငယ်ချင်းကို ခေါ်ခဲ့ပါ။ ဟိုမှာ တွေ့ရင်လည်း ဖမ်းပြီး ပေးစားလိုက်တာပေါ့ အေးရော.."

မောင်မောင်က ရယ်သွမ်းသွေးရင်း ပြောသည်။

"မင်းကတိပေးရမယ် .. ဒို့စကား နားထောင်ရမယ် .. ဟိုရောက်ရင် မပြေးရဘူးနော်၊ ဒို့နဲ့ အတူတူနေမယ်ဆိုမှ ခေါ်မယ်"

"အတူတူနေပါ့မယ်ကွာ .. မပြေးပါဘူး၊ ငါ့ကိုခေါ်ပါ"

မောင်အောင်၏ မပြေးရန်ကန့်သတ်ချက်ကို စိန်အောင်က အလွယ်တကူ သဘောတူသည်။ ဤသို့ဖြင့် မောင်မောင်တို့(၈)ဦးသည် ည(၈)နာရီ သာသာခန့်တွင် ရွာအပြင်သို့ ထွက်လာခဲ့သည်။

လမိုက်ညဖြစ်သော်လည်း ကြယ်ရောင်ကိုအားပြု၍ ကတ္တရာလမ်းပေါ်လျှောက်ရသည်မှာ တိတ်ဆိတ်အေးချမ်းလှသည်။ ည(၉)နာရီ သာသာခန့်တွင် ထားမေ၏ အလောင်းတွေ့ရသည်ဆိုသော ညောင်ပင်ကြီး အနီးသို့ ရောက်လာသည်။ ဘာမျှ မတွေ့ရသော်လည်း သစ်ပင်ကြီးအောက် ထိုင်မိလျှင်ပင် ကြက်သီးဖျန်းဖျန်းထလာသည်။

"ဟ .. ကြက်သီးထတယ်ကွ .. လမ်းမပေါ်နေတာ ကောင်းမယ်"

မောင်မောင်က ထူးဆန်းသဖြင့် စိုးရွံ့စွာပြောလာသည်။ အကယ်၍ တစ်စုံတစ်ရာ အဆင်မပြေဖြစ်လျှင် ကတ္တရာလမ်းအတိုင်း ရွာသို့ပြေးရန် အဆ… သာသောကြောင့်ဖြစ်သည်။ မောင်အောင်က သဘောတူသဖြင့် (၅)ယောက်သား ကတ္တရာလမ်းပေါ် ရွှေ့ထိုင်ကြသည်။ စိန်အောင်က "ထားမေ .. အချစ် .. ထားမေ" ဟု ရေရွတ်နေသည်။

လေနုအေးသွားသော ညသည် ကြယ်ရောင်ဖြင့် အေးမြသာ…





…သည်၊ စိတ်တည့်ရာတွေးပြီး တောင်ရေး မြောက်ရေးနှင့် စိတ်ကူးရေအလျဉ် …ကြောတွင် မျောရမည့်အစား တောင်ပြော မြောက်ပြောဖြင့် အချိန်ကို တရွေ့ရွေ့ …ကုန်ဆုံးသွားရသည်။ ညတစ်ဆယ့်နှစ်နာရီထိုးသည်အထိ ထူးထူးခြား…ခြား ဖြစ်မလာချေ။

"သုံးနာရီထိုးတဲ့အထိ စောင့်ကြည့်လို့မှ မထူးရင် ပြန်မယ်"

မောင်မောင်က စီးကရက်တစ်လိပ်ကို ထုတ်ယူဖွာရှိုက်ပြီး အဆို…ပြုသည်။ စိန်အောင်မှအပ ကျန်သူများက သဘောတူကြသည်။ စိန်အောင် …မူ "ထားမေ .. အချစ် .. မောင်လာပြီလေ .. ထားမေ" ဟူ၍သာ တအီအီ၊ …အာအာ မြည်တွန်နေရှာသည်။ ည(၁)နာရီသာသာခန့်တွင် စိန်အောင်၏ …အမူအရာက ထူးခြားလာသည်။

စိန်အောင်၏မျက်လုံးများသည် …ညောင်ပင်ကြီးသို့ ကြည့်နေရာက ကတ္တရာ …လမ်းဘက် လှည့်သွားသည်။ သူ၏ …မျက်လုံးများမှာ သာမန်ထက် ပိုမို …လာသည်ဟု ထင်ရသည်။ …စ်မှလည်း "ထားမေ .. …မေ" ဟု ရေရွတ်နေသည်။ …မောင်အောင်က စိန်အောင်ကို …ချုပ်ရင်း ပတ်ဝန်းကျင်ကို ဝေ့… စူးစမ်း၏၊ ဘာမျှ ထူးထူးခြား… မတွေ့ရပေ။

"ဟော .. ဟိုက ဘာလဲ"

မောင်အောင်၏နှုတ်မှ တအံ့တသြ …အသံထွက်လာသည်။ ရွာသို့သွားရာ …တွင် ခပ်ဖြူဖြူ အရာတစ်ခုတွေ့ရသည်။ …သအရာကြည့်သောအခါ ပွင့်ရိုက်ထမိန် …ကြီးပေါက်လှ ဆံပင်ဖားလျား ချထား …မိန်းမပျိုတစ်ယောက်၏ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com





နေပဟန်ကို မြင်ရသည်။ ထိုအခိုက် သနပ်ခါးနံ့သင်းသင်းနှင့် စံပယ်ပန်းနံ့က မွှေးကြိုင်လှိုမ်းမိုးလာသည်။

စိန်အောင်က "ထားမေ . . ထားမေ . . အချစ်" ဟု မြည်တမ်းပြီး ထိန်းမနိုင်သိမ်းမရဖြစ်လာသည်။ ခဏအကြာတွင် စိန်အောင်၏ဆောင့်ရုန်းမှုကြောင့် လွတ်ထွက်သွားပြီး ထိုမိန်းမပျိုနောက်သို့ ပြေးလိုက်လေသည်။ ကျန်သူများလည်း မနေနိုင်။ စိန်အောင်ကို ပြန်လည်ဖမ်းမိစေရန် လိုက်ကြရသည်။ ရှေ့က မိန်းမပျိုမှာ အိမ်နွေ့မပျက်သွားလျက်ရှိသော်လည်း မောင်မောင်တို့အုပ်စုမှာ တသီတတန်းကြီး ပြေးလွှားလျက်ရှိသည်။

"ထားမေ . . အချစ် . . မောင်လာပြီ . . ထားမေ"

ယောကျ်ားအားနှင့် ပြေးလိုက်သူတစ်သိုက်က ဝါးနစ်ပြန်၊ သုံးပြန် သာကွာဝေးသော လှုပ်လီလှုပ်လဲ့ မိန်းမပျိုကို ခဏအတွင်း မှီရမည်။ သို့သော် နစ်မိုင်ခန့်လိုက်ပြီးသည်အထိ မမှီသေးချေ။ ရှာနီးစပ်ရောက်သော် ပျောက်သွား၏။ အတော်မောသဖြင့် ခေတ္တနားမည်ကြံစဉ် စိန်အောင်က ပြန်လှည့်ပြေးပြီး အော်ပြန်သည်။

"ထားမေ . . အချစ် . . နေဦးလေ"

စိန်အောင် ပြန်ပြေးသည်က မှန်သည်။

စိန်အောင်၏ရှေ့မနီးမဝေးတွင် မိန်းမပျိုသွားနေသည်ကို တွေ့ရသည်။ သည်တစ်ခါက ညောင်ပင်ကြီးဘက်သို့ ဦးတည်ခြင်းဖြစ်သည်။ မောင်မောင်တို့အုပ်စုက အနားမယူနိုင်။ တစ်စုံတရာဖြစ်မည်စိုးရွံ၍ ပြန်





လှည့်ပြီး ပြေးလိုက်ရသည်။

စိန်အောင်၏နောက်မှ တသီတတန်းကြီးသည် မိန်းမပျိုနှင့် မနီးမဝေးရှိသော်လည်း မမှီနိုင်ချေ။ မျက်နှာကိုမြင်ရရန်ကား ဝေးသေး၏။ အားထည့်ပြေးရင်း ညောင်ပင်ကြီးနေရာသို့ ရောက်သည်။ မိန်းမပျိုက ညောင်ဝင်အောက်ဝင်ရောက်သွားသည်လား။ စိန်အောင်ကိုမှုပြီး အခြားယောက်ျား တစ်ယောက်နောက် လိုက်သွားသည်လား မပြောတတ်ပေ။ အစအန မှာ မရအောင် ပျောက်သွားပြန်သည်။

အားလုံးမောဟိုက်နေသဖြင့် ထိုင်ချလိုက်သည်။ စိန်အောင်က ခမောနိုင် မပန်းနိုင်။ နောက်လှည့်ပြီး ပြန်ပြေးသည်။ ဟုတ်သည်။ သူ၏ရှေ့



လှမ်းမကမ်းတွင် မိန်းမပျိုက မရို့တရို့ တန်ဖြင့် လျှောက်လှမ်းသွားနေဆဲ ဖြစ်သည်။

ဤသို့ဖြင့် သရဲမတစ်ဖြစ်လဲ ထားမေက လူကောင်းများကို (၃၊ ၄) ခေါက်မောင်းပြီးသောအခါ လူသား စင်စစ်တို့ မတတ်နိုင်တော့ချေ။ မောင်မောင် တို့အုပ်စုမှာ ကတ္တရာလမ်းပေါ်တွင် တုံးလုံးပက်လက် ဖြစ်ကုန်ကြသည်။

"ရွှေးမသား အရူး . . ထားလိုက်ကွာ . . မလိုက်နဲ့တော့"

မောင်အောင်က ဒေါသတကြီးပြောဆိုပြီး ထိုင်ချလိုက်သည်။ စိန်အောင်မှာ ရှာဘက်ဆီသို့ ဦးတည်ပြေးနေသဖြင့် ပူရန်မလိုချေ။ ပြန်လှည့်ပြီး ပြေးလာလျှင်လည်း ဆီးကြိုဖမ်းရန်သာ ရှိသည်။ ပြန်လှည့်ပြီး မပြေးလျှင်လည်း ရှာသို့ပြန်လျှင် လမ်းတွင်တွေ့ရမည်ဟု တွေးမိသည်။ အတန်ကြာသည်အထိ စိန်အောင်မပေါ်လာသဖြင့် မောင်မောင်တို့အုပ်စု က ရှာဘက်သို့ လှည့်ကြသည်။

"ဒီတစ်လမ်းထဲရှိတာ . . ၊ ဘယ်သွားလို့ ပြန်လှည့်မလာလဲ မသိ ဘူး"

"ယုံပြီလား . . မောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com





"အင်း..ယုံသွားပြီ..မော
လိုက်တာ..သေနိုင်တယ်"

မောင်မောင်က မောင်အောင်၏အပြောကို ပြန်ဖြေသည်။ ဤသို့ဖြင့် ရွာအနီးသို့အရောက် ဝါးသုံးပြန်စန်းအကွာ၌ ထူးထူးခြားခြား မြင်ကွင်းကို တွေ့ရသည်။ စိန်အောင်က ကတ္တရာ လမ်းပေါ်လူးလိမ့်ရင်း "အချစ်..ထားမေ..အချစ်ရယ်ကွယ်"ဟု မြည်တမ်းနေ သည်။ စိန်အောင် တစ်ဦးတည်း လူးလိမ့် နေသဖြင့် ဆွဲထူမယူ ရှုပ်နေနောင်ပြီး ရွာသို့ ပြန်ခေါ်လာရသည်။

ပြန်မည့်နေ့တွင် မောင်မောင်က မောင်အောင်ကို သွားတွေ့သည်။ မောင်မောင်သည် မောင်အောင်နှင့်အတူ စိန်အောင်ကို သွားတွေ့သည်။ စိန်အောင်က ထုံးစံအတိုင်း မောင်မောင်ကို အသိအမှတ်ပြုစကား မဆိုနိုင်။ မောင်မောင်က စိတ်မကောင်းစွာဖြင့် သူ၏အိတ်အတွင်းမှ ငွေသုံးသောင်းကျပ်ကို ထုတ်ယူသည်။ မောင်အောင်၏လက်တွင်းသို့ ထည့်ပြီး ပြောသည်။

"ထားမေအတွက် ကောင်းမှုကုသိုလ်လုပ်ပါ။ ကျွတ်ရာလွတ်ရာ ဘဝရောက်အောင် အမျှပေးဝေပါကွာ။ ယုံကြည်ပါရစေ"

"မောင်အောင်က ဝမ်းသာပျော်ရွှင်စွာ လက်စံရင်း ပြောသည်။

"စိတ်ချ သူငယ်ချင်း..၊ သူ့မိဘတွေနဲ့ညှိနှိုင်းပြီး သူ့အိမ်မှာရော ညောင်ပင်ကြီးမှာပါ ဘုန်းကြီးတွေပင့်ပြီး နားလည်တတ်ကျွမ်းသူတွေနဲ့ သေသေချာချာ လုပ်ပါ့မယ်"

မောင်မောင်က ဘာမျှ ပြန်မပြောချေ။

ခေါင်းငြိမ့်ပြီး စိတ်မသက်မသာဖြစ်ဟန်ဖြင့် ငြိမ်နေသည်။ မောင်





အောင်သည် မောင်မောင်၏ ရွာမှအပြန်ခရီးကို ဆိုင်ကယ်ဖြင့် လိုက်ပို့သည်။ ညောင်ပင်ကြီးသို့ရောက်သောအခါ မောင်အောင်က ခေတ္တရပ်သည်။ ထိုအခိုက် လေပြေလေးတိုက်ခတ်သဖြင့် ညောင်ဆည်းလည်းသံတို့ တချွင်ချွင် မြည်သွားကြသည်။

မောင်အောင်နှင့် မောင်မောင်တို့နှစ်ဦးသား ကြွက်သီးများ ဖျန်းကနဲ ထသွားကြသည်။ မောင်မောင်က တိုးတိတ်ညင်သာစွာ ပြောသည်။

"ငါ့နမထားမေ..ကောင်းရာဘုံဘဝ ရောက်ပါစေကွယ်။ ဒီ မောင်အောင်တို့ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါ သာဓုခေါ်နိုင်ပါစေလို့ ဆုတောင်းပါတယ် ညီမရယ်"

မောင်မောင်ကပြောပြီး မောင်အောင်၏ ဆိုင်ကယ်နောက်တွင် ခွထိုင်လိုက်သည်။ မောင်အောင်က ဆိုင်ကယ်ကို မောင်းထွက်လာသည်။ ညောင်ညိုပင်ကြီးက တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com



# ညှိုးခြောက်ချိန်မှာ အရိုးခေါင်းဖြစ်သွားသောပန်း







ကမ္ဘာပေါ်မှာရှိတဲ့ ထူးထူးဆန်းဆန်း ပန်းတစ်မျိုးဖြစ်ပါတယ်။ မြန်မာအယူအဆအရဆိုရင်တော့ ဘယ်အရာမှမတည်မြဲဘူးဆိုတဲ့ သဘောတရားကိုပြသနိုင်တဲ့ ပန်းဆိုရင်လည်း မမှားနိုင်ပါဘူး။


ဒီပန်းရဲ့အမည်နာမ အရင်းကတော့ Snapdragon နဂါးပန်းဖြစ်ပါတယ်။ အမေရိကန်၊ ဥရောပနဲ့ မြောက်အမေရိကတို့မှာ ပွင့်လန်းတဲ့ပန်းတစ်မျိုးဖြစ်ပါတယ်။ သဘာဝအားဖြင့် ဒီပန်းဟာ ပွင့်လန်းချိန်မှာ အင်မတန်လှပပြီး အဆင်းသဏ္ဌာန်တင့်တယ်တဲ့ ပန်းမျိုးစိတ်ဖြစ်ပါတယ်။

ဒါပေမယ့် ညှိုးနွမ်းခြောက်သွေ့သွားချိန်မှာ ထိတ်လန့်ကြောက်စရာကောင်းတဲ့ အရိုးခေါင်းသဏ္ဌာန်ဖြစ်သွားရခြင်းပါ။ ထူးခြားဆန်းကြယ်ပြီး ဂမ္ဘီရဆန်တယ်လို့လည်း ဆိုနိုင်ပါတယ်။

Snapdragon နဂါးပန်းတွေမှာ ပန်းမျိုးစိတ်တွေဟာ အမျိုးမျိုးရှိပါတယ်။ ဒါပေမယ့် Snapdragon ရဲ့အခွံ Skull Flower လို့ခေါ်တဲ့








အရိုးခေါင်း ပန်းမျိုးစိတ်တွေမှာသာ ဒီပုံစံမျိုး တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီပန်းကို မြန်မာလိုဆိုရင် ကျားပါးစပ်ပန်းလို့လည်း ဆိုကြပါတယ်။ တောင်ကြီးမြို့မှာလည်း ကျားပါးစပ်ပန်းတွေ ပွင့်တယ်လို့ သိရှိရပါတယ်။ ဒါပေမယ့် ညှိုးခြောက်သွားချိန်မှာ ဒီလို အရိုးခေါင်းပန်းအသွင် ပြောင်းလဲသွားသလားဆိုတာကတော့ ကိုယ့်ဘာသာကိုယ် လေ့လာကြပါ။ ဘာလို့လဲဆိုတော့ ဒီပန်းမျိုးစိတ်တွေဟာ အမျိုးမျိုး အထွေထွေရှိလို့ ဖြစ်ပါတယ်။


နောက်ထပ်ထူးခြားချက်တစ်မျိုးကတော့ Snapdragon ပန်းတွေဟာ ပွင့်လန်းချိန်မှာလည်း ပုံသဏ္ဌာန်အမျိုးမျိုးရှိပြီး တချို့က အမျိုးသားလိင်အင်္ဂါသဏ္ဌာန်၊ အမျိုးသမီး လိင်အင်္ဂါသဏ္ဌာန်မျိုးတွေလည်း ရှိတတ်ပါတယ်။ မြန်မာပြည်က ကျားပါးစပ်ပန်းကတော့ ပန်းပွင့်ကို ညှစ်လိုက်ရင် ကျားပါးစပ်သဏ္ဌာန် ပွင့်အာလာတာကြောင့် ကျားပါးစပ်ပန်းလို့ မြန်မာတွေ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com










# ဖုန်းရွှေပညာဖြင့် အိမ်အမျိုးအစားခွဲခြားခြင်း

ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com





ဖုန်းရွှေ၏
အိမ်အမျိုးအစား ခွဲခြားမှုနှင့်
စတုရန်းအကွက်များ၏
အဓိပ္ပါယ်နှင့်
အကျိုးသက်ရောက်မှု • •။

အိမ်တစ်အိမ်၊ အဆောက်အဦတစ်ခု၊ အခန်းတစ်ခန်း စသည်တို့အတွက် ပြင်ဆင်ဖွဲ့စည်းမှု၊ နေရာချထားမှုတို့မှာ "ဖုန်းရွှေ"ပညာရပ်၏ ရှုထောင့်မှကြည့်လျှင် လွန်စွာအရေးပါလှ၏ ။ ဖုန်းရွှေကောင်းလျှင် ကောင်းသလို၊ မကောင်းလျှင် မကောင်းသလို သက်ရောက်မှုတို့ကို အနည်းနှင့်အများဆိုသလို ရင်ဆိုင်စံစား ကြုံတွေ့ကြရပေလိမ့်မည်။

ဖုန်းရွှေကောင်းလျှင် မှန်လျှင် သင်နှင့်တကွ သင့်မိသားစုအတွက် ကောင်းမှုများ ဆက်တိုက်ဖြစ်ပေါ်လာပါလိမ့်မည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကအစ အဘက်ဘက်မှ တိုးတက်ကောင်းမွန်ပြည့်စုံလာမည်။ အိမ်တွင်းရေး သာယာချောမွေ့လာမည်။ ဂုဏ်ရှိန်သတင်း ကျော်ဇောလာမည်။ အပေါက်လမ်းတွေတည့်ကာ အခွင့်ကောင်းတွေပေါ်လာရပေလိမ့်မည်။ ပိတ်ဆို့နေသောအရာများ ပွင့်လင်းသွားရမည်။

ထိုအတွက် လိုအပ်သော အခြေခံသဘောတရားများကို လေ့လာကြည့်ကြပါစို့။

ဦးစွာပထမ သင့်အိမ်၊ အခန်းစသည်တို့ကို မြေပုံကြမ်းရေးဆွဲကြည့်ပါ။ ခက်ခက်ခဲခဲ မဟုတ်ပါ။ စတုန်းရန်းပုံများ ရေးဆွဲနိုင်ခြင်းမျှသာဖြစ်သည်။ ဗိသုကာအတတ်ပညာလို ရေးဆွဲရန် မဟုတ်ပေ။







ဖုန်းရွှေပညာ၌ အကျယ်ဝန်း၊ ကန့်သတ်ချက်မရှိပါ။ အိပ်ခန်း ...တစ်ခန်းမှသည် တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအထိ ...ဆန့်နိုင်၏ ။ အဓိကမှာ အရပ်ရှစ်မျက်နှာအလိုက် စတုန်းရန်းအကွက် ...ချရန် လိုပါသည်။ စတုရန်းအကွက်များကို စကေးတိုက်ချရန်သာ လို...ည်။ ရှင်းလင်းစေရန် အောက်ပါပုံကို ကြည့်ပါ။

| | | |
|---|---|---|
| (၁) | (၂) | (၃) |
| (၈) | ဗဟို | (၄) |
| (၇) | (၆) | (၅) |

ဥပမာပြဆိုချက်အဖြစ် အထက်ပါပုံသည် အိမ်တစ်လုံးကို ထောင့်...ထောင့်အလိုက် ပိုင်းခြားအကွက်ချလိုက်ခြင်းပင် ဖြစ်သည်။ အဓိကမှာ ...ရန်း (အနားလေးဘက်ညီ) ဖြစ်ရမည်။ ထောင့်မှန်စတုဂံ(အနားနှစ်...ဘက်ညီ) မဖြစ်ရ။



(စတုရန်းပုံ)



(စတုဂံပုံ)

ဤနေရာတွင် မေးစရာရှိလာမည်။



www.burmeseclassic.com


www.burmeseclassic.com



အိမ်(သို့မဟုတ်) အခန်းက စတုရန်းမရှိလျှင် မည်သို့ပြုလုပ်ရမည်နည်းဟု မေးနိုင်သည်။ ပုံသဏ္ဌာန်မမှန်သော ဖွဲ့စည်းမှုများစွာ ရှိပါသည်။ အလယ်ဗဟိုကိုလည်း ရှာရခက်လာနိုင်သည်။ (U) ပုံသဏ္ဌာန်၊ (L) ပုံသဏ္ဌာန်၊ စက်ဝိုင်းခြမ်း ပုံသဏ္ဌာန်များကြောင့် သင်မျက်စိလည်သွားနိုင်သည်။


ပြဿနာမရှိပါ။ ဤသို့သော ပုံသဏ္ဌာန်မမှန်သည့် ဖွဲ့စည်းမှုများကိုလည်း သတ်မှတ်ချက်အတိုင်း စတုရန်းပုံဖော်ဆောင်ရမည်။ စတုရန်းတစ်ခုမက (နှစ်ခု၊ သုံးခု)ဖြစ်အောင်လည်း ပြောင်းလဲရမည်။ အဓိကမှာ စတုရန်းမှ မလွတ်စေရ။

(L) ပုံသဏ္ဌာန်ဖြစ်နေသော အိမ်၊ အခန်းကို စတုရန်းပုံချလိုက်ခြင်း ဖြစ်သည်။ စတုရန်းအကြီးအသေးမှာ ပြဿနာမဟုတ်။ စတုရန်းအကွက် ညီမျှရန်သာ လို၏။ (L)ပုံ အိမ်အတွက် စတုရန်းတစ်ကွက်နှင့် မလောက်၍ နှစ်ကွက်ဆွဲသည်။




မှတ်ချက်။ ။(L)ပုံ အိမ်၊ အခန်းအတွက် စတုရန်းနှစ်ကွက်မဆွဲဘဲ တစ်ကွက်တည်းလည်း ဆွဲနိုင်သည်။ သို့သော် ထိုအခါမျိုး၌ ထောင့်တစ်ကွက် လွတ်နေပေလိမ့်မည်။

ထိုလွတ်နေသောအကွက်ကို စိတ်မှန်း၊ စိတ်ကူးဖြင့် ပုံဖော်ဖြည့်စွက်ရေးဆွဲမှသာ အလယ်ဗဟိုနေရာ ရှာနိုင်မည်ဖြစ်၏။

 မှာ အလယ်ဗဟိုကို ညွှန်းဆိုပါသည်။









ဤပုံမှာ (U) ပုံသဏ္ဌာန် အိမ်၊ အခန်းကို စတုရန်း(၃)ကွက် ပိုင်းခြင်း ပုံဖော်လိုက်ခြင်းဖြစ်ပါသည်။

ထိုသို့ စတုရန်းအကွက်ပုံဖော်ပြီးမှသာ ဖုန်းရွှေ၏သဘောတရားများနှင့် ကိုက်ညီမည်ဖြစ်ပါသည်။ ထို့အတူ စက်ဝိုင်းပုံ၊ စက်ဝိုင်းခြမ်းပုံများကိုလည်း ၎င်းအတိုင်း ပုံဖော်ရမည်။





ဆက်လက်၍ အရပ်ရှစ်မျက်နှာကိုယ်စားပြု အိမ်အမျိုးအစားများကို လေ့လာကြည့်ကြပါကုန်။

ဖုန်းရွှေပညာရပ်၌ သင်တို့နေထိုင်သော အိမ်များကို အရပ်မျက်နှာအလိုက် (၈)မျိုးခွဲထားပါသည်။ အရှေ့လေးအိမ်၊ အနောက်လေးအိမ် ခွဲစုဟုလည်း အလွယ်မှတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## အရှေ့လေးအိမ်

| အိမ်အမျိုးအစား | အိမ်ရှေ့တံခါးလှည့်ရာ အရပ် | အိမ်နောက်တံခါးလှည့်ရာ အရပ် | ကိုယ်စားပြုဓာတ် |
|---|---|---|---|
| လီ | မြောက် | တောင် | မီး |
| ကန် | တောင် | မြောက် | ရေ |
| ချင် | အနောက် | အရှေ့ | သစ်သား |
| ဆွန် | အနောက်မြောက် | အရှေ့တောင် | သစ်သား |

## အနောက်လေးအိမ်

| အိမ်အမျိုးအစား | အိမ်ရှေ့တံခါးလှည့်ရာ အရပ် | အိမ်နောက်တံခါးလှည့်ရာ အရပ် | ကိုယ်စားပြုဓာတ် |
|---|---|---|---|
| ချီယင် | အရှေ့တောင် | အနောက်မြောက် | သတ္တု |
| ကွန် | အရှေ့မြောက် | အနောက်တောင် | မြေ |
| ကင် | အနောက်တောင် | အရှေ့မြောက် | မြေ |
| တွိ | အရှေ့ | အနောက် | သတ္တု |

သင့်အိမ်ရှေ့ဘက်တံခါးနှင့် နောက်ဖေးတံခါး တည်နေရာ အတွင်းဘက်မှယူပြီး အပြင်သို့ကြည့်ကာ အရပ်မျက်နှာခွဲခြားပါ။ ရှုပ်ထွေးမှုရှိနေပါက နောက်ဖေးတံခါးမျက်နှာမူရာ အရပ်ကိုအတည်ယူ၍ အိမ်အမျိုးအစားကို ခွဲခြားပါ။

ဥပမာ။ ။ သင့်အိမ်၏ နောက်ဖေးတံခါး (အနောက်ဘက်မှ တံခါး) သည် အနောက်မြောက်အရပ်မျက်နှာမူပြီး အရှေ့တံခါးသည် (အရှေ့တောင်) သို့ မျက်နှာပြုနေက သင့်အိမ်သည် ချီယင်အိမ် အမျိုးအစား ဖြစ်ကာ "သတ္တုဓာတ်" ကို ကိုယ်စားပြုပါသည်။





ထို့နောက် ပုံကြမ်းဆွဲထားသော စတုရန်းကိုက်အရ တစ်ကွက်ချင်းစီ၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို အောက်ပါအတိုင်း မြင်တွေ့နိုင်သည်။

### အဓိကတည်နေရာ

အိမ်၏ နောက်ဖေးတံခါး၊ အိပ်ခန်းများ၊ ဘုရားခန်း စသည်တို့ ရှိသင့်သည်။ မီးဖိုကိုမူ အိမ်၏အကောင်းဆုံး တည်နေရာနှင့် ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်တွင် ထားရမည်။

### ကျန်းမာရေးတည်နေရာ

ကျန်းမာရေးကောင်းမွန်စေမှုနှင့် ခွန်အားရှိမှုတို့ကို ကိုယ်စားပြုသည်။ နာမကျန်းသူများကို ဤနေရာတွင် ထားရှိ ပေးသင့်သည်။

### အသက်ရှည်သည့်တည်နေရာ

မိသားစုအတွင်း သက်ကြီးရွယ်အိုများ ထားရှိရန် သင့်လျော်သည်။

### ချမ်းသာကြွယ်ဝသည့်တည်နေရာ

အိမ်တစ်အိမ်၏ မင်္ဂလာရှိသော အိမ်ရှေ့တံခါး၊ အိပ်ခန်း၊ စာကြည့်ခန်း အလုပ်ခန်းတို့ ရှိသင့်သောနေရာ ဖြစ်သည်။ အလင်းရောင်ကောင်းမှု ရှိနေရန်လည်း လိုအပ်သည်။ သန့်ရှင်းတောက်ပနေရမည်။ အိမ်သာ၊ မီးဖိုချောင်တို့ ရှိသင့်သော နေရာမဟုတ်ပေ။

### ဆိုးကျိုးမှုဖြစ်စေသောနေရာ

အမှုအခင်းကြုံ၊ ခိုက်ရန်ဖြစ်ပွား၊ ဒေါသများစေသော နေရာမျိုးဖြစ်သည်။ အရေးကြီးသောအခန်းများ ဖြစ်မနေသင့်ပါ။ အိမ်သာ၊ စတိုခန်း စသည်တို့ ထားပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



**ဆုံးရှုံးဖြစ်စေသောအရာ**

ပျင်းရိငြီးငွေ့ ထိုင်းမှိုင်းမှု၊ စွမ်းအားလျော့ပါးမှုတို့ဖြစ်စေသော နေရာဖြစ်၍ အိမ်သာ၊ မီးဖိုချောင်၊ စတိုခန်းတို့ ထားသင့်သည်။

**အတားအဆီးနေရာ**

သူခိုး အခိုးခံရခြင်း၊ ဖောက်ထွင်းခံရခြင်း၊ အလိမ်ခံရခြင်း၊ သစ္စာဖောက်ခံရခြင်း၊တို့ ဖြစ်ပေါ်စေနိုင်သော နေရာဖြစ်၍ ဧည့်ခန်းရှိမနေသင့်။ အိမ်သာ၊ မီးဖိုချောင်တို့သာ ထားရမည်။

**သေဆုံးမှုဖြစ်စေသောနေရာ**

ရောဂါဝေဒနာဖြစ်ပေါ်စေခြင်း၊ ကျန်းမာရေးချို့တဲ့စေခြင်း၊ မတော်တဆ ထိခိုက်မှုဖြစ်စေခြင်း၊ ဆုံးရှုံးမှု၊ ကွယ်လွန်မှုတို့ကို ဖြစ်စေတတ်သော နေရာ ဖြစ်သည်။

ထိုသို့ သိရှိပြီးနောက် အိမ်အမျိုးအစားလိုက် ကိုယ်စားပြုအခိုင်များကို လေ့လာသိရှိနိုင်ပါပြီ။

**မိုသင်အိမ် (နောက်ဖေးတံခါး - အနောက်မြောက်အရပ်)**

| | |
|---|---|
| အစိကတည်နေရာ ။ | ။ အနောက်မြောက်အရပ် |
| ကျန်းမာရေး ။ | ။ အရှေ့မြောက်အရပ် |
| အသက်ရှည်ရေး ။ | ။ အနောက်တောင်အရပ် |
| ချမ်းသာကြွယ်ဝရေး ။ | ။ အနောက်အရပ် |
| အစက်အခဲ ။ | ။ အရှေ့တောင်အရပ် |
| ဆုံးရှုံးမှု ။ | ။ မြောက်အရပ် |
| အတားအဆီး ။ | ။ အရှေ့အရပ် |
| သေဆုံးခြင်း ။ | ။ တောင်အရပ် |





**ကွန်အိမ် (နောက်ဖေးတံခါး - အနောက်တောင်)**

| | |
|---|---|
| အစိကတည်နေရာ ။ | ။ အနောက်တောင်အရပ် |
| ကျန်းမာရေး ။ | ။ အနောက်အရပ် |
| အသက်ရှည်ရေး ။ | ။ အနောက်မြောက်အရပ် |
| ချမ်းသာရေး ။ | ။ အရှေ့မြောက်အရပ် |
| အစက်အခဲ ။ | ။ အရှေ့အရပ် |
| ဆုံးရှုံးမှု ။ | ။ တောင်အရပ် |
| အတားအဆီး ။ | ။ အရှေ့တောင်အရပ် |
| သေဆုံးခြင်း ။ | ။ မြောက်အရပ် |

**တင်အိမ် (နောက်ဖေးတံခါး - အရှေ့မြောက်)**

| | |
|---|---|
| အစိကတည်နေရာ ။ | ။ အရှေ့မြောက်အရပ် |
| ကျန်းမာရေး ။ | ။ အနောက်မြောက်အရပ် |
| အသက်ရှည်ရေး ။ | ။ အနောက်အရပ် |
| ချမ်းသာရေး ။ | ။ အနောက်တောင်အရပ် |
| အစက်အခဲ ။ | ။ တောင်အရပ် |
| ဆုံးရှုံးမှု ။ | ။ အရှေ့အရပ် |
| အတားအဆီး ။ | ။ မြောက်အရပ် |
| သေဆုံးခြင်း ။ | ။ အရှေ့တောင်အရပ် |

**တွီအိမ် (နောက်ဖေးတံခါး - အနောက်အရပ်)**

| | |
|---|---|
| အစိကတည်နေရာ ။ | ။ အနောက်အရပ် |
| ကျန်းမာရေး ။ | ။ အနောက်တောင်အရပ် |
| အသက်ရှည်ရေး ။ | ။ အရှေ့မြောက်အရပ် |
| ချမ်းသာရေး ။ | ။ အနောက်မြောက်အရပ် |
| အစက်အခဲ ။ | ။ မြောက်အရပ် |
| ဆုံးရှုံးမှု ။ | ။ အရှေ့တောင်အရပ် |



www.burmeseclassic.com

| | |
|---|---|
| အတားအဆီး ။ | ။ တောင်အရပ် |
| သေဆုံးခြင်း ။ | ။ အရှေ့အရပ် |

## လီအိမ် (နောက်ဖေးတံခါး - တောင်အရပ်)

| | |
|---|---|
| အဓိကတည်နေရာ ။ | ။ တောင်အရပ် |
| ကျန်းမာရေး ။ | ။ အရှေ့တောင်အရပ် |
| အသက်ရှည်ရေး ။ | ။ မြောက်အရပ် |
| ချမ်းသာရေး ။ | ။ အရှေ့အရပ် |
| အစက်အခဲ ။ | ။ အရှေ့မြောက်အရပ် |
| ဆုံးရှုံးမှု ။ | ။ အနောက်တောင်အရပ် |
| အတားအဆီး ။ | ။ အနောက်အရပ် |
| သေဆုံးခြင်း ။ | ။ အနောက်မြောက်အရပ် |

## တန်အိမ် (နောက်ဖေးတံခါး - မြောက်အရပ်)

| | |
|---|---|
| အဓိကတည်နေရာ ။ | ။ မြောက်အရပ် |
| ကျန်းမာရေး ။ | ။ အရှေ့အရပ် |
| အသက်ရှည်ရေး ။ | ။ တောင်အရပ် |
| ချမ်းသာရေး ။ | ။ အရှေ့တောင်အရပ် |
| အစက်အခဲ ။ | ။ အနောက်အရပ် |
| ဆုံးရှုံးမှု ။ | ။ အနောက်မြောက်အရပ် |
| အတားအဆီး ။ | ။ အရှေ့မြောက်အရပ် |
| သေဆုံးခြင်း ။ | ။ အနောက်တောင်အရပ် |

## ချင်အိမ် (နောက်ဖေးတံခါး - အရှေ့အရပ်)

| | |
|---|---|
| အဓိကတည်နေရာ ။ | ။ အရှေ့အရပ် |
| ကျန်းမာရေး ။ | ။ မြောက်အရပ် |
| အသက်ရှည်ရေး ။ | ။ အရှေ့တောင်အရပ် |
| ချမ်းသာရေး ။ | ။ တောင်အရပ် |





| | |
|---|---|
| အစက်အခဲ ။ | ။ အနောက်တောင်အရပ် |
| ဆုံးရှုံးမှု ။ | ။ အရှေ့မြောက်အရပ် |
| အတားအဆီး ။ | ။ အနောက်မြောက်အရပ် |
| သေဆုံးခြင်း ။ | ။ အနောက်အရပ် |

## ထွန်အိမ် (နောက်ဖေးတံခါး - အရှေ့တောင်အရပ်)

| | |
|---|---|
| အဓိကတည်နေရာ ။ | ။ အရှေ့တောင်အရပ် |
| ကျန်းမာရေး ။ | ။ တောင်အရပ် |
| အသက်ရှည်ရေး ။ | ။ အရှေ့အရပ် |
| ချမ်းသာရေး ။ | ။ မြောက်အရပ် |
| အစက်အခဲ ။ | ။ အနောက်မြောက်အရပ် |
| ဆုံးရှုံးမှု ။ | ။ အနောက်အရပ် |
| အတားအဆီး ။ | ။ အနောက်တောင်အရပ် |
| သေဆုံးခြင်း ။ | ။ အရှေ့မြောက်အရပ် |

**မှတ်သားထားရန်**

လမ်းဘက်မျက်နှာမူထားသည်ကို "အိမ်ရှေ့မျက်နှာစာ"၊ ၎င်းနှင့် ဆန့်ကျင်ဘက်ကို "အိမ်နောက်ဖေး" ဟုခွဲခြားနိုင်သည်။ အိမ်၏ အိမ်ရှေ့တံခါးအစစ်သည်သာလျှင် မင်္ဂလာရှိသော "ချီ" ဓာတ်များ စုစည်းရောက်ရှိရာနေရာဟု မှတ်ယူရပေမည်။

ဤသို့ဆိုလျှင် ဖုန်းရွှေ၏ အိမ်အမျိုးအစား ခွဲခြားမှုနှင့် စတုရန်းအကွက်များ၏အဓိပ္ပါယ်၊ အကျိုးသက်ရောက်မှုတို့ကိုသိရှိနိုင်ပြီး အကောင်းအဆိုး ခွဲခြားစိစစ်နိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ဆင်ကြုံကြုံတတ်သော ဆင်ဦးနှောက်



ဆင်တစ်ကောင်ရဲ့ဦးနှောက်ဟာ အသက်ရှင်နေတဲ့ နို့တိုက်သတ္တဝါတွေအားလုံးထဲမှာ အကြီးမားဆုံး၊ အလေးဆုံးဖြစ်ပြီး (၁၀)ပေါင်အလေးချိန်ရှိပါတယ်၊ ဦးနှောက်ကြီးမားသလို ဉာဏ်နီဉာဏ်နက်လည်းများတတ်ပါတယ်၊ လူသားတစ်ယောက်ရဲ့ဦးနှောက်ဟာ (၃)ပေါင်သာရှိပါတယ်၊

ဆင်တွေဟာ အနံ့တွေနဲ့ တခြားဆင်တွေရဲ့အသံတွေကို ခွဲခြားနိုင်စွမ်းရှိပါတယ်၊ ပြီးတော့ ဆင်တွေဟာ မှတ်ဉာဏ်အားကောင်းပြီး သူတို့အစားအသောက်ရှိတဲ့နေရာ၊ ရေနေရာတွေကို မှတ်မိပါတယ်၊ ဆင်တစ်ကောင်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဆင်ဟာ အမှတ်သညာ အလွန်ကြီးတတ်တဲ့ တိရစ္ဆာန်ဖြစ်ပါတယ်၊

ဆင်ဟာ သေးနံ့ကိုမှတ်တတ်တဲ့တိရစ္ဆာန်ဖြစ်ပြီး မွေးကင်းစကပထမဆုံး သူ့အမေဆင်မကြီးရဲ့သေးနံ့ကို မှတ်ထားပါတယ်၊ ဘယ်နနှစ်ပဲကြာကြာ၊ ဒီဆင်မကြီးဟာ သူ့အမေ ဆင်မကြီးဆိုတာကို ဆင်တွေဟာ မှတ်မိနိုင်စွမ်းရှိပါတယ်၊







ပြီးတော့ ဆင်ထီးတွေဟာ သူတို့နဲ့ အလျဉ်းသင့်တဲ့ ဆင်မတွေနဲ့ ပဲ ပေါင်းသင်း နေထိုင် တတ်ပါတယ်၊ ဆင်ဟာ တိရစ္ဆာန်တွေထဲမှာ အကြီးမားဆုံးနဲ့ ခွန်အား အကြီးဆုံးဖြစ်သလို၊ သူ့နှာမောင်းနဲ့ သစ်ပင်ကြီးတွေကို အမြစ်ကနေ ဆွဲနုတ်နိုင်စွမ်းရှိပါတယ်၊

ဆင်ဟာ သူ့နှာမောင်းကို အလွန်ပဲ အားကိုးပါတယ်၊ ဒီနှာမောင်းနဲ့ သစ်ပင်ကြီးတွေကို ဆွဲနုတ်ကာ ပစ်ပေါက်နိုင်စွမ်းလည်းရှိပါတယ်၊ ဆင်နှာမောင်းဟာ သစ်ပင်၊ ကျောက်တုံးတွေကို မနိုင်နင်းရှိသလို၊ သေးငယ်တဲ့မြက်တစ်ဆုပ်ကိုလည်း အရယူနိုင်စွမ်းရှိပါတယ်၊ ပြောချင်တာကတော့ မည်မျှကြီးမားတဲ့အရာဖြစ်စေ၊ သေးငယ်တဲ့အရာဖြစ်စေ၊ သူ့နှာမောင်းနဲ့ ရယူနိုင်စွမ်းရှိတာကို ဖြစ်ပါတယ်၊

ဆင်တစ်ကောင်ရဲ့သက်တမ်းဟာ အနှစ်(၇၀)ရှိပါတယ်၊ ခန္ဓာကိုယ်ကြီးမားပြီး ဦးခေါင်းကြီးကလည်း ကြီးမားပေမယ့် ဆင်ရဲ့မျက်လုံးလေးကတော့ အလွန်ပဲ သေးငယ်ပါတယ်၊ ဒါကြောင့် ဦးခေါင်းကြီးပြီး မျက်လုံးပေါက်သေးငယ်သူဆိုရင် ဆင်ကြုံကြုံမယ့်သူလို့ ဆိုတတ်ကြပါတယ်၊

ဆင်ဟာ သူ့ရဲ့ရန်သူကို ပုံစံအမျိုးမျိုးနဲ့ ရက်စက်စွာ သတ်ဖြတ်တတ်ပါတယ်၊ နှာမောင်းနဲ့ကိုင်ပေါက်ပြီးသတ်ခြင်း၊ အစွယ်နဲ့ထိုးသတ်ခြင်း၊ ခြေထောက်နဲ့ နင်းသတ်ခြင်း၊ ဦးကင်းနဲ့ဖိသတ်ခြင်း စသည်ဖြင့် အလွန်ရက်စက်တဲ့နည်းမျိုးစုံနဲ့ သတ်လေ့ရှိပါတယ်၊

ဆင်တစ်ကောင် မှန်ယိုနေတဲ့အချိန်ဆိုရင် သူဟာ တစ်နေ့အတွင်း အသားများကို ဂါလံ(၆၀)လောက်ပေါက်ပါတယ်၊ ဒါဆိုရင်တော့ အထူးသတိ



www.burmeseclassic.com

www.burmeseclassic.com



ထားရတော့မှာ ဖြစ်ပြီး သူ့မျက်လုံးထဲမှာ ဘာဆိုဘာမှ မမြင်တော့ဘဲ ဆင်ဦးစီးကိုတောင် ပြန်သတ်တဲ့ ဆင်တွေ ရှိပါတယ်။

ဆင်တစ်ကောင်ဟာ သူ့အပေါ် မကောင်းတာလုပ်ထားတဲ့ လူဆိုရင် အသေမှတ်ထားလေ့ရှိပြီး အခါအခွင့်သင့်တဲ့အချိန်မှာ ပြန်လည်လက်စားချေ တုန့်ပြန်လေ့ရှိပါတယ်။ သေးငယ်တဲ့ မျက်လုံးပေါက်ကနေ ကြည့်နေပြီး ဆင် ကြံ့ကြံ့တတ်တယ်လို့ ဆိုလေ့ရှိကြတာ ဒါကြောင့် ဖြစ်ပါတယ်။

ပြီးတော့ ဆင်တွေဟာ ရေကူးတတ်ပါတယ်။ သူတို့ခန္ဓာကိုယ်ဟာကြီးမားပေမယ့် ရေထဲမှာ ပေါ်လောပေါ်နိုင်စွမ်းရှိပါတယ်။ ရေသောက်တဲ့အခါမှာ ဆင်နှာမောင်းကနေ စုပ်ယူကာ ရေကို မိုးပေါ်သို့ မြှောက်ထုတ်ပြီး အောက်ကနေ ပါးစပ်နဲ့ခံယူပြီး သောက်သုံးလေ့ရှိပါတယ်။

ဆင်တစ်ကောင်ရဲ့ ကိုယ်ဝန်ဆောင်ချိန်ဟာ လူထက် နှစ်ဆပိုပြီး ရက်ပေါင်း(၆၆၀)ကြာမြင့်ပါတယ်။ ကိုယ်ဝန်ဆောင်သက်တမ်းဟာ (၂၂) လဖြစ်ပါတယ်။ သက်တမ်း(၃) နှစ်အထိ ဆင်ဟာ နို့မဖြတ်သေးပါဘူး။ အရွယ်ရောက်တဲ့ ဆင်ထီးတစ်ကောင်ရဲ့အလေးချိန်ဟာ ဆင်မတစ်ကောင်ထက်ပိုကာ (၆)တန်ရှိပြီး ဆင်မကတော့ (၃)တန် အလေးချိန်ရှိပါတယ်။


ဆင်တွေရဲ့အသံဟာ လူတစ်ယောက်ရဲ့အသံထက် များစွာ တိုးညှင်းပေမယ့် ဆင်တစ်ကောင်နဲ့တစ်ကောင် အသံချင်း အချက်ပြမှုကိုတော့ (၃)မိုင်ကနေ (၅)မိုင်အတွင်း ကြားနိုင်စွမ်းရှိပါတယ်။ ဆင်တစ်ကောင်ဟာ တစ်နေ့ကို ပေါင်(၃၀၀) အစာကို စားသောက်ပါတယ်။

ဆင်ရဲ့အရေပြားဟာ တစ်လက်မထု အထူရှိပြီး သူ့ကို ကြမ်းနာ တတ်သူဆိုရင် ဘယ်လောက်ပဲ နှစ်ကြာညောင်းပါစေ မှတ်မိတတ်ပါတယ်။ ဒါတွေကတော့ ဆင်တွေရဲ့အကြောင်းကို သုတဖြစ်ဖွယ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။





# ထူးဆန်းသော ငါးမိုး ဖားမိုး ရွာသွန်းပြီး



လက်ရှိအချိန်မှာ နှင်းမိုးတွေရွာ၊ မိုးသီးတွေကြွေတဲ့ အဖြစ်တွေဟာ သိပ်ပြီး မထူးဆန်းလှတော့ပါဘူး။ ဒီ့ထက်ထူးဆန်းတာတွေ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်နေပါပြီ။

“တိရစ္ဆာန်မိုး” ရွာတယ်ဆိုတာပါပဲ။ ဒါကို Raining Animals လို့ ခေါ်ကြပါတယ်။ တိရစ္ဆာန်တွေ မိုးရွာသလို မိုးပေါ်ကနေ ကျလာတာ ဖြစ်ပါတယ်။ ဒါကို ဖြေရှင်းလို့မရတဲ့ ထူးဆန်းအံ့ဖွယ် ဂမ္ဘီရဖြစ်ရပ်တစ်ခု အဖြစ် မှတ်တမ်းတင်ထားကြပါတယ်။

တရုတ်နိုင်ငံမှာ (၂၀၁၃)ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့က ငါးမိုး (ငါးမှုံ့)ရွာသွန်းခဲ့ပြီး မိုးနဲ့အတူ ကောင်းကင်ကနေ ငါးတွေ ကျလာတာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ (၂၀၀၈)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်က ကီရီလာမှာ လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံမှာ (၂၀၁၂)ခု၊ ဇန်နဝါရီလ (၁၃)ရက်က လိုရီတိုမြို့မှာ လည်းကောင်း အသီးသီး ငါးမိုးများ (တိရစ္ဆာန်မိုး)များ ရွာခဲ့ပါတယ်။

ဂျပန်နိုင်ငံ၊ အိုင်ရှီကာဝါမှာ (၂၀၀၉)ခု၊ ဇွန်လက ဖားမိုးများ ရွာခဲ့ပါတယ်။ အာဂျင်တီးနားနိုင်ငံ၊ ဆယ်တာပြည်နယ်မှာ (၂၀၀၇)ခု၊ ဧပြီလမှာ မိုးပေါ်ကနေ ပင့်ကူတွေ အကောင်ပေါင်းများစွာ ကျရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com






ဝင့်တုမိုး ရွာသွန်းခဲ့ပါတယ်။

လုဝီစီယားနားမှာဆိုရင် မိုးပေါ်ကနေ သံကောင်၊ တီကောင်မိုးများ (Raining Warms) ရွာသွန်းခဲ့ပါတယ်။ အလွန်ထူးခြားတဲ့ အဖြစ်အပျက်များ ဖြစ်ပါတယ်။ ဒီလို တိရစ္ဆာန်မိုးတွေ ရွာချတဲ့အခါမှာ မြေပေါ်ကို ရောက်တဲ့အခါ တချို့လည်း အသေကောင်တွေပါဝင်သလို၊ တချို့လည်း တိရစ္ဆာန် အရှင်တွေ ပါဝင်တာကို တွေ့ရပါတယ်။ တချို့အကောင်တွေမှာ ရေခဲရိုက်ထားသလို ဖြစ်နေတာမျိုးလည်း တွေ့ရတယ်လို့ ပညာရှင်များက ဆိုပါတယ်။

ဩစတြေးလျနိုင်ငံမှာလည်း ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ကမ္ဘာ့အနှံ့အပြား နေရာမရွေး ဖြစ်တတ်ပါတယ်။ အများစုက ဖား၊ ငါး၊ ငါ









ကောင်များဖြစ်တတ်ပြီး ငှက်မိုးများလည်း ရွာသွန်းတတ်ပါတယ်။ တိရစ္ဆာန်မိုး ရွာသွန်းပုံနဲ့ပတ်သက်ပြီး ဒါဟာ ပြင်းထန်တဲ့ လေမုန်တိုင်း၊ လေဆင်နှာမောင်း၊ ရေမုန်တိုင်း၊ ရေပွေတို့က အရှိန်အဟုန်နဲ့ သယ်ဆောင်ခဲ့ပြီး သူတို့အားပျော့ချိန်မှာ မြေပြင်ပေါ်ပြန်ကျလာတာလို့ ဆိုပါတယ်။

ဒီလို တိရစ္ဆာန်မိုးတွေ ရွာရာမှာ ဗြိတိန်၊ အမေရိကန်၊ မက္ကဆီကိုနဲ့ စင်ကာပူတို့မှာ စံချိန်တင် တိရစ္ဆာန်မိုးတွေ ရွာခဲ့ဖူးပါတယ်။ ငါးအကောင်ပေါင်း ထောင်နဲ့ချီ၊ ဖားအကောင်ပေါင်း ထောင်နဲ့ချီ မိုးပေါ်ကနေ ရွာကျတာမျိုး ဖြစ်ပါတယ်။ တချို့မှာတော့ ငါးရော၊ ဖားရောနဲ့ နွားများရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း ပါဝင်တတ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





# သန္တိသုခ တံခါးဝသို့

မင်းဘုန်းသိခ်သူ

www.burmeseclassic.com

www.burmeseclassic.com





"ဟော . . ဟော၊
အပေါ်ထပ်က . .
အပေါ်ထပ်က . ."
တိုးသဲ့သော မေမေ့အသံ။
"ဟုတ်တယ် . .
ခြေသံကြားတယ် မေမေ"
နောက်ထပ် ညီမလေး၏
စိုးရိမ်တကြီး
ရေရွတ်လိုက်သံ။

ကျွိခနဲ ပတ္တာမြည်သံနှင့်အတူ ပြတင်းပေါက်တံခါးက လျှင်မြန်စွာ ပွင့်သွားလေသည်။ ထိုအခါ ပတ်ဝန်းကျင်မှ သိပ်သည်းသောလေ သည် ပြတင်းပေါက်မှတဆင့် အခန်းတွင်းသို့ လျှင်မြန်စွာ အလုအယက် တိုးဝင်လာသည်။

ကျွန်မ ချက်ချင်းပင် လေထုတွေ အလုအယက် တိုးဝင်ရာဆီသို့ မျက်နှာကို ထိုးခံလိုက်မိသည်။ ထိုအခါ လတ်ဆတ်အေးမြသော လေ သည် ကျွန်မခန္ဓာကိုယ်နှင့်မျက်နှာကို ပွတ်သပ်ကျီစယ်သွားသောအခါ မွန်းကြပ်မှုများ၊ မောင်မိုက်မှုများ၊ ဆာလောင်မှုနှင့် အထီးကျန်မှုတို့သည် တစ်ခဏတော့ မေ့လျော့သွားဟန်ရှိလေသည်။

ဒါပေမယ့် တစ်ခဏပါပဲ၊ မိနစ်ပေါင်းများစွာ ကြာသွားသောအခါ အဆိုပါ ဝေဒနာအပိုင်းအစများသည် ခန္ဓာကိုယ်တွင်းသို့ နာကျင်ဖွယ် တိုးဝင် လာကြပြန်လေသည်။

ကျွန်မသည် အိမ်ကြီး၏ အပေါ်ဆုံးထပ်တွင် နေထိုင်ရသည့် မွန်းကြပ်မှုဝေဒနာမျိုးစုံကို ခံစားနေရသည်မှာ ကြာပါပြီ၊ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်မသည် အခန်းထဲမှာ မနေချင်ပါ။ ပစ္စည်းအဟောင်းများ





ဘုလားထိုင်နှင့်ဗီရိုများသည် လတ်ဆတ်သောရနံ့ကို မဖန်တီးနိုင်ဘဲ ဟောင်းနွမ်းဆွေးမြည့်သော အတိတ်၏ရနံ့များကိုသာရသဖြင့် စိတ်ပျက် နှယ်ကောင်းလှပါသည်။

သို့သော် သည်အခန်းထဲမှာ မနေချင်ရလောက်အောင် ကြီးမား သော အရံအတားကြီးတစ်ခုက ကျွန်မကို ချုပ်ကိုင်လွှမ်းမိုးထားသည်မှာ လပေါင်းများစွာ ကြာပါပြီ။ ကျွန်မ ရပ်တန့်ငေးမောနေသော ပြတင်းရှေ့ တွင် ကြီးမားသော ညောင်မှတ်ဆိတ်ပင်ကြီး တစ်ပင်ရှိသည်။ ထို့နောက် ဘားလမ်းမ၊ မြေနီလမ်းမျှသာ ဖြစ်သည်၊ လမ်းမပေါ်တွင် လူသွားလူလာ ကျဲပါးလှပါသည်၊

ကျွန်မ ပြတင်းပေါက်ရှိ သံတိုင်ကိုကိုင်လိုက်စဉ်မှာပင် ညောင် မှတ်ဆိတ်ပင်ပေါ်မှာ ငှက်ကလေးတစ်ကောင်သည် ရုတ်တရက် အလန့် တကြား အော်မြည်ကာ အဝေးသို့ ထပျံသွားလေသည်။ ငှက်ကလေးကို ငေးရင်း၍ လှမ်းကြည့်နေမိသည်။ ရုတ်ချည်းမှာပင် ရီဝေညှို့မှိုင်းသော အသိ စိတ်တစ်ခုသည် တဆစ်ဆစ် နာကျင်မှုဖြင့် လောင်ကျွမ်းသွားသည်။

၆

ကျွန်မနေသော အခန်းကလေးသည် မှောင်မိုက်ကာ စိတ်ကျဉ်း ကျပ်ဖွယ် အတိပင်၊ အရာအားလုံးသည် အနက်ရောင်သဂေါ်တများဖြင့် သာ ပြည့်နက်နေသည် ဆိုရမည်၊ ထို့အတူ အတိတ်၏ရနံ့ဟောင်းများ။

အခန်းထဲတွင် ကျွန်မမှလွဲ၍ လူသားဆို၍ မည်သူမျှ ရှိမနေပါ။ သို့သော် ကျွန်မနှင့်အတူ အိမ်မြှောင်အချို့၏စုတ်ထိုးသံများ၊ ကြွက်များ၏ ဆောက်တည်ရာမရ ပြေးလွှားဟန်များ၊ ချောင်ကြိုချောင်ကြားမှ ပိုးဟပ် များ၏ ပြူးကြောင်ကြောင် အကြည့်များသာ အခန်းထဲမှာ ရှိနေပါသည်၊

ညလည်း ညမို့၊ နေ့လည်း နေ့မို့ တောက်တဲ့တစ်ကောင်၏ စူးစူး ရှရှ အော်ဟစ်သံ၊ ကြွက်လိုက်ဖမ်းသော ဇီးကွက်တစ်ကောင်၏ တောင်ပံ ခတ်သံ အမှောင်မည်းမည်းထဲမှာ ကြားနေရသည်၊


တစ်ခါတစ်ရံ ထိုအသံဗလံများ မကြားရဘဲ တိတ်ဆိတ်နေတတ် သောအခါ အခန်းကလေးသည် ကြောက်မက်ဖွယ်ရာ အနက်အမိုက်ပွာယ်



www.burmeseclassic.com

www.burmeseclassic.com





တစ်ခုဖြင့် ငြိမ်သက်နေတတ်သည်။ အများအားဖြင့်တော့ ကျွန်မသည် ဆာလောင်မွတ်သိပ်မှုမရှိဘဲ တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့နေတတ်သည်က များပါသည်။

ခြော် .. ကျွန်မ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ဘယ်ရောက်ကုန်ကြပြီလဲ။ ကျွန်မဆီသို့ သူတို့တတွေ ရောက်မလာကြတာ လပေါင်းအတော်ကြာပြီ ထင်ပါသည်။ တိတိကျကျ ပြောရလျှင် လွန်ခဲ့သည့် မိုးရာသီအစကပင် ဖြစ်လိမ့်မည် ထင်ပါသည်။ ကျွန်မထံသို့ နေ့စဉ် ရောက်လာကြသော လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများသည် ယခုအခါ ကျွန်မထံ ဧရိးသွားဟန်လွဲပင် ရောက်မလာကြချေ။

ထို့အတွက် ကျွန်မ ကြေကွဲဝမ်းနည်းမိသည်။ အားငယ်မိသည်။ တကယ်ပဲ ကျွန်မ၏အထီးကျန်နေ့ရက်များကား ရှုပ်ရှုပ်ယှက်ယှက် ရှည်လျားတိတ်ဆိတ်လှ သည်။ ခြောက်သွေ့မှောင်မိုက်လှပေသည်တကား။

ပထမဦးဆုံး ကျွန်မရင်ထဲသို့ရောက်လာသော အသိတစ်ခုမှာ အလင်းရောင်ချို့တဲ့လှသည့် အခန်းတွင်းရှိ ပရိဘောဂအဟောင်းများ ကြမ်းပြင်ပေါ်ရှိ ထုထဲသိပ်သည်းလှသည့် ဖုံမှုန့်များနှင့်အတူ အခန်းထဲမှာ





ကျွန်မတစ်ယောက်တည်း နေနေရခြင်းပင် ဖြစ်သည်။ ကျွန်မ အိမ်အောက်ထပ်သို့ဆင်းဖို့ အကြိမ်များစွာ ကြိုးစားကြည့်ဖူးသည်။ မအောင်မြင်ပေ။

ကျွန်မ ဘာကြောင့်များ အောက်ထပ်သို့ ဆင်းသက်ရန် အခွင့်အရေး နည်းပါးနေခဲ့ရတာလဲ၊ လူစည်ကားရာ စကားသံ၊ တေးသံတိုးတိုးဖြင့် စည်ဝေနေသော အောက်ထပ်သို့ ဆင်းသက်ရန် ခြေလှမ်းတွေသည် ဘာကြောင့် တွန့်ဆုတ်နေရတာလဲ။ ကျွန်မ မသိပါ။ ထိုအရာသည် လွန်မင်းစွာ ဆန်းကြယ်လွန်းလှပါတကား။

လေစိမ်းတွေ တသုန်သုန်တိုက်ခတ်နေသော ပြတင်းပေါက်ဆီသို့သွားရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် အောက်ထပ်ဆီမှ ခြေသံများ၊ စကားပြောသံများကို ကြားလိုက်ရပါသည်။ ဖေဖေကတော့ ညမိုးချုပ်မှ ပြန်လာတတ်သည်။ စကားနည်းသော ဖေဖေ့အသံကို ကြားရခဲပါသည်။

အောက်ထပ်ဆင်းသော လှေကားပေါက်ဆီသို့ ခြေလှမ်းမြန်မြန်ဖြင့် ကျွန်မ လျှပ်မြန်စွာ လျှောက်လိုက်သည်။ လှေကားထစ်ဆီသို့ မရောက်မီမှာပင် -

“ဟော .. ဟော၊ အပေါ်ထပ်က .. အပေါ်ထပ်က ..”

တိုးသဲ့သော မေမေ့အသံ။

“ဟုတ်တယ် .. ခြေသံကြားတယ် မေမေ”

နောက်ထပ် ညီမလေး၏ စိုးရိမ်တကြီး ရေရွတ်လိုက်သံ။

ညီမလေး၏အသံဆုံးသည်နှင့် မေမေ၏ပေါ့ဖွဖွ တည်ငြိမ်သော အသံ ထွက်ပေါ်လာပြန်သည်။ မေမေ၏ထိန်းချုပ်မှုအသံ၊

“ကြွက်ပြေးတဲ့ အသံတွေပါကွယ်”

“မဟုတ်ဘူး မေမေ၊ ခြေသံပါ။ လူတစ်ယောက်ရဲ့ခြေသံပါ”

ညီမလေး၏ စကားသံဆုံးတော့ ကျွန်မစိတ်တိုသွားမိသည်။ အပေါ်ထပ်မှာ ကျွန်မတစ်ယောက်တည်းရှိနေတာ အားလုံးသိနေပါလျက်နှင့် ညီမလေးက အထူးအဆန်းလုပ်ပြီး ပြောနေတာ စိတ်တိုစရာ မကောင်းဘူးလား။ အတွေးဆုံးသည်နှင့် ကျွန်မလှေကားထိပ်မှာ မရပ်တော့ဘဲ ပြတင်းပေါက်ဆီသို့သွား၍ ရပ်တန့်ငေးမောရင်း လမ်းမဆီသို့ ကြည့်နေမိသည်။



www.burmeseclassic.com



"ဘုရား . . ဘုရား"
ကျွန်မတောလေး၏ အသံ။
"မဖြစ်ဘူး၊ သားဆီကိုသွားမှ
ဖြစ်မယ် . ."

အချိန်ကား၊ ညနေချမ်းနေဝင်ခါစဖြစ်သည်။ မိုးအကုန်၊ ဆောင်းအကူး ရာသီမို့ ပတ်ဝန်းကျင်သည် သာယာလှပနေသည်။ ကျွန်မ ပြတင်းပေါက်မှာ ရပ်တန့်ဝေးမောနေစဉ် လူတစ်ယောက် ခပ်သွက်သွက် ခြေလှမ်းများဖြင့် လမ်းမအတိုင်း လျှောက်လာသည်။ ထို့နောက် ကျွန်မရပ်တန့်နေရာဆီသို့ အထိတ်တလန့် မျက်လုံးများဖြင့် လှမ်းကြည့်နေသည်ကို ထူးဆန်းစွာ မြင်လိုက်ရသည်။

ထိုသူကို ကျွန်မကောင်းစွာ သိကျွမ်းသည်။ သို့သော် ရင်းနှီးမှုတော့မရှိပါ။ ရပ်ကွက်ထဲ၊ လမ်းထဲမှာ မျက်နှာချင်းဆိုင် မေးထူးခေါ်ပြောအဆင့်လောက်သာရှိသော အသိတစ်ယောက်သာဖြစ်ပါသည်။ သူ့နာမည်ကိုထွေးမောင်ဆိုလား၊ ကိုထွေးအောင်ဆိုလား။

ကျွန်မလည်း အတွေးတွေလွင့်မျောနေရင်း ဘာရယ်ညာရယ်မဟုတ်၊ မြင်ကွင်းထဲဝင်လာသူကို သာမန်လှမ်းကြည့်လိုက်ခြင်းသာဖြစ်သည်။ ကျွန်မ သူ့ကို ပြုံးပြရမည်လား၊ ခါမှမဟုတ် မျက်နှာလွှဲလိုက်ရမည်လား။ စိတ်ထဲမှာ ဝေခွဲမရဖြစ်နေစဉ် ထိုလူသည် ကျွန်မ ရပ်တန့်ငေးမောသော ပြတင်းပေါက်ဆီမှ ဖျတ်ခနဲ မျက်နှာလွှဲကာ လျှင်မြန်သောခြေလှမ်းများဖြင့် ရှုတ်တရက် ထွက်ခွာသွားလေသည်။





ကျွန်မနှင့်အကြည့်ချင်းဆုံသွားသော ကိုထွေးမောင်၏မျက်နှာသည် ရုတ်ချည်း အသွင်ပြောင်းသွားသည်ကို သတိပြုမိလိုက်သည်။ သူ့မျက်နှာသည် ကယောင်ချောက်ချားဖြစ်လွန်းသဖြင့် အာမေဍိတ်တစ်ရပင် နှုတ်ဖျားမှ လွင့်စဉ်သွားပုံရသည်။

သူ့နှုတ်ဖျားမှ "ဟင်"လား၊ "အာ"လား မည်သည့်အသံထွက်သွားသည်ကို ကျွန်မနှင့် အနည်းငယ် အလှမ်းဝေးနေသဖြင့် သဲသဲကွဲကွဲ ကြားလိုက်ရပါ။

သူ့ခန္ဓာကိုယ်သည် ရုတ်တရက် တုန်ခါယိမ်းယိုင်သွားတာတော့ သေချာပါသည်။ ထို့နောက် သူ့မျက်နှာသည် ပြဒါးဖြင့် မညီမညာသော မှန်ပြင်ပေါ်မှ မျက်နှာလို ရှုံ့စောင်းသွားကာ အာမေဍိတ်တစ်ရလို အော်ညည်းလိုက်ခြင်းဖြစ်သည်။ မီးကျိုးခဲနှင့် အတို့ခံလိုက်ရသော ဆိတ်တစ်ကောင်လို သွက်လက်သောခြေလှမ်းများဖြင့် ထွက်သွားတာ သေချာပါသည်။

ကျွန်မ ငေးကြည့်နေဆဲမှာပင် သူသည် အနောက်သို့တစ်ချက်လှမ်းကြည့်လိုက်ပြီး မှုန်ရီ မှိုင်းစပြုနေသော ညနေခင်း၏ဆည်းဆာအမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

တကယ်တော့ ကိုထွေးမောင်နှင့်ကျွန်မသည် ရင်းနှီးကျွမ်းဝင်မှုရှိလှသော်လည်း ကျွန်မကို မြင်လိုက်ရသော သူ့မျက်နှာသည် ဤမျှ မျက်လောက်အောင် ဖြစ်သွားတာတော့ မကောင်းလှပါဘူး။ ဒါနည်းနည်းတော့ ထူးဆန်းမနေဘူးလား။

ရုတ်တရက် မှောင်မိုက်စပြုလာသော အခန်းကျဉ်းကလေးထဲမှ တောက်တဲ့အသံ၊ အိမ်မြှောင်စုတ်ထိုးသံများ တပြိုင်နက်တည်း ပေါ်လာသည်။ ထိုစဉ် အပေါ်ထပ်မှာ ကျွန်မတစ်ယောက်တည်း ကျဉ်းကျပ်မှုဝေဒနာ၊ ပူလောင်သော ခံစားမှုများဖြင့် နေနေရသည့် ဝေဒနာဟောင်းသည် ပြန်ပေါ်လာပြန်သည်။

ဝေဒနာ . . ဝေဒနာ . . ဝေဒနာ . .

အင်း . . ဒုက္ခသစ္စာ။

ကျွန်မခံစားနေရသော ဝေဒနာသည် မည်သူ တစ်ဦးတစ်ယောက်၊ ခါင်ကူညီ မျှဝေခံစားနိုင်သော ဝေဒနာမဟုတ်ပေ။ ဖေဖေနှင့်မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်မည် မဟုတ်သလို၊ ညီမလေးလည်း မျှဝေခံစားနိုင်မည်မထင်၊ သူငယ်ချင်းတွေ ပို၍ ဝေးပါသေးသည်၊

ကြေကွဲဝမ်းနည်းစိတ်ဖြင့် မျက်စိကိုစုံမှိတ်လိုက်စဉ်မှာပင် အောက်ထပ်မှ လှမ်းတက်လာသော ကလေးတစ်ယောက်ငိုသံကို ကြားလိုက်ရပါသည်၊

"ဘုရား ... ဘုရား"

ကျွန်မသားလေး၏ အသံ၊

မဖြစ်ဘူး .. သားဆီကိုသွားမှဖြစ်မယ်၊

ထို့နောက် ကျွန်မဘယ်လိုမျှ မကြည့်ချင်၊ မမြင်ချင်ဆုံးသော လူတစ်ယောက်၏ မျက်နှာပေါ်လာသည်၊ ကျွန်မနှင့်သားကိုပစ်ကာ နောက်အိမ်ထောင်ပြုသွားသော ခင်ပွန်း၏မျက်နှာ၊

သားတလေး၏ငိုသံက တအဲအဲပေါ်လာသည်၊ သားကလေး နှိုးဆော်နေပါပြီ၊ ကျွန်မစိတ်တွေ ယောက်ယက်ခတ်သွားသည်၊

ကျွန်မ ဘာလုပ်မလဲ၊

ဘာလုပ်ရမလဲ .. ဘာလုပ်ရမလဲ၊

☯

နောက်ရက်ပေါင်း အနည်းငယ်ခန့်ကြာသောအခါ ကျွန်မနေထိုင်ရာ မြို့အစွန်ရပ်ကွက်ကလေးတွင် လူပြောသူပြောများသော သတင်းတစ်ရပ်ပျံ့နှံ့သွားခဲ့သည်၊ ဈေးကလေးထဲတွင်လည်းကောင်း၊ ရပ်ရှင်ရုံအိုကလေးတွင်လည်းကောင်း တီးတိုးပြောစရာ သတင်းတစ်ရ ဖြစ်သွားခြင်းဖြစ်သည်၊


လူအများသည် ဆန်းပြားသည့် ကြောက်မက်ဖွယ် ရောဂါဆိုးကြီးတစ်ရ၊ တခြားကမ္ဘာမှ ကမ္ဘာမြေပြင်သို့ တီးတိုးပြောစရာ သတင်းတစ်ရ ဖြစ်သွားခြင်း ဖြစ်သည်၊

ကျွန်မအိမ်ရှေ့သို့ ဖြတ်သွားဖြတ်လာလူအချို့သည် အိမ်ရှေ့ရောက်လျှင် သူတို့အမူအရာတစ်ခုခု ဖြစ်သွားသည်ဟု ကျွန်မ ခံစားနေရသည်၊ ညနေခင်းနှင့်ညဘက်များတွင် ကျွန်မအိမ်ရှေ့မှလူအချို့ ဖြတ်သွားဖြတ်လာ သိသိသာသာ နည်းပါးသွားသည်ကို သတိပြုမိသည်၊

သူတို့ ဘာဖြစ်သွားကြပါလိမ့်၊







သူတို့ ဘာဖြစ်လို့များ၊ လျှင်မြန်သောခြေလှမ်းတွေနှင့် နေအိမ်အသီးသီးဆီသို့ သုတ်ခြေတင်နေကြပါလိမ့်၊

☯

တစ်ရုသော ညနေစောင်းတွင် ညနေအလုပ်ဆင်းချိန်မှ ပြန်လာသော ကောင်မလေးသုံးယောက်သည် ကျွန်မရပ်နေနေရာ ပြတင်းပေါက်ဆီသို့ မဝံ့မရဲဟန်ဖြင့် တစ်ချက်လှမ်းကြည့်ကာ အားကုန်ထွက်ပြေးကြလေသည်၊

ကောင်မလေးတွေ ဘာဖြစ်သွားကြပါလိမ့်၊

ယောကျ်ားတချို့ကတော့ ကျွန်မရပ်နေရာ အပေါ်ထပ်အခန်းဆီသို့ စူးစမ်းသောမျက်လုံးများဖြင့် ကြည့်ရှုအကဲခတ်ရင်း ခပ်သွက်သွက်လျှောက်သွားနေကြသည်၊

သူတို့၏အမူအရာကိုကြည့်ပြီး ကျွန်မရင်ထဲတွင် မွန်းကြပ်သောခံစားနာတစ်ရ ဝင်ရောက်လာသည်၊ ဒေါသစိတ်လား၊ မကျေနပ်စိတ်လား၊ ဝမ်းနည်းခံပြင်းစိတ်လား၊ ဝေမှိုင်းသောအသိတစ်မျိုး ဖြစ်ပေလိမ့်မည်၊

လမ်းလျှောက်လာသော ကောင်မလေးနှစ်ယောက် ကျွန်မနေရာဆီသို့ စူးစမ်းသောအကြည့်ဖြင့် လှမ်းကြည့်နေစဉ်မှာပင် ကျွန်မရင်ထဲမှာ ဒေါသစိတ်တစ်ရ ဖြစ်ပေါ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ ကျွန်မ၏တံ့ခြား ရုက်မှာ တံခါးတစ်ချပ်ကို အားရပါး ဆုပ်ကိုင်ကာ "ဝုန်း" ခနဲမြည်အောင် ဆောင့်ပိတ်လိုက်ခြင်းပင်။

ကောင်မလေးနှ ယောက်မှ "အမလေး ..ကယ် တော်မူပါ" ဟူသော ငယ်သံပါအောင် အော်သံနှင့်အတူ ကျွန်မ တစ်ကိုယ် လုံးပါ တုန်လှုပ်သွားမိသည်။

ရုတ်တရက် တောက်တဲ့ တစ်ကောင်၏ ကြောက်မက်ဖွယ် ကောင်းသော အော်သံ၊ ကြွက်များ ၏ ရှန်းရင်းဆန်ခတ် ပြေးလွှားသံ အရာဝတ္ထုများ ပြိုလဲကျသံ။

ဘုရား ..ဘုရား ..ဘုရား ..။

ကျွန်မတစ်ကိုယ်လုံး အနက်ရောင်အမှောင်ထုထဲသို့ ပြင်းထန် သော အဟုန်တစ်ခုဖြင့် လွင့်စဉ်သွားခဲ့သည်။

❁

နံနက်ခင်း အာရုက်ဦး ..။

အောက်ထပ်မှ အုတ်အုတ်ကျက်ကျက်အသံများကြောင့် ကျွန်မ တစ်ကိုယ်လုံး ဆတ်ခနဲတွန့်သွားမိသည်။

"လှူဒါန်းဖွယ်ပစ္စည်းအစုစု၊ ဆွမ်းခဲဖွယ်တို့ဖြင့် ရဟန်းသံဃာတော် မြတ်(၁၀)ပါးအား လှူဒါန်းပူဇော်ရသော ကုသိုလ်အကျိုးတရားကြောင့် ကွယ် လွန်ခြင်း တစ်နှစ်ပြောက်နေ့မှစ၍ နိမ့်ပါး ဆင်းရဲကျပ်တည်းခြင်း ဘုံ မြင့်မြတ်သောဘုံဌာနဆီသို့ သမီးကြီးကေဇာလွင် ရောက်ရှိစေသော် ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ"





သမီးကြီးရေ အမျှ ..အမျှ ..အမျှ ..။

"ဘုရားရေ ! ..ကျွန်မ ..ကျွန်မ .."

❁

ကျွန်မတစ်ကိုယ်လုံးဆီသို့ အင်အားပြင်းထန်လှသော်လည်း နူးညံ့စွာအေးမြလှသော အလင်းရောင်တစ်ခု စူးရဲစွာ ကျရောက်ခြင်းကို သာမဦးစွာ ခံစားလိုက်ရသည်။ ဖုံမှုန့်ထူလှသော ကြမ်းခင်းပေါ်သို့ ကျွန်မ သည်ကြည့်မိလိုက်သည်။

ကျွန်မ အခြေအနေမှန်ကို သိလိုက်ပါပြီ။ ကြမ်းပြင်ပေါ်မှာ ကျွန်မ၏ ခြေလှမ်းများ၊ စိုးစဉ်းမျှ အရာမထင်ပါလား။ ထို့နောက်မှာတော့ ကျွန်မနှုတ် မှ အလိုလို သာဓုခေါ်မိလိုက်သည်။

"သာဓု ...သာဓု ...သာဓု"

ကျွန်မ "သာဓု"ကို (၃)ကြိမ်ခေါ်လိုက်ပြီးသည်နှင့် အေးမြသော သဟာနယ်တစ်ခုထဲသို့ လွင့်မျောသွားသလို ခံစားလိုက်ရပြီး မည်သည့် ပူလောင်သည့် ခံစားမှုမျိုးမျှ မရှိတော့။

သားအပေါ် တွယ်တာခြင်း တဏှာ၊ လင်သားအပေါ် မုန်းတီးခြင်း ဒေါသ၊ မိသားစုအပေါ် ငြိတွယ်မှုသံယောဇဉ် လုံးဝမရှိတော့ဘဲ ရင်ထဲမှာ ငြိမ်းအေး၊ ပေါ့ပါးသော ပီတိတစ်မျိုးတည်းသာ ခံစားနေရခြင်းပင်။ သာဓု ခေါ်သံသည် တစ်စုံတစ်ခုဆီသို့ တွန်းပို့လိုက်သလို ခံစားလိုက်ရခြင်းပင်။

ကျွန်မ သန့်စင်မွန်မြတ်သော ဘုံဌာနတစ်ခုဆီသို့ လွင့်မျောနေ ခြင်း ဖြစ်သည်။ ကျွန်မနေထိုင်ခဲ့ရာ၊ စွဲလမ်းငြိတွယ်ခဲ့ရာ ဘုံဌာနဟောင်း ကြီးတာတော့ သေရာသည်။ လုံးဝ သေရာသည်။ ကျွန်မကိုခေါ်ဆောင် သွားသော လင်းလွှာသည် ဆက်၍ စီးမျောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဘီလိနတ်စာကျွေးပွဲ

မကြွေးညိုစိမ့်



## ကျူပ်လုပ်တာ (၄)

စိတ်ထဲမှာ ဘယ်လိုမှ မချမ်းသာဘူး။ စိတ်မပါဘဲ လုပ်ရတဲ့အလုပ်ထဲမှာ ဒီအလုပ်ဟာ စိတ်ဒုက္ခ အရောက်ဆုံးပါပဲ။

ဒီနေရာမှာ ဖေဖေ ဦးကြီး၊ မေမေ ဒေါ်သန်း၊ ညီငယ် မောင်သိုက်ဝင်း၊ သမီးလေး မို့မို့တို့ရှိတဲ့နေရာလေ။ ပထမဆုံး မကြွေးသချိုင်းကြီး မြို့ပြင်ရွှေ့မယ်ဆိုတော့ မြို့လူထုက မကျေနပ်ကြဘူး။ မရွှေ့လို့ကလည်း မဖြစ်ဘူးလေ။

သိင်္ဂါရပ်ကွက်၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ (၃) ရပ်ကွက်ဆုံရာ အလယ်တည့်တည့်မှာ ရှိနေတာ။ အဲဒါကြောင့် သချိုင်းကို ရွှေ့ရတာ။ မလုပ်ခင်တုန်းကတော့ ခက်နေတာပေါ့။ လုပ်တော့လည်း ဘာမှ မဟုတ်တော့ပါဘူး။

ဒီလိုနဲ့ ပြီးသွားတာပါပဲ။ အခုဆို ကျွန်တော်တို့ စကားလမ်းထိပ်မှာ "ခံလာရေး" ဆိုပြီး စည်ကားသိုက်မြိုက်နေပါပြီ။




www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် အဲသလို သရုပ်ကိုရှေ့လိုက်တော့ စိတ်ထဲမှာ မင်းကွန်းဆရာတော်ကြီးလုပ်တဲ့ မကျွတ်မလွတ်ကျွေးပွဲ (ဘီလီနတ်စာကျွေးပွဲ)ကို သတိသွားရတယ်။ အကယ်၍များ ဖေဖေ၊ မေမေ ညီလေးနဲ့ သမီးကလေးတို့များ မကျွတ်မလွတ် သေးရင် ကျွတ်သွားအောင် လုပ်ရရင် ကောင်းမှာပဲလို့ စဉ်းစားမိတယ်။

အဲဒါနဲ့ပဲ ကျွန်တော် မကွေးစာရေးဆရာအဖွဲ့ကို အရေးပေါ်အစည်းအဝေး ခေါ်လိုက်တယ်။ ကျင်းပမယ့် ခေါင်းစဉ်က "မကျွတ်မလွတ်သူများ ကျွေးပွဲ" ဆိုတဲ့ ခေါင်းစဉ်နဲ့ပါ။ ကျင်းပမယ့်နေရာက မြို့နယ်ကောင်စီ အစည်းအဝေးခန်းမမှာပါ။ မကွေးစာရေးဆရာ (၁၅) ယောက်လုံး စိတ်ပါဝင်စားစွာနဲ့ တက်ကြပါတယ်။

ကျွန်တော်က ကျွန်တော်လုပ်ချင်တဲ့ ကိစ္စပြောပြတော့ (၁၃) ယောက်က သဘောတူတယ်။ (၂)ယောက်က သဘောမတူဘူး။ အဲဒီ (၂)ယောက်က မကွေးဝင်းမြင့်နဲ့ မကွေးလှမြင့် (ခ) မကွေးဆုမွန်တို့ (၂) ယောက်က ကန့်ကွက်တယ်လေ။

"မင်းတို့ ကန့်ကွက်လည်း ငါကတော့လုပ်မှာပဲ"

လို့ အစည်းအဝေးကိုဆုံးဖြတ်လိုက်ပြီး မြန်မာပြည်ဆရာဟိန်းနဲ့ ဝင်းနွယ်(သစ်တော) အလှူခံဖို့ တာဝန်ပေးလိုက်တယ်။ မကွေးမြင့်သန်းကို ဘုန်းကြီးများကို ဆွမ်းကပ်ဖို့နဲ့ စာရေးဆရာတွေကိုကျွေးဖို့ တစ်ယောက် (၁၅၀၀)နဲ့ ဒံပေါက်ပွဲ (၂၀) မှာလိုက်တယ်။

မကွေးမြင့်သန်းဆိုတာက မြန်မာပြည်အရပ်ရပ်က လာကြတဲ့ ဘုရားဖူးဧရီးသည်တွေ အလွန်မှအကြိုက်တွေ့တဲ့ (ပြည့်စုံ)ထမင်းဆိုင် ပိုင်ရှင်လေ။ ကျွေးမှာက အာရကျဲဆွမ်း။ လိုအပ်တဲ့ပိုက်ဆံတွေကို အလှူခံ ထွက်ပြီး ပေးမယ်ပေါ့။ အလှူခံရက် (၃)ရက်သတ်မှတ်လိုက်တယ်။







ဒီလိုနဲ့ ပြောကြပါစို့။ ကျွန်တော်တို့က လူမျိုးမရွေး၊ ဘာသာမရွေး ...တွေ၊ ဆိုင်တွေကိုဝင်ပြီး အလှူခံလိုက်တာ ပိုက်ဆံ(၂၀၀၀၀)ကျပ် ...သောင်းရတယ်။ သက်န်း၊ ပရိက္ခရာ အစုံဝယ်တယ်။ သရုပ်အသစ်ကို ...ပြီး နာနာဘာဝတွေကိုဖိတ်ဖို့ ငှက်ပျောသီး၊ အုန်းသီး၊ ဖယောင်းတိုင် ...ဝယ်တယ်။ တရားနာဖို့လည်း အုန်း၊ ငှက်ပျောဝယ်တယ်။

အဲသလိုဝယ်ပြီး ကျွန်တော်နဲ့ ကျန်တဲ့စာရေးဆရာတွေက သရုပ်း ...သွားခဲ့တယ်။ မြန်မာပြည်ဆရာဟိန်းနဲ့ ဝင်းနွယ်(သစ်တော)က အလှူခံ ...တယ်။ ဆရာတော်ဘုရားများကို ဝတ္တုငွေကပ်ချင်လို့ ထပ်ထွက်တာ။ ...တို့က ပထမဦးဆုံး (ခခ) အရေးအခင်းတုန်းက ခေါင်းဆောင်ဖြစ်တဲ့ ...မိုန်) ခေါက်ဆွဲဆိုင်ကို ဝင်တယ်။

"ကိုင်း.. ကိုချစ်မိုန်ရေ၊ ကျွန်တော်တို့ (ခခ) အရေးအခင်းတုန်း ...အသက်စွန့်သွားကြတဲ့ သပိတ်အဖွဲ့ဝင်တွေကို ဆွမ်းသွတ်ပွဲ၊ (ခ.ခ. ...၉) နေ့မှာ လုပ်မှာဗျာ။ အဲဒါ သဒ္ဓါသလောက် ပံ့ပိုးပါဦး" လို့ပြောတယ်။

သိတယ်မဟုတ်လား။ ဆရာဟိန်းက အာပေါင် အာရင်းသန်တယ်။ ...ပြောတာကို ဆိုင်ထဲက လူတွေအားလုံး ကြားတယ်။

တချို့ဆို ကြောက်တောင်နေကြတယ်။

"ဘယ်မှာလုပ်မှာလဲ ဆရာဟိန်းရဲ့.."

"မြောက်စာသင်တိုက်မှာ အာရကျဲဆွမ်း နံနက်(၆)နာရီမှာ လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်များ အားရင် လာခဲ့ဗျာ"

"လာရမှာပေါ့ဗျာ၊ ဒီလိုပွဲမျိုးမှမလာရင် ခေတ်မမီဘဲ ဖြစ်ရတော့ မှာပေါ့။ ကိုင်း... ကိုင်း... ငွေသုံးထောင် ထည့်လိုက်မယ်ဗျာ"

"ကျေးဇူးပဲဗျို့... ကျုပ်တို့ ကြက်သားသည် မာမက်ဆီ သွားလိုက် ဦးမယ်" ဆိုပြီး ဆိုင်က ထွက်ခဲ့တယ်၊ သူတို့ အဲသလို အလှူခံနေတုန်းမှာ ကျွန်တော်တို့က သချိုင်းဇရပ်မှာ အလုပ်ရှုပ်နေပြီလေ၊

"ကိုင်း... တမလွန်ဘဝရောက်နေကြတဲ့ သွေးချင်းသားချင်းတွေ (၈.၈.၁၉၈၉) ရနှစ်မှာ မင်းတို့အတွက် ဆွမ်းသွတ်ပေးမယ်၊ မြောက် စာသင်တိုက်ကို ကြွခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"

"သချိုင်းစောင့် မဖဲဝါ... သင့်အတွက် ကန်တော့ပွဲပေးပါတယ် ကျွန်တော်တို့ပြုလုပ်မယ့် ဆွမ်းသွတ်ပွဲကို သင်ကိုယ်တိုင်လည်း လာရောက် ပြီး သာဓုခေါ်ပါ။ ကျွန်ုပ်တို့ အစီလုပ်မယ့် "ဘီလီနတ်စာ ကျွေးပွဲကြီး" မြောက် အောင် ကူညီပါ။ ကျွန်ုပ်တို့ကိုလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အန္တရာယ်မရှိ အောင် ကူညီစောင့်ရှောက်ပေးပါ"

"ဒီကန်တော့ပွဲဟာ သင့်အတွက် ရည်စူးပါတယ်၊ သင်ကမှတစ်ဆင့် ဘုရားအမှူးရှိသော သံဃာတော်များကို သင်ကသိလ်ရရှိဖို့အတွက် ဆက် လက် လှူဒါန်းပါ" ဟု ပြောကာ ဖယောင်းတိုင်များ၊ အမွှေးတိုင်များ၊ ကွမ်း ဆေး၊ လက်ဖက်အစုံထည့်ပေး၍ လှူခဲ့သည်၊ ထို့နောက် သချိုင်းမြေ သစ်ကိုင်းတစ်ကိုင်းကိုချိုးပြီး သချိုင်းတွင်းရှိသော အုတ်ဂူတော်တော်များ ကို ရိုက်ပြီး -

"မင်းတို့ မနက်ဖြန် နံနက်(၇)နာရီအရောက် မြောက်စာသင်တိုက် ကို လိုက်ခဲ့ကြ၊ ငါတို့ အာရုဏ်ဆွမ်းကပ်ပြီး တရားနာကြမယ်၊ တစ်ခါတည်း လိုက်နိုင်ရင်လည်း လိုက်ခဲ့ကြ..."

ဟုပြောပြီး ရင်းသစ်ကိုင်းကိုယူကာ မြောက်စာသင်တိုက်သို့ ပြန် ခဲ့ပါသည်၊ မြောက်စာသင်တိုက်သို့ ရောက်သော် ဆရာတော်ဘုရားအား နာနာဘာဝများကို ခေါ်ခဲ့ပြီဖြစ်ကြောင်း လျှောက်တင်ရာ ဆရာတော်က ၎ အတွက် သီးသန့်ထားသော တိုက်ကျောင်းရှေ့မှ မာလကာပင်မှာ သစ်ကိုင်း ကို ချိတ်လိုက်ပြီး -





"ဘဝခြားသွားတဲ့ တကာတို့... ဒီနေ့တစ်ည ကျောင်းမှာ တည်းကြ၊ မနက်ဖြန် တရားနာပြီး လွတ်ရာ ကျွတ်ရာကို သွားကြ..." လို့ မိန့်ဆိုပြီး သချိုင်းက ယူလာခဲ့တဲ့ သစ်ကိုင်းကို မာလကာပင်မှာချိတ်ပြီး ကျောင်းထဲသို့ ပြန်ကြွသွားသည်၊

ကျွန်တော်တို့လည်း အလုပ်ရှိသေး သဖြင့် ကိုယ့်အိမ်ကို ပြန်ခဲ့ကြသည်၊ နံနက်စော စောထရဦးမည် မဟုတ်လား။ ကိုယ်က (၄)နာရီ မှာ ထပြီး ဒံပေါက်တွေ သွားယူရမည်၊ (၆)နာရီ မှာ ဆွမ်းကပ်မည်၊ (၇)နာရီမှာ တရားနာမည်၊ နာရီမှာ နာနာဘာဝများကို ပြန်ပို့ရမည်၊

ထို့ကြောင့် စောစောပင် အိပ်ရာဝင် လိုက်တော့သည်၊

ကျေးဇူးပါ ပေတာတို့...

နံနက်အာရုဏ်လင်း (၅)နာရီတွင် မြောက် စာသင်တိုက်သို့ စစ်ကားတစ်စီး ရောက်လာသည်၊ ထိုအချိန်က မကွေးတွင် လျှပ်စစ်မီးက မကောင်း၊ မြောက်စာသင်တိုက်ပတ်ဝန်းကျင်မှာ မှောင်မည်းနေသည်၊

စစ်သား(၁၀)ယောက်ဆင်းလာပြီး ဘုန်းကြီးကျောင်း မှောင်ရိပ် မှာ လူမမြင်အောင်နေရာယူလိုက်ကြသည်၊ တာဝန်အရှိဆုံး စစ်သား တစ် ယောက်က ဆရာတော်ဘုရား၏အခန်းသို့ ဝင်သွားသည်၊

"ဟော... တကာ လာထိုင်..."

ဆရာတော်က ခေါ်ဝတ်ကြိုသည်၊

ဝင်လာသော တာဝန်ခံ စစ်သားသည် ပထမ ဘုရားကိုရှိခိုးပြီး နောက် ဆရာတော်ကိုပါ ဝတ်ပြုလိုက်သည်၊

"ဆရာတော်ကျောင်းမှာ ဒီနေ့ (၈၈)အရေးအခင်းတုန်းက သေဆုံး သူတွေအတွက် ဆွမ်းကျွေးမယ် ကြားရပါတယ်၊ ဟုတ်ပါသလား..." ဟု



www.burmeseclassic.com

www.burmeseclassic.com



ဈေးချောတ်သားရင်း

"မဟုတ်ဘူး တကာ...၊ သေဆုံးပြီးတဲ့ ဘိုးဘွားဘီဘင်တွေ
အစ်တိုမောင်နှမတွေ မကျွတ်သေးရင် ကျွတ်အောင်လို့ ကျွတ်လွှတ်ပွဲ
မှာ၊ အဲဒါကို ဘီလီနတ်စာကျွေးပွဲလို့ ခေါ်တယ် တကာရဲ့"

"တပည့်တော် သိသလောက်တော့ ဒီကိစ္စတွေက ဗုဒ္ဓဘာသာ
တွေက မလုပ်ပါဘူး။ တရုတ်လူမျိုးတွေသာ လုပ်တာပါ.. ဘုရား"

ဟု လျှောက်တင်၏။

"တကာတို့က တိုင်းပြည်အတွက် မအားမလပ် တာဝန်ထမ်းဆော
နေကြတော့ စာဖတ်ချိန်မရဘူး မဟုတ်လား။ အေး.. ဝါတို့ရဲ့ဆရာသ
မင်းကွန်းဆရာတော်ဘုရားကြီးက မင်းကွန်းကျောင်းတိုက်မှာ ပြီးခဲ့တဲ့
တ မကျွတ်မလွတ်သူများကျွတ်လွှတ်ပွဲ (ဘီလီနတ်စာကျွေးပွဲ) အကြီးအကျ
ကျင်းပခဲ့တယ်ကွယ့်"

"ဒါတွေကို ဒီကလေးတွေကသိတော့ သူတို့ရဲ့ဆွေမျိုးသားချ
တွေ ကျွတ်အောင် လွတ်အောင် လုပ်တဲ့ပွဲပါ" ဟု မိန့်ဆို၏။

"တပည့်တော်တို့က တာဝန်အရ လုပ်ရတာပါ.. ဘုရား။ တပ
တော်တို့ကို နားလည်ခွင့်လွှတ်ပေးပါ။ အထက်လူကြီးနဲ့တွေ့ပြီး သူတို့
သူတို့ ဖြေရှင်းပါလိမ့်မယ် ..ဘုရား" ဟု လျှောက်တင်၏။

"အေးကွယ်..၊ အောက်လက်ငယ်သား ဆိုတာကတော့ အထ
က အမိန့်အတိုင်း လုပ်ကြရမှာပေါ့။ ဒါပေမယ့် ဦးပဥ္စင်းအနေနဲ့ တကာ
မိန့်ဆိုချင်တာကတော့ ဒီကလေးတွေကို မရိုက်မနက်ဘဲ အေးအေးချမ်းချ
စစ်ဆေးစေချင်တယ်။ လိုအပ်ရင် ဦးပဥ္စင်းကိုယ်တိုင် မင်းတို့ အထက်လူကြ
နဲ့ တွေ့ပါဦးမယ်"

ဟု မိန့်ဆိုလိုက်ပြီး ဆရာတော်ဘုရားသည် ဘုရားစန်းသို့ဝင်
ကျွန်တော်တို့အတွက် ရည်စူးပြီး ဘုရားရှိခိုး မေတ္တာပို့၍ နေလေတော့၏
ဤသို့ဖြင့် တာဝန်ကျစစ်သားသည် မိမိတို့တာဝန်ပြီးဆုံးသည်အထိ စော
ရှက်ရန် မှောင်ရိပ်ခို၍ ကိုယ်ရောင်ဖျောက်လိုက်လေတော့သည်။





အိပ်ငွေအရျခံရခြင်း..

"ကလင်..ကလင်..ကလင်"

နာရီနှိုးစက်ပေးထားရာ ရည်ရွယ်ချက်ဖြင့် နှိုးစက်မြည်သံကြားသဖြင့်
အိပ်ရာမှ ကမူးရှူးထိုးထပိ၏။ နာရီကြည့်လိုက်တော့ (၅)နာရီထိုးနေပြီ။
နှိုးစက်ပေးထားသည်က (၄း၃၀)နာရီခွဲ။ နှိုးစက်မြည်လာတာက (၅)နာရီ၊
မိနစ်နောက်ကျမှ နိုးတော့သည်။

တိုင်ပင် သိစ်မကိုက်တော့သဖြင့် ရေမြန်မြန်ချိုးပြီး "ပြည့်စုံ"
ထမင်းဆိုင်သို့ စက်ဘီးကို အမြန်နင်းကာ လာခဲ့ရသည်။ ပြည့်စုံထမင်းဆိုင်
ရောက်တော့ (၅း၃၀)နာရီခွဲ။ နာရီဝက်ပဲ လိုတော့သည်။

ကျောင်းက ပြည့်စုံထမင်းဆိုင်နှင့် ကတ္တရာလမ်းသာခြား၍ ကိုစွ
မျှ မိုနိုင်သည်။ တံခါးပိတ်ထားသော ပြည့်စုံထမင်းဆိုင်ကို မြင်လိုက်ရ
တော့ ရင်ကို မောသည်ထက် မောစေတော့၏။ ကျွန်တော်နှင့် ရှေ့ဆင့်
နောက်ဆင့် စာရေးဆရာများရောက်လာကြသည်။

"ဘယ်လိုဖြစ်တယ်မသိပါဘူး ..ကိုညိုစိမ့်ရာ၊ ခါတိုင်းဆိုရင် နှိုး
စက်ပေးမထားရဘဲတောင် (၄)နာရီမှာ နိုးတယ်၊ ရေချိုး၊ ဘုရားရှိခိုးပြီးမှ
ကိုယ်လုပ်စရာရှိတာ လုပ်တာဗျာ..၊ ဒီနေ့တော့ ထူးထူးခြားခြား အိပ်ငွေချ
အားခံရသလို အိပ်လိုက်တာ တရေးမှကို မနိုးဘူးဗျ" ဟု ရောက်မဆိုက်
ဆရာဟိန်းက ပြောသည်။

တခြားစာရေးဆရာတွေကလည်း ဆရာဟိန်းနည်းတူ ပြောကြ
၏။ (၄)နာရီ နှိုးစက်ပေးထားတာ နာရီအားလုံးက (၅)နာရီမှ မြည်သဖြင့်
အားလုံး အမောတကော မကွေးမြင့်သန်းထံသို့ လာရောက်ကြခြင်းဖြစ်၏။

စာရေးဆရာအားလုံး တညီတညွတ်းတည်း ပြောတဲ့စကားက
တော့ - "ကျွန်တော်တို့ အိပ်ငွေအရျခံလိုက်ရတယ် ထင်တယ်ဗျ" ဟု၍
ဖြစ်၏။

"ကိုမြင့်သန်းလည်း အိပ်နေတယ် ထင်တယ်..၊ နှိုးကြစမ်းပါဦး"

ဟု ကျွန်တော်ကပြောသဖြင့် ကိုမြင့်သန်း၏အိမ်တံခါးမကြီးကို
ဘုန်းဗုန်းထုကြတော့သည်။

www.burmeseclassic.com

ပြည့်စုံထမင်းဆိုင်နှင့် ကပ်လျက်မှာ ကိုဆန်းကျော် မုန့်ဟင်းခါး ဆိုင်ရှိသည်။ ထိုဆိုင်သည် နံနက် (၃း၃၀)နာရီခွဲဆိုလျှင် ဆိုင်ဖွင့်ပြီး နံနက် (၄)နာရီ၊ (၅)နာရီဆိုလျှင် ထိုင်စရာတောင် မရှိအောင် စားသုံးသူ ပြည့်ကြ နေ၏။ ၎င်းတို့က ကျွန်တော်တို့အား နားမလည်စွာကြည့်ကြ၏။ ဘာဖြစ်ကြ တာလဲပေါ့။

ကျွန်တော် တဝုန်းဝုန်းထုလိုက်မှ အတွင်းက မကွေးမြင့်သန်း တံခါးထဖွင့်ပြီး -

" Sorry ဆောရီးပဲ ကိုညိုစိမ့်ရေ ..၊ ကျွန်တော် နာရီနှိုးစက်ပေး ထားတာ ရပ်နေတယ်ဗျာ၊ နာရီခလုတ်ခဲ အားကုန်သွားတယ် ထင်တယ်၊ ကျွန်တော်လည်း အရကမှန်းလို့ ဒံပေါက်ဆက်ချက်နေပါတယ်" လို့ အားနာ တဲ့ မျက်လုံးတွေနဲ့ ကျွန်တော်တို့ကို တောင်းပန်ပြော ပြောပါတယ်။

"အာရုဏ်ဆွမ်း မီပါဦးမလား"

"(၇)နာရီမှာတော့ လှူနိုင်မှာပါ။ မုန့်ဟင်းခါးစားပြီး စောင့်ကြ ဦးဗျာ" ပြောလို့ ကျွန်တော်တို့ နာရီဝက်လောက်စောင့်လိုက်ရတယ်၊ အမှန် က ညကတည်းက ချက်ပြီးသားပါ။ ကြက်သားတွေ၊ ထမင်းတွေ ပြန်ပူလာ အောင်နဲ့ ဒံပေါက်နပ်အောင် မီးပူပြန်ပေးရုံပါပဲ"

(၇)နာရီထိုးတော့ ဒံပေါက်အိုးတွေ စက်ဘီးပေါ်တင်ပြီး ဘုန်းကြီး ကျောင်းထဲကို ဝင်ခဲ့ကြတယ်၊ နေက ထွက်နေပြီ၊

"တကာတို့ သူတို့နဲ့ မတွေ့ကြဘူးလား"

လို့ ဆိုင်းမဆင့်၊ ဗုံမဆင့် ဆရာတော်က မေးတယ်၊

"နာနာဘာဝတွေနဲ့လား ဘုရား" လို့ ကျွန်တော်က မေးတော့ -

"နာနာဘာဝတွေထက် ကြောက်စရာကောင်းတဲ့ လူတွေနဲ့တွေ့" လို့မေးတယ်၊

"တပည့်တော်တို့ နားလည်အောင် ပြောပြပါ ဆရာတော်ဘုရား" လို့ လျှောက်တင်တော့ -

"ဘယ်သူကသွားပြီး ရှုပ်တုန်းလုပ်တယ် မသိပါဘူး .. တကာတို့ ရယ်၊ မင်းတို့အဖွဲ့က (၈၈)အရေးအခင်းတုန်းက သေဆုံးသွားတဲ့လူတွေ အတွက် သပိတ်သွတ်ဆွမ်းကျွေးတယ်ဆိုပြီး ဖမ်းဖို့ တပ်ကတာဝန်ရှိတဲ့သူ







တွေ လာစောင့် နေတာကွ၊ နေထွက်လာ ပြီး မင်းတို့ ပွဲပျက်တယ် မှတ်လို့ ပြန်သွားကြတယ် ထင်ပါ့၊ ကဲ .. ကဲ အချိန်မရှိဘူး၊ ဒို့လုပ်ငန်း၊ ဒို့ ဆက်လုပ်ကြစို့" လို့ ဆို၍ စားသောက်ဖွယ်ရာများ အမြန်ပြင်ပြီး ဆွမ်းကပ်ကြရလေ၏၊

ဆရာတော်များ ဆွမ်းဘုန်းပေးပြီးသောအခါ အချိုပွဲများ တည်ခင်း ၏၊ ထိုအချိန်က သရက်သီးမှည့်များ၊ ပေါ်လေရာ အချိုပွဲတွင် သရက်သီးမှည့် များကို စနစ်တကျလှီးဖြတ်ပြီး စားပွဲခုံနှင့်အပြည့် ပြင်ဆင်ထား၏၊

"တကာတို့ .. ဦးပဥ္စင်းတော့ စိတ်မကောင်းပါဘူး။ တကာတို့ စိတ် ထဲမှာ ကိုယ့်အပေါင်းအသင်းထဲက ကိုယ့်ကိုမလိုလားသူတွေက ချောက် ချွန်းတယ်လို့ ထင်ကြလိမ့်မယ်"

"အဲသလိုထင်လိုက်ရင် မစ္ဆာရိယစိတ်ဝင်သွားပြီး ဒီအလှူပွဲ ပျက် သွားလိမ့်မယ်၊ ကုသိုလ်မရဘဲ နေကြလိမ့်မယ်၊ အဲဒီ စိတ်မမွေးကြနဲ့၊ မွေး မယ်လို့ စိတ်ထဲထင်လာရင်တောင်မှ ဖယ်လိုက်ကြ"

"မင်းနားတစ်ထောင်၊ မင်းမြှောင်တစ်သိန်းတဲ့ .. တကာတို့ရဲ့ တကာတို့ကတော့ ဘယ်သူမှမရှိဘူးလို့ထင်ပေမယ့် တကာတို့ပြောတဲ့ စကားက မကြားစေချင်တဲ့လူဆီကို ဒါရိုက်ရောက်တော့တာပဲ"

"ဒီတော့ တော်တော်တန်တန်စကားကို ဆင်ခြင်ခြင် ပြောကြ ... ကဲ တရားနာမယ်၊ တို့မိတ်ဆွေတွေကို ဒီထဲခေါ်ခဲ့ကြတော့" ဟု မိန့်ဆို သဖြင့် သချိုင်းမှယူလာသော သစ်ကိုင်း၊ မာလကာပင်မှဖြတ်ယူရန် ကျွန် တော်သွားခဲ့၏၊

"ဟာ .. လာကြည့်ကြစမ်းပါဦးကွ"

"ဘာဖြစ်လို့လဲ .. ကိုညိုစိမ့်"



www.burmeseclassic.com

www.burmeseclassic.com





"ငါတို့ယူလာတဲ့ သစ်ကိုင်းမှာ ယင်မည်းကြီးတွေ ဖော့..၊ သစ်ကိုင်းတောင်မှ မမြင်ရတော့ဘူး"

"ယူစမ်း.. တကာ.. ယူစမ်း၊ အဲဒါ မင်းတို့ခေါ်လာတဲ့ နာနာဘာဝတွေပဲတွ" ဟု ဆရာတော်ဘုရားက မိန့်ဆိုသဖြင့် ကျွန်တော် ထိုသစ်ကိုင်းကို သာသာတလေးဖွဖွကိုင်ကာ ယူခဲ့၏။

ဆရာတော်မိန့်ဆိုသည်မှာ မှန်နိုင်၏။

ရိုးရိုး ယင်ကောင်တွေဆိုလျှင် လူလာသည်နှင့် ထ၍ပျံသွားကြမည်ဖြစ်၏။ ထိုယင်မည်းများမှာ တုတ်တုတ်ပင်မလှုပ်ဘဲ ကျွန်တော်သယ်ဆောင်ရာသို့ ငြိမ်သက်စွာ လိုက်လာကြ၏။

သရက်သီးမှည့်တို့မည်သည် ယင်ကြိုက်သော အရာဖြစ်၏။ သရ ယင်မည်းများမှာ အိမ်ခြွေရှိလှ၏။ တစ်ကောင်မှ ဆရာတော်ဘုရားတို့အတွက် ရည်ရွယ်ထားသော အချိုပွဲဆီသို့ မပျံကြ၊ မနားကျ။ သစ်ကိုင်းနဘယ်မှ မခွာကြပေ။

ကျွန်တော်သည် ယင်မည်းများ နားမိနေသောသစ်ကိုင်းကို ရထားသော ရေစက်ခွက်အနီးသို့ ချပေးပြီး -

"မင်းတို့လည်း ရေစက်ချဖို့ ပြင်ကြ.." လို့ ယင်မည်းများကို ပြောလိုက်၏။

ဆရာတော်ဘုရားကို ဩကာသအစပြု၍ ရှိခိုးကြ၏။ ငါးပါးသီလ ခံယူပြီးနောက် ကျွန်တော်တို့စာရေးဆရာများ ကျောင်းတွင်း ဥပုဒ်ယူ၏





ဆို့နောက် ဆရာတော်ဘုရားသည် ဝိပဿနာတရားကို ရှင်းပြပြီး မကျွတ်မလွတ်သူများအတွက် ဆုတောင်းပေး၏။

မကျွတ်မလွတ်သူတို့အတွက် အမျှဝေ၊ ရေစက်ချရန် ပြင်ဆင်ရာတွင် ယင်ကောင်များရှေ့မှ ရေစက်ခွက်ကို ကျွန်တော်ကိုင်မြှောက်ပြီးနောက် -

"ကဲ - မကျွတ်မလွတ်ကြသေးသော ပြိတ္တာအပေါင်းတို့..။

ဒီရေစက်ခွက်ဟာ သင်တို့အတွက် ရည်စူးထားခြင်းဖြစ်တယ်၊ သင်တို့ရဲ့ကိုယ်စား၊ ကျွန်တော်ကလုပ်ကိုင်ပေးမှာ၊ ဒီရေစက်ခွက်ကို အာရုံထားကြတော့.." လို့ပြောပြီး ရှေ့မှ ဆရာတော်ဘုရား တိုင်ပေးတဲ့အတိုင်း ကျွန်တော်က လိုက်ဆိုခဲ့ပါသည်။

ယင်ကောင်အားလုံး တုတ်တုတ်မျှမလှုပ် ငြိမ်နေကြပါသည်။

ဆရာတော်က ရေစက်ချ၊ အမျှဝေပြီးသောအခါ -

"ကြားကြားသမျှ သတ္တဝါအပေါင်းတို့.."

"အမျှ.. အမျှ.. အမျှ.. ပေးဝေပါတယ်"

"သာဓု.. သာဓု.. သာဓု" ခေါ်ကြပါလို့ မိန့်မြွက်တော့၊ ကျွန်တော်တို့က "သာဓု" (၃)ကြိမ်ခေါ်ပါတယ်။

အဲဒီအချိန်မှာ ယင်ကောင်တွေက "သာဓု.. သာဓု.. သာဓု" ဆိုတဲ့အပိုဒ်မှာ တဝုန်းဝုန်းနဲ့ (၃)ကြိမ်ထပျံပြီး၊ သစ်ကိုင်းမှာ ငြိမ်သက်စွာနားကြပြန်ပါတယ်။

သူတို့က "သာဓု" လို့ခေါ်တဲ့ သဘောပေါ့။

"ကိုင်း.. တကာညီ့စိမ့်၊ မင်းသူငယ်ချင်းတွေကို သူတို့နေရာပြန်ပို့လိုက်တော့.." လို့ မိန့်တော့ -

"တစ်ချိန်က ဆွေမျိုးတော်ခဲ့ကြဖူးတဲ့ သူငယ်ချင်း၊ အစ်ကို၊ အစ်မ၊ အမေ၊ အဖေ၊ ဘိုးဘွားအပေါင်းတို့.. ဒီနေ့မနက်မှာ နာရီတွေပျက်ပြီး ငါတို့ကို အိပ်ငွေ့ကျော အန္တရာယ်မှလွတ်ကင်းအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်"


"ရန်ကိုရန်ခြင်း မတုန့်နှင်းပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှုန်ကွန်းလုပ်ခဲ့တဲ့ မနာလိုဝန်တိုခဲ့သူများကို ငါတို့စာရေးဆရာအပေါင်းက ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com





ပါတယ်၊ မင်းတို့တစ်ယောက်မကျန် ပြန်ကြတော့ ..၊ ဆရာတော်ဘုရားတာ ဒီကျောင်းထဲမှာ မင်းတို့တစ်ယောက်မှ နေခွင့်မရှိဘူး၊ ပြန်ကြတော့ ..”

“မင်းတို့ ကျန်းမာချမ်းသာပြီး ဘဝကူးကောင်းကြပါစေ” လို့ ကျွန်တော်တပြောလိုက်တော့ ယင်ကောင်တွေဟာ (ဆိုက်ကလုံး) မုန်တိုင်း တိုက်သလို ဝုန်းတနဲထပျံကြတယ်၊

နောက်ပြီး ဆရာတော်ဘုရားကြီးနဲ့ ကျွန်တော်တို့ကို (၃)ပတ်၊ ရစ်ပတ်ပျံသန်းပြီး ပြတင်းပေါက်ကနေ သချိုင်းအသစ်ဆီကို ရှေ့ရှုပျံသန်း သွားကြပါတော့တယ်၊

“ကိုင်း .. တကာ၊ ဒီသစ်ကိုင်းကို သချိုင်းပြန်ပို့ပေးလိုက်၊ ဒီ သစ်ကိုင်းရှိရင် သူတို့ပြန်ပြီး လာလို့ရတယ်၊ မင်းတို့လုပ်ချင်တာ အောင်မြင် အောင် လုပ်နိုင်ခဲ့လို့ ဝမ်းသာတယ်” လို့ မိန့်ဆိုပါတယ်၊

နောက်နေ့မနက်မှာ (တဝတ)ဥက္ကဋ္ဌကြီး၊ ဗိုလ်မှူးကြီး(မောင်ပါ)၊ ရန်ကုန်တိုင်းမြို့တော်ဝန် ဒုဥက္ကဋ္ဌက ဒီကိစ္စနဲ့ပတ်သက်ပြီး (တဝက)ရုံးခန်း မှာ ခေါ်တွေ့ပါတယ်၊ ထိုစဉ်က မကွေးတိုင်း (တဝက)ဥက္ကဋ္ဌမှာ ဗိုလ်မှူး ကြီး မောင်ပါဖြစ်ပါတယ်၊ ဒီကိစ္စလုပ်ရခြင်းရဲ့ရည်ရွယ်ချက်ကို မေးပါတယ်၊ ကျွန်တော်က -

“ရှေ့တန်းမှာ ကျဆုံးခဲ့တဲ့ တပ်မတော်သားတွေ”

“(၈၈) အရေးအခင်းမှာ အသက်ပေးသွားတဲ့လူတွေ”

“ဖျားလို့ နာလို့ ကားမှောက်လို့ တိုက်လို့ သေတဲ့လူတွေ၊ ဘယ်လို နည်းနဲ့ပဲ သေသေ၊ တရုတ်လူမျိုး၊ ကုလားလူမျိုး၊ မြန်မာလူမျိုးအားလုံးနဲ့





ကျွတ်မလွတ်နေသေးတဲ့ပြိတ္တာအားလုံးအတွက် ကျွတ်အောင်လွတ်အောင် ဆုတောင်းပွဲ (ဘီလီနတ်စာကျွေးပွဲ) လုပ်ပေးတာပါ”

“ကျွန်တော်ဟာ ယခုလက်ရှိ မကွေးတိုင်း၊ စာပေစာနယ်ဇင်းနဲ့ သဘင်ဥက္ကဋ္ဌပါ၊ လက်ရှိ စာပေသမား၊ သဘင်သမားတစ်ယောက်ဖြစ်တဲ့ အတွက် မည်သူ့ပါတီ၊ မည်သူတစ်ဦးတစ်ယောက်ရဲ့ပယောဂမှ မပါပါဘူး၊ ကိုယ်သဘောနဲ့ကိုယ် စိတ်ကူးပေါက်ပြီး လုပ်ခဲ့တာပါ” လို့ ပြောကြားလိုက် ပါတယ်၊

တကယ့် နိုင်ငံ့ခေါင်းဆောင်စစ်စစ်တွေဟာ သဘောထားအလွန် ကြည့်ဝပါတယ်၊ ကိုယ့်ဘက်က မှန်မှန်ကန်ကန်တင်ပြနိုင်ရင် တကယ်လည်း သဘောရိုးအမှန် ဖြစ်ရပါမယ်၊ သည်းခံခွင့်လွှတ်ရှုတင်မက လိုအပ်တာများ တိုပင် ကူညီကြပါတယ်၊

ဗိုလ်မှူးကြီးမောင်ပါနှင့် အခွင့်အရေးရတုန်း တွေ့ရိုက်မှာ မကွေး ဆွဇင်းထုတ်ဖို့ ငွေ (သုံးသိန်း) ကျွန်တော်တောင်းခဲ့ပါတယ်၊ ထိုခေတ်က ငွေသုံးသိန်းမှာ ယခုခေတ် (စူပါကာတ်)ကားတစ်စီး တန်ဖိုးရှိပါတယ်၊

“ချက်ချင်းပဲ .. ကောင်းအောင်လုပ်” ဆိုပြီး ငွေသုံးသိန်း ထုတ်ပေး ပါတယ်၊ ကျွန်တော်လည်း မကွေးမဂ္ဂဇင်းတစ်အုပ် ထုတ်နိုင်ခဲ့ပါတယ် ခင်ဗျား ..၊

အမှန်ပြောရရင်တော့ ဒီပြဿနာတွေအားလုံးဟာ -

“ကျုပ်လုပ်တာပါဗျာ” လို့ ဝန်ခံပါရစေ၊

www.burmeseclassic.com

www.burmeseclassic.com



# အုပ်စုလိုက်ခရီးသွားတတ်သော ငါးရှဉ့်များ



ငါးရှဉ့်များဟာ ရေချို၊ ရေငံမှာ နေထိုင်တတ်တဲ့ ငါးမျိုးစိတ်ဝင်များဖြစ်ပါတယ်။ တချို့က သူတို့ကို ရေမြွေနဲ့မှားတတ်ကြသလို၊ ငါးလို့ မထင်ကြသူများလည်း ရှိပါတယ်။ ဒါပေမယ့် ငါးရှဉ့်ဟာ ငါးရှဉ့်လို့ပဲ မှတ်သားလိုက်ကြဝါ။

မြန်မာနိုင်ငံမှာတော့ ငါးရှဉ့်မျိုးစိတ်(၃)မျိုးကိုသာ တွေ့ရပါတယ်။ အမ်ဗီနပ်ကုရှိယားဆိုတဲ့ ငါးရှဉ့်မျိုး၊ အင်ဂွီလားဗင်ဂလန်ဆစ်ဆိုတဲ့ ငါးမြီးထောင်မျိုးနဲ့ အင်ဂွီလားဗိုင်ကာလာဆိုတဲ့ ငါးရှည်ကျားမျိုးတို့ ဖြစ်ပါတယ်။ ပထမနှစ်မျိုးက ရေချိုငါးရှဉ့်မျိုးဖြစ်ပြီး တတိယအမျိုးအစားကတော့ ပင်လယ်ငါးရှဉ့်မျိုး ဖြစ်ပါတယ်။

ငါးရှဉ့်အသားဟာ အင်မတန်အရသာရှိတာကြောင့် ဈေးကြီးတဲ့ အစားအသောက်တစ်မျိုးဖြစ်သလို၊ သွေးအားကိုလည်း အလွန်ကောင်းစေပါတယ်။ ငါးရှဉ့်ကို ကြော်၊ ချက်၊ ခြောက်စပ် အမျိုးမျိုးလုပ်ပြီး စားသောက်ကြပါတယ်။ ငါးရှဉ့်ကိုဖမ်းတဲ့အခါမှာ နစ်ခွချွန်တုတ်ချောင်းနဲ့ ရွှံ့ထဲကိုထိုးပြီး ဖမ်းဆီးရပါတယ်။

ဒီလိုထိုးလိုက်တဲ့နေရာမှာ မြွေလား၊ ငါးရှဉ့်လား ခွဲခြားနိုင်ဖို့ နစ်ခွချွန်တုတ်ချောင်းကို လှည့်ပေးရပါမယ်။ လှည့်ပြီးတဲ့အခါမှာ တုတ်လေး ပြန်လည်တဲ့အခါ ခပ်မြန်မြန်လည်နေရင် ငါးရှဉ့်၊ နှေးနှေးပဲလည်ရင် မြွေလို့ သိနိုင်ပါတယ်။ ဒါကတော့ သုတအနေဖြင့် မှတ်သားနိုင်ဖို့အတွက် ဖြစ်ပါတယ်။



တကယ်တမ်းမှာ ငါးရှဉ့်များဟာ ရေချိုသားများသာဖြစ်ပြီး ဆောင်းဦးပေါက်ချိန်ရောက်မှသာ မြစ်ချောင်းများမှတဆင့် ပင်လယ်ထဲသို့ ဆင်းသက်ကြတဲ့ အလေ့ရှိပါတယ်။ နေ့အခါမှာ ရွှံ့ထဲမှာ ပုန်းအောင်းနေတတ်ပြီး ညအခါရောက်မှသာ ခရီးသွားလေ့ရှိပါတယ်၊

သွားလာတဲ့အခါမှာလည်း အဖော်အပေါင်း၊ အုပ်စုလိုက် သွားလာတတ်တာကြောင့် သူတို့ကိုဖမ်းဆီးရမိဖို့ အလွန်လွယ်ကူပါတယ်။ ပင်လယ်ထဲကိုရောက်ချိန်မှာလည်း ကမ်းခြေတစ်လျှောက်မှာသာမက ရေနက်ပိုင်းနေရာတွေမှာလည်း ကျက်စားလေ့ရှိပါတယ်။

ပင်လယ်ထဲမှာ ဥများဥတတ်ပြီး ငါးရှဉ့်ဥတွေဟာ အကာတွယ်မဲ့မျောနေတာကြောင့် ပင်လယ်သတ္တဝါများက စားသောက်ပြီး အဲဒီက ကျန်ရစ်တဲ့ဥကနေ အကောင်ပေါက်လာတဲ့ ငါးရှဉ့်များသာ အသက်ရှင်သန်ခွင့်ရပါတယ်။

ငါးရှဉ့်ငယ်ဟာ ငါးရှဉ့်ကြီးအဖြစ် ပြောင်းလဲသွားတာနဲ့ ရေချိုရပ်များကို ခရီးပြန်လည်ထွက်ခွာပါတယ်။ ရေချိုဒေသများဖြစ်တဲ့ ချောင်းမြောင်းအင်းအိုင်ထဲရောက်တာနဲ့ သူ့ခန္ဓာကိုယ်ဟာ ထပ်မံကြီးထွားလာပါတယ်။ ငါးရှဉ့်မှာ ကျဉ်းမြောင်းတဲ့ ဦးခေါင်း၊ တိုတဲ့မေးရိုးနဲ့ ရှည်လျားသော ကိုယ်ရှိပါတယ်။ လည်မျိုနားမှာ ဆူးတောင်(၂)ခုရှိပါတယ်။ ရိုးရိုး ငါးရှဉ့်တစ်ကောင်ဟာ အလျား(၂)ပေမှ(၃)ပေအထိ ရှိတတ်ပြီး ပင်လယ်နေ ငါးရှဉ့်များကတော့ (၆)ပေကျော်အထိ ရှည်လျားပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





# သားသမီးဇော

ရွှေအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထောင်မှာ လယ်ကိစ္စနှင့်
မအားသောကြောင့်
မသိသော်လည်း ဒေါ်ရင်ကြည်မှာ
မိမိ ချွေးမဖြစ်သူ၏စိတ်ထားကို
ရိပ်မိသိရှိလေ၏ ။

"အမေရယ် ကျွန်မ ခုတလော အရမ်းမောတာပဲ၊ အားနည်းနေတယ်ထင်တယ် အမေရဲ့.."

ပြောလိုက်တဲ့သူက လက်ရှိချွေးမ ခင်မာအေး။

ဒေါ်ရင်ကြည်၏ စိတ်ထဲမှာ ခင်မာအေးကို သဘောမကျသော်လည်း သားဖြစ်သူ၏ မျက်နှာကြောင့် ဘာမှမပြောသာ။

ပြီးတော့ ခင်မာအေး၏စရိုက်ကိုလည်း ဒေါ်ရင်ကြည်သဘောမကျ၊ အမှန်တကယ်တော့ အပြောအဆို၊ အသွားအလာ အကုန်လုံးကို သဘောမကျခြင်းပင်။

"အေး.. အားနည်းနေရင်လည်း ဆေးခန်းမှာ အားဆေးသွားထိုးပေါ့ဟယ် ..၊ ကျုပ်ကိုလာပြောတော့ ကျုပ်က ညည်းကို ဘာလုပ်ပေးလို့ရမှာလဲ"

"မဟုတ်ပါဘူး၊ အမေကလည်း အမေ့ကို ဘာမှမလုပ်ခိုင်းပါဘူး၊ ကျွန်မ ခုတလော မောနေလို့ အိမ်အလုပ် သိပ်မလုပ်နိုင်ဘူးလို့ ပြောတာပါ၊ အမေကလည်း စိတ်ကြီးပဲ"

ခင်မာအေးမှာ ဒေါ်သကလေးနှင့်ပြောပြီး အိမ်ရှေ့သို့ ထွက်သွားသည်၊ ဒါပေမဲ့လို့ နွဲ့တဲ့တဲ့၊ စပ်ကြွမ်းကြွမ်း ဒေါ်သထွက်လိုက်ပါက ယောက်





ဖြစ်သူ ဖိုးထောင်က နေမှာမဟုတ်၊ ကိစ္စကလည်း အရေးမကြီးတော့ စိတ်ထဲမှာလည်း မထားတော့၊ ဒါပေမယ့်လို့ ယောက္ခမဖြစ်သူကို သိပ်မကျေနပ်၊

ယောက္ခမဖြစ်သူ ဒေါ်ရင်ကြည်က အရင်ချွေးမ မအေးလှကိုတော့ ချစ်သည်၊ ကြည်ဖြူသည်၊ မအေးလှကိုစွမ်းသမျှ အကုန်စိတ်ပူပေးသည်၊ မအေးလှ ပါးစပ်ဟလိုက်တာနဲ့ မအေးလှ စိတ်တိုင်းကျ။

ခင်မာအေးမှာလည်း ဒေါ်ရင်ကြည်ရဲ့ချွေးမပါပဲ၊ ဒါပေမဲ့ ဒေါ်ရင်ကြည်က ဂရုတောင်မစိုက်၊ စကားတောင် မပြောချင်ပြောချင်၊ မလွှဲသာ၍ ပြောနေရခြင်းဖြစ်မှန်းလည်း ခင်မာအေးသိသည်၊ သိလျက်နဲ့လည်း ခင်မာအေးတို့က ရှက်ရွံ့ခြင်း မဖြစ်၊ စပ်ပြောင်ပြောင်ပဲ၊

ဒေါ်ရင်ကြည်ကို အမှုအရာမပျက် စကားပြောသည်၊ ဒေါ်ရင်ကြည်ပြောချင်ချင်၊ မပြောချင်ချင် ခင်မာအေးဂရုမစိုက်၊ ဘာကြောင့်လဲဆိုတော့ ခုလက်ရှိချွေးမက အေးလှမဟုတ်၊ ခင်မာကြည်း

၈

ကိုဖိုးထောင်မှာ သရက်ရွာက တံငါသည်တစ်ယောက်၊

အဖေမသေခင်ကတည်းက ဖိုးထောင် အဖေနှင့်ငါးဖမ်းလိုက်နေကျ၊ ဖိုးထောင်အဖေသေတော့ ဖိုးထောင်ပင် အဖေ၏တံငါသည်ဘဝကို ငယ်ငယ်ရွယ်ရွယ်နှင့်ဆက်ခံရင်း အမေ့ကိုလုပ်ကျွေးသည်၊

ဖိုးထောင်မှာ တစ်ရွာတည်းနေသူ မအေးလှနှင့် ချစ်ကြိုက်မိသည်၊ မအေးလှက သူဌေးသမီး၊ ရွာမျက်နှာဖုံး ဦးအေးတင်၏သမီး ဖြစ်သည်၊ ဦးအေးတင်ပိုင်သည့် လယ်တွေက ရွာမှာ လက်ညှိုးထိုးမလွဲ၊ ဦးအေးတင်မှာ သဘောမတူချင်သော်လည်း သမီးဖြစ်သူက ချစ်ကြိုက်နေသည့်အတွက် ဖိုးထောင်ကို သားမက်တော်ခဲ့ရသည်၊


တံငါသည် ဖိုးထောင်ဘဝမှ သူဌေးသားမက်ဖိုးထောင် ဖြစ်လာခဲ့သည်၊ ဦးအေးတင်က သားမက်ဖြစ်သူအား လယ်ကို ဦးစီးဦးဆောင်လုပ်နိုင်းသည်၊ ဖိုးထောင်ကလည်း ကြိုးကြိုးစားစားလုပ်သည်၊ ဖိုးထောင်နှင့် အေးလှ အိမ်ထောင်သက်တမ်း (၃)နှစ်အတွင်းမှာပင် သားဦးလေးတို့ရလာသည်၊



www.burmeseclassic.com

www.burmeseclassic.com





နာမည်ကိုတော့ ရန်ပိုင်လို့ ပေးလိုက်သည်။ ဦးအေးတင်မှာ မြေးဦးလေးကို အလွန်ချစ်ရှာလေသည်။ လက်ကကို မချ။ ရန်ပိုင် တစ်နှစ်မပြည့်မီမှာပင် ဦးအေးတင် လူကြီးရောဂါနှင့် ဆုံးပါးသွားသည်။ ဖခင်ဦးအေးတင်ဆုံးပြီး မကြာခင်မှာပင် မအေးလှက ဒေါ်ရင်ကြည်ကို ယောကျ်ားဖြစ်သူ တို့ ဗိုးထောင်နှင့် အရင်နေခဲ့သောတဲမှ အိမ်ပေါ်သို့ ခေါ်တင်ထားလေ၏။

ဒေါ်ရင်ကြည်မှာ သူဌေးသမီးနှင့်ပေးစားလိုက်ရသော်လည်း မိမိတို့က ဆင်းရဲသည့်အတွက် သားဖြစ်သူ မျက်နှာငယ်မည်စိုးသောကြောင့် ရွှေမအိမ်သို့ မျက်နှာပင်မပြ။ မအေးလှကလည်း ယခင်က ဖခင်ကိုကြောက်ရသည့်အတွက် ဖာသိဖာသာနေခဲ့သော်လည်း ယခုမူ ယောက္ခမနှင့်ရွှေမ ဆက်ဆံရေးကား သားအမိအရင်းနှင့် မခြား။ ဗိုးထောင်ပင် မနာလိုဖြစ်စေ၏။

ဗိုးထောင်မှာ သားဖြစ်သူ ရန်ပိုင် (၃)နှစ်အရွယ်ရောက်တော့ အရက်သောက်တတ်လာသည်။ အစပိုင်းမှာတော့ ဟိုလူခေါ် သည်လူခေါ်ဆိုတော့ အားနားပါးနာနှင့် တစ်ခွက်၊ နှစ်ခွက်သောက်သည်။ နောက်ပိုင်းမှာတော့ မိမိကပင် အရက်တကာ၊ မိမိကပင် သူများကို အရက်ခေါ်တိုက်သည့်သူ ဖြစ်လာသည်။

ဗိုးထောင်မှာမူးပြီး အိမ်ပြန်လာသည့်ရက်က များလာသည်။ မိခင်ဖြစ်သူ ဒေါ်ရင်ကြည်မှာလည်း သားဖြစ်သူကို ပြောရပါများလွန်းလို့ မောပြီး မပြောနိုင်တော့ချေ။ ဗိုးထောင်မှာ နောက်ပိုင်း အရက်ကိုစွဲလမ်းလာတာ အရက်ချီးဖြစ်လာ၏။

အေးလှမှာ မယားအလိမ္မာ ပီသ၏။ ဗိုးထောင်ပြန်လာလျှင် ဘာမှမပြော၊ မူးပြီးရမ်းလျှင်လည်း ငြိမ်ခံနေ၏။ ဗိုးထောင်မှာလည်း နောက်ပိုင်း အိမ်ပင် ပြန်မလာတော့၊ အရက်ဆိုင်ကို အိမ်လုပ်၍ နေလေတော့သည်၊ အေးလှပင် လယ်ယာများကို ဦးစီးဦးဆောင်ပြုရတော့၏။ မအေးလှမှာ မိန်းမသားဖြစ်လင့်ကစား နေပူမရှောင်၊ မိုးရွာမရှောင် လယ်ယာခွင်ထဲမှာ အလုပ်သမားများနှင့် နပန်းလုံးနေရ၏။

လယ်ယာတွေကလည်း များ၊ အလုပ်သမားတွေကလည်း များသည့်အတွက်ကြောင့် စီမံခန့်ခွဲရသည်မှာ မလွယ်ကူ။ မအေးလှမှာ ပင်ပန်းသည့်ဒဏ်ကြောင့် အပျင်းဖျားတော့သည်။ ထိုအခါမှ ဗိုးထောင်မှာ အိမ်ပြန်လာတော့သည်၊ မအေးလှမှာ ဖျားသည့်အပြင် အားကလည်း နည်းသည့်အတွက် တော်တော်နှင့် နာလန်မထူနိုင်ချေ။ ထိုအခါမှ ဗိုးထောင်မှာ အသိစိတ်ပြန်ဝင်လာပြီး လယ်ယာကို ပြန်လည်ဦးစီးတော့သည်။

မိန်းမဖြစ်သူ မအေးလှကိုလည်း အရက်ဖြတ်တော့မည်ဟု ကတိပေးလေ၏၊ တစ်လလောက်ကြာသောအခါ မအေးလှမှာ ပြန်လည်ကျန်းမာလာတော့သည်၊ ရန်ပိုင် (၄၅)နှစ်ရှိသောအခါ မအေးလှမှာ ကိုယ်ဝန်ထပ်ရလာပြန်သည်။ ဗိုးထောင်ရော အေးလှပါ ဒုတိယကလေးကို မိန်းကလေးဖြစ်စေချင်ကြသည်၊ ရန်ပိုင်ကိုလည်း ညီမလေးရစေချင်သည်။

ထိုအခါမှ သားရောသမီးရော ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်းနှင့် ပျော်စရာကောင်းလှသော မိသားစုလေးဖြစ်မည်ဟု ယုံကြည်ထားကြသည်။

သို့သော် ကံတရားကား၊ ဗိုးထောင်တို့မိသားစုဘက်သို့ မလိုက်ချေ။ ဒုတိယကလေးမှာ သမီးမိန်းကလေးဖြစ်သည်မှန်သော်လည်း အေးလှမှာ မီးတွင်းထဲမှာပင် ဆုံးပါးသွားခဲ့သည်။ ဗိုးထောင်မှာ အေးလှဆုံးသွားသည့်အတွက် ယူကျုံးမရ။

ဒေါ်ရင်ကြည်အတွက် အေးလှမှာ ရွှေမမှန်သော်လည်း သမီးအရင်းနှင့်မခြားသည့်အတွက် အလွန်ပင် ပူဆွေးရလေတော့သည်၊ ထို





www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် မြေးနှစ်ယောက်ကို ဂရုတစိုက် အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ခဲ့သည်၊ အငယ်မလေးကိုလည်း အေးလှရှိစဉ်က နာမည်ပေးစေချင်သည့်အတိုင်း ကြာဖြူဟု မှည့်ခေါ်လေ၏။

ဖိုးထောင်မှာ အေးလှဆုံးပြီး (၃)နှစ်အကြာတွင် သံဖြူရွာက ခင်မာအေးနှင့် နောက်အိမ်ထောင်ထပ်ပြုလေသည်၊ ဖိုးထောင်၏မိခင်မှာ သားဖြစ်သူ၏ အိမ်ထောင်ရေးကို ကန့်ကွက်ချင်သော်လည်း မိမိမရှိတော့သည့်အခါ အိမ်ထောင်မှုထိန်းသိမ်းရန်နှင့် မိမိ၏ မြေးနှစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ရန် လက်ခံလိုက်လေ၏။

၁

ခင်မာအေးမှာ ဖိုးထောင်နှင့်အိမ်ထောင်ကျစက ဒေါ်ရင်ကြည်အပေါ်နို့ကျိုးသော်လည်း ကာလအတန်ကြာသော် ဇီဇကပေါ်လာ၏၊ ထို့အတူပင် ယခင်ညားကာစက ကလေးနှစ်ယောက်ကို ဂရုစိုက်သော်လည်း ကြာလာသောအခါ အော်ဟစ်ဆူပူခြင်းများ ပြုလုပ်လာ၏။

သို့သော် ယောက္ခမနှင့် ယောကျ်ားရှေ့တွင်တော့ ကလေးများကို ငုံထားမတတ် ချစ်ပြ၏၊ ဖိုးထောင်မှာ လယ်ကိစ္စနှင့် မအားသောကြောင့် မသိသော်လည်း ဒေါ်ရင်ကြည်မှာ မိမိချွေးမဖြစ်သူ၏စိတ်ထားကို ရိပ်မိသိရှိလေ၏။

ဒေါ်ရင်ကြည်မှာ နဂိုအခံစိတ်ကလည်း သဘောမကျ၊ ချွေးမဖြစ်သူမှာ ယောကျ်ားဖြစ်သူရှေ့တွင် တစ်မျိုး၊ ကွယ်ရာတွင် တစ်မျိုး၊ ကလေးများကို ဆက်ဆံရာတွင် ကွာခြားလွန်းသောကြောင့် စိတ်ထဲတွင်ရဲအမြင်မကြည်မှုများ ဆိုးရွားလာလေတော့သည်၊

ခင်မာအေးတစ်ယောက် စိတ်တိုနေ၏၊ အင်္ကျီများမှာ ကြာဖြူ၏သေးများနှင့် ရွှဲနစ်နေ၏၊ အင်္ကျီအသားက ဈေးကြီး၏၊ ခုတော့ ဘယ်လိုလုပ်ရမလဲ၊ လျှော်ရဦးမယ်၊ ပြီးတော့ ကြည်ဖြူ၏အင်္ကျီတွေရော၊ ဘောင်းဘီတွေရော၊ စောင်တွေရော၊ သေးများနှင့်ရွှဲနေသောကြောင့် လဲပေးရဦးမယ်၊ ပြီးရင် လျှော်ရဦးမယ်၊

ဘယ်လိုဟာမလေးမှန်း မသိဘူး၊ သူ့အဖွားနဲ့ သွားအိပ်ရိုတာ





မအိပ်ဘူး၊ အဖေနှင့် အိပ်မယ်ရည်းပဲ လုပ်နေသည်၊ နေနှင့်ဦးပေါ့ကောင်မလေး၊ ဒီည လာမအိပ်နိုင်အောင်လို့ လုပ်ထားဦးမယ်၊ ခင်မာအေးမှာ ကြာဖြူကို စိတ်ထဲမှကျိန်ဆဲကာ အင်္ကျီများကို လဲနေ၏၊ ဖိုးထောင်မှာ ပိုက်ဆံရှိ၊ လယ်ပိုင်ရှင်ဖြစ်သောကြောင့် ယူလိုက်ပါသော်လည်း၊ ကလေးနှစ်ယောက်နှင့် ယောက္ခမဖြစ်သူကိုတော့ မကြည်ဖြူ။

သို့သော် စည်းစိမ်များမှာ ကလေးနှစ်ယောက်၏ ဆုံးသွားသောမိခင်ပိုင်ဆိုင်သည့် ငွေကြေးများဖြစ်သည့်အတွက်ကြောင့် ကလေးများကို ခုးဖူးမှုတ် ချစ်ပြ၏၊ မိမိယောကျ်ားဖိုးထောင်က ယုံကြည်သော်လည်း ယောက္ခမဖြစ်သူက ယုံကြည်ပုံမရ၊ မိန်းမသားချင်း ဖြစ်သည့်အတွက်ကြောင့် ဒိမိ၏စိတ်နေသဘောထားကို ရိပ်မိဟန်တူသည်၊

ထို့ကြောင့် ယောက္ခမကြီးရှေ့၌ ကလေးများနှင့် ဆက်ဆံရေးကို ဂရုစိုက်နေရင်း တစ်နေ့ ဖိုးထောင်မှာ အလုပ်သမားများနှင့် လယ်ကိစ္စစကားပြောနေစိုက် ကြာဖြူရောက်လာပြီး အဖေဖြစ်သူ၏အနားမှာ ကပ်နေ၏၊ ဖိုးထောင်မှာလည်း သမီးဖြစ်သူကို ပွေ့ချီလိုက်ပြီး ပေါင်ပေါ်တွင်တင်ထားလိုက်၏၊ ခဏကြာသော် ဖိုးထောင်က –

"ခင်မာရေ .. သမီးကို လာခေါ်ပြီးကွ၊ သွား .. သွား သမီးသွား .. ၂ ခကြီးနဲ့လိုက်သွားဦးနော်၊ ဖေကြီး သွားစရာရှိလို့ .."

ပြောလိုက်၏၊ ခင်မာအေးက အိမ်နောက်ဖေးမှထွက်လာပြီး –

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ ကိုဖိုးထောင်ရေ၊ လာ .. လာ ကြာဖြူလား၊ သမီးလေးလာ .."

ပြောရင်းဆိုရင်း ကြာဖြူကို ဖိုးထောင်၏ပေါင်ပေါ်မှ ဆွဲယူလိုက်၏၊ ကြာဖြူက ခင်မာအေးလက်ထဲမှရုန်းကန်ရင်း ဖအေဖြစ်သူဖိုးထောင်၏ အနား၌ တွယ်ကပ်နေ၏။

"ဖေကြီးက အလုပ်ရှိသေးတယ် သမီးရဲ့ .. ၊ လာပါဆိုမှ လာ .. ခကြီးဆီကို လာ"

ကြာဖြူမှာကား ရုန်းမြဲရုန်းနေ၏၊ အတင်းဆွဲနေသော ခင်မာအေးဆီသို့ မကပ်၊ ဖိုးထောင်ကလည်း အတင်းထေကာ အလုပ်သမားများနောက်သို့ လိုက်လေ၏၊ ကြာဖြူက ဖိုးထောင်၏ပုဆိုးစကို ဆွဲထား၏၊ ခင်မာအေး



www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်မရှည်တော့၊

"ကဲ .. ကြာဖြူလာ .. ငါချမိတော့မယ်၊ နင့်ကို ဖေကြီးအလုပ်ရှိတယ်လို့ ပြောထားတယ်လေ၊ ကဲဟယ် .. ကဲဟယ်"

ခင်မာအေးမှပြောရင်းနှင့် ကြာဖြူကို ချမိလေ၏၊ ကြာဖြူမှာ ငိုတော့၏၊ ဖိုးထောင်မှာ သမီးဖြစ်သူငိုတော့ ခင်မာအေးကိုကြည့်ကာ -

"မင်းကလည်း ကလေးကို မချပါနဲ့၊ နားဝင်အောင် ပြောရင် သမီးက နားလည်ပါတယ်၊ နော် .. သမီးနော်"

ပြောရင်း ကြာဖြူကို ချော့နေတော့၏၊

"ရှင် အလုပ်ပျက်မှာစိုးလို့ပေါ့ ကိုဖိုးထောင်ရဲ့ .. ၊ သွားမှာသာ .. သွားစမ်းပါ၊ ကျုပ် ကြည့်ထားပါ့မယ်၊ သွား . . . သွား"

"အေး .. အေး ငါသွားပြီ၊ သမီးကလည်း မငိုနဲ့တော့နော်၊ ဖေကြီးက ခဏနေရင် ပြန်လာမှာပဲဟာကို"

ပြောရင်း ဖိုးထောင်မှာ ခြံဝမှထွက်သွားလေ၏၊ ဖိုးထောင်ထွက်သွားသောအခါ ခင်မာအေး၏ဝိဇ္ဇများ ထကြွလာလေ၏၊

"နင်က အရွယ်လေးရောက်လာတော့ ငါ့စကားတောင် နားမထောင်တော့ဘူး ဟင်း . . နေနင့်ဦးပေါ့၊ နင်တော့ . . . "

ပြောရင်းဒေါသထွက်ကာ ကြာဖြူကို အနီးကဝါးခြမ်းကို ကောက်ကာ ရိုက်တော့၏၊ ကြာဖြူမှာကား -

"မရိုက်ပါနဲ့ မေကြီး ..၊ သမီးကြောက်ပြီ၊ ကြောက်ပါပြီ .. မေကြီးရယ်" ဟုဆိုကာ အိမ်ပေါ်သို့ မပီကလာပီကလာ အော်ငိုရင်း တက်ပြေးလာ၏၊ ခင်မာအေးက -

"နင် အိမ်ပေါ်မှာပဲနေ အိမ်အောက်မဆင်းနဲ့၊ နင့်ကို ချစ်လွန်းလို့ အလိုလိုက်နေတယ် မထင်နဲ့၊ နင့်အဖေရှေ့မှာမို့လို့ သတိထားနေ"

ပြောရင်း နောက်ဖေးသို့ထွက်လာခဲ့လေ၏၊

အမှတ်တမဲ့နှင့် နောက်ဘက်ကိုထွက်လာရင်း စိတ်ထဲတွင် နိမ့်ခနဲ လန့်သွား၏၊ စိတ်ထဲတွင် မသက်မသာကြောင့် အကြည့်ကို ရွှေ့လိုက်သောအခါ ဘာမှမမြင်၊ ဩော် .. ငါ့စိတ်ထင်တာပါဟုပြောရင်း လုပ်စရာ အလုပ်များကို ဆက်လုပ်နေတော့၏၊





"ခင်မာအေး လာဦး၊ ဒါ ဘာဖြစ်တာလဲ
ပြောစမ်း၊ ပြောမရလို့ ဆုံးမတာ
သွေးခြေတောင် ဥရလား . . ၊
ညည်း သားသမီးအရင်းမဟုတ်တိုင်း
ညည်း ဒီလိုလုပ်ရလား . . "

၈

ဒေါ်ရင်ကြည်မှာ အိမ်ပေါ်သို့ရောက်သောအခါ အလောတကြီးနှင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏၊ ပြီးနောက် ချွေးများကို လက်နှင့်ပင် သပ်ချလိုက်၏၊ ခဏကြာတော့မှ သောက်ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်သောက်လိုက်၏၊

"နေကလည်း တော်တော်ပူတာပဲ၊ ဒီပုံအတိုင်းဆို နောက်ရက်အပြင်ထွက်ဖို့ မလွယ်တော့ဘူး၊ နောက်ရက်တွေဆို ဒီ့ထက်ပိုပူမှာ ဟူး .. မောလိုက်တာ"

မိမိကိုယ်ကို ပြောနေလေ၏၊

"အမေပြန်ရောက်ပြီလား၊ ကိုဖိုးထောင်တော့ လယ်ထဲသွားနေတယ် အမေရဲ့ . .၊ နောက်ရက် မနက်စောစောမှ ပြန်လာတာမဟုတ်ဘူး၊ နေကလည်း ပူနေတဲ့ဟာကို"

ခင်မာအေးက ဒေါ်ရင်ကြည်၏ဘေးတွင် ဝင်ထိုင်လိုက်၏၊

"ရပါတယ် အေး၊ ငါ့မြေးတွေကို သတိရလို့ပါ၊ သူတို့အဆင်မပြေမှာစိုးလို့၊ ငါ့မှာ ထားသာသွားရတာ စိတ်ချတာ မဟုတ်ဘူး"

"အမေကလည်း ကျွန်မတစ်ယောက်လုံး ရှိတာကို . .၊ ဘာကို စိတ်မချစရာရှိလို့လဲ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်မာအေးက ရှုံတုံ့တုံ့အသံနှင့် ပြောလိုက်လေ၏။ ဒေါ်ရင်ကြည်က ခင်မာအေးကိုစိုက်ကြည့်လိုက်သောအခါ ငြိမ်သွားကာ ပါးစပ်ပိတ်သွားလေ၏၊ ဒေါ်ရင်ကြည်က ဘုရားစင်ရှေ့တွင်အိပ်နေသော မြေးဖြစ်သူ ကြာဖြူနားကိုသွားကာ -

"ငါ့မြေးလေးလည်း ပင်ပန်းနေတယ်ထင်တယ်၊ ကြည့်ဦး .. အိပ်နေလိုက်တာ"

မြေး၏ပါးလေးကို ဖွဖွနမ်းလေး၏၊ ကြာဖြူမှာ လူးလွန့်ကာ တစ်ဖက်သို့ စောင်းသွားလေ၏၊

"ဟင် ! .. ဒါ ဘာလဲ သွေးခြေဥနေတာပဲ၊ ဟဲ့ ! .. ခင်မာအေး လာဦး။ ဒါ ဘာဖြစ်တာလဲ ပြောစမ်း"

"အမေ ကျွန်မ သူ့ကို ဆုံးမထားတာပါ။ သူ့အဖေနောက်ကို လိုက်မယ်တကဲကဲလုပ်နေလို့၊ ငိုနေလို့ ပြောမရတာနဲ့"

"ပြောမရလို့ ဆုံးမတာ သွေးခြေတောင် ဥရလား ..၊ ညည်းသားသမီးအရင်းမဟုတ်တိုင်း ညည်း၊ ဒီလိုလုပ်ရလား"

"မဟုတ်ပါဘူး အမေရဲ့..၊ ကျွန်မ နောက်ကိုကြောက်သွားအောင် နည်းနည်းပဲ .."

"ဘာမှမပြောနဲ့ .. ခင်မာအေး၊ ညည်း ဟိုနေ့ကလည်း ရန်ပိုင်ကို ရေတွေထမ်းခိုင်းနေတာ ငါသိတယ်၊ ညည်းအကြောင်းကို ငါမသိဘူးများ မှတ်နေလား။ ရန်ပိုင်ရဲ့အသက်ကိုလည်း ကြည့်ဦး"

"အမေရဲ့.. ရန်ပိုင်လည်း အရွယ်ရောက်လာပြီ၊ ခိုင်းရမှာပေါ့"

"ဟဲ့ ! .. ညည်းထမ်းကြည့်ပါလား၊ ယောကျ်ားရင့်မကြီးတောင် မနည်းထမ်းရတဲ့ဟာကို"

ခင်မာအေးမှာ ပါးစပ်ပိတ်နေလေ၏။ ဒေါ်ရင်ကြည်မှာ ဒေါသထွက်ကာ အဆက်မပြတ်ပြောနေတော့၏၊

"ငါအိမ်မှာမရှိရင် ညည်း ငါ့မြေးတွေကိုနှိပ်စက်တာ ငါသိတယ်၊ ရန်ပိုင်ရဲ့ဗိုက်ခေါက်မှာ ညှိမည်းကို စွဲနေတာပဲ၊ ညည်း ဆွဲလိမ်ထားတာတွေ မဟုတ်လား။ ငါ တစ်ခါတည်းပြောထားမယ်၊ နောက်တစ်ခါ ငါ့မြေးတွေ ငါ့ကွယ်ရာမှာ ခိုင်းတာပဲဖြစ်ဖြစ်၊ ရိုက်တာပဲဖြစ်ဖြစ်၊ ငါသည်းခံမယ် မထင်နဲ့"





ဒေါ်ရင်ကြည်၏ဒေါသစကားများကို ခင်မာအေးမှာ အံတကြိတ်ကြိတ်နှင့် ခေါင်းငုံ့ကာ နားထောင်နေလေ၏၊

❁

ဒေါ်ရင်ကြည်တစ်ယောက် လေးအိမ်တန်းရှာကို ညအိပ်သွား၏၊ ဗိုးထောင်မှာလည်း လယ်ကိစ္စနှင့်လယ်တဲတွင် သွားအိပ်လေ၏၊ အိမ်တွင် ခင်မာအေးနှင့်ကလေးနှစ်ယောက်သာ ကျန်ခဲ့၏၊ ခင်မာအေးမှာ ယောကျ်ားဖြစ်သူရော ယောက္ခမပါ အိမ်မှာမရှိသည့်အတွက် နေမြင့်မှ အိပ်ရာထ၏၊ ထမင်းအိုးကို ကပျာကယာတည်လိုက်၏၊

"မေကြီး .. သမီး ဗိုက်ဆာတယ်"

"အေး .. နေဦး၊ ထမင်းရှိတယ်၊ ရန်ပိုင်ရေ .. လာဦး နင့်ညီမကို ထမင်းရှုံးပေးလိုက်ဦး"

ရန်ပိုင်က ထမင်းရှုံးပြီး မေးလိုက်၏၊

"ဟင်းကော .. ဘာနဲ့ထည့်ပေးလိုက်ရမလဲ၊ ဘယ်မှာလဲ ဟင်း .. မေကြီး"

"ဟင်း မရှိဘူးဟေ့ .. မချက်နိုင်လို့ ငါးပိရည်နဲ့ကျွေးလိုက်"

ခင်မာအေးမှာ နေ့လယ်နေ့ခင်း တစ်ရေးအိပ်ရန် ကြံစည်နေလေ၏၊ ကြာဖြူက ဘေးနားမှ -

"မေကြီး .. သမီး မုန့်စားချင်တယ်" ဟုပြောကာ မုန့်ပူဆာနေ၏၊

ခင်မာအေးကား မုန့်မရှိကြောင်း၊ အိပ်ရန်ပြောပြီး ကြာဖြူအိပ်ရန် ခေါင်းအုံးချပေးလေ၏၊ ကြာဖြူကမအိပ်ဘဲ မုန့်ကို မရမက ပူဆာနေသောအခါ ခင်မာအေးမှာ ဒေါသထွက်လာ၏၊ ယခင်နေ့က ယောက္ခမဖြစ်သူ၏ အပြောခံထားရသည်များကလည်း စိတ်ထဲတွင် ရှိနေ၏၊

ထို့ကြောင့် ဒေါသများအုံကြွလာပြီး အနီးအနားတွင်ရှိသော တုတ်နှင့်ရိုက်လေ၏၊ ကြာဖြူမှာငိုရင်းနှင့်ပင် ဖခင်နှင့်ဘွားအေကို တခေါ်လည်း ခေါ်၍၊ ရန်ပိုင်က ငိုရင်းပြောလေ၏၊

"မလုပ်ပါနဲ့ မေကြီးရယ် ..၊ ညီမလေးကို မရိုက်ပါနဲ့တော့"

"ဖယ်စမ်း .. ဖယ်စမ်း၊ ရန်ပိုင် နင့်ကိုပါ ငါရိုက်ပစ်မယ်ကွာဟယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကဲဟယ်"

ချရင်းချရင်းနှင့် လက်မှာကျင်လာပြီး လှုပ်ရှားလို့ မရတော့ပေ။ ဒေါ်သာကလည်း အဆမတန်ထွက်နေသောကြောင့် လက်ကချ၍မရသော အခါ ပါး၏စပ်က -

"နင်တို့ အဖေနဲ့အဖွားပြန်လာလို့ ပြန်ပြောလို့ကတော့ နင်တို့ နှစ်ယောက်လုံးကို သတ်ပစ်မယ် ကြားလား . .၊ ညည်းက ပိုဆိုးတယ် ကြား လား . . ကြာဖြူ။ ညည်းတို့ဆိုးလို့ ငါကဆုံးမတာ ကြားတယ်နော်၊ ဘာဘာ ညာညာလျှောက်ပြောလို့ကတော့ ငါ့အကြောင်း သိမယ် "

ဟုဆိုကာ အံကြိတ်ပြီး ပြောလေ၏။

ပြောရင်းနှင့် ခင်မာအေးမှာ လည်ချောင်းထဲမှ တစ်စို့စို့ကြီးဖြစ် နေလေ၏။ အန်ချင်သောကြောင့် ဝေ့ဝေအံ့ဩမိ၏။ အမှန်မှာ တစ်စုံ တစ်ယောက်က မိမိလည်ပင်းကိုလာ၍ ညှစ်ထားသလို ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ကလေးနှစ်ယောက်မှာလည်း ကြောက်ရွံ့ကာ တုန်နေရှာလေ၏။

၏



"ဆရာရယ် . . ကျွန်မ အရမ်းမောနေလို့ ထပ်ပြီးတော့ ဆေးသွင်းပေးပါဦး"

"မခင်မာအေးရဲ့ . . . ဟိုနေ့ကပဲ တစ်ခါ အားဆေးသွင်းထားတယ်။ အခုလည်း ထပ်သွင်းမလို့ဆိုတော့ မရဘူးလေ အစ်မရဲ့"

"ကျွန်မက ဆေးမတိုးတော့ဘူး ထင်တယ် ဆရာရဲ့"

"အစ်မ . . စိတ်ဖိစီးမှု တွေများလို့ နေမှာပေါ့"

"မရှိပါဘူး ဆရာရယ် ကျွန်မ တကယ် ခြေကုန်လက်ပန်း ကျပြီး မလှုပ်ရှားချင် ဖြစ်နေတာ





ဆရာရဲ့ . ."

"ဒါဆို မခင်မာအေး တစ်ခါတည်း အဆင်ပြေသွားအောင် တစ်ခါ တည်း အားဆေးပုလင်းချိတ်သွားပါလား"

"အဲဒါဆို သက်သာမှာလား ဆရာ"

"အေးပေါ့ဗျာ . .၊ ဒရစ်ချိတ်ပြီးသွားရင် လူက အားတကယ်ပြည့် ပြီး လန်းလန်းဆန်းဆန်းနဲ့ နေလို့ကောင်းတာပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာ . .၊ ဆရာပြောတဲ့ဆေးပဲ သွင်းသွားလိုက်မယ် . . ဆရာ"

"နာရီပိုင်းလောက် ကြာမယ်ဗျ"

"ဟုတ်ကဲ့ . . ဆရာ"

ခင်မာအေးမှာ ဒရစ်သွင်းပြီး ညနေစောင်းသော် အိမ်သို့ပြန်သွား လေ၏။

၏

"အမေရယ် . .၊ ကျွန်မ မနေ့ကပဲ အားဆေးချိတ်ပြီး ပြန်လာတာ၊ ညတတော့ လန်းလန်းဆန်းဆန်းပဲ၊ အခု ဘယ်လိုဖြစ်ပြန်ပြီလဲ မသိဘူး၊ တစ်မျိုးကြီးပဲ၊ တစ်ချက် တစ်ချက် ကိုယ်နဲ့စိတ် မကပ်တော့ဘူးလို့ ခံစား နေရတယ်"

"ညည်းတို့ကလည်း ဆေးသွင်းတာတောင် မသက်သာဘူးဆို တော့ ကျုပ်က ဘယ်လိုလုပ်သိမှာလဲ၊ ဒီအိမ်မှာ ညည်းတစ်ယောက်တည်း ဖြစ်နေတာ"

ပြောရင်းနှင့် ဒေါ်ရင်ကြည်မှာ အိမ်အောက်သို့ဆင်းသွား၏။

ဒေါ်ရင်ကြည်မှာ အိမ်ရှေ့သို့ထွက်ကာ အဝတ်များကိုရုတ်ပြီး ဈာ ကြိမ်းများကိုခင်းကာ ရေတ်သီးများ နေပြနေလေ၏၊ ထို့နောက် နောက် ဖေးဘက်သို့ လှည့်အထွက် -

"ဟဲ့ . .၊ ဘယ်သူတုံး ဟင် ! . . ခင်မာအေး ဟဲ့ ! . . ဘယ်လိုဖြစ်တာ လဲ ခင်မာအေး"

လန့်ကာ အော်လိုက်မိ၏၊ ခင်မာအေးကား အိမ်နောက်ဖေးဝါးရုံ



www.burmeseclassic.com

www.burmeseclassic.com



ဓါးရှေ့တွင် လဲကျနေ၏။

၈

"သွေးပေါင်တွေ တော်တော်ကိုကျနေတာပဲ ဒေါ်ဒေါ်ရဲ့.."

"ဟုတ်လား .. ဆရာရယ်၊ ဘယ်လိုဖြစ်လို့လဲ .. သူပြောတော့ မနေ့တင် သူဆေးချိတ်လာခဲ့တယ် ပြောတာပဲ"

"ဟုတ်တယ် .. ဒေါ်ဒေါ်၊ ကျွန်တော်လည်း အကြောင်းရင်းကို မသိဘူး"

"ဆရာ .. အဲဒီတော့ ခုထပ်ချိတ်ထားတဲ့ ဆေးကုန်ရင် သက်သာမှာလား"

"ဟုတ်ကဲ့ .. အဆင်ပြေမှာပါ။ အခုတော့ သွေးပေါင်ကျနေတာ တစ်ခုပဲ၊ ကျန်တာ ဘာမှမရှိပါဘူး"

"ဟုတ်ကဲ့ပါ .. ဆရာရယ်"

ခင်မာအေးမှာ မကြာခင်မှာ သတိပြန်လည်လာလေ၏။

ပါးစပ်ဟပြီး တစ်ခုခုကို ပြောသည်။ သို့သော် အသံထွက်မလာ။ ခင်မာအေးမှာ အနွေးထည်ကော်လံကိုဖြုတ်ပြီး လည်ပင်းကို လက်ညှိုးထိုးပြ၏။ ဒေါ်ရင်ကြည် ကြည့်လိုက်တော့ ခင်မာအေး၏လည်ပင်းတွင် လက်ရာကြီးများ။ ထို လက်ရာညိုညိုကြီးများသည် ခင်မာအေး၏လည်ပင်းကို ညှစ်ထားပုံ ပေါ်လေသည်။

ဒေါ်ရင်ကြည်မှာ စိတ်ထဲ၌ ပြောမပြတတ်အောင် လန့်နေ၏။ ထို့နောက် ရွာထဲသို့ သားဖြစ်သူ ဖိုးထောင်မှတဆင့် ဘကြီးမော်ကို ခေါ်ခိုင်းလိုက်လေ၏။ ခဏကြာသော် ဘကြီးမော်လိုက်လာ၏။ ထို့နောက် ဒေါ်ရင်ကြည်နှင့် ဘကြီးမော်တို့ တိုးတိုးတိုးတိုးနှင့် စကားပြောကြ၏။ ဖိုးထောင်မှာလည်း နားထောင်ကာ ဘကြီးမော်ကို အကြံဉာဏ်တောင်း၏။ ဘကြီးမော်က -

"အခြေအနေကို စောင့်ကြည့်ဦး ဖိုးထောင်ရဲ့၊ ဘာမှန်းမသိဘူး ဆရာလေးရဲ့ ဆေးကုန်ရင် ပြန်ကောင်းရင်တစ်မျိုး၊ မကောင်းရင်တစ်မျိုး လည်ပင်းက လက်ရာကြီးက ရှိသေးတယ်။ အင်း .. ပုံမှန်တော့ မဟုတ်ဘူးတွေ့"

ပြောရင်း သက်ပြင်းများကို ချနေတော့၏။ ခဏနေသော် ဆရာလေး







ရောက်လာပြီး ကုန်သွားသောဆေးပုလင်းကို ဖြုတ်ချပြီး ပိုက်များကို ဖြုတ်ပေးလေ၏။ သွေးပေါင်ချိန် ပြန်တိုင်းကြည့်၏။

"ပုံမှန် ပြန်ဖြစ်သွားပြီ၊ တော်သေးတာပေါ့ဗျာ"

ဆရာလေးက ပြုံးပြီး ဒေါ်ရင်ကြည်တို့ကို လှည့်ပြောနေစဉ်၌ပင် ခင်မာအေးမှာ တုန်လာကာ မျက်ဖြူများ လန်သွားလေ၏။

"ဟော .. ဟော၊ ဘယ်လိုဖြစ်တာတုန်း လုပ်ကြပါဦးဟဲ့ .. ခင်မာအေး .. ခင်မာအေး"

ဒေါ်ရင်ကြည်ရော ဖိုးထောင်ပါ ခင်မာအေးဆီကို ပြေးလာကြ၏။ ဆရာလေးလည်း ဘာလုပ်ရမှန်းမသိတော့။ ခဏကြာသော် ခင်မာအေးမှာ ငြိမ်ကျသွားပြန်၏။ ဘကြီးမော်က -

"ဆရာစိတ်တော့ မရှိပါနဲ့၊ သွေးပေါင် ပြန်ချိန်ကြည့်ပေးပါလား"

"ကျွန်တော် ဆေးထိုးရမယ် ဘကြီးရဲ့၊ ဆေးသွားယူလိုက်ဦးမယ် ခဏလေး..."

"မဟုတ်ဘူး ဆရာလေးရဲ့..၊ မဟုတ်ဘူး .. ဆရာလေး ဆေး ဘယ်လောက်ထိုးထိုးမရဘူးနဲ့ ထင်တယ်"

ဘကြီးမော်က တည်တည်ငြိမ်ငြိမ်နှင့် တိုက်တိုက်တွန်းတွန်း ပြောနေသောကြောင့် ဆရာလေးမှာ တွေဝေသွားပြီး သွေးပေါင်ချိန်လေ၏။

"သွေးပေါင်က ရုတ်ချင်းပြန်ကျသွားတယ် ဘကြီးရဲ့.. ကျွန်တော် ဒီလို တစ်ခါမှ မကြုံဖူးဘူး၊ ဘကြီးရေ .."

"ကျွန်တော်ထင်တာ မှန်ပါတယ် ဆရာလေးရဲ့၊ ကဲ .. ကျွန်တော်တို့ အိမ်ပြန်ခေါ်သွားဖို့ အချိန်မရှိဘူး။ ဒီမှာပဲ ကုလိုက်တာပေါ့၊ ဆရာလေးမှာ ပရိတ်ရေ ရှိတယ်မလား။ ဖိုးထောင် .. မင်းမိန်းမကို ဘုရားစင်ရှေ့ပွေ့သွား"

ဖိုးထောင်ကား ခင်မာအေးကိုပွေ့ချီကာ ဘုရားစင်ရှေ့တွင် ချထားလိုက်၏။ ထို့နောက် ဘကြီးမော်က ဘုရားစင်မှပရိတ်ရေယူကာ ခင်မာ

www.burmeseclassic.com

www.burmeseclassic.com



အေး၏မျက်နှာကို တောက်လိုက်၏။ ထို့နောက် ဘုရားစာများကို ရွတ်ကာ နေ၏။

ကကြာသော် ခင်မာအေး မျက်လုံးပွင့်လာ၏။ အကြီးမော်က ပါးစပ်မှ တိုးတိုးတိုးတိုးနှင့် ခင်မာအေး၏ ခေါင်းကိုကိုင်ကာ ရွတ်နေပြန်၏။ ခင်မာအေး၏မျက်လုံးများ မှိတ်သွားပြန်၏။ ကကြာသော် ခင်မာအေး၏ ကိုယ်မှာ လှုပ်လာပြီး ထထိုင်လေ၏။ အကြီးမော်က -

"အခုလာတာ ဘယ်သူတုန်း..၊ ဘာလို့ ဒီလိုလုပ်ရတာတုန်း" ဟု မေးလေ၏။ ခင်မာအေးမှာ တရှုံ့ရှုံ့နှင့် ငိုလေ၏။ ထို့နောက် -

"ကျွန်မ လုံးဝ မစားနိုင်တော့လို့ပါ။ တောင်းပန်ပါတယ် ရှင်" ဟု ငိုသံကြီးနှင့် ဗလုံးဗထွေး ပြောလေ၏။ အကြီးမော်က -

"နင့်ကို ဘယ်သူလဲလို့ မေးနေတာ..ဘာလို့ အဲလိုလုပ်တာလဲ ဟဲ့၊ ဘာ မကျေနပ်ချက်တွေရှိလို့လဲ"



"ကျွန်မရဲ့ကလေးတွေကို နှိပ်စက်လို့ပါရှင်..၊ ကျွန်မ တကယ် မစားနိုင်တော့လို့ပါ။ ကျွန်မ သူ့ကိုလည်း မမုန်းခဲ့ပါဘူး၊ ရန်ညိုးလည်း မရှိပါဘူး။ အီး..ဟီး..ဟီး"

"ဘယ်သူ့ကလေးကိုလဲ၊ ရှင်းရှင်း ပြောစမ်း..ဘာတွေ လှည့်ပတ် ပြီး ပြောနေတာလဲ"

ထိုအခါ ခင်မာအေးက မိမိကိုယ်ကို အနည်းငယ် တည်ငြိမ်အောင် လုပ်လိုက်ပြီး ဖိုးထောင်နှင့် ဒေါ်ရင်ကြည်ကို ကြည့်ကာ ပြောလေ၏။

"ကျွန်မ အေးလှပါ..အကြီးရယ်"





"ဟေ!..အေးလှ ဟုတ်လား။ အေးလှက သေသွားတာကြာပြီပဲ။ နင်မလိမ်နဲ့..ဘယ်သူလဲ"

"ကျွန်မ သေသွားပါပြီ။ ဒါပေမဲ့ ကျွန်မကလေးတွေကို စိတ်မချလို့ ထွက်မသွားသေးတာပါ။ ထွက်သွားလို့လည်း မရဘူး"

ဆရာလေးမှာလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။ ထို့နောက် ဒေါ်ရင်ကြည်၏အနားသို့ကပ်ကာ လက်တို့လိုက်၏။ အမှန်တော့ ခင်မာအေးကိုဝင်ပူးနေသော အေးလှအကြောင်းကို သိချင်သောကြောင့် ဖြစ်၏။

ဒေါ်ရင်ကြည်က ဆရာလေးဘက်သို့လှည့်ကာ တရှုံ့ရှုံ့နှင့်ပြောရန် ပါးစပ်ဟထားသော်လည်း အသံမထွက်နိုင် ဖြစ်နေလေ၏။ ဒေါ်ရင်ကြည်မှ စိတ်မကောင်းခြင်းများစွာနှင့် ရင်ထဲတွင် အပုလုံးဆို့နေလေ၏။ ဖိုးထောင်ကို ကြည့်ပြန်တော့လည်း မျက်နှာမှာ နီရဲနေပြီး အံတင်းကြိတ်မှိတ်ကာ မငိုမိရန် ကြိုးစားနေသည်ကို တွေ့ရသည်။

"ကျွန်မ အိမ်နောက်ဖေးကဝါးရုံထဲမှာ နေတာပါ..အကြီးရယ်"

"အကြီးလည်း စိတ်မကောင်းလိုက်တာ သမီးရယ်..၊ ခင်မာအေး ကို ဘာလို့ ဒီလိုလုပ်ရတာလဲ"

"ကျွန်မကလေးတွေကို နှိပ်စက်လို့ပါ။ သူ့ကို ကျွန်မက ဂရုစိုက် မယ် ထင်ထားတာ။ အငယ်လေးမုန့်စားဖို့ ပိုက်ဆံကို ကိုဖိုးထောင်ကပေး ရင် သူက မုန့်မကျွေးဘဲ ကလေးကို ရိုက်တယ်။ ပြီးရင် အဲ့ပိုက်ဆံတွေကို အဝတ်တွေ ဝယ်ပစ်တယ်။

ပြီးတော့ အကြီးကောင်လေးရဲ့ကျောကုန်းကိုလည်း အမေနဲ့ ကို ဖိုးထောင်တို့ မရှိတုန်း သူ ထင်းစနဲ့ထိုးလိုက်တယ် အဘရဲ့၊ ကျွန်မမှာ အဲဒါ ကိုမြင်တော့ ရင်ကိုမီးစနဲ့ထိုးသလို ပူနေတာ"

"အဲဒါဆို လည်းပင်းညှစ်တာက အေးလှပေါ့"

ဟု အကြီးမော်က မေးလိုက်သောအခါ -

"ဟုတ်ကဲ့..ကျွန်မလည်း သူမရှိမှ ကလေးတွေ အေးအေးဆေးဆေး နေရမယ်ဆိုပြီး..ပြီးတော့ ကျွန်မရဲ့ကလေးတွေကို နောက်ကွယ်မှာ အရမ်း နှိပ်စက်တာ..ကိုဖိုးထောင်အပေါ်မှာလည်း သစ္စာမရှိဘူး"

ဟု ပြန်ဖြေလေ၏။ ထိုအခါမှ ဖိုးထောင်က -



www.burmeseclassic.com

www.burmeseclassic.com



"အေးလှရယ် . . ကိုယ်မှားတာပါ။ ကိုယ် ကလေးတွေကို ဂရုမစိုက်မိလို့ပါ"

ပြောပြီး မျက်ရည်များ ကျလာလေ၏။

"ကျွန်မလည်း မလုပ်ချင်ပါဘူး။ ဒါပေမယ့် ကျွန်မကလေးတွေကို သနားလို့ပါ။ အဲဒါကြောင့် ကျွန်မအစထဲက သူ့ကို အရိပ်အယောင်ပြပြနေပါတယ်၊ သူက ဂရုကိုမစိုက်တာ၊ ဘာပဲဖြစ်ဖြစ် ကျွန်မကလေးတွေတော့ သူနဲ့ မဖြစ်ဘူး။ ရှင့်နောက်ကွယ်မှာလည်း သူက မကောင်းဘူး သိလား . . ကိုဖိုးထောင်ရဲ့"

ဟုပြောရင်း ပြန်လည်ကာ ငိုရှိုက်လေ၏၊ ဘကြီးမော်က -

"အေးလှရယ် . . ဘကြီးတို့ ဘာလုပ်ပေးရမလဲ"

ဟု မေးလေသည်၊ ထိုအခါမှ ဒေါ်ရင်ကြည်က -

"သမီးရယ် . . အေးလှရယ် . . အမေ ပေါ့လျှော့လိုပါ . . သမီးရယ်၊ အမေ တောင်းပန်ပါတယ်၊ အမေ တာဝန်မကျေခဲ့ဘူး"

"မဟုတ်ပါဘူး အမေရယ် . .၊ အမေ့အပြစ် မဟုတ်ပါဘူး။ ကျွန်မတို့လေ ဘုန်းကြီးတွေကိုပင့် အလှူပြုပြီး အမျှဝေပေးပါ အမေရယ် . .။ ကျွန်မလည်း အမေတို့ကို မကြောက်စေချင်ပါဘူး"

ထို့နောက် အေးလှသည် ဖိုးထောင်၊ ဒေါ်ရင်ကြည်နှင့် ဘကြီးမော် နစ်ယောက်စလုံးကို ကန်တော့လေသည်၊ ဘကြီးမော်က -

"သမီးရယ် . .၊ သမီးပြောတဲ့ကိစ္စကို ဘကြီးတို့ မဖြစ်မနေလုပ်ပေးပါမယ် စိတ်သာချပါ" ဟု ပြောလေ၏၊ ဘကြီးမော်မှာလည်း စိတ်မကောင်း။ ရပ်ကြည့်နေသော ဆရာလေးမှာလည်း စိတ်မကောင်းလွန်းသောကြောင့် ဆက်၍ မကြည့်နိုင်တော့ဘဲ အပြင်သို့ထွက်သွားလေ၏။

ထို့နောက် ခင်မာအေး၏ခန္ဓာကိုယ်မှာ လဲကျသွားလေ၏၊ ဘကြီးမော်က ပရိတ်ရေနှင့်ဖျန်းလိုက်မှ သတိပြန်ရလာ၏၊ သွေးပေါင်တိုင်းကြည့်တော့ အားလုံး အကောင်း။ ဆရာလေးက ထိုအခါမှ ဘကြီးမော်ကိုခေါ်ကာ တိုးတိုးကပ်မေးလေ၏၊ ဘကြီးမော်က -

"ဆရာလေး ပြောသလိုပဲ . .၊ ကျွန်တော်လည်း အောက်လမ်းလို့ ထင်တာ၊ ဒါပေမယ့် ဆရာလေးရဲ့ . . အေးလှ သေသွားတာ သုံးနစ်ကျော်ပြီ





ဆိုတော့ အဆင့်က တဖြည်းဖြည်းမြင့်ပြီး အဲဒီလိုမျိုး သူများကို လုပ်နိုင်တယ်၊ ပြလို့ရတယ် ဆရာလေးရဲ့ . ."

"အင်း . . သားသမီးဇောပေါ့၊ အချစ်ကြီးတာကိုး . . မေတ္တာပေါ့။ တချို့က အစာစားချင်လို့လုပ်တာ၊ သူကတော့ သားသမီးကိုနှိပ်စက်မှာ စိုးလို့လုပ်ထားတာက ကြာလောက်ပြီ ထင်တယ်၊ နည်းနည်းချင်း . ."

"ရမှ မခံနိုင်တော့လို့ သေအောင်လုပ်မလို့ ထင်တယ် . .၊ လည်ပင်းပါညှစ်တဲ့အဆင့်ဆိုတော့ . ."

ပြောပြီး မောသွားဟန်နှင့် လက်ထဲကပရိတ်ရေခွက်ကို မော့သောက်လိုက်၏။

တစ်ပတ်ကြာသော် ကိုဖိုးထောင်တို့အိမ်၌ သံဃာငါးပါးပင့်ကာ ဆွမ်းကပ်ပြီး အေးလှ၏နာမည်ကိုခေါ်ကာ အမျှဝေ၏၊ တစ်လကြာသောအခါ ဖိုးထောင်သည် ခင်မာအေးနှင့်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖိုးထောင်မှာ သားသမီးနစ်ယောက်နှင့် မအေးနှင့်အတူ ဆက်လက်နေထိုင်ခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်သန်းဝင်း

# သံယောဇဉ်

အမျှင်မပြတ်သေးသရွေ့ ။





www.burmeseclassic.com

www.burmeseclassic.com





□

"စောမှုက မောင်ကြီးကို ကူညီချင်တာ သက်သက်ပါ။ သတိတွေပြန်ရအောင်လို့ပါ။ ဒီနေ့ မောင်ကြီး အနားယူလိုက်ဦး။ မနက်ဖြန် စောမှုနဲ့ လိုက်ခဲ့ ဟုတ်လား" ဟုဆိုပြီး စောမှုပျောက်သွားတယ်။

□

လေးလံနေတဲ့ ကျုပ်ရဲ့မျက်လွှာအစုံကို အားယူဖွင့်ကြည့်ေ တော့ ဖြူဖွေးနေတဲ့ အုတ်နံရံမျက်နှာကျက်ကို စတင်တွေ့လိုက်ရတယ်။ ဆေးရနံ့တွေ နှာဝဆီ တိုးဝင်လာတယ်။ ဒါဆို ကျုပ်ရောက်နေတာ ဆေး တစ်ရုံထဲမှာလား။ ဘေးဘီကိုဝေ့ဝဲကြည့်မိလေတော့ အမှန်တကယ်ပင် ဆေးရုံ၊ ဆေးခန်းထဲရောက်နေမှန်း သိရတော့တယ်။ ဘာကြောင့် ဘယ်လို ရောက်နေတာလဲ။ ကိုယ်လက်တွေလည်း ကိုက်ခဲနေလေရဲ့။ ရင်ထဲမှာ လည်း ပူလောင်နေပါဘိ။

"ရေသောက်ချင်လိုက်တာ၊ ရေ .. ရေ .. ရေ"

သူနာပြုဆရာမ ရောက်လာတယ်။

"ရှင် သတိရလာပြီလား" လို့ မေးတယ်။ ရေသောက်ချင်စိတ် အငမ်းမရ ဖြစ်နေပေ့ါ။

"ရေ .. ရေ .. ရေ .."

တစ်ခဏအကြာ သူနာပြုဆရာမက ရေဘူးတစ်ဘူး ယူလာေ တယ်။ ကျုပ် ရေကို အလျင်စလို သောက်လိုက်တယ်။ ရင်တွင်းအပူ ေ သွားဘိသို့ ရှိတယ်။ ဦးခေါင်းက မူးနောက်နောက်ရှိနေသေးတာမို့ ေ





ြန်မှေးလိုက်တယ်။

ခြေသံတွေနဲ့ တီးတိုးပြောသံတွေ ကြားရတယ်။ မျက်လုံးအစုံကို ြည်းညှင်းစွာဖွင့်ကြည့်လေတော့ .. သူနာပြုဆရာမနဲ့အတူ ဆရာဝန် ်စ်ယောက်၊ ပြီးတော့ လူစိမ်းတစ်ဦးကို တွေ့ရတယ်။ ဆရာဝန်ဖြစ်သူက -

"ကိုသက်မောင်မောင်၊ ခင်ဗျား ဒီဆေးရုံရောက်နေတာ (၃)ရက် သွားပြီ။ ကားအက်ဆီးဒင့်ဖြစ်ပြီး ရောက်လာတာ၊ ခေါင်းမှာ ဒဏ်ရာရ ားတယ်၊ ကုသမှုတွေ အားလုံး လုပ်ထားပြီးပါပြီ"

ဝဲဘက်မှာရှိတဲ့ လူစိမ်းတစ်ဦးကို ညွှန်ပြပြီး -

"ဒါက ဦးစောနောင်ပါ။ ဒီတောင်ကြီးမြို့ထဲကပါပဲ။ သူ့ကားနဲ့ ိုက်မိတာဆိုတော့ ခင်ဗျားအတွက် အစစအရာရာ တာဝန်ယူထားတယ်၊ ်အနည်းငယ်လောက်တော့ နေရဦးမယ်။ ပိုပြီး ကျန်းမာသွားအောင်လို့ ပါဗျာ"

ကျုပ်ကို ဆရာဝန်က သက်မောင်မောင်တဲ့။ ကျုပ်နာမည် သက် ောင်မောင်လား။ မဖြစ်နိုင်ဘူး။ ဒါဆို ကျုပ်နာမည်က ဘာလဲ။ ဒါလည်း သိပြန်ဘူး။ ကျုပ် ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကျုပ် မသိဘူး။ ဘာဆိုဘာမှ သိတော့ဘူး။

ဦးစောနောင်ဆိုသူကတော့ နေ့စဉ် ကျုပ်ကိုလာကြည့်တယ်၊ ိုအပ်တာတွေကို ပံ့ပိုးပေးတယ်။ သူ့ကားနဲ့ တိုက်မိတာတဲ့။ ဘယ်မှာလဲ၊ ဘာကြောင့်လဲ၊ ကျုပ် စဉ်းစားရခက်လှပါဘိ။ တစ်ရက်၊ နှစ်ရက်လောက်ပဲ အကြာ ကျုပ်ဆေးရုံက ဆင်းခွင့်ရတယ်၊ အဲဒီမှာ ကျုပ် ဘယ်ကိုသွားရမှန်း သိဖြစ်ပြန်ရော။ စိတ်ထဲယောင်ချာချာ ဖြစ်နေတုန်း ကျုပ်ကို အစစအရာရာ ကူညီနေသူဆိုတဲ့ ဦးစောနောင်ကပဲ တည်းခိုခန်းတစ်ခုမှာ အခန်းတစ်ခန်း ားပေးတယ်။ ရေမီး အပြည့်အစုံပါပဲ။

ဦးစောနောင်က ကျုပ်ကို မကြာမကြာ လာကြည့်ပါတယ်။ သူ့ ကြောင့်ဖြစ်ရတာဆိုတော့ သူက စိတ်မကောင်းပါကြောင်း ပြောတယ်။ ျုပ်က ကျေးဇူးတင်ကြောင်း ပြန်ပြောခဲ့တယ်။

ဖြစ်စဉ်တွေကို ကျုပ် အထပ်ထပ်အခါခါ စဉ်းစားတယ်။ စဉ်းစား ခက်ကြီး ဖြစ်နေတယ်။ စဉ်းစားမရ၊ ခေါင်းကိုက်ခေါင်းခဲတာပဲ အဖတ်



www.burmeseclassic.com

www.burmeseclassic.com



စောမူ သေအံ့မူးမူးအချိန်မှာ
မျက်လုံး ဖွင့်ကြည့်မိတယ်။
မြင်ကွင်းထဲမှာက
ဟောဒီ မောင်ကြီးရဲ့ မျက်နှာ
မောင်ကြီး မှတ်မိရဲ့လား
ဟင်! ..."

တစ်ဝေပါ့။ သင်းပျံ့တဲ့ရေမွှေးရနံ့ကြောင့် ခေါင်းထဲကြည်လင်လာသလို ...တယ်၊ ရေမွှေးနံ့နဲ့ အတူရောပါလာတဲ့ မိန်းမပျိုလေးတစ်ဦးကို အမှ... မထင် ဖြုန်းကနဲ တွေ့လိုက်ရတယ်၊ အချိန်က ညနေစောင်း၊ နေဝင်... တရောအချိန်၊

သူမက ဘယ်လိုကနေ ဘယ်လို၊ ကျုပ်ရဲ့အခန်းထဲရောက်လာ... တာလဲ၊ အခန်းတံခါးတွေလည်း တသေတချာ ပိတ်ထားလျက်တယ်... ဒီက ဝန်ထမ်းဆိုတာလည်း ဟုတ်မယ်မထင်၊ သူ့ကြည့်ရတာ ထူးဆေ... ထူးတယ်၊ သူ့မျက်နှာက ပြုံးတော့မယ့်မိုးလို ညှိုးရှိုင်းနေတယ်၊ မျက်... တစ်ခိုမှာ ခြွေလုဆဲ မျက်ရည်စတွေနှင့်၊ ကျုပ်ဘဝကတော့ ထူးတာ... နဲ့ပဲ တွေ့နေရတယ်၊ သူမက ပြောလာတယ်၊

"မောင်ကြီးက အတိတ်မေ့နေတာ၊ တဖြည်းဖြည်း ပြန်စဉ်း... ကြည့်ပါလေ၊ ပြန်သတိရလာရင် ကျွန်မကိုလည်း မောင်ကြီးတရင်း... ရှိနေသူဖြစ်ကြောင်း သိလာပါလိမ့်မယ်"

သူမကို ကျုပ် တစူးတစိုက်ကြည့်လိုက်တယ်၊ ပြီးတော့ သူ... ပြောသလို ကျုပ်က အတိတ်မေ့နေသူပေပဲလား၊ ကျုပ်ကတော့ ဘာ... ဘာမှ မသိရျှေတော့၊ များသောအားဖြင့် ကျုပ် အခန်းအောင်းနေ... တယ်၊ တစ်ယောက်တည်း အထီးကျန်မဖြစ်တော့ဘူး၊ အုံ့ဖွယ်မိန်းတ... ရှိနေတယ်၊ သူကလည်း စကားအတော်ပြောတယ်၊

ကျုပ်လည်း ကိုယ့်အတွေးနဲ့ကိုယ်မို့လို့ သူမရဲ့ပြောစကား... ကို ကြားတစ်ချက်၊ မကြားတစ်ချက်၊







အခန်းထဲမှာ မှုန်းကြပ်လာရင် တစ်ခါ တစ်ခါကျုပ် အပြင်ထွက်တယ်၊ အုံ့ဖွယ်မိန်းကလေးလည်း လိုက်ပါလာတတ်တယ်၊ သူမနဲ့ စကားစမြည်ပြောတဲ့အခါ အများအမြင်မှာက ကျုပ်တစ်ယောက်တည်းတာ၊ ပြောနေသလို၊ သူ့ရူးတစ်ယောက်ပမာနယ်၊

"ကားအက်ဆီးဒင့် ဖြစ်ပြီးတော့ ဦးနှောက်ပျက်သွားတာလေ၊ သနားစရာပါကွယ်"

ကျုပ်ကို ပြောနေကြစကားသံတွေလေ၊ ကြားရလို့ ရှိုးတောင်နေပြီ၊

"မောင်ကြီး ရှမ်းတို့ဟူးခွေးစားတာတွေ့ရဘူး။ အဲဒါ မောင်ကြီး သိပ်ကြိုက်တယ်ဆိုတဲ့ တို့ဟူးနွေးလေ"

ကျုပ် တို့ဟူးနွေးကိုကြိုက်ခဲ့ဖူးသလား၊ ...ျုပ် လုံးဝ နားမလည်ဘူး။ ကျုပ် ခြေဦးတည့်ရာ လျှောက်နေမိတယ်၊ နံဘေး...ာ အုံ့ဖွယ်မိန်းကလေးလည်း ပါလေရဲ့၊

အုံ့ဖွယ်မိန်းကလေးက သူ့ရဲ့အမည်နာမဟာ စောမူလို့ ပြောတယ်၊ ...ပြီးတော့ သူက သာမန် လူတစ်ယောက် မဟုတ်ဘူး။ မကြာသေးခင်ကမှ ...သေခဲ့ပြီးတဲ့သူ၊ အဲဒီလိုစကားတွေလည်း ပြောလေ့ရှိတယ်၊

ကြာတော့ ကျုပ် နောက်တကောက် ကောက်လိုက်ပါနေတဲ့ ...သူမကို စိတ်ပျက်လာတယ်၊

"တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေပြီး လွတ်လွတ်...လပ်လပ် တွေးပါရစေ" လို့ ပြောတော့ သူ့ရဲ့မျက်နှာက ပြုံးတော့မယ့်မိုးလို၊

"မောင်ကြီးရယ် .. စောမူကို နှင်မထုတ်ပါနဲ့၊ မောင်ကြီးတို့ ...သံယောဇဉ်ရှိလို့ လိုက်နေရတာပါ။ မောင်ကြီးလည်း ကျွန်မစောမူကို ...... ၊ စဉ်းစားပါ မောင်ကြီးရယ်၊ စဉ်းစားလို့ အဖြေပေါ်ရင် စောမူပြန်ပါ...တော့မယ် မောင်ကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းကို ချစ်နေတယ်ဟုတ်စ၊ မဖြစ်နိုင်တာ မင်းနဲ့တွေ့ဘာ ဘာကြာသေးလို့လဲ၊ ပြီးတော့ မင်းနဲ့ငါက ..၊ ကဲကွာ.. မင်း ဘာအလိုရှိသလဲ ပြော၊ ငါ ဘာလုပ်ပေးရမလဲ ပြောကွာ၊ ပြော .. ပြော"

"စောမူက မောင်ကြီးကို ကူညီချင်တာ သက်သက်ပါ။ မောင်ကြီး သတိတွေ ပြန်ရအောင်လို့ပါ။ ဒီနေ့ မောင်ကြီး အနားယူလိုက်ဦး၊ မနက်ဖြန် စောမူနဲ့ လိုက်ခဲ့၊ ဟုတ်လား၊" ဟုဆိုပြီး၊ စောမူပျောက်သွားတယ်။

ကျုပ်ရှိရာ တည်းခိုခန်းကို ဦးစောနော်ရောက်လာတယ်၊ မကြာမကြာ လာနေကျပါ။ အခုတော့ သူ့မိသားစုတွေပါလာတယ်၊ မိတ်ဆက်ပေးလို့ သိရတာပါ။ စားသောက်ဖွယ်ရာတွေနဲ့ အားဆေးတွေပါ ယူလာကြတယ်၊ ကျုပ်လည်း ဦးစောနော်တို့မိသားစုကို လွန်စွာအားနာလှကြောင်း၊ မိမိဘဝအမှန်ကိုသိဖို့ ကြိုးစားနေပါကြောင်း ပြောမိတယ်၊

"ရပါတယ် မောင်ရင်၊ မောင်ရင့်ကို ဦးတို့က တာဝန်ယူထားတာလေ၊ ဦးတို့မှာ တာဝန်ရှိတယ်၊ အားမနာနဲ့၊ မောင်ရင်က ရန်ကုန်ကလို့ သိထားတယ်၊ ဒါလောက်ပဲ သိထားတာပါ။ မောင်ရင်ပါလာတဲ့ လက်ကိုင်ဖုန်းက ကားအက်ဆီးဒင့်ဖြစ်စဉ်မှာ ကြေမွပျက်စီးသွားတာမို့ မှတ်တမ်းမှတ်ရာတွေ မသိရဘူးပေါ့။ ဘာမှ စိတ်ပူမနေနဲ့၊ ဒီမှာရှိနေတုန်း ဦးတို့ ပြုစုပါရစေ"

ဦးစောနော်ရဲ့သမီးဆိုသူက နန်းဥမ္မာတဲ့၊ အတော်ချောသော ကောက်ချက်ပြုမိတယ်၊ သူမက တောင်ကြီးမြို့လယ်၊ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဘဏ်ကြီးတစ်ဘဏ်က ဝန်ထမ်းလို့ ဆိုတယ်၊ "လေးလေးကို ဘဏ်မှာ တွေ့ဖူးသလိုရှိတယ်"လို့ ဆိုတော့ ကျုပ်အတွေးပွားရပြန်ရော၊

ကျုပ် အဲဒီဘဏ်ကြီးကို ရောက်ခဲ့ဖူးသလား၊ အတွေးတွေ ရေးတေးတေးပါပဲ၊ အဲဒီနေ့က ဦးစောနော်က ကျုပ်ကို လက်ကိုင်ဖုန်း တစ်လုံးပေးသွားတယ်၊ လိုအပ်ရင် သုံးဖို့တဲ့လေ၊ ဦးစောနော်တို့ ကျုပ်အပေါ် ဘာကြောင့် ဒီလောက်တောင် ကောင်းနေရတာလဲ၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်စရာပါ။

စောမူခေါ်တဲ့နောက်ကို လိုက်ပါခဲ့တယ်၊ တောင်ကြီး မြို့ပြင်နေရာလေး၊ လမ်းတွေက ကွေ့ဝိုက်သွားရတယ်၊ စိတ်ထဲရောက်ဖူးသလိုလို





"အဲဒါ စောမူနေတဲ့ အိမ်လေ"၊ စောမူညွှန်ရာကို အကြည့်ရောက်တယ်၊ အိမ်မစီးသလို ခံစားမိတယ်၊ အိမ်က ရှိတ်ပိတ်ထားတယ်၊ ဝန်းကျင်ကိုပဲ လေ့လာနေမိတယ်၊

"စောမူကို လူတစ်ယောက်က သတ်သွားတာ၊ သူ့ကို လုံးဝ မသိဘူး၊ မြင်လည်း မမြင်လိုက်ရဘူး၊ စောမူ သေအံ့မူးမူးအချိန်မှာ မျက်လုံးဖွင့်ကြည့်မိတယ်၊ မြင်ကွင်းထဲမှာက ဟောဒီ မောင်ကြီးရဲ့မျက်နှာ ..၊ မောင်ကြီး မှတ်မိရဲ့လား ဟင် ! .."

"ဘာ .. ဘယ်လို မင်းသေခါနီးမှာ ငါ့ကိုတွေ့တယ် ဟုတ်လား၊ ငါ .. ငါ ဘာမှ မသိဘူး၊ ငါ မင်းကို သတ်တာတော့ မဟုတ်ပါဘူးနော်"

"မောင်ကြီး သတ်တယ်လို့ စောမူ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ မောင်ကြီး စဉ်းစားနိုင်ဖို့၊ အမှတ်ရနိုင်ဖို့ ပြောနေတာပါ။ စောမူကို သတ်တဲ့လူ ဘယ်သူဆိုတာကိုတော့ စောမူ လုံးဝမသိတာ အမှန်ပဲ၊ မောင်ကြီး သိများ သိမလားလို့ပါ"

စောမူရဲ့အိမ်ဝန်းကျင်ကို လေ့လာ အကဲခတ်ကြည့်နေမိတယ်၊

"ဟေ့လူ ..၊ ဘာလုပ်နေတာလဲ၊ ခင်ဗျား ဒီနေရာမှာ ရှိမနေသင့်ဘူး"

လူစိမ်းတစ်ယောက်ရဲ့ပြောသံ ကြားလိုက်ရတာမို့ အတွေးတွေ သွင့်စင်သွားတယ်၊ ပြောတဲ့လူစိမ်းက မနီးမဝေးမှာ ရှိနေတယ်၊ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်ရပ်ကြည့်နေတယ်၊ သူတို့က ဘယ်သူတွေလဲ၊ ဘယ်ကလဲဆိုတာကိုတော့ စဉ်းစားမနေတော့ပါဘူး။

နောက်တစ်နေ့ ရဲစခန်းကခေါ်လို့ ဦးစောနော်နဲ့အတူ သွားရတယ်၊ ရဲအရာရှိတစ်ဦးက ကျုပ်ကို -

"ခင်ဗျား .. သေဆုံးသွားခဲ့တဲ့ အမျိုးသမီးတစ်ဦးရဲ့အိမ်အပေါက်ဝကို ရောက်ခဲ့တယ်ပေါ့နော်၊ ဘာရည်ရွယ်ချက်နဲ့ ရောက်ခဲ့တာလဲ" လို့ မေးတယ်၊ ကျုပ်လည်း မကွယ်မဝှက်ပါပဲ၊

"ဟုတ်တယ် .. ရောက်ခဲ့ပါတယ်၊ တစ်စုံတစ်ယောက်က အခေါ်ခံလို့ ရောက်ခဲ့တာ၊ ခေါ်တဲ့သူက မိန်းမပျိုတစ်ယောက်ပါ၊ သူက ဘယ်လို ပြောရမလဲ၊ လူစင်စစ်တော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





ကျုပ် ပြောစကားကြောင့် ရဲအရာရှိ ဦးခေါင်းကို တဖျစ်ဖျစ်ကုတ်တယ်၊ ဦးစောနောင်လည်း ခေါင်းတစ်ခါခါ၊ လည်တရမ်းရမ်းနဲ့၊

"ဦးစောနောင် သူ့ကို ကူညီလက်စနဲ့ ကူညီထားပါဦး၊ ခင်ဗျားရဲ့လည်း တွေ့ဆုံညှိနှိုင်းစရာတွေ ရှိသေးတယ်၊ နောင်မှ တွေ့ကြတာပေါ့"လို့ ရဲအရာရှိက ဦးစောနောင်ကိုပြောတာကြားလိုက်ရတယ်၊ ကျုပ်စိတ်ထဲ စောမှုကို တွေ့ချင်နေမိတယ်၊

ကျုပ် တည်းခိုဆောင်အခန်းပြန်ရောက်တော့ စောမှုကို တွေ့တယ်၊ တွေ့တွေ့ချင်းပါပဲ၊

"မင်းကွာ . .၊ ငါ့ကို ဒုက္ခပေးသလို ဖြစ်မနေဘူးလား၊ ငါ အခုရဲစခန်းက ပြန်ခဲ့တာလေ၊ အဲဒါ သိလား"

"စိတ်မရှိပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီး မှတ်မိတာ၊ မမှတ်မိတာ ထားတော့၊ စောမှု ရှင်းပြတာကိုတော့ နားထောင်ပေးပါ၊ စောမှုနဲ့ မောင်ကြီး စတွေ့ကြတာက တောင်ကြီးက ငါးရက်ဈေးနေ့မှာပါ၊ ရှမ်းပြည်တောင်ပိုင်းမှာက ငါးရက်ဈေးနေ့တွေကို တောင်၊ တောင်၊ ညောင်၊ ညောင်၊ ဟို၊ ဆိုပြီး လှည့်လည်ပြီး လုပ်တယ်၊

တောင်ကြီး၊ တောင်နီ၊ ညောင်ရွှေ၊ ရွှေညောင်၊ ဟဲဟိုး စသည် ဖြင့်ပေါ့လေ၊ ငါးရက်ဈေးဆိုပြီး အလှည့်ကျလုပ်တာ၊ အဲဒီနေ့တွေ အတော်လေး စည်ကားတယ်၊ စောမှုက အဲဒီဈေးနေ့တွေကို လှည့်ရောင်းတယ်၊ ရှမ်းထမင်းချဉ်၊ ငါးပေါင်း၊ ရှမ်းတို့ဟူးစုံနဲ့ ပရဆေးတွေ ရောင်းတယ် မောင်ကြီးက စောမှုရဲ့တို့ဟူးနွေးကို ကြိုက်လှချည်ရဲ့ဆိုပြီး ငါးရက်ဈေးတွေတိုင်းကို မောင်ကြီးက လိုက်လံစားသောက်လေ့ရှိတယ်၊ မောင်ကြီးရဲ့ မိတ်ဆွေတစ်ယောက်လည်း အမြဲပါတယ်၊

ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်





လိုက်တာဆိုတဲ့ စကားကို စောမှု နားလည်ပါတယ်၊ ငါးရက်ဈေးနေ့တွေ ရောက်တိုင်း မောင်ကြီးလာမယ့်လမ်းကို စောမှုရဲ့ချစ်အာရုံကနေပြီး မျှော်နေမိတယ်၊ မျှော်တိုင်းလည်း မောင်ကြီးရောက်လာစမြဲပါ၊ အဲဒါကို မှတ်မိလားဟင် ! . ."

ကျုပ် ခေါင်းရမ်း၊ ခေါင်းခါပြုတယ်၊ ဒါပေမယ့် အတွေးထဲမှာတော့ ဆိပ်ဝိုးတဝါး မြင်ကွင်းက ခပ်ရေးရေး၊

ကျုပ် စိတ်ထဲမှုန်းကြုပ်ကြုပ် ဖြစ်နေမိတယ်၊ စိတ်အပန်းပြေရာ ပြေကြောင်း တစ်နေရာရာကို သွားလိုစိတ်ရှိတယ်၊ ဘယ်သွားရင် ကောင်းမလဲဆိုတာက ဝေခွဲမရ၊ ချစ်ကားလေးတစ်စီး ရှေ့ဆီကို ရောက်လာတယ်၊ မောင်းလာသူက ဘယ်သွားမလဲ၊ ဘယ်ပို့ပေးရမလဲလို့ မေးတယ်၊ ကျုပ် ဖြေမိ၊ တုံ့ကိုဘာဝေ၊

"မွေတော်ဆီကိုလား၊ ဟုတ်ကဲ့ . .၊ ပို့ပေးပါ့မယ်"

ကျုပ် ဘာမှမဖြေမိ၊ သူ့အပြောနဲ့ ကျုပ်ခေါင်းငြိမ့်မိတယ်၊ ကျုပ် မွေတော်ဆီသွားမယ်လို့ မပြောမိတာကတော့ သေချာတယ်၊ နံဘေးမှာ စောမှုရှိနေရဲ့၊ သူကတော့ မဆို့တရို့အပြုံးနဲ့၊

ဒီလိုနဲ့ မွေတော်ဆီ ရောက်ခဲ့တယ်၊ မွေတော်ဟာ တောင်ကြီးနဲ့ နိုင်(၂၀)ခန့်ဝေးတယ်လို့ ကားဆရာလေးက ပြောတယ်၊ ဘုရားတွေဆီ လှည့်ပတ်ဖူးတယ်၊ ရှေးဟောင်းဘုရားတွေ၊ ပုဂံဘုရားတွေထက် ရှေးကျတယ်တဲ့၊ မွေတော်ကက္ကူဘုရားလို့ ဆိုတယ်၊ ဒီနေရာဟာ ကျုပ်နဲ့ မစိမ်းသလို ရှိနေတယ်၊

မွေတော်ကက္ကူဘုရားဝင်း ဝင်ပေါက်မုခ်ဦးဝဲဘက်ဆိုင်ခန်းတွေမှာ အနှာယူရင်း တို့ဟူးကြော်သုပ် စားဖြစ်တယ်၊ ပြီးတော့ ကွမ်းစားချင်စိတ်ဖြစ်တည်လာတာကြောင့် ဆိုင်နဲ့မနီးမဝေး၊ ညောင်ပင်ကြီးအောက် ကွမ်းယာဆိုင်ကို သွားတယ်၊

"ဆရာ မတွေ့တာကြာပြီနော်"လို့ ကွမ်းရောင်းသမားလေးက ပြောပြီး ကွမ်းယာပေးတယ်၊ သူ ကျုပ်ကို သိနေသလား၊ ဘယ်တုန်းကသိနေတာလဲ၊ အတွေးမှာ ဇဝေဇဝါ၊ လူတစ်ယောက် အပြေးတစ်ပိုက်နဲ့ရောက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"သက်မောင်မောင် .. ကျန်းမာရေး ကောင်းသွားပြီလား၊ ငါ့ကို တော မှတ်မိလား၊ မင်း စောမူရဲ့အိမ်ရှေ့ကိုရောက်တုန်းက ငါ အဝေးက ကြည့်နေတာလေ၊ အဲဒါ သိလား"

ကျုပ် လူစိမ်းကို ခေါင်းခါပြတယ်၊ လူစိမ်းက -

"ဒါလည်း ကောင်းပါတယ်ကွာ" လို့ပြောပြီး ထွက်သွားတယ်၊ ကျုပ် ကွမ်းယာဝယ်ပြီး စားနေတဲ့ဆိုင် ပြန်ရောက်လေတော့ စောမူက -

"မောင်ကြီးကို လာတွေ့ လာပြောတဲ့သူက "အောင်သူ" လေ၊ မောင်ကြီးရဲ့မိတ်ဆွေပေါ့၊ သူက မကောင်းတာမှန်သမျှ အကုန်လုပ်တယ်၊ မူးယစ်ဆေးလုပ်တယ်၊ ငွေလိုရင် ဖောက်ထွင်းတာတွေ လုပ်တယ်၊ မောင်ကြီးက ရိုးလွန်းလို့ သူ့ကိုပေါင်းသင်းတာ၊ သူက တောင်ကြီးမှာ နာမည်ပျက် ရှိတဲ့လူ၊ မောင်ကြီးရဲ့ .."

ကျုပ် အတွေးမွှားရပြန်ပြီ၊ လာတွေ့ လာပြောသူက ကျုပ် မိတ်ဆွေ အောင်သူတဲ့လား၊ သူက မကောင်းတာတွေလုပ်တဲ့သူပါတဲ့၊ ကျုပ် စိတ်ထဲ သရိုးသရီ၊ သိသလို၊ မသိသလို၊ စိတ်အပန်းဖြေဖို့ ထွက်လာပါတယ်၊ စိတ်ရှုပ်ထွေးစရာတွေက တွေ့လာရပြန်ရော၊ အပန်းဖြေခရီးဟာ မလန်းဆန်းပါတကား၊ အောင်သူဆိုတဲ့သူရဲ့မျက်နှာဟာ ကျုပ်ရဲ့အမြင်မှာ စိမ်းသလို မစိမ်းသလို ရှိနေပြန်ရော ..၊

ဦးစောနောင်ကတော့ ကျုပ်ဆီ မကြာခဏဆိုသလို ရောက်လာ လေ့ရှိတယ်၊ ကျန်းမာရေးအခြေအနေ မေးတယ်၊ လိုအပ်တာရှိရင် ပြောဖို့ လည်း ပြောတယ်၊ ကျုပ်က စောမူနဲ့ မွေတော်ကိုရောက်တဲ့အကြောင်း၊ လူ တစ်ယောက်နဲ့ တွေ့ကြောင်း၊ အဲဒီလူကို မှတ်မိသလိုရှိနေကြောင်း ပြောပြ တယ်၊

ဦးစောနောင်က သိပ်ပင်ပင်ပန်းပန်း မစဉ်းစားဖို့ ပြောတယ်၊ ဦး စောနောင်ခေါ်လို့ အပြင်ကို လမ်းလျှောက်ထွက်တယ်၊ ရဲစခန်းကို ရောက် တယ်၊ အလည်သဘောနဲ့ ဝင်ခဲ့ကြတာပါ၊ ရဲအရာရှိနဲ့ ဝန်ထမ်းတွေနဲ့က လည်း ကျုပ်နဲ့ရင်းမင်နေတယ်၊ ရဲအရာရှိ ဧည့်ခံတာကို စားသောက်ဖြစ်ကြ ကြတယ်၊ ထွေရာလေးပါး ပြောဖြစ်ကြတယ်၊

ရဲအရာရှိက ကျုပ်ကို မှတ်တမ်းဓာတ်ပုံတစ်ပုံ ပြတယ်၊ သူ့ကို သိ





"

စောမူ့ရဲ့နောက်ကျောကို
ပြေးဖက်လိုက်ပြီး
ဓားနဲ့ထိုးလိုက်တယ်။
ကျွန်တော် မျက်စိထဲ
ပြာကနဲဖြစ်သွားတယ်။
စောမူ လဲကျသွားတယ်။
သွေးတွေလည်း
အိုင်ထွန်းနေပေါ့။



သလားပေါ့၊ ကျုပ် တရတ်တရကြည့်တယ်၊ စဉ်းစားတယ်၊ တွေ့ဖူးသလိုလို၊

"ဟုတ်ပြီ .. မှတ်မိပြီ၊ သူ .. သူ .. အောင်သူ မဟုတ်လား" လို့ပြော လေတော့ ရဲအရာရှိက "ဟုတ်ပါရဲ့ဗျာ" တဲ့၊ ဒါပဲ ပြောတယ်၊

ဦးစောနောင်က ညနေစာကို ဆိုင်တစ်ဆိုင်မှာ ကျွေးတယ်၊ စား သောက်နေတုန်း စောမူရောက်လာတယ်၊ စောမူကို လက်စံစကားပြောရ တယ်၊ ဦးစောနောင် ခေါင်းကုတ်နေတာ ရိပ်စားမိလိုက်တယ်၊ သူ့အထင် တော့ ကျုပ်ရဲ့စိတ် ပုံမှန်အနေအထားမရှိသေးလို့ တွက်ဆမိမှာ အမှန်၊

"အန်ကယ် ကျွန်တော့်အပေါ် စိတ်ညစ်မသွားပါနဲ့၊ ကျွန်တော့် စိတ်တွေ ပုံမှန်ပြန်ဖြစ်အောင် ကူညီနေတာ စောမူပါ၊ စောမူဆိုတာ လွန် ခဲ့တဲ့ တစ်ပတ်၊ ဆယ်ရက်လောက်က အသတ်ခံရသူပါ၊ သတ်တဲ့လူကို ကျွန်တော် ဝိုးတဝါးမှတ်မိနေတယ်၊ အဲ .. အဲဒါ အောင်သူ၊

တစတစ အတွေးပုံရိပ်တွေက ဝိုးတဝါးအနေအထားကနေ ပီပီ ပြင်ပြင်ဖြစ်လာတယ်၊ ကျွန်တော် စောမူကို စတွေ့တာ တောင်ကြီးဈေး (၅)ရက်ဈေးနေ့မှာ တွေ့တာ၊ စောမူက ရှမ်းရိုးရာစားသောက်ဖွယ်ရာတွေ ရော၊ ပရဆေးတွေပါ ရောင်းတဲ့သူ၊ စောမူရောင်းတဲ့ တို့ဟူးနွေးကိုစားရင်း စောမူကို ရင်ထဲစွဲငြိသွားခဲ့တယ်၊ ဖွင့်ပြောမယ်လို့ ရည်ရွယ်ထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်မှုရင့်သန်လာတော့ သူ့ဖမွးနေ့ဖိတ်တယ်၊ နေအိမ် လိပ်စာပေးတယ်။

မွေးနေ့ပွဲမရောက်ခင် တစ်ရက်ကြိုပြီး စောမူရဲ့နေအိမ်သိရအောင် လို့ ဟိုမေး၊ သည်စမ်းနဲ့ သွားတယ်၊ နေအိမ်မရောက်ခင် လမ်းခုလတ်မှာ ခင်မင်ရင်းစွဲရှိခဲ့တဲ့ အောင်သူနဲ့တွေ့တယ်၊ သူက အိမ်တစ်အိမ်ကို သူနဲ့ လိုက်ခဲ့ဖို့ ခေါ်တယ်၊ ကျွန်တော် ငြင်းပါသေးတယ်၊ သူက အတင်းအကြပ် ခေါ်တာနဲ့ အားနာပါးနာလိုက်ဖြစ်ခဲ့တယ်၊

သူခေါ်တဲ့အိမ်ရောက်တော့ သူက သော့ဖွင့်ဝင်တယ်၊ ကျွန်တော် လည်း လိုက်ဝင်ခဲ့တယ်၊ အောင်သူက အခန်းတွေထဲ ဟိုဝင်သည်ထွက်နဲ့ အလုပ်ရှုပ်နေသလိုရှိလေရဲ့၊ နံရံမှာရှိနေတဲ့ ဓာတ်ပုံတစ်ပုံကို အမှတ်မထင် တွေ့လိုက်တယ်၊ စောမူရဲ့ဓာတ်ပုံ၊ ဒီတော့မှ စောမူရဲ့အိမ်ဖြစ်မှန်း သိလိုက် ရတယ်၊ ကျွန်တော် စောမူရဲ့ဓာတ်ပုံကို မမိတ်မသုန်ကြည့်နေစဉ် အပြင်က ခြေသံ ကြားရတယ်၊ ပြီးတော့ တံခါးဖွင့်သံ၊

အောင်သူ တစ်နေရာကို ပြေးကပ်တယ်၊ ကျွန်တော်လည်း တစ် နေရာ ဝင်ပုန်းရပြီပေါ့၊ ဘာတွေမှန်း မသိ၊ ဝင်လာသူက စော . . စောမူရယ်၊ ကျွန်တော်ရဲ့ စောမူ၊ ကျွန်တော် တအံ့တဩဖြစ်နေတုန်း မထင်မှတ်တဲ့ မြင်ကွင်းတစ်ခု၊ စောမူရဲ့နောက်ကျောကို အောင်သူက ပြေးဖက်လိုက်ပြီး စောမူကို ဓားနဲ့ထိုးလိုက်တယ်၊ ကျွန်တော် မျက်စိထဲ ပြာကနဲဖြစ်သွား တယ်၊ စောမူ လဲကျသွားတယ်၊ သွေးတွေလည်း အိုင်ထွန်းနေပေါ့၊

"မင်း ဘယ်သူမှ မပြောနဲ့၊ ပြောရင် အသိပဲ" ဆိုပြီး အောင်သူ အပြင်ကို ပြေးထွက်သွားတယ်၊ ကျွန်တော့်ရင်ထဲ ဘယ်ရှိပါ့မလဲ၊ စောမူ ကို ပြေးပွေ့မိတယ်၊ နောက်တော့ ထရပ်ပြီး ကြေကွဲစိတ်နဲ့ အတန်ကြာ ကြည့်တယ်၊ နောက် ပြေးထွက်လာခဲ့မိတယ်၊ လမ်းတွေက ကွေ့ကွေ့ဝိုက် ဝိုက် ရှိတာမို့ ကွေ့ကွေ့ဝိုက်ဝိုက်ပြေးနေမိရင်း လမ်းကွေ့တစ်နေရာမှာ ကား တစ်စီးနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အမှောင်ကျခဲ့တယ်၊ နောက်တော့ ဆေးရုံကို ရောက်နေမှန်း သိရတော့တယ်၊

"ဒါ . . ဒါဆိုရင် စောမူကို သတ်တာ အောင်သူပေါ့နော်"

"ဟုတ် . . ဟုတ်ပါတယ်၊ အန်ကယ်"

"အောင်သူ ကျက်စားလေ့ရှိတဲ့နေရာကို အန်ကယ်ပြပေးမယ် ဆိုရင်ပေါ့နော်၊ မောင်ရင်ကိုယ်တိုင် အောင်သူ့ကို ဖမ်းပေးနိုင်စွမ်းရှိပါ့မလား"

"စိန်လိုက် . . အန်ကယ်၊ ဖမ်းပေးနိုင်စွမ်းရှိပါတယ်"

၉

တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်းအနီး စားသောက်ဆိုင် ကို ကျုပ်ရောက်လေတော့ ညနေ(၄)နာရီ၊ ဘီယာတစ်ပုလင်း မှာသောက် တယ်၊ နံဘေးမှာ စောမူရှိနေတယ်၊ စောမူက အလျှင်စလို မလုပ်ဖို့ ကျုပ်ကို မှာသေးရဲ့၊ မကြာလှပါဘူး၊ ကိုယ်တော်ချော အောင်သူ ရောက်လာတယ်၊ ကျုပ်ကို တွေ့လိုက်ရတော့ သူက တအံ့တဩနဲ့၊ ဒါပေမယ့် မသိဟန်ပြုပြီး တစ်နေရာကို သွားထိုင်မယ်လုပ်တုန်း ကျုပ်ကပဲ စတင်ပြီး -

"ဟေ့ကောင် အောင်သူ၊ ငါ မင်းကိုလာပြီး စောင့်နေတာ၊ မင်း ပြေးရှောင်ပုန်းနေရတာ ပင်ပန်းလှပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောပြီး စောမူကိုသတ်ခဲ့တဲ့အကြောင်း ဝန်ခံပြီး အဖမ်းခံလိုက်စမ်းပါကွာ"

"မင်း ဘာတွေ ပြောနေတာလဲ . . သက်မောင်မောင်၊ မင်းက စောမူကိုသတ်ပြီး အတိတ်မေ့ရှင်ယောင်ဆောင်နေတာ ငါမသိဘူး ထင် နေသလား"

"အောင်သူ . . မင်းဟာ ယောကျ်ားပီပီ ဝန်ခံစမ်းပါကွာ၊ ငါ့ကိုလာ ပြီး လွှဲချမနေနဲ့"

ထိုစဉ် လူစိမ်းနှစ်ယောက်ရောက်လာပြီး -

"ကဲ . . မောင်ရင်တို့ တစ်ယောက်ကိုတစ်ယောက် လွှဲချမနေပါနဲ့ တော့" လို့ ပြောပြီး ကျုပ်နဲ့အောင်သူ နှစ်ယောက်စလုံး အဖမ်းခံရပါတော့ တယ်၊ ကျုပ်ရောက်နေတဲ့အခန်းထဲကို စောမူရောက်လာပါသေးတယ်၊

"မောင်ကြီးရယ် . .၊ ဆန္ဒမစောပါနဲ့လို့ စောမူပြောထားတဲ့ဟာကို . ." လို့ ကြေကွဲသံနဲ့ပြောဆိုပြီး ပျောက်သွားပါတော့တယ်၊ အဆုံးစွန် ပျောက်သွားခဲ့တာပါ၊

ကျုပ် အကျဉ်းထောင်ထဲမှာ တစ်လနီးပါးနေခဲ့ရပါတယ်၊ ရဲအရာရှိ တို့ရဲ့စစ်ဆေးနည်းဗျူဟာကိုတော့ အောင်သူ လက်လျှော့ခဲ့ရပြီး စောမူကို သတ်ခဲ့ပါကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုခဲ့ရတယ်လို့ ကြားပါတယ်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ် အကျဉ်းထောင်က လွတ်မြောက်ခဲ့ရပါတယ်။

သေဆုံးသူ စောမူက ဦးစောနောင်နဲ့ သွေးသားတော်စပ်သူပါ။ ဦးစောနောင်က စောမူသတ်တဲ့အမှုကိုဖော်ထုတ်လိုသူ ရဲအရာရှိဟောင်း တစ်ဦး။ ဦးစောနောင်က ကျုပ် သက်မောင်မောင်ရဲ့ဘိုင်အိုဂရပ်ဖီကို စုံစမ်း ရယူထားခဲ့ပြီး ကျုပ် ရန်ကုန်ကနေ တောင်ကြီးရှိ မိတ်ဆွေအရိုးနဲ့ ကျောက် အရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ညောင်ရွှေတည်းခိုဆောင်မှာ ကျုပ် တည်းခို နေထိုင်ကြောင်း သိထားခဲ့သူ။ သက်ဆိုင်ရာနဲ့အတူ ကျုပ်ကိုသံသယနဲ့ စောင့်ကြည့်ပစ်မှတ်ထား စုံစမ်းနေသူပါ။

"အရင်ကတော့ မောင်ရင့်ကို သံသယနဲ့ စောင့်ကြည့်ခဲ့တာပါ။ အခုတော့ သံသယတွေက ကင်းရှင်းသွားပြီလေ၊ ထပ်ပြီး ကျေးဇူးတင်ရမှာ က မောင်ရင်ကပဲ ဒီအမှုကြီးကို ဖော်ထုတ်ပေးခဲ့တာကြောင့်ပဲ"

အမှုဖော်ထုတ်သူ အစစ်အမှန်က စောမူပါလို့ မပြောလိုတော့ပြီ။ ပြောမိဆိုမိရင် တစ်မျိုးတစ်မည်ထင်မှတ်ကြဦးမယ်လေ၊ ကျုပ် တစ်ရက်၊ နှစ်ရက်နေလို့ပြီးရင် ရန်ကုန်ပြန်ဆင်းမယ်လို့ တင်ကြိုနှုတ်ဆက်မိတယ်။

နံဘေးမှာရှိနေတဲ့ ဦးစောနောင်ရဲ့သမီး ဘဏ်မှာ အလုပ်လုပ်နေ တယ်ဆိုတဲ့ နန်းဥမ္မာက -

"ဘဏ်မှာ လေးလေးနာမည်နဲ့ ငွေလွှဲပို့ထားတာ ရှိတယ်၊ ရန်ကုန် မပြန်ခင် ငွေထုတ်သွားပါဦး။ ဒါကြောင့် လေးလေးကို မြင်ဖူးတယ်ရှိတယ် လို့ ပြောတာ မှတ်မိလား။ လေးလေးက ဘဏ်ကိုလာနေကျပဲ"

နန်းဥမ္မာက တရတ်တရ ကြည့်မိလေတော့ စောမူနဲ့ တူသလိုလို ရှိတယ်၊ စောမူကတော့ ကျုပ်ကိုအပြီးအပိုင် ခွဲခွာထားရစ်ခဲ့လေပြီ၊ သို့သော် ငြားလည်း စောမူနဲ့တူသလိုလိုရှိတဲ့ နန်းဥမ္မာရှိရာ တောင်ကြီးသို့ရောက် အောင် လာရပေဦးမည်ထင့်။

မှတ်ချက်။ ။ အငြိမ်းစား ရဲအရာရှိကြီးတစ်ဦး၏ ပြောပြချက်တို့ ခံစားဖွဲ့သီ၍ ဇာတ်လမ်းပြုသည်။








(က) ကစားရန်စားပွဲတွင် မိမိ အနိုင်ရသည် (သို့မဟုတ်) မိမိပါသော ဘက်မှ အနိုင်ရသည်ဟုမက်လျှင် စီးပွားရေးလုပ်ငန်းများအတွက် ကံမကောင်းပါ။

◆◆ ကမ္ဘာလုံးကို မြင်မက်လျှင် ခရီးဝေးသွားရောက်သော သူငယ်ချင်း ထံမှ စာ၊ သတင်းစကားများ ရရှိမည်။

◆◆ ကကြိုးတန်ဆာကို မြင်မက်လျှင် ပျော်ရွှင်သာယာမည်။

◆◆ ကာကီရောင်ကို မြင်မက်လျှင် မိမိဘေးနားတွင် အန္တရာယ်များ ဝန်းရံနေသော်လည်း မကြာခင် ၎င်းတို့ ပြိုကွဲသွားမည်။

◆◆ ကလေးငယ်ကို မြင်မက်လျှင် ထိုအချိန်မှစ၍ တစ်စုံတစ်ဦးသည် မိမိနေအိမ်သို့ ပျော်ရွှင်ဖွယ်ရာများ ယူဆောင်လာမည်။

◆◆ ကာယအလုပ်သမားကို မြင်မက်လျှင် ကြီးပွားချမ်းသာမည်။

◆◆ ကမ္ဘာဦးဆင်ကြီးကို မြင်မက်လျှင် အလွယ်တကူ မကျော်လွှား နိုင်သော အနှောင့်အယှက်များနှင့် ရင်ဆိုင်ရမည်။ သို့သော် မိမိ၏ အကောင်းဆုံးကြိုးစားမှုဖြင့် ကျိန်းသေ ကျော်လွှားနိုင်မည်။

◆◆ ကပ်စေးနဲသည်ဟုမက်လျှင် မကောင်း။ ပို၍ ကပ်စေးနဲလေ၊ ပို၍ အကျပ်အတည်းတွေ့လေ ဖြစ်မည်။

◆◆ ကနကမာ၊ ခရု စသည်ကို မြင်မက်ပါက လျှို့ဝှက်ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



သောဖြစ်ရပ်ကို အာရုံစိုက်မိမည်၊ ဖြေရှင်းမရသော သဘာဝလွန်ဖြစ်ရပ်များ ဖြစ်သည်၊ ကြားသိရသမျှ မယုံပါနှင့်၊

◆ ◆ ကနကာမာအစွဲကို မြင်မက်လျှင် အနာဂတ်သည် မိမိ၏ အပျော်ရွှင်ရဆုံး အချိန်များဖြစ်မည်၊

◆ ◆ ကတုံကယင် ဖြစ်သည်ဟု မြင်မက်လျှင် အလွန်ကံကောင်းမည်၊

◆ ◆ ကလောင်ထိပ်သွားလေးကျိုးသွားသည်ဟု မက်လျှင် မကောင်းသော သင်္ကေတဖြစ်သည်၊

◆ ◆ ကလေးထိန်းဗြာနကို မြင်မက်လျှင် ကံမကောင်း၊

◆ ◆ ကမ်းလှမ်းမှုကို ကောင်းမွန်စွာ ရရှိသည်ဟု မြင်မက်လျှင် ကံကောင်းသည်၊

(ခ) ခက်ရင်းကို မြင်မက်လျှင် ရန်များမည်၊

◆ ◆ ခံတပ်ကို မြင်မက်လျှင် အခက်အခဲနှင့် ဆုံးရှုံးမှုများ ကြုံတွေ့မည်၊

◆ ◆ ခန်းမကြီးကို မြင်မက်လျှင် အရေးကြီးသော ဆုံးဖြတ်ချက်များ ပြန်လည်ရုပ်သိမ်းရမည်၊

◆ ◆ ခေါင်းမူးသော ဝေဒနာခံစားရသည်ဟု မြင်မက်လျှင် ပိုမိုကောင်းမွန်သော ဘဝအခြေအနေသို့ တိုးတက်မည်၊

◆ ◆ ခေါင်ရန်းပန်းကို မြင်မက်လျှင် အချစ်စစ်၊ အချစ်မှန်ကို ရှာဖွေတွေ့မည်၊

◆ ◆ ခေါင်းရွက်ဗျတ်ထိုးရေးသည်ကို မြင်မက်လျှင် အခြားသူ၏ဩဇာ လွှမ်းမိုးမှု ခံရမည်၊

◆ ◆ ခေါင်းကိုက်သည်ဟုမက်လျှင် မတော်တဆ ထိခိုက်မှုဖြစ်တတ်သည်၊ အန္တရာယ်များသော စွန့်စားမှုများ ရှောင်ပါ၊

◆ ◆ ခုန်ဆွ၊ ခုန်ဆွလုပ်နေသည်ဟု မြင်မက်ပါက ပျော်ရွှင်အေးချမ်းမှုများရမည်၊

◆ ◆ ချွေးသမင်ကို မြင်မက်လျှင် မကောင်းသော သင်္ကေတဖြစ်သည်၊

◆ ◆ ခါးကုန်းကိုမြင်မက်လျှင် အဆင်ပြေမည်၊ အချစ်ရေး ပျော်ရွှင်မည်၊





(ဂ) ဂဏန်းကို မြင်မက်ပါက ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အခြေအနေများ ပေါ်ပေါက်ပြီး အခက်တွေ့မည်၊

◆ ◆ ဂူသချိုင်းတွင်ရေးထိုးထားသော ကမ္ပည်းကိုမြင်မက်ပါက အိမ်ထောင်ကျမည်၊ မင်္ဂလာဆောင်ရမည်၊

(င) ငှက်ကုလားအုတ်ကိုမြင်မက်လျှင် နာမကျန်းသော သတင်းစကားကြားရမည်၊

◆ ◆ ငန်း၊ ဘဲငန်း စသည်ကိုမက်လျှင် စီးပွားရေး လုပ်ငန်းများ အဆင်ပြေမည်၊

◆ ◆ ငိုကြွေးသည်ကိုမက်လျှင် ပျော်ရွှင်ကြည်နူးရမည်၊

◆ ◆ ငှက်တောင်ပံကို မြင်မက်လျှင် မကောင်းသောနိမိတ် ဖြစ်သည်၊ ငွေကြေး ဆုံးရှုံးမည်၊

(စ) စိတ်အနှောင့်အယှက် မိမိကိုပေးသည်ဟု မက်လျှင် စိတ်ညစ်ရမည်၊ မနှစ်မြို့ဖွယ်ရာများ ကြုံမည်၊

◆ ◆ စားကျက် (မြင်းစာကျက်၊ နွားစားကျက်) စသည်ကို မြင်မက်ပါက အံ့အားသင့်ဖွယ်ရာကောင်းသော သတင်းစကား ကြားရမည်၊

◆ ◆ စစ်ရေးပြ ချီတက်သည်ကို မြင်မက်လျှင် အခြားသူများနှင့် ခိုက်ရန် ဖြစ်ပွားမည်၊

◆ ◆ စီတန်းလှည့်လည်သည်ကို မြင်မက်လျှင် ချစ်သူများ၊ အိမ်ထောင်သည်များအတွက် ကောင်းသောနိမိတ်ဖြစ်သည်၊ စီတန်းမှု ပိုရှည်လျားလေ၊ ပို၍ ပျော်ရွှင်ရလေဖြစ်သည်၊

◆ ◆ စားသောက်ဆိုင်ထဲတွင် အခြားသူများ စားသောက်နေသည်ကို မြင်မက်ပါက နာမကျန်းဖြစ်မည်၊ မိမိကိုယ်တိုင် စားသောက်နေသည်ဟုမက်လျှင် မိတ်ဆွေသစ်များ ရမည်၊ ပျော်ရွှင်မှုများ ရရှိမည်၊

◆ ◆ စိပ်ပုတီးစိပ်နေသည်ဟုမက်လျှင် သူငယ်ချင်းများနှင့် ပြန်လည်သင့်မြတ်မည်၊ တစ်စုံတစ်ခု ဝတ်ဆင်ထားသည်ကို မြင်မက်ပါက ဝမ်းနည်းပူဆွေးရမည်၊

www.burmeseclassic.com



- ◆ ◆ စီးတော (ကလေးများ ကစားသည်)ကို မြင်မက်လျှင် မမျှော်လင့်ဘဲ အချစ်ရေးကိစ္စများ ကြုံသော်လည်း ကြာရှည်မမြဲပါ။
- ◆ ◆ စက်ချုပ်သည်ဟု မက်လျှင်၊ ပြီးစီးသည်အထိ ချုပ်သည်ဟု မက်ပါက အရာရာ အဆင်ပြေမည်။ ချုပ်မပြီးသေးဘဲ ထထွက်သွားသည်ဟုမက်ပါက အခက်အခဲ ကြုံတွေ့မည်။
- ◆ ◆ စုတ်ပြတ်နံ့ရှာသူတစ်ဦးကို တွေ့သည်ဟု မက်ပါက မိမိအတွက် အဝတ်အစားသစ်များ ရရှိမည်။
- ◆ ◆ စစ်သားကို မြင်မက်လျှင် အပြောင်းအလဲတချို့ဖြစ်ပေါ်ပြီး ဆုံးရှုံးမည်။

(ဆ) ဆလတ်ရွက်ကို မြင်မက်လျှင် အခက်အခဲ တွေ့သော်လည်း အောင်မြင်မည်။

- ◆ ◆ ဆင်းရဲခက်ခဲမှုများ ခံစားရသည်ဟု မြင်မက်ပါက မိမိတွေ့ကြုံနေရသော အခက်အခဲများ အချိန်တိုအတွင်း ပြေလည်သွားမည်။
- ◆ ◆ ဆဲရေးတိုင်းထွာခြင်း ခံရသည်ဟုမက်ပါက မကောင်းပါ။ မိမိက အခြားသူအား ဆဲရေးသည်ဟုမက်လျှင် အောင်မြင်မည်။
- ◆ ◆ ဆာလောင်မွတ်သိပ်သည်ဟု မက်ပါက မကောင်းပါ။ ကျန်းမာရေး ထိခိုက်မည်။

(ဇ) ဇာပုဝါပါးကို မြင်မက်လျှင် မိမိ ခံစားမှုများ ထုတ်ဖော်ခွင့်မရ ဖုံးကွယ်ထားရမည်။

(ဈ) ဈေးပွဲတော်မှ လက်ဆောင်ပစ္စည်းရရှိသည်ဟု မက်ပါက ကံမကောင်းသော နိမိတ်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကိစ္စများ အပြိုင်အဆိုင် မပြုလုပ်သင့်ပါ။

(ည) ညဘက်၊ ညဝိုင်း မှောင်မဲနေသည်ဟုမက်လျှင် မကောင်းသော နိမိတ်ဖြစ်သည်။ ထိုအမှောင်ထဲတွင် အလင်းရောင်ကို မြင်ရသည်ဟု မက်လျှင် ဆိုးဝါးမှုများမှ ကာကွယ်နိုင်မည်။

(ဋ) ဋံလျှော်ကိုမြင်မက်လျှင် ယုံကြည်စိတ်ချရသော သူငယ်ချင်းတစ်ဦး ဆုံးရှုံးမည်။

- ◆ ◆ ဋံမြက်စည်းကို မြင်မက်လျှင် အခက်အခဲများကို ရှောင်ရှားရန် သတိရှိရမည်။
- ◆ ◆ ဋစ်နေရာမှတစ်နေရာသို့ ရွှေ့လျားသည်ဟုမက်လျှင် ကံမကောင်း။ မရွေ့လျားဘဲ စွဲစွဲမြဲမြဲ တည်ရှိသည်ဟု မက်လျှင် အရာအရာ အဆင်ပြေမည်။
- ◆ ◆ ဋရုတ်နံ့ကို မြင်မက်လျှင် မိမိ၏ကြိုးစားမှုကြောင့် အောင်မြင်မှုများ ရရှိမည်။
- ◆ ◆ ဋရားဟောစင်မြင့်ကို မြင်မက်လျှင် မည်သည့်အရာမှ အဆင်မပြေနိုင်ပါ။ မလိုလားအပ်သော အခက်တွေ့စေနိုင်သော အိပ်မက်မျိုး ဖြစ်သည်။
- ◆ ◆ ဋံဆိပ်တုံးရိုက်သည်ဟုမက်လျှင် တရားဥပဒေနှင့် ပတ်သက်သော ကိစ္စများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရမည်။

(ဌ) ဌိနိုက်နာကျင်မှုကို တစ်စုံတစ်ဦးကြောင့် မိမိတွင် ဖြစ်ရသည်ဟုမက်လျှင် စီးပွားရေး၊ အချစ်ရေးတွင် မိမိအတွက် အန္တရာယ်ရှိသော ပြိုင်ဘက်များ ပေါ်ပေါက်မည်။ ထိခိုက်မိသည်ဟု မက်လျှင် ကုသိုလ်ကံ ညံ့သည်။

- ◆ ◆ ထုံကျင်နေသည်ဟုမက်လျှင် ကျန်းမာရေး ဂရုစိုက်ရမည်။
- ◆ ◆ ထိထိုးသည်၊ ထိလက်မှတ်ကိုင်ထားသည်ဟုမက်လျှင် ချစ်သူများအတွက် မကောင်းသော သင်္ကေတဖြစ်သည်။ အချို့သူများအတွက် စိတ်ညစ်ရသော စေ့စပ်ကြောင်းလမ်းမှု ဖြစ်သည်။

(ဒ) ဒိရေတက်သည်ကိုမြင်မက်လျှင် ပတ်ဝန်းကျင်မှ အရေးပေးမှုများ ရရှိပြီး ပျော်ရွှင်မည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ◆ ဒုက္ခိတဖြစ်ပြီး မသန်စွမ်းဖြစ်နေသည်ဟုမက်ပါက ပတ်ဝန်းကျင်မှသူများ၏ ကြင်နာထောက်ထားမှု ရရှိမည်။

(ဓ) ဓားသွေးကျောက်ကို အသုံးပြုနေသည်ဟု မက်လျှင် ကံကောင်းမည်။

(န) နာရီထိုးသံကြားရသည်ဟု မက်ပါက ကံကောင်းမည်။ ဘဝရှေ့ရေး ပျော်ရွှင်အေးချမ်းမည်။

◆ ◆ နဂါးကိုမြင်မက်ပါက လာဘ်လာဘပွင့်လန်းပြီး ချမ်းသာကြွယ်ဝမည်။

◆ ◆ နဖားကြိုးငှက်ကို မြင်မက်ပါက ငှက်အရောင်ကို လိုက်၍ အိမ်ထောင်ရေး၊ အိမ်တွင်းရေးတွင် အဓိပ္ပာယ် ကွဲပြားသည်။ အဖြူရောင်ကိုမက်လျှင် အဆင်ပြေပြီး အပြာရောင်သည် ကံဆိုးမည်။

◆ ◆ နာမည်ပြောင်တစ်ခုခုဖြင့် မိမိကို ခေါ်လိုက်သည်ဟု မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။

◆ ◆ နားပူနားဆာလုပ်သည်ဟု မက်ပါက များပြားသော လုပ်ငန်းတာဝန်များ ထမ်းဆောင်ရမည်။

◆ ◆ နားမကြား၊ မိမိကိုယ်တိုင် နားပင်းသွားသည်ဟု မက်ပါက နိမိတ်ကောင်းသည်။ အစက်အခဲများမှ မချော်လင့်ဘဲ လွတ်မြောက်မည်။

(ပ) ပုံပန်းပျက်ပြီး ကြီးမားသောလူကို ပင်လယ်ထဲတွင် တွေ့မြင်ရသည်ဟု မက်ပါက မကောင်း။ ကုန်းပေါ်တွင် မြင်ရသည်ဟု မက်ပါက ကံကောင်းသည်။

◆ ◆ ပုံကြီးချဲ့သည်၊ ပုံကြီးချဲ့မှန်စသည်ကို မြင်မက်လျှင် စိုးရိမ်ပူပန်ရမှုများကို သုံးကြည့်မှုအပြည့်ဖြင့် ရင်ဆိုင်ပါ။ မကြာမီ အဆင်ပြေသွားမည်။

◆ ◆ ပုံစံတူ၊ ရုပ်ပုံလွှာကို မြင်မက်ပါက ကံမကောင်းပါ။





အရေးကြီးသော အလုပ်ကိစ္စများ ရှေ့ဆိုင်းရမည်။

◆ ◆ ပလွေမှုတ်နေသည်ဟု မက်ပါက မိမိကိုယ်တိုင် မှုတ်နေလျှင် အလွန် ကံကောင်းသည်။ သို့သော် အခြားသူတစ်ဦး ပလွေမှုတ်နေသည်ကို မိမိမြင်တွေ့ရသည်ဟုမက်ပါက အခက်အခဲများ ကြုံတွေ့မည်။

◆ ◆ ပလွေကို မြင်မက်လျှင် စစ်တပ်အတွင်းရှိ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံရန် ခရီးထွက်ရတတ်သည်။

◆ ◆ ပိုစ်စွက်၊ ပုံသွန်းသည်ကို မက်လျှင် ငွေကြေး အကျိုးအမြတ်များစွာ ရရှိမည်။ အကြီးစား ရင်းနှီးမြှုပ်နှံမှု မပြုပါနှင့်။

◆ ◆ ပူတင်းမုန့်ကို မြင်မက်လျှင် ကောင်းသောသင်္ကေတ ဖြစ်သည်။ သို့သော် ထိုမုန့်ကို စားပွဲသောက်ပွဲဖြင့် ကျွေးမွေးသည်ဟု မက်ပါက မကောင်းပါ။

◆ ◆ ပုံးကိုမြင်မက်လျှင် ကံမကောင်းသော နိမိတ် ဖြစ်သည်။

◆ ◆ ပွဲတင်သံကို ကြားရသည်ဟု မက်ပါက ကံကောင်းခြင်းများ ကြားရမည်။ အခြားသူများ၏ကံကောင်းခြင်းများကိုလည်း ကြားသိခံစားရမည်။

◆ ◆ ပိုးပန်းသည်၊ လူပျိုလှည့်သည်ဟု မက်ပါက အချစ်ရေး ကံကောင်းမည်။

◆ ◆ ပုံးထဲတွင် အရည်တစ်ခုခု ထည့်ထားသည်ကို မြင်မက်ပါက သတင်းကောင်း ကြားရမည်။ ထိုပုံးထဲမှ အရည်ကို သောက်သည်ဟု မက်ပါက ကြီးမားသော ပျော်ရွှင်မှုရမည်။

◆ ◆ ပဲပင်၊ ပဲစေ့၊ ပဲတောင့်ကို မြင်မက်ပါက လိမ္မာလှည့်ဖြားခံရမည်။

(ဖ) ဖရဲသီးစားရသည်ဟုမက်လျှင် အဆင်ပြေမည်၊ ကံကောင်းမည်။

◆ ◆ ဖားဥဆွဲနေသည်ကို မြင်မက်လျှင် ပျော်ရွှင်မှုရမည်၊ ထူးခြားနှစ်ခြိုက်ဖွယ် ဆွဲဆောင်မှုရှိသော ကိစ္စရပ်များ မိမိအိမ်တွင်း၌ ဖြစ်ပေါ်မည်။

◆ ◆ ဖယောင်းတိုင်မီးတောက် ထွန်းညှိထားသည်ဟုမက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော အတိတ်ကို ဆောင်သည်။ မီးငြိမ်းသတ်နေပါက အစက်အခဲကြုံမည်။

(ဗ) ဗွက်ကုလားဝက်မျိုးကို မြင်မက်လျှင် အစက်အခဲတွေ့မည်။

(ဘ) ဘီရိုထဲတွင် ဘာမှမရှိသည်ကို မြင်မက်ပါက မိမိစီးပွားရေး ညံ့သည်။ အကယ်၍ တစ်စုံတစ်ခုကို ဗီရိုထဲသို့ ထည့်နေသည်ဟု မက်ပါက မိမိဆုံးရှုံးမှုကို ကာကွယ်နိုင်မည်။

◆ ◆ ဘီလီယက်ရုံ၊ ဘီလီယက်ထိုးသည်ဟု မက်ပါက အချစ်ရေး အိမ်ထောင်ရေး ရှုပ်ထွေးမည်။

◆ ◆ ဘီစကစ်မုန့်ကို မြင်မက်သောအခါ ခရီးဝေးသွားခြင်းဖြင့် အောင်မြင်မည်၊ တစ်ခါတရံ နာမကျန်းဖြစ်မည်။

(မ) မီးပူတိုက်သည်ဟုမက်လျှင် မမျှော်လင့်ဘဲ အကူအညီရမည်။ ပို၍ကောင်းသော အပြောင်းအလဲ ပေါ်မည်။

◆ ◆ မီးအလင်းရောင်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။

◆ ◆ မီးဖိုရောင်ကို မြင်မက်လျှင် မိမိအနာဂတ်ကို မိမိ၏ကိုယ်ပိုင် အရည်အချင်းဖြင့် အောင်မြင်စွာ လျှောက်လှမ်းနိုင်မည်။

◆ ◆ မိစ္ဆာဒိဋ္ဌိ လူရိုင်းစသည်ကို မြင်မက်လျှင် မိမိဘဝကို အိမ်တွင်း၌သာ အချိန်ကုန် ရောင့်ရဲ ကျေနပ်နေရမည်။

◆ ◆ မီးလောင်သည့်နေရာ အပြင်ဘက်တွင် မိမိရှိနေသည်ဟု မက်လျှင် စီးပွားရေး၊ အိမ်တွင်းရေး ကောင်းမွန်မည်၊ အောင်မြင်သောနှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။

◆ ◆ မီးလောင်မှုသည် အနည်းငယ်သာဖြစ်ပြီး အထိနိုက်အပျက်စီး မရှိဟု မက်လျှင် အရေးမကြီးသော သတင်းစကားကြားရမည်။ သို့သော် မိမိကိုယ်ကို မီးလောင်သည်ဟုမက်ပါက အလွန်ကံဆိုးသည်။

◆ ◆ မီးသတ်ကားကို မြင်မက်လျှင် အန္တရာယ်ရှိသော အတိတ်နိမိတ်





ဖြစ်သည်။ မီးသတ်ကားဝင်လာသည်ဟု မက်လျှင် ပို၍ အန္တရာယ်ရှိပြီး ထွက်သွားသည်ဟု မက်လျှင် အန္တရာယ် လျော့ပါးသွားမည်။

◆ ◆ မီးဖိုအကာ၊ မီးလင်းဖိုအကာပေါ်တွင် မိမိရပ်နေသည်ဟု မြင်မက်ပါက မကြာမီ နိုင်ငံခြားခရီး သွားရလိမ့်မည်။

◆ ◆ မာတိကာပါ အကြောင်းအရာများ စာအုပ်တစ်အုပ်တွင် ပါရှိသည်များကို မြင်မက်ပါက မီးဘေးအန္တရာယ်ရှိသည်၊ ရန်သူများမည်။

◆ ◆ မာရ်နတ်၊ နတ်ဆိုးသည်ကို မြင်မက်ပါက အလွန်ကံဆိုးမည်၊ ကြာရှည်စွာ ပင်ပန်းတကြီး ရုန်းကန်ရလိမ့်မည်။

◆ ◆ မီးတောင်ကိုမြင်မက်လျှင် မိသားစုဝင်များနှင့်သော်လည်းကောင်း၊ ချစ်သူနှင့်သော်လည်းကောင်း၊ ကြီးမားသော သဘောထား ကွဲလွဲမှု ဖြစ်မည်။

◆ ◆ မီးကင်သည်ဟုမက်လျှင် ပူပြင်းခြောက်သွေ့သော နိုင်ငံသို့ အလည်အပတ်ခရီး သွားရမည်။

◆ ◆ မီးသွေးခဲကို မြင်မက်ပါက ကံမကောင်း၊ အကြံအစည်ပျက်မည်။

◆ ◆ မီးဖိုကိုမြင်မက်လျှင် စက်ခဲသောအချိန်နှင့် ကြုံတွေ့မည်၊ မီးဖိုထဲ မီးသွေးအပြည့်ရှိသည်ဟုမက်လျှင် မိမိတွင် ငွေပါများပြည့်စုံမည်။

◆ ◆ မိဘမဲ့ကလေးများကို မြင်မက်လျှင် မိမိအတွက် အကျိုးအမြတ် ရရှိမည်၊ ချမ်းသာမည်။

(ယ) ယာဉ်ရထားကို မြင်မက်လျှင် ငွေကြေးအနည်းငယ် ဆုံးရှုံးမည်။

◆ ◆ ယှဉ်ပြိုင်ပွဲပြုလုပ်နေသော အားကစားပွဲတစ်ခုကို မြင်မက်ပါက ကံမကောင်း၊ ထိုပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိသည်ဆိုလျှင် ပို၍ မကောင်းခြင်းကို ဖြစ်စေမည်။

◆ ◆ ယှဉ်ပြိုင်တိုက်ခိုက်နေသည်ဟု မက်ပါက ဆွေမျိုးသူငယ်ချင်းများနှင့် ပတ်သက်၍ အခက်ကြုံမည်၊ သစ္စာဖောက်သော ရန်သူနှင့် တွေ့မည်။

(ရ) ရေဘုံဘိုင်မှရေ ကြည်လင်နေသည်ဟု မက်ပါက ကံကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြွယ်ဝမည်၊ ရေနောက်ကျိနေသည်ဟု မက်ပါက စိတ်ပူပန်ရမည်။ အတင်းအဖျင်းပြောခံရမည်။

◆◆ ရေလှောင်ကန်ထဲတွင် ရေအပြည့်နှင့် ကြည်လင်နေသည်ဟု မက်ပါက ကုသိုလ်ကံကောင်းမည်။

◆◆ ရေနွေးပူကိုမြင်မက်လျှင် ပထမဦးစွာ အခက်အခဲကြုံပြီး၊ နောက်ပိုင်းမှ အောင်မြင်မည်။

◆◆ ရေပန်းပွားကို မြင်မက်လျှင် လိမ်ညာလှည့်စားသောသူများကြောင့် မိမိအကြံအစည်များ နှောင့်နှေးမည်။

◆◆ ရေနွေးငွေ့ကို မြင်မက်လျှင် မိမိနှင့်ချစ်သူကြား သံသယနှင့် မတူ ကွာခြားမှုများကြောင့် ဝေးကွာမည်။

◆◆ ရေခဲလျှောစီးသည်ဟုမက်လျှင် အခြားသူများ၏ အကျပ်အတည်းတွင် ပါဝင်ပတ်သက်လိမ့်မည်။

◆◆ ရေကူးနေသည်ဟု မက်လျှင် အခက်အခဲကြုံတွေ့ရသော်လည်း အောင်မြင်မည်။

◆◆ ရေထဲတွင် ကြိုးစား သွားလာရသည်ဟု မက်ပါက ရေသည် ကြည်လင်နေလျှင် ချစ်သူများအတွက် ကောင်းသောနိမိတ်ဖြစ်သည်။ ရွှံ့ရေများဖြစ်ပါက မကြာမီ အမှန်တရားကို တွေ့ရှိလိမ့်မည်။

◆◆ ရေတံခွန်ကို မြင်မက်လျှင် ပျော်စရာကောင်းသော နေရာများသို့ သွားရောက်လည်ပတ်ရမည်။

(လ) လေယာဉ်ပျံကို မြင်မက်ပါက ငွေကြေးအမြောက်အများ ရရှိမည်။ သို့သော် ရရှိသောငွေများသည် သံသယဖြစ်စရာ အကြောင်းများ ရှိနေမည်။ စနစ်တကျ ပြန်လည်သုံးသပ်ပါ။

◆◆ လေသေနတ်ကို မြင်မက်ပါက မိမိတွင် အန္တရာယ် ဖြစ်ပေါ်လာတတ်သည်။ လုပ်ဆောင်ဖွယ်ရာကိစ္စများကို အနည်းငယ် ရွှေ့ဆိုင်းသင့်သည်။

◆◆ လှေသင်္ဘောကိုမြင်မက်ပါက ငွေကြေးတိုးပွားမည်။





◆◆ လေးသည်တော်ကိုမြင်မက်ပါက အိမ်ထောင်ကျကိန်းရှိသည်။ အပျိုကြီး၊ လူပျိုကြီးဖြစ်လျှင် အလျှင်အမြန် စေ့စပ်ကြောင်းလမ်းမှု ပြုရတတ်သည်။

◆◆ လေလံပွဲကို မြင်မက်ပါက ကံမကောင်း။ အကြောင်းမလှဖြစ်တတ်သည်။ ဆုံးရှုံးမှု များမည်။

◆◆ လေဖြင့် မှုတ်သော ပလွေကိုမြင်မက်ပါက မကောင်းသော သင်္ကေတ ဖြစ်သည်။ အိမ်ထောင်ရေးတွင် စိုးရိမ်ဖွယ်ရာ အနှောင့်အယှက်များ ရှိမည်။

◆◆ လေသာဆောင်(နေအိမ်)ကို မြင်မက်ပါက ထိုနေရာတွင် ထိုင်နေသည်ဟု မက်လျှင် အညှိုးကြုံမည်။ လေသာဆောင်မှ ထွက်ခွာလာသည်ဟုမက်လျှင် အဆင်ပြေ ကံကောင်းမည်။

◆◆ လေးမြှားစသည်ကို မြင်မက်လျှင် အတားအဆီးကြုံတွေ့မည်။ ပစ်မှတ်ကိုထိအောင် ပစ်ခတ်သည်ဟု မက်လျှင် ကံကောင်းသည်။ ပစ်မှတ်ကို လွဲချော်သွားသည်ဟု မက်လျှင် နာမကျန်းဖြစ်မည်။

◆◆ လေပြေလေညှင်း တိုက်သည်၊ လေတိုက်သည်ဟု မက်ပါက အောင်မြင်မည်။

(ဝ) ဝါးစားနေသည်ဟု မက်ပါက အခြားသူတစ်ဦးဦး၏ အမှားကို သည်းခံ ခွင့်လွှတ်ရလိမ့်မည်။

◆◆ ဝီစကီအရက်သောက်သည်ဟု မြင်မက်ပါက ဖျားနာမည်။

◆◆ ဝိညာဉ်ကိုမြင်မက်လျှင် စိတ်ညစ်စရာများ ကြုံမည်။ သူငယ်ချင်းများမည်။ ခရီးမသွားရ။ ငွေရေးက ဆုံးမည်။

(သ) သမင်ကို မြင်မက်လျှင် ဆုံးရှုံးမှုများမည်၊ ခိုက်ရန်ဖြစ်ပွားမည်၊ စကားများမည်။

◆◆ သတို့သမီး၊ သတို့သားကို မြင်မက်လျှင် မိမိအခွင့်အရေးအတွက် တရားဥပဒေနှင့် ရင်ဆိုင်ရမည်။ စိတ်ညစ်၊ စိတ်ပူစရာ ကြုံတွေ့မည်။



www.burmeseclassic.com

www.burmeseclassic.com



- ◆◆ သံရေကြိုသည်ကို မြင်မက်ပါက ကြုံတွေ့မည့် အခက်အခဲများ ကျော်လွှားအောင်မြင်မည်၊
- ◆◆ သဖန်းသီး၊ သဖန်းပင်ကိုမြင်မက်ပါက မိမိအတွက် မျှော်လင့်ချက် ကင်းမဲ့စေမည်၊
- ◆◆ သံခြေကျင်းကို မြင်မက်ပါက ကံမကောင်းပါ။ အကယ်၍ မိမိ ခြေထောက်တွင် ခတ်ထားသည်ဟု မက်ပါက စီးပွားရေးလုပ်ငန်း များတွင် ကြီးမားသော အခက်အခဲတွေ့မည်၊
- ◆◆ သလင်းကျောက်ကို မြင်မက်လျှင် ကာလကြာရှည် စိုးရိမ်ပူပန် နေရသောကိစ္စများ ပြေလည်သွားမည်၊
မကြာမီ ဘဝအချိုးအကွေ့ အပြောင်းအလဲ ပေါ်ပေါက်မည်၊
- ◆◆ သစွားသီး၊ သစွားပင်ကို မြင်မက်ပါက မကြာခဏ ဖြစ်ပေါ်လာ မည့် ရောဂါဘယကို ကာကွယ်နိုင်ပြီး ကျန်းမာမည်၊
- ◆◆ သရဖူတစ်ခု မိမိခေါင်းပေါ်တွင် ဆောင်းထားသည်ဟု မြင်မက် ပါက ပို၍ကောင်းမွန်သော အခြေအနေများ ပေါ်ပေါက်ပြီး အကျိုး အမြတ်ရရှိမည်၊
- ◆◆ သတို့သားအရံ ပြုလုပ်သည်ဟု မက်လျှင် မကောင်းသော မိတ်ဆွေ ကြောင့် မိမိအလုပ်အကြံအစည်များ ပျက်ပြားမည်၊
- ◆◆ သရုပ်ဆောင် မော်ဒယ်ပြုလုပ်ရသည်ဟု မြင်မက်ပါက သိကျွမ်းသော မိတ်ဆွေတချို့၏ သစ္စာဖောက်ခြင်း ခံရမည်၊
- ◆◆ သဘောတူညီမှု တစ်ခုခုပြုလုပ်ရသည်ဟု မြင်မက်ပါက မိမိ၏ အလုပ်ရာထူး တိုးတက်မည်၊

(ဟ) ဟောပြောနေသည်ကို မြင်မက်လျှင် မိမိအကြံအစည်များ မအောင် မြင်နိုင်သော်လည်း လူနေမှုအဆင့်အတန်း မြင့်မားမည်၊


(အ) အပြာရောင်ကို မြင်မက်လျှင် အောင်မြင်မှုများရမည်၊ စီးပွားရေး အချစ်ရေး အဆင်ပြေမည်၊

- ◆◆ အထိုးခံရသည်ဟုမက်လျှင် မိတ်ဆွေ သူငယ်ချင်းများအလယ် တွင် မျက်နှာပွင့်လန်းမည်၊
- ◆◆ အပင်၏အပွင့်များကို မြင်မက်ပါက ပျော်ရွှင်အဆင်ပြေမည်၊
- ◆◆ အသား၊ အရိုးစသည်ကို မက်လျှင် ဆင်းရဲမည်၊ လူ၏အရိုးကို မြင်မက်လျှင် မိမိပိုင်ဆိုင်မှု တိုးပွားမည်၊
- ◆◆ အာဒမ်နှင့်ဧဝမှ မိမိကို စကားပြောမည်ဟု မြင်မက်လျှင် အတိုင်း ထက်အလွန် ကံကောင်းသည်၊
- ◆◆ အာဖရိကကို မြင်မက်ပါက မမျှော်လင့်ဘဲ တိုးတက်မှုများ ရရှိမည်၊
- ◆◆ အသက်ရှုရပ်သွားသည်ဟု မက်ပါက အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်၊
- ◆◆ အမွှေးအမျှင်များကို မြင်မက်ပါက အုပ်စုလိုက်အောင်မြင်မည်၊
- ◆◆ အသားပြုတ်ရည်၊ စွပ်ပြုတ်ရည်ကို မြင်မက်ပါက ကံကောင်းမည်၊ အောင်မြင်မည်၊
- ◆◆ အတွင်းကြေအက်ရာကို မြင်မက်ပါက ကျန်းမာရေး ချို့ယွင်းမည်၊ ဝေဒနာ ပြင်းထန်မည်၊
- ◆◆ အညိုရောင်ကို မြင်မက်လျှင် မိမိ ယုံကြည်စိတ်ချထားသူက သစ္စာဖောက်လိမ့်မည်၊ အထုပ်အပိုးများ သယ်ဆောင်လာသည် ဟု မြင်မက်လျှင် အခြားသူများအပေါ် မှီခိုအားထားမှု ပြုရတတ် သည်၊
- ◆◆ အမြောက်သံ ကြားရသည်ဟု မက်လျှင် စိတ်ညစ်စရာ ဒေါသ ဖြစ်စရာ ကြုံမည်၊
- ◆◆ အလိမ်ညာခံရသည်ဟု မက်ပါက ကံကောင်းမည်၊
- ◆◆ အဝတ်အစား ပေါ်များသည်ဟု မက်ပါက မကြာမီ အခက်အခဲ တွေ့မည်၊ အဝတ်အစား မပြည့်စုံဘဲ၊ ဝတ်လစ်စလစ် ဖြစ်နေ သည်ကို မြင်မက်ပါက မကြာမီ အောင်မြင်မှုရတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်မား(ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com



**ကာယသိဒ္ဓိပြီးတယ်ဆိုတဲ့**

**အဆောင်မျိုး . . ၊**

**တုတ်ပြီး၊ ဓားပြီး၊**

**သေနတ်ပြီးတယ်ဆိုတဲ့**

**အဆောင်မျိုး . . ၊**

မိမိသည် ငယ်စဉ်ဘဝ စဉ်းစားတတ်၊ တွေးခေါ်တတ်၊ ရည်ရွယ်ချက်များ ထားတတ်သည့် အရွယ်မှစ၍ ရည်ရွယ်ချက် ကြီးမားသူ တစ်ယောက်ဖြစ်သည်။ မိမိရည်ရွယ်ချက်ကို မည်သူမျှ မပြော၊ ကျိတ်၍ ကြိုးစားသည်။

ဘဝ၏ကံကြမ္မာအလှည့်အပြောင်းကို မိမိမသိ၊ မည်သူမျှလည်း သိမည် မဟုတ်။ ဖြစ်သမျှအကြောင်းသည် ကံ ကံ၏အကျိုးပဲဟု မိမိမှတ်ယူထားသည်။ ဖြစ်ချင်တိုင်းလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်နေတွေ့ရကြုံရ။ ကြာလာတော့ ရည်ရွယ်ချက်များ၊ မေ့ပျောက်သလိုလို ဖြစ်လာသည်။

လုပ်သလို ဖြစ်မလာတော့ ဖြစ်သလို လုပ်တတ်လာသည်။ ကံမကောင်းတာတွေ၊ ကံဆိုးတာတွေများလာတော့ သည်းခံတတ်လာသည်။ ရောင့်ရဲတတ်လာသည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ၊ တွေ့သမျှ ဖြစ်သမျှသည် ဘဝအတွေ့အကြုံတွေပဲဟု သဘောထားတတ်လာသည်။

မိမိ၏ဘဝအရှိုးအကွေ့တွင် တစ်ခုသော ဌာနတစ်ခု၏ဝန်ထမ်းဘဝတွင် နှစ်ပေါင်းအတော်ကြာ ကျင်လည်ခဲ့ရသည်။ ထိုဝန်ထမ်းဘဝသည် မိမိအား ဘယ်ဝန်ထမ်းမှ ဆေးဖော်ကြောဖက် အသိမိတ်ဆွေမလုပ်သောနေရာဖြစ်သည်။

သို့သော် ထိုဝန်ထမ်းများအကြောင်း တစ်စုံတစ်ရာကြောင့် အငြိမ်းစားယူတော့မည်ဆိုသောအခါ မိမိအား မိတ်ဆွေဖွဲ့လိုသူ၊ စကားပြောချင်သူ





ဆေးဖော်ကြောဖက်လုပ်လိုသူများ ပေါ်ပေါက်လာတော့သည်။ စဉ်းစားကြည့်တော့ "ဒါလည်း တရားရစရာပါလား . ." ဟု သဘောပေါက်မိသည်။

မိမိသည် ထိုဌာနရှိ ဝန်ထမ်းများ၏ပင်စင်ကိစ္စအဝဝကို ဆောင်ရွက်ပေးရသောနေရာတွင် တာဝန်ကျသည်။ ဝန်ထမ်းများ ပင်စင်သွားကာနီးမှ မျက်နှာချိုသွေးရာ နေရာဖြစ်သည်။ အထူးသဖြင့် အဘိုးအဘွားများ၊ ခဆိုးမများ၊ မုဆိုးဖိုများနှင့် တွေ့ဆုံရာနေရာ ဖြစ်သည်။

ထိုအချိန်တွင် မိမိ မျက်နှာ အလွန်ပွင့်သည်။ မိမိအား ဆရာ၊ ဆရာနှင့် ခေါ်ကြသည်။ သူတို့၏ပင်စင်လစာရရှိရေးကိစ္စကား မိမိလက်ထဲတွင် ရှိသည်ကိုး။

မိမိ စကားကြောရှည်သွားပါသည်။ လိုရင်းကို ဆက်ပါမည်။ မိမိ ထိုဌာနတွင် တာဝန်ထမ်းဆောင်နေရသောကာလတွင် တစ်နေ့၌ မိမိစားပွဲရှေ့သို့ လူတစ်ယောက်ရောက်လာသည်။ ထိုလူက -

"ဆရာ ကျွန်တော့်ပင်စင်ကိစ္စလေး နီးပြီလား"

"ခင်ဗျားက ဘယ်သူပါလိမ့်"

"လူအေးလေ ဆရာရဲ့ . .၊ စနေနေ့က "အိုကေ" လက်ဖက်ရည်ဆိုင်မှာ ဆရာ့ကိုတောင် လက်ဖက်ရည်တိုက်သွားသေးတယ်လေ၊ အင်ဂျင်နီယာဌာနက ဆေးပင်စင်ယူထားတာလေ"

"ခြော် . . ကိုလူအေး မှတ်မိပြီ၊ မှတ်မိပြီ။ ပင်စင်ယူတဲ့လူတွေကများတော့ ကျွန်တော်က လူပေါင်းစုံကို ဘယ်မှတ်မိမလဲဗျာ။ "အိုကေ" ဆိုင်အဆိုမှ သတိရတယ်။ ခင်ဗျားကိစ္စ မကြာတော့ပါဘူး။ လာကာနီးပါပြီ၊ ကျွန်တော်တို့ဆီကနေ ရုံးချုပ်ဗျာ၊ ရုံးချုပ်ကနေ ပင်စင်ဦးစီး၊ ပင်စင်ဦးစီးကတစ်ခါ ရုံးချုပ်ပြန်ရောက်၊ ရုံးချုပ်ကမှ ဒီကိုဆိုတော့ နည်းနည်း အသွားအလာ ကြာတာပေါ့ဗျာ။

ကြာတယ်ဆိုပေမယ့် တခြားဌာနတွေလို ကျွန်တော်တို့ဌာနက ကြာပါဘူး။ ရောက်ကာနီးပါပြီ။ ပထမအရစ် လုပ်သက်ဆုငွေ ဘယ်လောက်ရသလဲ"

"ဗျာ . . ဆရာရယ်၊ ကျွန်တော် ဘာအရစ်မှ မကျသေးပါဘူး။ ဘာမြားသည်း မရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ တစ်ရစ်မှ မရသေးဘူးလား၊ ခင်ဗျား ဘယ်တုန်းက ပင်စင်ယူတာလဲ၊ ဘာပင်စင်လဲ"

"၃၁-၁-၁၉၉၇ ရက်နေ့ကပါ၊ ဆေးပင်စင်ပါ"

ထို ကိုအေးဆိုသူသည် အသက်က (၄၀)ကျော် အသားညိုညို အရပ်က (၅ ပေ၊ ၇ လက်မ) ခန့်ရှိသူ ဖြစ်သည်။ သူ့တွင် ထူးခြားချက်တစ်ခု ရှိသည်။ သူ့မျက်နှာက အရက်သောက်ထားသည့်လူများလို မျက်နှာက ရဲနေသည်။

အချို့သော အရက်သောက်ထားသူများသည် မိမိအား ရူးကြောင်မူးကြောင်နှင့် ပြောချင်ရာပြော၍ ကကျိုးကကြောင်လုပ်ကာ ရိုကျတတ်သောကြောင့် အနှောင့်အယှက် ဖြစ်ရပေါင်းများပြီ ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏မျက်နှာသည် အရက်နိုးရှိက်နေသောမျက်နှာလို ရဲနေသောကြောင့် မသင်္ကာ၍ မိမိက မေးလိုက်သည်။

"ကိုလှအေး .. ခင်ဗျား အရက်သောက်လာလား"

"ဘယ်လိုပြောလိုက်တာလဲ ဆရာရယ်၊ ဘုရားပေးပေး၊ ကျမ်းပေးပေး၊ အမေမွေးကတည်းက ကျွန်တော် အရက်မသောက်တတ်ပါဘူး၊ အနံ့တောင် မခံပါဘူး"

"သေချာတယ်နော်၊ မလိမ်နဲ့"

"ဘုရားစူးရပါစေ ဆရာရယ်၊ ကျွန်တော် မသောက်တတ်ပါဘူး၊ ဆရာမယုံရင် ကျွန်တော့်နား လာကြည့်၊ ဘာနံ့ရသလဲလို့"

"ခင်ဗျားမျက်နှာကြီးက ရဲနေလို့ အရက်များ သောက်ထားသလားလို့ပါ"

"အမေမွေးကတည်းက ဒီမျက်နှာပါ ဆရာရယ် ..၊ အဲဒီမျက်နှာကြောင့် ကျွန်တော့်ကို လူတွေက အရက်သမားလို့ ထင်ကြတယ်။ ကျွန်တော် မသောက်တတ်ပါဘူး၊ တရားသမားပါ။ အစုလည်း ပုတီးစိပ်မယ်၊ တရားထိုင်မယ်ဆိုပြီး ရည်ရွယ်ချက်နဲ့ ဆေးပင်စင်ယူလိုက်တာပါ"

"ဪ .. ဟုတ်လား၊ ဒါဆိုရင်တော့ လေးစားပါတယ်ဗျာ၊ တစ်ခုတော့ ရှိတယ်ဗျာ၊ ခင်ဗျားဘဝအတွေ့အကြုံဆိုတာလေးက ကျွန်တော့်အတွက် သင်ခန်းစာ ရစရာ၊ သတိတရား ရစရာများဖြစ်နေရင် ဆင်ခြင်ရအောင်ပါ"

"ကျွန်တော့်ကိုကူညီတဲ့ ဆရာဆိုတော့ ဆရာသိချင်ရင် ပြောရမှာ ပေါ့ ဆရာရယ်၊ ကျွန်တော် တရားထိုင်တယ် ဆရာ၊ ပုတီးစိပ်တယ် ဆရာ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ ပင်ကိုဝါသနာက ဖြတ်လမ်းကို သိပ်ဝါသနာပါတယ်။ ဆရာ နားရှုပ်သွားသလား မသိဘူး၊ ဖြတ်လမ်းဆိုတာက ဂမ္ဘီရနဲ့ဆိုင်တဲ့ကိစ္စတွေကို ကျွန်တော် စာလေ့လာပြီး ဝါသနာပါတာ ပြောတာပါ။

ခိုအမြဲတော၊
ချိုးအမြဲတော၊ ကျီးအမြဲတော
ဝါးအမြဲတောတို့
ကြုံဖူးသေးတယ် ဆရာ။
ခြောက်လုံးပြူးရော၊
ရှိုင်ဖယ်ရော၊ သူတို့ဟာတွေနဲ့
ကျည်မထွက်ဘူး။

ဥပမာအားဖြင့် ကာယသိဒ္ဓိပြီးတယ်ဆိုတဲ့ အဆောင်မျိုး၊ တုတ်ပြီး၊ ဓားပြီး သေနတ်ပြီးတယ်ဆိုတဲ့ အဆောင်မျိုး၊ ဒါမျိုးက ဝိပဿနာလမ်းစဉ် လိုက်ရင် မလိုအပ်ဘူး ဆရာ။

ကျွန်တော်က ကိုယ့်စိတ်ကိုယ် မနိုင်သေးတော့ အဲဒီတုန်းက ငယ်တုန်းကပေါ့ဆရာရယ်။ သေနတ်ပြီးတယ်၊ ဘာညာပြီးတယ်ဆိုတာ အဆောင်မျိုး တစ်နေရာမှာရှိတယ်၊ ရောင်းဖို့ရှိတယ်ဆိုရင် သတင်းကြားတာနဲ့ ကျွန်တော် လိုက်တော့တာပဲ။ သည်းခံနော် ဆရာ၊ ဆရာကပြောဆိုလို့ ကျွန်တော်က ပြောရတာပါ ..။ စိတ်ဝင်စားသလား၊ မဝင်စားသလားတော့ မသိဘူး"

"စိတ်ဝင်စားပါတယ် ..၊ ကျွန်တော် သိချင်လို့ပါ၊ ဆက်ပြောပါ"

"တစ်နေ့ ကျွန်တော်အလုပ်ကခွင့်ယူထားတုန်း လူတစ်ယောက်က လာသတင်းပေးတယ်။ ဝက်စွယ်ဂင်းပိတ်(ကွင်းပိတ်)ဆိုတာ ရှိတယ်တဲ့၊ ဈေးက တစ်ထောင်တဲ့၊ (လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လောက်က ဈေးဖြစ်ပါသည်) ကျွန်တော်က သေချာရဲ့လားဆိုတော့ သေချာပါတယ်တဲ့၊ ကိုယ်တိုင် စမ်းကြည့်ပါတဲ့၊ ကျေနပ်မှ ယူပါတဲ့၊

ဒါဆိုကောင်းပြီ ဆိုပြီး ချိန်းကြတယ်။ နေရာက ထောက်ကြန့်တဲ့ ရွာဘာတောထဲမှာ၊ ခုနှစ်၊ လ၊ ရက်တော့ မမှတ်မိတော့ဘူး၊ (၁၉၇၀)ခုနှစ်လောက်ကလို့တော့ ထင်ရတာပဲ၊ အချိန်က မွန်းလွဲတစ်နာရီလောက်ပါ"


"ကျွန်တော်ရောက်သွားတော့ ရှိုင်ဖယ်သေနတ်ကြီးကို အသင့်



www.burmeseclassic.com

www.burmeseclassic.com





လုပ်ထားတယ်၊ ပစ်မကြည့်မီ ကျွန်တော် သေသေချာချာကြည့်မိတယ်၊ အစွယ်တော့ အစွယ်တစ်ခုပဲ၊ ဝက်စွယ်လား၊ ဘာစွယ်လားတော့ ကျွန်တော် မသိဘူး၊ ဒါနဲ့ ကျည်ထိုးပြီးသား သေနတ်ကိုမောင်းတင်ပြီး ပစ်ကြည့်တယ် ကျည်မထွက်ဘူး၊ "ချောက်" ခနဲပဲ အသံကြားရတယ်၊

ကျွန်တော် ဝမ်းသာသွားတယ်၊ လိုချင်တာ ရပြီပေါ့လေ၊ နောက် ကျည်တစ်တောင့်ထည့်ပြီး ထပ်ပစ်တယ်၊ အဲဒီလိုပဲ၊ ဒါပေမယ့် လိုရမယ် ကျွန်တော်မှာ နံပါတ်(၂) လေသေနတ်တစ်လက် ပါလာတယ်၊ စမ်းကြ ရိုင်ဖယ်နဲ့ပစ်မရတဲ့ဟာတောင် ကျွန်တော့် လေသေနတ်နဲ့ပစ်တော့ ဘာထူ မှာမို့လို့လဲ၊ ကျွန်တော်စိတ်ရှုပေါက်တာ ပြောပါတယ်၊ သူတို့ ဝက်စွယ် ပိတ်ဆိုတာကို ကျွန်တော့်လေသေနတ်နဲ့ချိန်ပြီး ပစ်လိုက်တယ်၊

"ချောက်" ခနဲ အသံကြားလိုက်ရပြီး သူတို့ဝက်စွယ်ဆိုတာ အ အနတောင် ရှာလို့မရတော့ဘူး၊ အကွာအဝေးက ဆယ့်ငါးပေလောက် တာ၊ ဒါလောက်ကတော့ ကျွန်တော်လည်း ပစ်တတ်ပါတယ်၊ ပစ်မလွဲ အဲဒီတော့မှ ရောင်းမယ့်လူတွေလည်း မျက်စိမျက်နှာပျက်ကုန်ကြတယ် ကျွန်တော်လည်း စိတ်ခါတ်ကျပြီး ပြန်လာခဲ့တယ်"

"မိုအမြှုတေတို့၊ ရှိုးအမြှုတေတို့၊ ကျီးအမြှုတေတို့၊ ဝါးအမြှု တို့ ကြုံဖူးသေးတယ် ဆရာ၊ နည်းမျိုးစုံနဲ့ စမ်းဖူးတယ်၊ ခြောက်လုံးပြူး ရိုင်ဖယ်ရော၊ သူတို့ဟာတွေနဲ့ ကျည်မထွက်ဘူး၊ ကျွန်တော့်လေသေ ကျတော့ သွားတာပဲ၊ ကျွန်တော်ကလည်း ကျွန်တော့်သေနတ်ကို သေသေ ချာချာ သထားတာ ဆရာရဲ့၊ အခြား ဘာမှပစ်တာ မဟုတ်ဘူး၊





ကျည်တောင့်ကိုတောင် ပြည်သူပိုင်မသိမ်းမီက စတိုးဆိုင်တွေက အင်္ဂလန်လုပ် ကျည်တောင့်တွေ ဝယ်သိမ်းထားတာ၊ အဲဒီ ဟိုဟာ ပြီးတယ်၊ ဒီဟာပြီးတယ်ဆိုတဲ့ဟာတွေ နောက်ကိုလိုက်တာ၊ ကျွန်တော် မြန်မာပြည် တော်တော်နဲ့သွားတယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းတွေကို သားပစ် မယားပစ်၊ ဥစ္စာစီးပွားပစ်ပြီး လိုက်တာ၊ တစ်ခုမှဟုတ်တာ မတွေ့ဘူး"

"အစကတော့ ဟုတ်မလိုလိုပဲ၊ သေသေချာချာ စမ်းကြည့်တော့ မှ မဟုတ်တော့ဘူး၊ သောင်းကျန်းသူတွေရှိတယ်ဆိုတဲ့ နေရာမျိုးတောင် ဒီသတင်းမျိုးကြားတာနဲ့ ကျွန်တော်ရောက်အောင် သွားတယ်၊ သောင်းကျန်း သူတွေကို တွေ့တယ်၊ သူတို့ကလည်း ကျွန်တော့်ကို တွေ့တယ်၊ ဒါပေမယ့် ကိုယ့်ကိစ္စ ကိုယ်လုပ်ပြီး ပြန်လာခဲ့တယ်၊ ဝါသနာကြောင့် အသက်စွန့်ရတာ ပေါ့ ဆရာရယ်၊ အခုမှစဉ်းစားပြီး တွေးကြောက်နေတယ်"

"တစ်ခါတုန်းကများ ဆရာရယ် . .၊ သတင်းကြားလို့ ကျွန်တော် ရောက်သွားတဲ့နေရာက ပဲခူးရိုးမတောထဲမှာ မိုးကြိုးသွားတစ်ခုကို စမ်းကြ တယ်၊ သူတို့အဆိုအရ စစ်တယ်ပေါ့၊ မိုးကြိုးသွားဆိုတဲ့ ဟာကလေးကို လက်ကိုင်ပုဝါကလေးနဲ့ ထုပ်လို့၊ ကျွန်တော့်ကို မပြဘူး၊ စမ်းပြီး သေချာပြီ ဆိုတော့မှ ပြမှာတဲ့၊

အဲဒီဟာလေးကို သစ်ကိုင်းခွကြားမှာတင်ပြီး နှစ်လုံးပြူးသေနတ် ကြီးနဲ့ ပစ်ကြည့်တယ်၊ ပစ်လို့ မရဘူး၊ မီး မကူးဘူး၊ ကျည် မထွက်ဘူးပေါ့ ဆရာရယ်၊ အဲဒီတုန်းက ကျွန်တော့်လက်စွဲတော် နံပါတ်တူး လေသေနတ် ဘာ မပါဘူး၊

အဲဒီနှစ်လုံးပြူးကို ကျည်ထိုး အလွတ်ပစ်ကြည့် ကျည်ထွက်တယ်၊ အသံကြီးမှ "ဒိန်း" ခနဲပဲ၊ နောက်ထပ်ကျည်ထိုး အဲဒီမိုးကြိုးသွားကို ပစ် တယ်၊ "ချောက်" ခနဲပဲ၊ ကျည် မထွက်ဘူး၊ နောက်တစ်ခါ ကျည်တစ်တောင့် အပြင်ကိုပစ် "ဒိန်း" ခနဲပဲ၊ မိုးကြိုးသွားကို ထပ်ပစ် "ချောက်" ခနဲပဲ၊ အဲဒီ တော့ ကျွန်တော် နည်းနည်း ယုံချင်လာတယ်"

အဲဒီအချိန်မှာ တောထဲကလူတစ်စု ထွက်လာတယ်၊ သက်နတ် တွေ အပြည့်အစုံနဲ့ ဆံပင်ရှည်ရှည်တွေ၊ အသားမည်းမည်းတွေ၊ အဲဒီလူ



www.burmeseclassic.com

www.burmeseclassic.com





တွေ ထွက်လာတော့ ကျွန်တော်တို့နဲ့အတူ မိုးကြိုးသွားကို စမ်းနေတဲ့လူတွေ အားလုံး မျက်စိမျက်နှာပျက်ကုန်ကြတယ်။ ကျွန်တော်ကတော့ ဘာမှန်း မသိဘူးပေါ့ ဆရာရယ်။ ခေါင်းဆောင်လို့ထင်ရတဲ့လူက -

"မင်းတို့က ဘာကောင်တွေလဲကွ .."

"ဘာမှမဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်တို့က ဒီနားက ရွာကပါ"

"စောစောက နစ်လုံးပြူးသံကြားတယ်၊ ဘာလုပ်နေကြတာလဲ"

"စမ်းနေကြတာပါ.."

"ဘာစမ်းတာလဲ၊ မင်းတို့ သေနတ်မကိုင်ရဘူးဆိုတာ နားမလည်ဘူးလား၊ မသာပေါ်သွားချင်လို့လား။ သေနတ်သိမ်း.. မင်းတို့အားလုံး တန်းစီစမ်း.."

ကျွန်တော်အပါအဝင် အားလုံး ကြောက်ကြောက်နဲ့ တန်းစီရပ်နေကြတယ်။ ခေါင်းဆောင်လို့ထင်ရတဲ့လူက သူ့လက်ထဲက စတင်းဂန်းလား ဘရင်းဂန်းလား မသိပါဘူး၊ တချောက်ချောက်နဲ့ မောင်းတင်နေတယ်။ အဲဒီအချိန်မှာ သူတို့အထဲက လူတစ်ယောက်က -

"ဆရာ .. လွန်မယ် ဆရာ၊ အဲဒီအထဲမှာ ကျွန်တော့်အသိတွေပါတယ် ဆရာ။ ဟိုအလယ်က ဆံပင်ဖြူဖြူနဲ့လူက ကျွန်တော်တို့အဖွဲ့ကို ထမင်းကျွေးဖူးတယ်လေ၊ သူ့အိမ်မှာ ခဏခဏ စားဖူးတယ် ကိုသောင်းလေ .. ကိုသောင်း ဆရာ မှတ်မိတယ်မဟုတ်လား၊ သံပုရာရွာကလေ"

ခေါင်းဆောင်လုပ်တဲ့လူက မှတ်မိသွားပြီး -





"ကိုသောင်း .. ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

"မိုးကြိုးသွားတစ်ချောင်းဖို့ရှိလို့ မြို့က ဒီလူက ဝယ်ချင်တယ်ဆိုလို့ စမ်းနေကြတာပါ။ ဆရာတို့ရှိမှန်း မသိလို့ပါ"

"မိုးကြိုးသွား ဟုတ်လား .. ဘာကောင်းလို့လဲ"

"သေနတ် မီးမကူးဘူး .. ဆရာ"

"သေချာလား"

"သေချာတယ် .. ဆရာ၊ အခု စမ်းနေတာ၊ ဆရာမယုံရင် စမ်းကြည့်ပါ"

"ဈေးက .."

"ဆရာယူရင် လျှော့ပေးပါမယ်၊ ငါးထောင်ပဲ ပေးပါ။ ဒီဆရာကို တစ်သောင်းနဲ့ ဆိုင်ထားတာ"

"သေချာရင် ကျုပ်ယူမယ်၊ စမ်းကြည့်မယ်"

"စမ်းပါ..ဆရာ"

"မင်းတို့စမ်းတာ နစ်လုံးပြူးနဲ့လား၊ ဂျဲဟာနဲ့ပါ စမ်းရင်ရော"

"ကြိုက်တာနဲ့ စမ်းပါ"

သစ်ပင်ခွကြားမှာတင်ထားတဲ့ မိုးကြိုးသွားဆိုတဲ့ဟာလေးကို ခေါင်းဆောင်လုပ်တဲ့လူက စတင်းဂန်းလား၊ ဘရင်းဂန်းလား အဲဒါနဲ့ပစ်ထည့်လိုက်တာ သစ်ပင်ပါပြတ်သတ်ထွက်သွားပြီး အဲဒီမိုးကြိုးသွားလည်း ဘယ်ရောက်သွားမှန်း တောင် မသိလိုက်တော့ဘူး။ အဲဒီတော့မှ ကိုသောင်းဆိုတဲ့ လူလည်း မျက်စိမျက် နှာ ပျက် လို့.။





www.burmeseclassic.com

www.burmeseclassic.com


"စောစောက အဆောင်ဆိုတဲ့ဟာ
ကလေးဟာ "ရှူး" ခနဲ
ကျယ်ကျယ်လောင်လောင် မြည်ပြီး
အပေါ်ကို ထိုးတက်သွားတယ်။
အားလုံး ကြက်သေ သေနေကြတယ်"

အဲဒီပွဲလည်း ပျက်သွားတာပေါ့ ဆရာရယ်။

ခေါင်းဆောင်ဆိုတဲ့လူက ရယ်လိုက်တာ မျက်ရည်တောင်ထွက်လို့ စောစောတုန်းက ဒေါသနဲ့ဝင်လာတာ။ ကျွန်တော်တို့အားလုံးကို ပစ်သတ်မလို့တဲ့၊ သေနတ်သံကြားကတည်းက ဒေါ်ပွနေတာတဲ့။ ကိုသောင်းနဲ့သာမတွေ့ရင် ကျွန်တော်တို့သေတယ်တဲ့။

ခေါင်းဆောင်ဆိုသူက လူသတ်တဲ့နေရာမှာ အင်မတန် လက်ယဉ်ဆိုပဲ၊ အဲဒီတုန်းကများ ဆရာရယ်၊ တစ်ပတ်လောက် ထမင်းမစားနိုင်ဘူး။ တွေးတွေးပြီး ကြောက်နေတာ။ မသေလို့တွေ့ရတာ၊ အဲဒါတောင် ကျွန်တော့်ဝါသနာကို မစွန့်သေးဘူး။ ဒါပေမယ့် ကျွတ်ချိန်တန်တော့ ကျွတ်ဆိုပေါ့ ဆရာရယ်"

"ဒီအဆောင်တွေကို ကျွန်တော် တကယ်ရတော့ ဘာသုံးမှာလဲ၊ ဘာမှသုံးစရာ မရှိဘူး။ ကျွန်တော်က ပုတီးသမား၊ တရားသမား၊ အစုန်တရားကို မသိသေးလို့ ကျွန်တော်မိုက်နေတာ။ ရှင်းရှင်းပြောရရင် ဖြည်လမ်းကို လိုက်နေတာ၊ မှားတာကို မှားမှန်းမသိဘူး။ တွေဝေနေတာ။ ကိုယ်မသုံးလည်း ပြန်ရောင်းရင် ဖြတ်မယ်ဆိုတဲ့ လောဘတက်နေတာ။

ဒါပေမယ့် တစ်ချိန်မှာ ကျွန်တော်ကျွတ်သွားတယ်။ မှားပြီးမှ တိုင်းအမှားက ဘယ်လောက်အထိမှားတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်၊ ဒီ အမှားအတွက် ကိုယ့်ကိုကိုယ် ဆုံးမလို့ မဆုံးဘူး။

ဒါကြောင့်မို့လို့လည်း ကျွန်တော် ပင်စင်ယူလိုက်တာ၊ ပင်စင်ယူပြီး အေးအေးဆေးဆေး ဝိပဿနာအလုပ်ပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တာ၊ အဲဒါ တောင် မှားမိတဲ့အမှားအတွက် ကျေပုံမလားလို့ စဉ်းစားမိတယ်။ ကျွန်တော်ပြောတာတွေ ဆရာ စိတ်ညစ်သွားပြီလား . . ဆရာ"

"စိတ်မညစ်ပါဘူး၊ စဉ်းစားကြည့်ရင် တရားတောင်ရသေးတယ်၊ ဒါထက် ခင်ဗျား ဘယ်လိုကျွတ်သွားတယ်ဆိုတာလေးတော့ သိချင်သေးတယ်"

"ကျွန်တော်လည်း အဲဒါပြောချင်နေတာ . .၊ ဆရာစိတ်ဝင်စားရင် ကျွန်တော် ဆက်ပြောမယ်၊ တစ်နေ့မှာ ကျွန်တော့်ကို လူတစ်ယောက်က သတင်းလာပို့တယ်၊ စကားပုံတောင် ရှိသေးတယ် မဟုတ်လား၊ "အမတော ရှိရာ အမတေစု" ဆိုတဲ့ စကားလိုပေါ့၊ ဒါမျိုးဝါသနာပါတဲ့လူရှိရာ ဒီလို သတင်းမျိုးပဲ လာမှာပေါ့ဆရာ၊

သတင်းက ရှမ်းပြည်နယ်၊ ဟိုပုန်းမြို့နယ်က ရှမ်းဆရာကြီး တစ်ယောက်ဆီမှာ သေနတ်ပြီးတဲ့ အဆောင်တစ်ခုရှိတယ်၊ ဘာအဆောင်လို့တော့ မပြောဘူး၊ စမ်းချင်သလို စမ်းတဲ့၊ သေနတ် ပီးမကျစေရဘူး၊ အာမခံတယ်၊ သေနတ်မီးကျရင် အဲဒီသေနတ်ပိုင်ရှင်ဆီမှာ ကျွန်ခံမယ်လို့ ပြောတယ်၊ ဝါသနာပါရင်၊ စိတ်ဝင်စားရင် လိုက်ကြည့်ပါလို့ ပြောတယ်၊

အဆောင်ရဲ့တန်ဖိုးကို သူ မပြောဘူး၊ လုပ်လိုက်လေ ကြာသလား လို့ ကျွန်တော်ကလည်း ဒါမျိုးဝါသနာပါတဲ့လူဆိုတော့ အလုပ်ကခွင့်ယူပြီး လိုက်သွားတယ်၊ စရိတ်အတွက် ရှိတာကလေးတွေ ပေါင်နှံရောင်းချပြီး လိုက်သွားတာပေါ့ ဆရာ၊ လမ်းခရီးကလည်း မအေးဆေးတော့ သုံးရက်လောက်နေမှ အဲဒီနေရာ ရောက်တယ်၊ ဒါတောင် လိုချင်တဲ့နေရာ မရောက်သေးဘူး"

"ရှမ်းဆရာကြီးက တောထဲမှာနေတာ . .။တောင်သုံးလုံးကို ကျော်ပြီး နေ့ဝက်ခရီးလောက် သွားရဦးမှာ၊ သွားတယ်လေ ဆရာရဲ့ . . ဝါသနာနဲ့ ခွဲပေါ့ ဆရာရယ်၊ လူတွေက ကိုယ်လုပ်ချင်ရာကိုလုပ်နေရရင် ဘယ်လို အခက်အခဲ မဆို၊ ရင်ဆိုင်ရဲတယ် မဟုတ်လား၊

အဲဒီလိုပေါ့ နေ့တစ်ဝက် ခရီးသွားရတဲ့လမ်းမှာ ကျားတို့၊ ဝံတို့ အန္တရာယ်ကလည်း ရှိသေးတယ်၊ ရယ်တာပေါ့ ဆရာ၊ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်နေရရင် ဒါတွေက အသေးအမွှားပါ၊ သက်စွန့်ဆံဖျားသွားပြီးမှ အဲဒီနေရာကို ရောက်တယ်၊

www.burmeseclassic.com



ရှမ်းဆရာကြီးဆိုတာလည်း တွေ့တယ်၊ သေနတ်ပြီးတယ်ဆိုတဲ့ အဆောင်ကို မပြဘူး။ တစ်ခုတော့ ပြောတယ်၊ ကျည် မထွက်စေရဘူး။ ကျေနပ်လို့ ဝယ်မယ်ဆိုရင် တစ်သောင်းတိတိ လက်ငင်းပေးရမယ်ဆိုတဲ့ ကတိပေးရတယ်။ တစ်သောင်းဆိုတာ ဘယ်ပါမှာလဲ . . ဆရာရယ်၊

ကျွန်တော်နေတဲ့ မြို့နဲ့အိမ်ရောင်းတာတောင် တစ်သောင်းမရဘူး။ စုဆောင်းထားတာကလေးတွေ သုံးထောင်လောက်တော့ ပါတာပေါ့ ဆရာ၊ ဒါပေမယ့် ဟန်ကိုယ်ဖို့ပေါ့"

"ကျွန်တော်တို့ဆီမှာက ဒါမျိုးရရင် ဘယ်လောက် ပေးရပေးရ ပေးမယ်ဆိုတဲ့ လူတွေက ရှိနေတာ၊ သေချာရင်ယူမယ် စရံပေးထားမယ် ဘာညာပေါ့ ဆရာရယ်။ အဲဒီမှာ ဆရာကြီးက လွယ်အိတ်ထဲက သူ့အဆောင်ကလေးကို ထုတ်တယ်။ အဝတ်တစ်ခုနဲ့ ထုပ်ထားတယ်၊ သစ်တုံးကလေး တစ်ခုပေါ်မှာ တင်တယ်၊

ကျွန်တော့်ဆီမှာလည်း သစ်တောက မိတ်ဆွေတစ်ယောက်ဆီက ငှားလာတဲ့ ပွိုင့်တူးတူးတစ်လက် ပါလာတယ်။ သေနတ်ထဲ ကျည်ထည့်ပြီးပစ်ဖို့ ချိန်လိုက်တယ်၊ အဲဒီအခါမှာ သေနတ်ကိုချိန်လိုက်တိုင်း သေနတ်ပြောင်းက မငြိမ်ဘူး ရမ်းရမ်းနေတယ်၊ လက်ကပဲ တုန်လို့လား၊ ခရီးပန်းလာလို့ ပင်ပန်းပြီး အားနည်းနေလို့လားဆိုပြီး ပါလာတဲ့ သူငယ်ချင်း တစ်ယောက်ကို ပစ်ခိုင်းလိုက်တယ်၊

အဲဒီသူငယ်ချင်းပစ်ဖို့ ချိန်နေတုန်းကလည်း သေနတ်ပြောင်းက ရမ်းရမ်းနေတယ်၊ သူငယ်ချင်းက "ထူးတော့ ထူးတယ်ကွ"လို့ပြောပြီး ထပ်ချိန်တယ်၊ ကျွန်တော်က -

"မင်းကွာ သေသေချာချာချိန်ပြီး ပစ်စမ်းပါကွာ"လို့ ပြောလိုက်တယ်၊ အဲဒီအချိန်မှာ ပြင်းထန်တဲ့ "တောက်"ခေါက်သံကြီးတစ်ခုကို ကြားလိုက်ရတယ်၊ တောထဲမှာဆိုတော့ အသံကြီးက ဟိန်းထွက်သွားတယ်"

"ဝိုင်းကြည့်နေတဲ့ လူလေးငါးယောက်ကလည်း တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး၊ ဘယ်သူခေါက်တာလဲပေါ့၊ ဘယ်သူမှ မခေါက်ဘူးဆိုတော့ အံ့သြနေကြတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတဲ့ တောထဲမှာ ကျွန်တော်တို့ လေးငါးယောက်ပဲရှိတာ၊ တခြားဘယ်သူမှ လာ





ခေါက်စရာ အကြောင်းမရှိဘူးပေါ့။ ကျွန်တော့်သူငယ်ချင်းက သေနတ်ကြီးကိုင်ပြီး ကြောင်နေတယ်။

ကျွန်တော်က သူ့ဆီက သေနတ်ကိုယူပြီး သေသေချာချာချိန်ပြီး ခလုတ်ကို ညှစ်ချလိုက်တော့ "ချောက်"ခနဲပဲ မြည်တယ်၊ ဝမ်းသာသွားတယ်၊ လမ်းမှာ တစ်လမ်းလုံး တောကောင်တွေ့တိုင်း စမ်းလာတဲ့ သေနတ်၊ တဒိုင်းဒိုင်း ပစ်လာတဲ့ သေနတ်၊ အခုမှ ကျည်မထွက်တော့ဘူးဆိုတော့ ဟုတ်ပြီပေါ့

"သူငယ်ချင်းက ကျွန်တော့်မျက်နှာကိုကြည့်ပြီး နောက်ထပ် ပစ်ဖို့ ထပ်ချိန်လိုက်တယ်။ သူ သေနတ်ခလုတ်ကို ဆွဲဖို့လုပ်နေချိန်မှာပဲ သစ်တုံးပေါ်မှာတင်ထားတဲ့ စောစောက အဆောင်ဆိုတဲ့ဟာကလေးဟာ "ရှူး" ခနဲ ကျယ်ကျယ်လောင်လောင် မြည်ပြီး အပေါ်ကို ထိုးတက်သွားတယ်၊

အားလုံး ကြက်သေ သေနေကြတယ်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ မီးပန်းတွေ စုချည်ပြီး ကလေးတွေ ဒုံးပျံလွှတ်တမ်းကစားသလိုပဲ၊ အားလုံး အပေါ်ကို မော့ကြည့်ပြီး ငိုင်နေကြတယ်၊ သေနတ်ကြီးကိုင်ထားတဲ့ သူငယ်ချင်းကတော့ငိုင်ပြီး နတ်ပူးသလို တဆတ်ဆတ်တုန်နေတယ်၊

မျက်လုံးကလည်း ကြောင်တောင်တောင်နဲ့၊ လက်ဖွဲ့ပိုင်ရှင် ရှမ်းအဘိုးကြီးလည်း ကြောင်တောင်တောင် ဖြစ်နေတယ်၊ အားလုံး တစ်ယောက်မျက်နှာ၊ တစ်ယောက်ကြည့်ပြီး တောထဲက သုတ်ချေတင်လာကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နောက်က ဆင်အုပ်ကြီးလိုက်လာသလို တစ်တောလုံးကို ဆူညံနေတာပဲ"

"အဲဒီညက အချိန်မရှိတော့လို့ လမ်းမှာတွေ့တဲ့ ရှမ်းရွာကလေး တစ်ရွာမှာ အိပ်လိုက်ကြတယ်၊ ညကျတော့ အဆောင်ပစ္စည်းပိုင်ရှင် ရှမ်းအဘိုးကြီးကို အဲဒီအဆောင်အကြောင်းမေးတော့ မဖြေဘူး။

သူမှားသွားတယ်လို့ပဲ ပြောတယ်၊ ဘာကိုမှားတာလဲဆိုတော့ မဖြေဘူး၊ ကျွန်တော့်သူငယ်ချင်းက ရှမ်းစကားနည်းနည်းတတ်တော့ သူ့ကို မေးခိုင်းတော့လည်း မှားပါတယ်၊ မှားပါတယ်လို့ပဲ တွင်တွင်ပြောတယ်၊

နောက် အဘိုးကြီးက တစ်နေရာကို လက်ညှိုးထိုးပြပါတယ်၊ ရှမ်းရွာကလေးထဲက ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့အိမ်ကိုပဲ၊ ကျွန်တော့် သူငယ်ချင်းက သိချင်လို့ သူနဲ့လိုက်သွားပြီး ခဏနေတော့ ပြန်လာတယ်၊ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်လို့၊ "သေနတ်စမ်းမိတာ မှားပါတယ် . ." လို့ ပြောတယ်"

"ညအိပ်ပြီး နောက်တစ်နေ့မနက် ပြန်ကြတော့မှ ကျွန်တော့် သူငယ်ချင်းက အဲဒီအကြောင်းကို ပြောတယ်။ အဲဒီတော့မှ "ကျွန်တော် လည်း မှားပါတယ်" လို့ ဝန်ခံရမှာပါပဲ။ အဲဒီကစပြီး အဲဒီအလုပ်တွေ ကျွန် တော် စွန့်လွှတ်လိုက်တာပါ . . ဆရာရယ်။

ကျွန်တော် မကြံကောင်း၊ မစည်ရာကို ကျူးလွန်မိလို့ပါ။ တွေးမိ တိုင်း နောင်တရပါတယ်။ မသိလို့ ကျူးလွန်မိပေမယ့် အပြစ် အလွန်ကြီး ပါတယ်။ အဲဒီအမှားတွေ ဖြေပျောက်အောင် ဘုရား၊ တရား အလုပ်တွေပဲ ကျွန်တော်လုပ်ပါတော့မယ်"

"အကောင်းဆုံးပေါ့ ကိုလှအေးရယ်"

ဝန်ခံချက် ။ ။ ကိုလှအေးနှင့် ကျွန်တော် (၁၉၉၇)ခုနှစ်က တွေ့စဉ်က သူ့ဘဝအတွေ့အကြုံ ကျွန်တော့်အား ပြောပြသောကြောင့် ပြန်လည် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ တကယ့်အဖြစ်အပျက်သည် တစ်ခါတရံတွင် စိတ်ကူးယဉ်ထက်ပင် ဆန်းကြယ်လှပါသည်။

ကိုလှအေး၏ပြောပြချက်အရ ထိုစဉ်က ကောင်းကင်ကို ပျံတက် သွားသော အဆောင်လက်ဖွဲ့ဆိုသည်မှာ ပုလင်းကလေးနှင့် ထည့်ထားသော (ရွှင်သီဝလိ)ကိုယ်တော်ရုပ်ထုကလေးပင် ဖြစ်ပါတော့သတည်း။

www.burmeseclassic.com